

PUBLISHING GROUP
လုံးချင်းဝတ္ထုရှည်
ရင်မြတ်နိုး
မိုးကောင်းကင်ကြီး
သိပ်ပါတယ်

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | (၅၀၁၀၆၉၀၆၀၈) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | (၅၀၁၁၁၆၀၆၀၉) |

ပထမအကြိမ်၊ ၂၀၀၆ - ခုနှစ်၊ အောက်တိုဘာလ

စောင်ရေ - ၅၀၀၊ တန်ဖိုး - ၁၀၀ ကျပ်

| | | |
|---|---|---|
| မျက်နှာဖုံးသရုပ်ဖော် | - | ပန်းချီ သိန်းရွှေကြည် |
| ကွန်ပျူတာစာစီ | - | "စံ" ကွန်ပျူတာ |
| ထုတ်ဝေသူ | - | ဦးကိုကိုမြင့် (သိန်းမင်းစာပေ)<br>အမှတ် (၆၃)၊ သြဘာလမ်း၊<br>ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်။ |
| မျက်နှာဖုံးပုံနှိပ် | - | ဦးတိုးဝင်း (၀၂၄၃၁)<br>နေလရောင်အော့(ဖ်)ဆက်<br>အမှတ် (၉၆-ခ) (၁၁)လမ်း၊<br>လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ် | - | ဦးတင်မင်းလှ (လင်းလက်အိမ် အော့<br>၂၂၂၊ (၃၅)လမ်း၊ ကျောက်တံတား |
| တာအုပ်ချုပ် | - | ကိုတင်အေး (လှိုင်) |


## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



လင်းလက်အိမ်စာပေ

# ရှင်မြတ်နိုး

## မိုးကောင်းကင်ကြီးသိပါတယ်







## အခန်း (၁)

မြင့်မားထည်ဝါသော ခေတ်မီကုန်တိုက်အဆောက်အဦကြီးရှေ့တွင် ... နောက်ဆုံးပေါ်နံပါတ်နှင့် အနက်ရောင် (PARA-DO) ကားကြီးတစ်စီးထိုးရပ်သွားသည်။ ထိုကားပေါ်မှ ပထမဦးဆုံး လူထွားထွားကျိုင်းကျိုင်းကြီးတစ်ဦး သူ့ခန္ဓာကိုယ်ကြီးနဲ့ လိုက်ဖက်မှု မရှိလောက်အောင် သွက်လက်စွာဆင်းလာ၏။

ထိုစဉ် ...

တစ်ဘက်ကတံခါးပေါက်လေးပွင့်ကာ နောက်ထပ်လူထွားကြီးတစ်ဦး ဆင်းလာပြန်သည်။ သူတို့နှစ်ဦး၏ စိတ်အာရုံတွေက ဘယ်ကိုမှ ပျံ့နှံ့မှုမရှိသလို ... သူတို့နှစ်ယောက်ရဲ့မျက်ဝန်းလေးတွေကလည်း ကားကြီးရဲ့အထဲကိုသာ အစဉ်တစိုက် ကြည့်နေကြသည်။

အသင့်ဖွင့်ပေးထားသောတံခါးပေါက်လေးထဲမှ ...

နောက်ထပ်ခြေထောက်ကလေးတစ်စုံ ထွက်လာ၏။ နက်မှောင်ပြောင်လက်နေသော ရှူးဖိနပ်လေးကို စီးထားသောခြေထောက်လေးတစ်စုံက ဖျတ်ခနဲ မြေပေါ် မားမားထောက်ရပ်ပြီး ကားပေါ်ကဆင်းလာတဲ့ လူရွယ်ကလေးတစ်ယောက်။

ထိုလူရွယ်ကလေး ဆင်းလာပြီးနောက်မှာတော့ ကားတံခါးကြီး ဒုန်းခနဲပြန်ပိတ်သွားကာ နေရာကနေ ဝေါခနဲမောင်းထွက်သွားသလို လူသန်၊ လူထွားကြီးနှစ်ယောက်ကလည်း ကောင်လေးရဲ့ နံဘေးတစ်ဘက်တစ်ချက်ဆီသို့ ပြေးကပ်သွားလေသည်။

ပြီးနောက် ...

သုံးဦးသား ကုန်တိုက်ကြီးရဲ့ ဝင်ပေါက်တံခါးချပ်ကြီးမှတစ်ဆင့် ကုန်တိုက်ကြီးထဲသို့ ဝင်ခဲ့ကြလေသည်။ ထူးဆန်းလှတဲ့မြင်ကွင်းတစ်ခုမို့ လူတိုင်းရဲ့ အကြည့်ကလေးတွေက သူတို့ဆီရောက်ရောက်လာ၏။ တချို့က အားကျစွာ လှမ်းကြည့်သလို၊ တချို့ကလည်း စတန့်ထွင်တယ်ဆိုတဲ့ မနှစ်မြို့တဲ့အကြည့်လေးမျိုးရောက်လာတတ်စမြဲပင် ... ။

ဘာပဲပြောပြော ...

ဒါတွေအားလုံးကို ထွားထွားကျိုင်းကျိုင်း လူသန်ကြီးနှစ်ယောက် ခြံရံခြင်းခံထားရတဲ့ ... လူရွယ်ကောင်ချောလေး မိုးသောင်ယံကတော့ ခံနိုင်ရည်ရှိနေပါပြီလေ။

သူ ဘယ်ကိုသွားသွား ကိုယ်ရံတော် ဦးသီဟကြီးနဲ့ ဦးဒေဝကြီးတို့ ညီအစ်ကိုနှစ်ယောက်က ခြံရံလိုက်ရမြဲပင်ဖြစ်သည်။





ဒါကလည်း ... ဦးမိုးမြင့်ဆိုတဲ့ကောင်ချောလေးဒက်ဒီရဲ့ တစ်ချက်လွှတ်အမိန့်ကြောင့်ပဲ ဖြစ်ပါ၏။

မိုးသောင်ယံဆိုတဲ့ တစ်ဦးတည်းသောသားကလေးကို အရာရာမှာ စိတ်မချနိုင်ကြတဲ့ ဒက်ဒီ့ဆန္ဒအရ အခုလို သူ သက်ဝင်လှုပ်ရှားနေရတာ ... ကြာတော့လည်း နေသားကျနေခဲ့ပြီဖြစ်သည်။

မျက်နှာလေးတည်တင်းကာ လိုအပ်တဲ့ပစ္စည်းတွေကို သူ ရွေးချယ်ပြီး နံဘေးမှာ ဆွဲခြင်းတစ်ယောက်တစ်လုံးစီ ကိုင်ထားတဲ့လူသန်ကြီးနှစ်ယောက်ရဲ့ ခြင်းတောင်းတွေထဲ ပစ်ထည့်နေ၏။

"ဒေဝကြီး ..."

တစ်ချိန်လုံး လူချောကလေးမိုးသောင်ယံအနောက်ကနေ ငြိမ်သက်စွာ လိုက်ပါလာကြတဲ့ လူထွားကြီးနှစ်ယောက်အနက်မှ တစ်ယောက်ရဲ့ ခေါ်သံ ထွက်လာ၏။

"ဘာလဲ သီဟကြီး ..."

"ခြင်းတောင်းထဲ ပစ္စည်းပြည့်နေပြီ ... ငွေရှင်းကောင်တာမှာ သွားထားလိုက်တော့ ..."

"အေး ... ဒါဆို မင်းထဲက ပစ္စည်းတွေပါ ထည့်ပေးလိုက် သီဟကြီး ..."

"အင်း ..."

ကိုယ်ရံတော်ဦးသီဟကြီးနဲ့ ဦးဒေဝကြီးတို့ ညီအစ်ကို

နှစ်ယောက်ရဲ့စကားသံကို ကြားသော်လည်း မိုးသောင်ယံ လှည့် မကြည့်ဖြစ်ပါ။ ပစ္စည်းတွေကို စိတ်ကြိုက်လိုက်ကြည့်နေမိဆဲပင် ဖြစ် သည်။ ဦးသီဟကြီးတို့ အလုပ်ရှုပ်နေတာကို မစောင့်နိုင်စွာ ... သူ အနောက်ဘက်ခြမ်းက ပစ္စည်းတွေထားတဲ့စဉ်ဘက် ကွေ့ဝင်လိုက် သည်။

"ဘုတ် ..."

"အင့် ..."

"ဟာ ..."

"အမေ့ ..."

တစ်ဘက်က လျှောက်လာသော လူတစ်ဦးကို အရှိန်နှင့် ဝင်တိုက်မိသွား၏။

"ဟာ ... ဆောရီး ..."

"အို ..."

ဟင် ... ။

အားနာလှစွာ တစ်ဘက်မှ တိုက်မိသူသည် ... မိန်း ကလေးတစ်ယောက်မို့ သူ တောင်းပန်လိုက်စဉ် အနည်းငယ် ယိုင်နဲ့ သွားသော ထိုမိန်းကလေးကလည်း သူ့ဆီ ပြန်လှည့်ကာ တောင်း အပန်နှင့် ဆုံကာ နှစ်ဦးသား ငေးကြောင်ကြည့်မိသွားသည်။

မိုးသောင်ယံတစ်ယောက် ...

တစ်ဘက်က အမျိုးသမီးကလေးကို မျက်လုံးပြူ ကလေးနှင့် ငေးစိုက်ကြည့်နေမိသည်။ အသိအာရုံတွင် ... တခ





တွေဝေသွားရ၏။ အသက်ရှူသံကလေးတွေပင် မမှန်ချင်လောက် အောင် နှလုံးခုန်သံတွေက တဒိန်းဒိန်းမြည်ဟည်းသွားရသည်။ သနပ်ခါး ရောင် ထူတွဲတွဲနှုတ်ခမ်းလေး ပိုင်းဟသွားရ၏။

မတော်တဆမှုကလေးအကြောင်း ဖြေရှင်းကာ ... တောင်းပန်စကားဆိုရမည့်အစား မျက်ဝန်းကလေးထဲတွင် မယုံ ကြည်နိုင်လောက်အောင် နုသစ်လန်းဆန်းနေတဲ့ မျက်နှာလှလှ ကလေးကိုပဲ အားမနာစတမ်း ငေးစိုက်ကြည့်မိသွားရသည်။

ခေတ်မီလှပသော အဝတ်အစားဒီဇိုင်းကလေးနှင့် ပျော့ပျော့ဖြောင့်ဖြောင့်ဆံပင်ကလေးနဲ့ ကောင်မလေးတစ်ယောက်။ မျက်ဝန်းနက်နက်တောက်တောက်လေးတွေက ပိုင်းစက်နေသည်။ ဇင်ယော်တောင်လို ကော့ပျံနေတဲ့ မျက်ခုံးလေးတွေနှင့် တစ်ဖက် သားရဲ့ ရင်ခုန်သံတွေကို မိုင်နှုန်းမြင့်အောင် ဆွဲတင်နေ၏။ စူးရှရှ ညို့မျက်ဝန်းကလေးထဲမှာ မိုးသောင်ယံတစ်ယောက် လွဲဖယ်ရုန်း ထွက်ဖို့ မေ့လျော့နေခဲ့သည်။

သူ့ အကြည့်လေးတွေက ထိုမျက်ဝန်းလေးမှတစ် ဆင့် သူမရဲ့ ချွန်သွယ်သွယ်နှာတံစင်းစင်းလေးဆီသို့ ရောက်သွားရ သည်။ ပြီးနောက်မှာတော့ နှင်းဆီဖူးပုံ ငုံခဲနေတဲ့ နှုတ်ခမ်းလေးနှစ် လွှာဆီအရောက်မှာတော့ သူ ယောင်ယမ်းကာ ဘုရားတမိသွား တော့၏။

မြတ်စွာဘုရား ကယ်ပါ ... ။

နင့်သည်းလာသော တံတွေးကို ကပျာကယာ မျိုချ

လိုက်ရသူက မိုးသောင်ယံရယ်ပါ။ လှလိုက်ပါဘိ။ စက်စက်ယိုနေအောင်ကိုလှတဲ့ ကောင်မလေးပါပဲ။

ဘယ်သူ့သားသမီးကလေးပါလိမ့် ... ။ မိုးသောင်ယံဆိုတဲ့ အေးစက်စက်နေတတ်တဲ့ သူ့ခန္ဓာကိုယ်တစ်ခုလုံး ထူပူရှိန်းမြသွားအောင် ဖမ်းစားနိုင်လွန်းတဲ့ သူလေးက ဘယ်သူ့သားသမီးကလေးပါလိမ့်နော်။

ရင်ခုန်သံတွေက ... ဘယ်လိုထိန်းချုပ်ရမှန်းမသိအောင် ပရမ်းပတာ ခုန်လှုပ်နေတော့သည်။

ဝင်းဝါစိုရွှန်းသော ရွှေဝါရောင် သန်းနေသည့်အသားဝင်းမွတ်မွတ်လေးနှင့် အလှကြီးလှနေတဲ့ ကောင်မလေးကလည်း သူ့မျက်နှာလေးဆီကို တအံ့တဩကလေး ငေးကြည့်လို့ ... ။

နှစ်ဦးစလုံး ဘာစကားမှမပြောမိဘဲ တစ်ယောက်ကိုတစ်ယောက် မလွှဲမဖယ်စတမ်း ငေးစိုက်ကြည့်နေမိကြသည်။ မိုးသောင်ယံအကြည့်တွေ လွှဲဖယ်ရမှာ ကြောက်နေမိ၏။ ကိုယ်ကျပ်အင်္ကျီဆွဲသားကလေးကြောင့် ခန္ဓာကိုယ်တစ်ခုလုံး၏ အလှတရားတို့က အထင်းသား အရှင်းသား မြင်တွေ့နေရသည်လေ။

မို့မောက်နေသော ခပ်ချီချီရင်ကလေးအောက်က ချပ်ချပ်ရပ်ရပ် ဝမ်းသားပြင်ကလေးနှင့်အတူ သေးကျဉ်ကျဉ်ခါးလေးက လေတိုးရင် ကျိုးမှာစိုးရ၏။ ထိုခါးကလေးရဲ့အောက်မှာတော့ စွင့်ကားနေတဲ့ တင်လုံးလုံးလေးက ဝတ်ထားတဲ့ စကတ်အကျပ်ကလေးကြောင့် ထင်းထင်းကြီးပေါ်လွင်နေသည်။ ပြီးပြည့်စုံသော





အလှတရားများသည် မြင်ရသူ ပုရိသယောကျ်ားများအဖို့တော့ ရင်တွေပန်းတွေ တုန်ချင်စရာပါပဲ။

လက်ဝတ်လက်စားကို ဖန်စီကလေးသာ ဝတ်ထားပေမဲ့ အကောင်းစားသရေဆွဲအိတ်ကလေးနှင့်အတူ လက်တစ်ဖက်တွင် ကိုင်ထားသော ခေါက်ဟမ်းဖုန်းကလေးကို ကြည့်ချင်းအားဖြင့် သူမလေးရဲ့ အဆင့်သည် သိပ်တော့မခေလှပေ။

မိုးသောင်ယံ နှုတ်ခမ်းသားလေးတွေ ပြုံးသွားရသည်။ မျက်ဝန်းလေးတွေထဲ ချစ်ရည်လေးတွေ လူးသွားရ၏။

မြင်မြင်ချင်း ရင်ခုန်မိသွားတဲ့သူ့အဖြစ်ကို သူ့ကိုယ်သူသာ သိသည်လေ။

"အို ... "

ညို့ရီရီမျက်ဝန်းစူးစူးကြီးတွေနဲ့ ခန္ဓာကိုယ်တစ်ခုလုံးခြေဆုံးခေါင်းဆုံး စိုက်ကြည့်နေတဲ့ ကိုလူချောကြီးရဲ့ အကြည့်လေးတွေအောက်မှာ အိမ့်ခြွေရှင်ဆိုတဲ့ ကောင်မလေးရဲ့ခန္ဓာကိုယ်လေးသေးကျုံ့သွားသလို ခံစားလိုက်ရသည်။

ဈေးဝယ်သူတွေ အလွန်များတဲ့ ဒီကုန်တိုက်ကြီးထဲမှာ လူတစ်ယောက်နဲ့တစ်ယောက် အခုလိုဝင်တိုက်မိတာ အထူးအဆန်းမဟုတ်လှပေမဲ့ ... အိမ့်ခြွေရှင် ဝင်တိုက်မိသည့် ကိုလူချောကိုတော့ စိတ်ဆိုးရန်တွေ့မိဖို့ဝေးစွ မြင်မြင်ချင်း ရင်တွေပေါက်ထွက်တော့ခုန်ကာ စိတ်ဝင်စားမိရသည်ဆိုလျှင် လွန်များလွန်သွားလေလေသလား။

မြင့်မားသော အရပ်အမောင်း ...

ဖြူနုလတ်ဆတ် ရှင်းသန့်နေသော အသားအရေ
လေးကြောင့် ငယ်နုနေသော သူ့အသွင်လေးက ပို၍ပင် ထင်းနေ
သည်။ ယောကျ်ားပီသစွာ ကျစ်လျစ်တောင့်တင်းနေတဲ့ ခန္ဓာကိုယ်
တောင့်တောင့်နှင့် လိုက်ဖက်စွာ ပိုးသားပျော့ဝါနုနုရှပ်လက်ရှည်
ကလေးနှင့် စတိုင်(လ်)ပဲန်အနက်ရောင်ကလေးကို သေသပ်ကျနစွာ
စွာ တွဲဝတ်ထားသည့် သူ့အသွင်က ကိုရီးယားမင်းသားတစ်ယောက်
လိုလိုပင် ထင်ရသည်။

သူ ဘယ်သူလဲဟင် ... ။

သူ့ကို မြင်လိုက်တာနဲ့ စိတ်ထဲက အလိုလိုပျော်ဝင်
ကာ ကြည်မွေ့သွားမိတဲ့ အိန္ဒြေရှင့်အဖြစ်ကို အံ့ပင်သြမိပါရဲ့။

ချောလိုက်တာ ...

ထူတန်းနေတဲ့ မျက်ခုံးထူထူအောက်က ခပ်ပြာပြာ
မျက်ဝန်းလေးတွေက သူမရဲ့ အသိစိတ်တွေ ဝေးလွင့်သွားအောင်
ဖမ်းစားခြင်းခံလိုက်ရသည်။ နှာတံချွန်ချွန် ... နှုတ်ခမ်းမွေးခပ်စိမ်း
စိမ်းရေးရေးလေးကြောင့် နုချောနေတဲ့ သူ့မျက်နှာက မြင်ရသူ
နှင်းဆီမလေးတွေရဲ့ အာရုံကို လုပ်ခတ်ဖမ်းစားသွားမှာ အမှန်
လေ။ ယောကျ်ားပီသစွာ အနည်းငယ် ထူယောင်ယောင်နှုတ်ခမ်း
နှစ်လွှာမှာ ကြည်မွေ့တဲ့အပြုံးရိပ်ကလေး ယှက်သန်းနေတာကို
အိန္ဒြေရှင့်စိတ်တွေကို မရိုးမရွကလေး လှုပ်ရှားနေစေ၏။

အိန္ဒြေရှင် ...



လက်ရှိ သူမအဖြစ်ကိုသတိလစ်မေ့လျော့နေမိသည်။

သူမ ...

ကိုလူချောရဲ့ ညို့မျက်ဝန်းလေးတွေရဲ့ ဖမ်းစားမှု
အောက်မှာ မျောချင်တိုင်း မျောပါနေမိသည်။ အိန္ဒြေရှင့်ရင်ထဲ ...
အမျိုးအမည်မသိတဲ့ ဝေဒနာခံစားချက်နုနုလေးက ဖြည်းညင်းစွာ
တိုးဝင်လာရပြီး ရင်ခုန်သံကလေးတွေ မြန်ဆန်ကာ ခြေဖျားလက်
ဖျားကလေးတွေပင် အေးစက်ထုံကျင်လာရသည်ထိ ဖြစ်ရသည်။

တိုရှင်းရှင်းဆံပင်လေးကြောင့် နုချောနေသော မျက်
နှာလေးဆီ အကြည့်လေးတွေက မခွာနိုင်။

"ဟယ် ... "

"ရှာလိုက်ရတာ ... သမီးကလေးက ဒီနေရာကို ရောက်နေ
တာကို ... လာ လာ ... ပြန်ကြရအောင် ... သမီးလေးရဲ့
ဒက်ဒီက ဖုန်းဆက်တယ် ... ပြန်လာခဲ့ပါတဲ့ ... နောက်နေ့
မှ ဝယ်စရာရှိတာ ထပ်ဝယ်တော့ကွယ် ... "

"ရှင် ... ဟုတ် ... ဟုတ်ကဲ့ ... "

အနောက်က ရောက်လာတဲ့ ဒေါ်ကြီးဂျမ်းဆိုတဲ့
အိန္ဒြေရှင့်အထိန်းတော်ကြီးရဲ့စကားကြောင့် သတိပြန်ဝင်သွားရကာ
အိမ်ပြန်ဖို့ နောက်ကနေ လိုက်သွားရတော့သည်။

ခန္ဓာကိုယ် ထွားထွားနှင့် အမျိုးသမီးကြီး ဒေါ်ဂျမ်း
က အိန္ဒြေရှင့်လက်ကို ခပ်တင်းတင်းဆွဲကာခေါ်သွားလေ၏။ သူမ
အနောက်မှာတော့ ... အစောင့်အရှောက်ကိုယ်ရံတော်ကြီး ကျား

ပေါက်၊ ကျားဆိုး ညီအစ်ကိုနှစ်ယောက် ကပ်ပြီးလိုက်ပါလာ၏။

ထိုလူထွားကြီးနှစ်ယောက်ရဲ့ ခန္ဓာကိုယ်ထွားကြီးတွေ ကွယ်လိုက်မှုကြောင့် အိန္ဒြေရှင် ကိုလူချောလေးကို မမြင်ရတော့ပါ။ နှုတ်ဆက်ချိန်ကလေးပင် မရလောက်အောင် အိန္ဒြေရှင်တို့ လမ်းခွဲလိုက်ရသည်။

မိုးသောင်ယံကတော့ ...

မြင်ကွင်းလေးထဲမှာ ထူးဆန်းလွန်းလှတဲ့ အဖြစ်အပျက်ကလေးကို ငေးကြောင်ကြည့်နေမိရာမှ အသိပြန်ဝင်ရကာ ခြေလှမ်းတွေကို သွက်နေအောင်လှမ်းလိုက်၏။

သတိရ,ရချင်းပဲ သူမလေးတို့နောက်ကို ပြေးလိုက်မည်အပြု ...

"ဒါက ဘယ်သွားမလို့လဲ မိုးသောင်ယံ ... ".

"ဟင် ... "

သူ့လက်မောင်းတစ်ဖက်ကို ဆတ်ခနဲ လှမ်းဆွဲလိုက်တဲ့ ဦးသီဟကြီး။

"ပြန်တော့မယ် ဦးသီဟ ... ငွေရှင်းပြီး ကားဆီလိုက်ခဲ့"

"ဟေ ... "

"ကျွန်တော် သွားနှင့်ပြီ ... "

"ဩော် ... အေး ... အေး ... "

မိုးသောင်ယံ စကားစကိုဖြတ်ပြီး သူမလေးတို့အုပ်စုထွက်သွားရာ ထွက်ပေါက်တံခါးဆီ အပြေးလိုက်မိသည်။ သူ့ရင်





တစ်ခုလုံး တစ်စုံတစ်ခုကို ဆုံးရှုံးလိုက်တော့မှာပါလားဆိုတဲ့အသိကြောင့် ပူပြင်းလောင်မြိုက်လို့နေ၏။

သူ ...

အပြင်ဘက်သို့အရောက် ...

"ဟင် ... "

ကောင်မလေးတို့ကားလေးက ... သူ့မျက်ဝန်းရှေ့ကနေ ဝေါခနဲ မောင်းထွက်သွားသည်ကို မြင်လိုက်ရပါ၏။

ကောင်မလေး ...

ကောင်မလေးရယ် ... ။

မိုးသောင်ယံ ရင်ထဲကနေ အကျယ်ကြီး အော်ဟစ်ကာ ခေါ်လိုက်မိသည်။ ကားမှန်လေးထဲကတစ်ဆင့် ခေါင်းကလေးငုံ့စောင်းကာ သူ့ကို ငေးစိုက်ကြည့်သွားတဲ့ သူမရဲ့မျက်ဝန်းလေးထဲက တိတ်တဆိတ် နှောင်တွယ်မှုကလေးကိုလည်း မိုးသောင်ယံ မြင်မြင်အောင် မြင်တွေ့လိုက်ရပါ၏။

မင်းလည်း ကိုယ့်ကို ခင်တွယ်သွားပြီမဟုတ်လားမိန်းကလေးရယ်။

မင်းရဲ့မျက်ဝန်းလေးတွေကို ကြည့်လိုက်တာနဲ့တင် ကိုယ် မှန်းဆလို့ရသွားပါပြီ မိန်းကလေးရယ်။

ဒါပေမဲ့လေ ...

ကိုယ်တို့နှစ်ယောက်ရဲ့ ... တွေ့ဆုံမှုကလေးက ဒီလောက်ထိတောင် အချိန်နည်းပါးဖို့ မကောင်းပါဘူးကွာ။

မိန်းကလေးရယ် ...

မင်း ဘယ်ကလဲဟင်။

ဘယ်မှာနေတာလဲ မိန်းကလေးရယ်။

ကိုယ့်ရင်တွေကိုခုန်အောင် လှုပ်နှိုးသွားတဲ့မင်းကို နောက်တစ်ကြိမ် ထပ်ဆုံချင်ပါသေးတယ်။ ရင်ထဲက ခံစားနေရတဲ့ ခံစားချက်တွေကိုလည်း ဖွင့်ပြချင်သေးတယ် မိန်းကလေးရယ် ...။ ကောင်မလေးကို တင်ဆောင်ပြီး ခေါ်သွားတဲ့ကားလေးကတဖြည်းဖြည်း သူ့မြင်ကွင်းလေးထဲက ပျောက်ကွယ်သွားတော့သည်။

အဆွေးကြီး ဆွေးကျန်ရစ်ခဲ့သူက မိုးသောင်ယံပင် ဖြစ်တော့၏။

"မိုးသောင်ယံ ... ကားရောက်နေပြီလေ၊ သွားကြစို့ ..."

ဦးသီဟကြီးတို့ သူ့အနား ဘယ်အချိန်ရောက်နေမှန်းပင် သတိမထားမိပါ။ နံဘေးဆီက သတိပေးသံကလေးကြောင့် လှမ်းကြည့်လိုက်တော့ ဒရိုင်ဘာဦးစိမ်းသူ မောင်းတဲ့ကားလေးက သူ့ရှေ့မှာ ကြိုရောက်နေပြီလေ။

မိုးသောင်ယံ ...

စိတ်တွေကို လျှော့ချလိုက်ပြီး ကားလေးပေါ်သို့ လှမ်းအတက် ...

ဟာ ...

သူ့စတိုင်လ်ပဲန်အနက်လေးရဲ့ အောက်အနားစလေးမှာ တွယ်ချိတ်နေသော အရာဝတ္ထုကလေးတစ်ခုကို တွေ့လိုက်ရ





၏။ ဘာဆိုတာ သဲသဲကွဲကွဲ မသိပေမဲ့ မိုးသောင်ယံ စိတ်တွေအလှုပ်ရှားကြီး လှုပ်ရှားသွားရ၏။ ဦးသီဟကြီးတို့မသိအောင် ဖြုတ်ယူလိုက်ပြီး ဘောင်းဘီအိတ်ကပ်ထဲ ထိုးထည့်ကာ ဟန်မပျက် ထိုင်နေမိသည်။ ကားနောက်ခန်းထဲ ပစ္စည်းထုတ်တွေတင်ပြီး ဦးသီဟကြီးတို့ညီအစ်ကို ကားပေါ်ပြန်တက်လာသည်နှင့် ကားလေးက မောင်းထွက်သွားတော့၏။

မိုးသောင်ယံ စိတ်တွေ လောနေမိသည်။

ကားကို အိမ်အမြန်ရောက်အောင် မောင်းခိုင်းနေမိ၏။ သိချင်သည်။

ဘာလေးလဲဆိုတာ အရမ်းကို သိချင်နေသည်။

သေချာတာတစ်ခုကတော့ မိုးသောင်ယံနဲ့ သူမလေးတို့ အမှတ်မထင် ဝင်တိုက်မိရာမှ သူမလေးထံက ကျကျန်ခဲ့သော ပစ္စည်းကလေးတစ်ခုသာ ဖြစ်ရမည်။

သူ့ဘောင်းဘီ အောက်အနားကလေးပေါ် ကျပြီး ... တွယ်ချိတ်ပါလာခဲ့ခြင်းပဲ ဖြစ်နိုင်၏။

ဒါ ...

ကံကြမ္မာကပေးတဲ့ ချစ်သူ့လက်ဆောင်ပဲ။

တိုက်ကြီးရှေ့မှာ ကားလေးထိုးရပ်တာနှင့် ကပျာကယာဆင်းကာ တိုက်ကြီးထဲဝင်ပြီး သူ့အခန်းရှိရာ အပေါ်ထပ်သို့ ပြေးတက်လာခဲ့သည်။ အခန်းထဲရောက်တာနှင့် အခန်းလော့ခ်ချတာ ... အိတ်ထဲမှ ပစ္စည်းလေးကို ထုတ်ယူကြည့်လိုက်တော့ သူ

လက်ကလေးထဲမှာ ပါလာတာက ရွှေရောင်ရင်ထိုးလေးတစ်ခု။

"ရင်ထိုးလေးတစ်ခုပါလား ..."

ရွှေရောင်နှင်းဆီရင်ထိုးလေးတစ်ခု ဖြစ်နေသည်။

အပွင့်လေးက စိန်ပွင့်အသေးလေးတွေနှင့် ပုံဖော်ထားသည်။

ရင်ထိုးလေး ... ။

အမှတ်တရပစ္စည်းလေး။

စဉ်းစားလိုက်တော့ ... ကောင်မလေးရဲ့ ချစ်စဖွယ်မျက်နှာလှလှလေးက ပြန်ပေါ်လာပြန်သည်။ မိုးသောင်ယံနှုတ်ခမ်းလေးတွေ ပြုံးသွားရ၏။

သူမလေးရဲ့နာမည်လေးတောင် သိခွင့်မရဘဲ ခွဲခွာခဲ့ရသည့်အဖြစ်ရယ်ပါ။

ကောင်မလေးရယ် ...

ကိုယ် မင်းလေးကို ဒီနေ့ကစပြီး နာမည်လေးတစ်ခုပေးထားလိုက်တယ်နော်။ မှတ်မှတ်သားသား ကိုယ့်ဆီကို ရင်ထိုးလေးတစ်ခု မင်းနဲ့ အတူတပြိုင်တည်းမှာ ရောက်လာလို့။

မင်းနာမည်လေးကို ရင်ထိုးလေးလို့ ခေါ်မယ်နော်။

ရင်ထိုးလေး ...

ရင်ထိုးလေးရယ်။

ကိုယ် ... မင်းလေးကို မြင်မြင်ချင်းပဲ စွဲလမ်းမိသွားရပြီချစ်ရယ်။





ကိုယ် ...

မင်းလေးနဲ့ နောက်တစ်ကြိမ် ဆုံတွေ့ပါရစေကွာ။ ...တိယအကြိမ် ကိုယ့်ရှေ့ကို ပေါ်ထွက်လာပါဦး မိန်းကလေးရယ်။

## အခန်း (၂)

အိမ်ဖြူရှင့်စိတ်တွေ ဘာကြောင့်မှန်းမသိ ... မနေ့က ဝင်တိုက်မိတဲ့ ကိုလူချောကလေးဆီ ရောက်နေသည်။ စားစားသွား သွား၊ သူမ ဘာတွေလုပ်နေနေ အာရုံထဲမှာ ကိုလူချောလေးရဲ့ အရိပ် တွေ စိုးမိုးခံနေရမြဲပင်။ သူမရဲ့ ဦးနှောက်ထဲ ကိုလူချောလေးရဲ့ အကြောင်းလေးတွေက ဖျောက်ဖျက်မရအောင် အတွေးတွေနဲ့ ရုပ် ယှက်ခတ်နေဆဲဖြစ်၏။

မာမီနဲ့ ဒက်ဒီရဲ့ အရာရာ အလိုလိုက်ခံရပေမဲ့ ... ရည်းစားမထားရဘူး။ ဘယ်ယောကျ်ားလေးနဲ့မှ ရင်းရင်းနှီးနှီး မနေရ ဘူးဆိုတဲ့ အမိန့်လေးကြောင့် အိမ်ဖြူရှင် ကောင်လေးတွေကို ခေါ် ကင်းကင်းနေခဲ့သည်။

သူတို့ အနားကပ်လာလျှင်ပဲ အိမ်ဖြူရှင့်အတွက် ... တကယ့်ပြဿနာ ဖန်တီးပေးမဲ့ ပြဿနာကောင်လေးတွေဆိုပြီး





ဝေးဝေးရှောင်ခွာခဲ့တာလေ။ ကောင်လေးတွေကလည်း သူမအနား ကို မကပ်ရဲကြပါဘူး။ သူမဘေးမှာ ကိုယ်ရံတော်ကြီး ကျားပေါက်နဲ့ ကျားဆိုးကြီးတို့က အမြဲတစေ စောင့်ကြည့်နေခဲ့တာကို ... ။

အခုတော့ ...

မထင်မှတ်စွာ အိမ်ဖြူရှင် သူနဲ့တိုက်မိခဲ့ရသည်။

ညို့မျက်ဝန်းပြာလဲ့လဲ့လေးအောက်မှာ ရုန်းထွက်နိုင် တဲ့ အင်အားတွေမဲ့ပြီး သူမရဲ့ အသိစိတ်တွေ ကင်းကွာသွားရသည့် အထိ ဖြစ်သွားရတဲ့ အိမ်ဖြူရှင် ... သူမကိုယ်သူမပင် အံ့သြနေမိသည်။

ဘယ်လိုဖြစ်သွားရတာပါလိမ့်။

သေချာတာကတော့ ... အိမ်ဖြူရှင် သူ့ကို မြင်မြင်ချင်း နှလုံးသွားမိပြီ။ ရှပ်အဝါနုရောင်လေးကို စတိုင်လ်ပဲန်အနက်ရောင် လေးနဲ့ တွဲဝတ်ထားပြီး ရှင်းသန့်နေတဲ့ သူ့အသွင်လေးက ရင်တွေခုန် လှုပ်သွားတဲ့အထိ သူမရဲ့ နှလုံးသားထဲ နက်ရှိုင်းစွာ တိုးဝင်သွားခဲ့ တာလေ။

မာမီက ...

ပြန်ခေါ်လို့သာ ပြန်လာရတာ ... သူနဲ့ခွဲပြီး ပြန် လိုက်လာခဲ့ရတာကို အိမ်ဖြူရှင် ဝမ်းနည်းကြေကွဲလို့မဆုံးတော့ ... ။ သူမ ထွက်သွားတာနဲ့ သိပ်မကြာခင်မှာပဲ သူလည်း အပြင်ကိုထွက် လိုက်လာသည်ကို ကားလေးဘီးလိမ့်အထွက်မှာ အိမ်ဖြူရှင် မြင် လိုက်ရပါ၏။

သို့သော် ဒရိုင်ဘာကြီး အဘဇံကတော့ ကားလေး

ကို မရပ်တော့ပါချေ။

အိန္ဒြေရှင်တို့ကားလေးက သူ့ရှေ့ကနေ သူနဲ့ဝေးရာကို မောင်းသွားချိန်မှာတော့ သူမရင်ထဲ နင့်ခနဲ ခံစားလိုက်ရပြီး မျက်ရည်ကလေးတွေပင် ဝေ့ဝဲသွားရသည်။ အိန္ဒြေရှင် ဘာဖြစ်သွားတာလဲ။ တကယ်ဆို အခုလေးတင်မှ သူနဲ့ ဆုံတွေ့ခဲ့ရတာပါ။

ဒါကို အလွန်မက်မောမိသော အရာလေးတစ်ခု ဆုံးရှုံးလိုက်ရသလို နမြောတသစိတ်တွေက သူမရင်တစ်ခုလုံးကို စီးမျောနေတာတွေ သူ့အနားကို ပြန်ပြီးပြေးသွားလိုက်ချင်စိတ်တွေက တားဆီးမရအောင် ဖြစ်ရတာ အံ့ဩစရာပါပဲ။

ဒုက္ခပါပဲနော် … ။ အိန္ဒြေရှင် ဘာတွေဖြစ်နေပြီလဲဆိုတာ ကိုယ့်ကိုယ်ကိုပင် စဉ်းစားမရ။ တကယ်ဆို … အိန္ဒြေရှင်က မိန်းကလေးတစ်ယောက်လေ။

စိတ်ထဲရှိတာတွေကို လူကလိုက်လုပ်လို့ ဘယ်ဖြစ်မလဲနော်။ ကိုလူချောရယ် … အိန္ဒြေရှင် ကိုလူချောနဲ့ ထပ်ဆုံချင်ပါသေးတယ် ရှင်ရယ်။

"ဒေါက် … "

"ဒေါက် … "

တံခါးခေါက်သံကြောင့် အိန္ဒြေရှင် လက်ရှိအခြေအနေကို ပြန်သတိရသွားမိသည်။ သူမ သင်တန်းသွားရမဲ့အချိန်ပဲ။ ကြည့်စမ်း … ဘာတစ်ခုမှလည်း သူမ မပြင်ဆင်ရသေးပါလား။ ဒေါ်ကြီးဂျမ်းတောင် လာခေါ်နေပြီ။ ဘယ်လိုလုပ်ရမလဲ။ သင်တန်း





ကို မသွားချင်ဘူး။ မနေ့က သူနဲ့ ဆုံခဲ့တဲ့ ကုန်တိုက်ကြီးဆီကိုပဲ သွားချင်တာ။ သူနဲ့ နောက်ထပ်ဆုံတွေ့လိုဆုံတွေ့ငြားပေါ့ … ။

သေချာတယ် …

သူလည်း အိန္ဒြေရှင်နဲ့တွေ့အောင် ဒီကုန်တိုက်ကြီးကို ထပ်လာမှာပဲ။

သူ့မျက်ဝန်းလေးထဲက … နှစ်လိုစွာ ခင်တွယ်မှုကလေးတွေကို အိန္ဒြေရှင် စိတ်တွေက ခံစားလို့ရနေသည်။ သူမစိတ်တွေက ကုန်တိုက်ကြီးဆီပဲ ရောက်နေ၏။ ဘယ်လိုလုပ်ရမလဲ၊ သူမ ဘယ်လိုလုပ်ရမလဲဟင် … ။

ရှင်နဲ့ တွေ့ချင်သေးတယ် ကိုလူချောရယ်။

"ဒေါက် … ဒေါက် … "

"အိန္ဒြေရှင် … သမီးလေး … သင်တန်းသွားဖို့ အချိန်နီးနေပြီလေ … အဆင်သင့်ဖြစ်ရင် ထွက်ခဲ့တော့ ကလေးရယ်"

အပြင်ကနေ ဒေါ်ကြီးဂျမ်းက ခေါ်နေ၏။

စိတ်မပါပေမဲ့ မသွားလို့ကလည်း မရဘူးလေ။

ဒီတော့ …

ထိုင်ရာကထပြီး … လွယ်အိတ်ကလေးကောက်ယူကာ အပြင်သို့ ထွက်ခဲ့လိုက်သည်။ သူမကိုမြင်တော့ ဒေါ်ကြီးဂျမ်းက

"ဟယ် … ဒီပုံစံကြီးပဲလား … "

"ဒီပုံစံက ဘာဖြစ်နေလို့လဲ ဒေါ်ကြီးဂျမ်းရဲ့ … "

"မျက်နှာပြောင်ကြီးနဲ့ကွယ် … မျက်နှာလေး နည်းနည်း

လောက် ပြင်ဆင်လိုက်ပါလား … အခုချိန်ထိ ဘာမှလည်း မပြင်ဆင်ရသေးဘူး … ”

“ဟာ … ပြင်ချင်ပါဘူး … အလှပြင်ရမှာ ပျင်းလို့ … ”

“အေးပါ … သမီးလေး မပြင်ချင်ဘူးဆိုလည်းနေတော့ … သွားကြရအောင် … သင်တန်းချိန်က နီးနေပြီ … ”

နှုတ်ခမ်းလေးစူချင်ချင် ဖြစ်သွားတဲ့ သူမပုံစံလေး ကြောင့် ဒေါ်ကြီးဂျမ်း စိတ်တွေ ပြန်လျှော့သွား၏။ အိန္ဒြေရှင် စိတ်ညစ်အောင် ဘယ်သူမှ လုပ်ခွင့်မရှိဘူးလေ။ ဒက်ဒီ မာမီတို့ရဲ့ တစ်ဦးတည်းသောသမီး … ချစ်အသည်းကျော်ကလေး အိန္ဒြေရှင်ပဲဟာကို။ အလုပ်သမားတွေအားလုံး အိန္ဒြေရှင့်စိတ်တိုင်းကျပဲ လုပ်ပေးကြရ၏။ အိန္ဒြေရှင် မကျေနပ်ရင် အဲဒီလူ အလုပ်ပြုတ်ပဲ။

အဲ …

အဲဒီအထဲမှာ ဒေါ်ကြီးဂျမ်းတော့ မပါဘူး။ သူက … ဒက်ဒီ ငယ်ငယ်လေးတည်းက အိန္ဒြေရှင့်ဘွားဘွားဆီမှာ အလုပ်လုပ်လာတဲ့ သစ္စာရှိ အလုပ်သမားတစ်ယောက်မို့ အိမ်ထောင်ခွဲလာတဲ့ အခါမှာ ဒက်ဒီက ဒေါ်ဂျမ်းကိုခေါ်ပြီး အိမ်တော်ထိန်းရာထူးပေးကာ အိမ်အလုပ်သမားအားလုံး အုပ်ချုပ်စေ၏။ ဒေါ်ကြီးဂျမ်းရဲ့ အမိန့်အောက်မှာပဲ အလုပ်သမားတွေအားလုံး လုပ်ကိုင်ရသည်။

အိန္ဒြေရှင့်ကိုမွေးတော့ ဒေါ်ကြီးဂျမ်းရဲ့တာဝန်က ပိုကြီးလေးသွား၏။ အိန္ဒြေရှင့်နောက်က မပြတ်လိုက်ရတဲ့ အထိန်းတော်ကြီးဖြစ်လာသည်။ အမှားအယွင်း ဘာတစ်ခုမှ မဖြစ်အောင်





စောင့်ရှောက်ရမှာတဲ့။ ဒက်ဒီက ပေးအပ်လိုက်တဲ့ တာဝန်ပဲ။

အရင်ကတော့ …

အိန္ဒြေရှင့်နံဘေးမှာ အထိန်းတော်ကြီးတွေ၊ ကိုယ်ရံတော်ကြီးတွေ ဝိုင်းရံနေတာ သိပ်ကျေနပ်တာပဲ … ။ ရွယ်တူမိန်းကလေးတွေကြားမှာထူးခြားတဲ့ရပ်တည်မှုလေးနဲ့နေရတာ အိန္ဒြေရှင် သူမကိုယ်သူမ ဂုဏ်ယူနေမိသည်။

အခု …

သူနဲ့လည်းဆုံတွေ့ရော အဲဒါတွေအားလုံး အိန္ဒြေရှင့် အတွက် ကြီးမားတဲ့အဟန့်အတားကြီးတွေဖြစ်လာ၏။ စိတ်လွတ်လပ်မှုမရှိတဲ့ အနှောင့်အယှက်ကြီးတွေ ဖြစ်လာသည်။

သူမ ကားလေးပေါ် အငြိမ့်သားကလေးသာ လိုက်လာခဲ့ရပေမဲ့ စိတ်တွေကတော့ အဝေးဆီရောက်နေသည်။

ဘယ်လိုလုပ်ရင် ကောင်းမလဲဆိုပြီး တစ်ချိန်လုံး တွေးနေမိ၏။

အိန္ဒြေရှင် သင်တန်းတက်ချင်စိတ်တွေ မရှိဘူး … ။ ကုန်တိုက်ကြီးဆီကိုပဲ နောက်တစ်ကြိမ် ပြန်သွားချင်တာ။ အမြဲတမ်း ကိုယ်ပိုင်ကားနဲ့ချည်း သွားလာခဲ့ရတာမို့ ဘယ်နေရာမှာ ဘာကားစီးပြီး သွားရမှန်းလဲမသိ။

အို …

ဒါက အရေးမကြီးပါဘူးလေ။ တက္ကစီကားတွေရှိတာပဲ။ ပြောလိုက်တာနဲ့ လိုက်ပို့ပေးနိုင်မှာပါ။

အရေးကြီးတာက ...

သူမ ဘယ်လိုအပြင်ကို လစ်ထွက်နိုင်မလဲဆိုတာပဲ။

ဒေါ်ကြီးဂျမ်းကတော့ ဒရိုင်ဘာကြီးဦးဖံရဲ့ နံဘေးခုံမှာ အငြိမ့်သားကလေးထိုင်လို့။ အိမ်ဖြူရှင့်နံဘေးတစ်ဘက် တစ်ချက်ဆီမှာဦးကျားပေါက်နှင့်ဦးကျားဆိုးကိုယ်ရံတော်ကြီးနှစ်ယောက်ရှိနေသည်။ အိမ်ဖြူရှင်က သူတို့နှစ်ယောက်ရဲ့ အလယ်မှာဆိုတော့ အပြင်ကို ထွက်နိုင်ဖို့မလွယ်။

တဖြည်းဖြည်းကားလေးက သူမတက်မဲ့ ကွန်ပျူတာသင်တန်းကလေးဆီ မောင်းနေသည်။ ဘယ်လိုလုပ်ရပါ့မလဲ။ သူမစိတ်တွေ တအားလှုပ်ရှားလာသည်။

သင်တန်းကို ရောက်လို့မဖြစ်ဘူး။

ဟိုရောက်ရင် အားလုံးက သတိထားပြီး အရိပ်တစ်ခုလို ကပ်လိုက်လာကြမှာလေ။ ပြီးလျှင် ဒေါ်ကြီးဂျမ်းက သင်တန်းအဝတွင်စောင့်ပြီး အောက်အထွက် တိုက်ပေါက်ဝတွင် ဦးကျားပေါက်တို့ စောင့်ကြမည်။

ဒါဆို ...

အပြင်ပြန်ထွက်ဖို့ လုံးဝမလွယ်တော့ဘူးလေ။

အခုကတည်းက ...

လစ်ထွက်တာ အကောင်းဆုံးပဲ။ ဒီကားလမ်းတစ်လျှောက်လုံး မီးပွိုင့်တွေကများတယ်လေ။ ဒါကို အခွင့်ကောင်းယူမှဖြစ်မယ်။ အိမ်ဖြူရှင့်စိတ်တွေ တအားကိုလှုပ်ရှားနေရသည် ...





ဦးနှောက်ထဲမှာလည်း အစီအစဉ်တွေ တစ်ခုပြီးတစ်ခု ညှစ်ထုတ်နေမိ၏။ နှလုံးသားရဲ့စေစားရာကို အသိစိတ်တွေက ဘယ်လိုမှမဖယ်ရှားနိုင်ခဲ့ပါ။ မိုက်ရူးရဲဆန့်ချင်နေသည်။ ဇွတ်တိုးချင်နေ၏။ ဘာကိုမှလည်း သူမစိတ်ထဲ မထည့်နိုင်တော့။ အပြင်ထွက်နိုင်ဖို့ပဲ အကြံဉာဏ်ထုတ်နေမိသည်။

"ဦးကျားပေါက် ..."

ဆုံးဖြတ်ချက်တစ်ခုနှင့်အတူ အကောင်းဆုံးအကြံဉာဏ်တစ်ခုကို လက်တွေ့ဖော်ကြည့်လိုက်မိသည်။ သိပ်မသေချာလှပေမဲ့ သူမ ကြိုးစားကြည့်ချင်သေးသည်လေ။

"ဘာလဲ ကလေးမ ..."

"ဟို ... ဟို ... တံတွေး ... တံတွေးထွေးချင်လို့ ..."

ပါးစပ်ကလေးကို လက်ညှိုးထိုးပြပြီး ခွင့်တောင်းလိုက်၏။

"သြော် ... အေး ... အေး ..."

မှန်တံခါးချပေးပြီး ကိုယ်ခန္ဓာထွားထွားကြီးကို ကျုံ့ကာ နောက်ဆုတ်ပေး၏။

ဒါ ...

သူ့ကိုကျော်ပြီး ထွေးဆိုတဲ့သဘော။ သူမ ဖြစ်စေချင်တာက ဦးကျားပေါက်နဲ့ နေရာချင်းလဲချင်တာ။ အိမ်ဖြူရှင် အပြင်သို့ထွေးလိုက်၏။ စိတ်ထဲ သိပ်မကြည်ချင်။ ဒီကိုယ်ရံတော်ကြီးတွေ သိပ်ရှုပ်တာပဲ။ လွတ်လပ်မှု တစ်စက်ကလေးမှမရှိတာပါလားနော်။

သိပ်မကြာ ...

အိမ်ခြေရှင် ထပ်ပြီး အကြံညာဏ်ထုတ်မိပြန်သည်။

"ဦးကျားပေါက် ..."

"ဟေ ..."

"ဟို ... ဟို ... ပါးစပ်က ခါးနေလို့ ရေနွေးပလုတ်ကျင်းချင်တယ် ..."

"အေး အေး ... ရေ့ ရော့ ... ပလုတ်ကျင်းလိုက်"

"ဦးကျားပေါက် ... ဒီဘက်ကို လာလိုက်ပါလား ..."

အထွန့်ကလေးတက်ကာ ပြောကြည့်မိသည်။

"အေး အေး ... ကလေး နေကောင်းရဲ့လား ... မျက်နှာလည်း မလန်းဆန်းဘူး ..."

"ကောင်းပါတယ် ... သမီးအစားမှားလို့ ပါးစပ်ခါးတာပဲ ဖြစ်မယ် ... နေရာချင်း လဲထိုင်ရအောင် ... တော်ကြာ ဦးကျားပေါက်ပေါ် ရေတွေကျကုန်မှာစိုးလို့ ..."

"ကျားပေါက် ... ကလေးကို နေရာလဲပေးလိုက်လေ ..."

"ဩော် ... ဟုတ်ကဲ့ ဒေါ်ဂျမ်း ..."

သူမကို အနောက်ခန်းဘက် ကိုယ်တစောင်းနှင့်လှည့်ကြည့်ကာ ဒေါ်ကြီးဂျမ်း လှမ်းပြောတော့မှ ဦးကျားပေါက် ဖယ်ပေး၏။ အိမ်ခြေရှင် တံခါးပေါက်ဘက် ရောက်သွားပြီး အိုက်တင်ကောင်းစွာ ရေသန့်ကလေးငုံလိုက် ပလုတ်ကလေးကျင်းပြီး ထွေးချလိုက်နှင့် သုံးလေးကြိမ်လောက် လုပ်ပြလိုက်သည်။ အားလုံးက





သူမကို ဘာသံသယစိတ်မှ မရှိကြချေ။

သူမစိတ်တွေ တအားလှုပ်ရှားလာသည်။ ရင်ခုန်သံတွေလည်း မြန်နေ၏။ မျက်ဝန်းလေးတွေက ဂနာမငြိမ်။ တံခါးလောခ့်ကလေးဆီ သူမမျက်ဝန်းလေးတွေ ရောက်နေသည်။ ကားလေးလည်း ခပ်မှန်မှန်မောင်းနေ၏။ လောခ့်ခလုပ်ကို ဘယ်လိုဖွင့်ရင်ကောင်းမလဲ။ အသံမြည်လျှင် အားလုံးသိသွားနိုင်သည်။

"ကလေး ..."

"အမလေး ..."

ရုတ်တရက် ...

ဦးကျားပေါက်ရဲ့ခေါ်သံကြောင့် အိမ်ခြေရှင် လန့်သွားသည်။ အာရုံက တစ်ဘက်ကို ရောက်နေတာမဟုတ်လား။ ကားပေါ်ကနေ ဘယ်လိုဆင်းပြေးရမလဲ တွေးနေမိတာလေ။ ဒီတော့သူမကိုယ်လေး တုန်သွားတဲ့အထိ လန့်ဖျပ်သွားရတာပေါ့ ... ။

"အရမ်းလန့်သွားလား ကလေး ... ဘာဖြစ်လို့လဲ ..."

"ဟို ... စဉ်းစားလွန်သွားလို့ပါ ... ဘာမှမဖြစ်ပါဘူး ... မနေ့က ဘာတွေများ အစားမှားသလဲလို့ စဉ်းစားနေမိတာလေ ... ဟင်း ဟင်း ..."

"ဩော် ..."

သူမ အသာပြန်ငြိမ်နေလိုက်သည်။ ဦးကျားပေါက်ကြီး နေရာချင်းပြန်လဲဖို့ သူမကို ပြောချင်နေပြီဆိုတာ အိမ်ခြေရှင် သဘောပေါက်သည်။ တမင်လဲမပေးဘဲနေတာ။ ဒီတစ်ခါ မီးပွိုင့်မိ

ရင်တော့ သူမ ရအောင်ဆင်းပြေးရမည်။ အခုလောက်ဆို ကုန်တိုက် ဖွင့်လောက်ပြီ။ အိမ်ဖြွေရှင် အရမ်းကိုသွားချင်နေ၏။

သင်တန်းချိန်ဆိုတော့ ...

ဒေါ်ကြီးဂျမ်းကို လိုက်ပို့နိုင်းရင်လည်း ဖြစ်မှာမဟုတ် ဘူးလေ။ သိပ်ပြီး စည်းကမ်းလေးစားလွန်းတဲ့ ဒေါ်ကြီးဂျမ်းက ဒက်ဒီ ရဲ့ အမိန့်ကို ဘယ်လိုမှမလွန်ဆန်ခဲ့ဘဲ အိမ်ဖြွေရှင့်ကို တင်းတင်းကျပ် ကျပ် အုပ်ချုပ်၏။ အိမ်ဖြွေရှင်ကလည်း ဒေါ်ဂျမ်းရဲ့ စည်းကမ်းချက် တွေကို လိုက်နာ,နာခံရသည်။ အလုပ်မအားတဲ့ ဒက်ဒီနဲ့မာမီက ဒေါ်ဂျမ်း လက်ထဲမှာ အိမ်ဖြွေရှင့်ကို အပ်ထားတာလေ

ဒါကြောင့် ...

အိမ်ဖြွေရှင် ဘာပဲလုပ်ချင်လုပ်ချင် ဒေါ်ဂျမ်းကိုပဲ ခွင့် တောင်းရ၏။ ဒေါ်ဂျမ်းက ခွင့်ပြုမှသာ လုပ်ခွင့်ရှိသည်။ ဒေါ်ဂျမ်း လက်မခံရင် ဆက်မလုပ်ရ။ ဒက်ဒီဆီ ပြန်တိုင်လျှင် အိမ်ဖြွေရှင် ဆူခံရ ပြီသာမှတ် ... ။ ဒက်ဒီက ပညာရေးနှင့် ပတ်သက်ရင် လုံးဝဦးစား မပေး။ တစ်ခါတစ်ရံ ရိုက်ပြီးဆုံးမတတ်၏။ အရွယ်ရောက်လာတော့ အချစ်ရေးကလေးတွေပါလာတော့မှာမို့ အတင်းကျပ်ဆုံး တားဆီး ပိတ်ပင်ထား၏။

ရည်းစားမထားရဘူး။ ကောင်လေးတွေနဲ့ မရင်းနှီး ရဘူး။ မဆက်ဆံရဘူး။ ဒါ အကြီးမားဆုံး စည်းကမ်းချက်ပဲ။ အိမ်ဖြွေ ရှင် လိုက်နာရသည်။

မလိုက်နာလျှင် အကြီးမားဆုံး ပြစ်ဒဏ်ပေးခြင်းခံ



ရမည်တဲ့။ ကျန်တာကတော့ ဘယ်လိုနေနေ၊ ဘယ်လောက်စားစား၊ ဘယ်လောက်ဝယ်ဝယ်သုံးသုံး တားဆီးပိတ်ပင်ခြင်းမရှိ အလိုလိုက် ထား၏။

အရင်တုန်းကတော့ ဒီစည်းကမ်းချက်တွေကို အိမ်ဖြွေ ရှင် ခပ်ပျော်ပျော်ကြီး လက်ခံခဲ့သည်။ အခုတော့ ကိုလူချောနဲ့ ဆုံ ပြီးကတည်းက ဒီစည်းကမ်းချက်တွေကို ချိုးဖောက်ချင်လာ၏။ အကြီးအကျယ် ဆုံးရှုံးလိုက်ရတဲ့အခွင့်အရေးတစ်ခုလို နှမြောတသ တဲ့စိတ်တွေ ဝင်လာမိ၏။

သူနဲ့ ဆုံချင်သေးသည်။ မိတ်ဆက်စကားတွေ ပြော ချင်သည်။ ခင်မင်ရင်းနှီးနှစ်လိုတဲ့စိတ်တွေ တဖွားဖွားပေါ်ပေါက်လာ ၏။ ဘာစည်းကမ်းချက်ကိုမှလည်း အာရုံထဲမထားချင်တော့ပါ။ အိမ်ဖြွေရှင် အတွေးကလေးလွန်နေစဉ် ... ။

ဟော ...

ဦးဇံ မောင်းနေတဲ့ကားလေး တဖြည်းဖြည်း နှေး သွားပါလား။ ရှေ့မှာ ကားတွေက မီးပွိုင့်မိနေတာကို။ ဒီတော့ ... ကားတန်းကြီးနောက်မှာ ဖြည်းညင်းစွာ ထိုးရပ်လိုက်ပြီပေါ့။

ဒါ ...

အိမ်ဖြွေရှင့်အတွက် အခွင့်အရေးတစ်ခုပဲ။

ဒီအခြေအနေမှာ အိမ်ဖြွေရှင် ရုန်းမထွက်နိုင်လျှင် ကုန် တိုက်ကြီးဆီကို ရောက်နိုင်မှာမဟုတ်တော့။ ဒါဆို သူနဲ့လည်း အလွဲ ကြီးလွဲသွားနိုင်သည်။

မဖြစ်ဘူး ...

အိန္ဒြေရှင် သတ္တိနည်းနေလို့မဖြစ်ဘူး။

ရှင်နဲ့တွေ့ရဖို့ အိန္ဒြေရှင့်ဘက်က ကြိုးစားမှုကိုဖြစ်မှာ။

ဒါမှ ...

ရင်မှာခံစားနေရတဲ့ အမည်မသိဝေဒနာလေးအတွက် အိန္ဒြေရှင် ဖြေသိမ့်နိုင်မှာလေ။ အဝေးကနေ မီးပွိုင့်လေးဆီ မမိုတ်မသုန် စိုက်ကြည့်နေမိသည်။ ရင်တွေကလည်း အဆက်မပြတ် ခုန်လှုပ်လာ၏။ အံလေးကို ခပ်တင်းတင်းဖိကျိတ်ထားမိသည်။ သူမဆီ ဘယ်သူမှ သံသယမဝင်ကြပါ။

အိန္ဒြေရှင့်ကို ဘယ်သူမှ သတိမထားမိကြစဉ် သွက်လက်သော လှုပ်ရှားမှုတစ်ခုကို သူမ လုပ်လိုက်သည်။

"ဂျောက် ..."

"ဂလောက် ..."

"ဝုန်း ..."

တံခါးလော့ခ်တက်သွားပြီး တစ်ပြိုင်နက် ကားတံခါးလေး ပွင့်ကျသွားကာ သူမကိုယ်လေး အပြင်သို့ ရောက်သွားပြီး တံခါးချပ်ကြီးကို ပြန်ပိတ်လိုက်သည်။

"ဟယ် ... အိန္ဒြေရှင် ..."

"ဟာ ... ကလေးမ ... ဒါ ဘာလုပ်တာလဲ၊ လာခဲ့စမ်း"

အသံတွေ ကြားလိုက်သော်လည်း အိန္ဒြေရှင် လှည့်မကြည့်တော့ပါ။





သွက်လက်မြန်ဆန်စွာ ကားကြို ကားကြားကနေ ဖြတ်ပြီး ပလက်ဖောင်းဆီ အရောက်ပြေးသွားမိသည်။

ထိုစဉ် ...

မီးပွိုင့်က စိမ်းသွားပြီမို့ အိန္ဒြေရှင့်ကားလေးလည်း အများကားနည်းတူစွာ လိုက်ပါမောင်းနှင်သွားရတော့သည်။ သူမအနောက်ကို ဆင်းလိုက်ဖို့ ကြိုးစားတဲ့ ဦးကျားပေါက်နဲ့ ဦးကျားဆိုးလည်း ဘယ်လိုမှ မတတ်နိုင်ဘဲ ကားမှန်ပြတင်းက ခေါင်းကြီးတွေ ထွက်ပြီး တို့လို့တန်းလန်း ပါသွားကြတော့၏။

သူမ ...

ကိုယ့်ရဲ့အောင်မြင်တဲ့လုပ်ရပ်ကလေးကို ဝမ်းသာစွာဖြင့် ခြေလှမ်းခပ်သွက်သွက်ကလေးလှမ်းကာ ... ထိုနေရာလေးကနေ ထွက်ခဲ့တော့သည်။

## အခန်း (၃)

လမ်းဘေးပလက်ဖောင်းတစ်လျှောက် သွားလာ
လှုပ်ရှားနေကြသော လူတွေကြား အိန္ဒြေရှင် တစ်ယောက်လည်း
သူများနည်းတူ လျှောက်သွားနေမိသည်။ ဈေးဆိုင်တန်းတွေရှေ့က
ဖြတ်တော့လည်း တငေးတမောကလေး လိုက်ကြည့်နေမိ၏။

သူများတွေ ဝင်ရွေးနေကြသဖြင့် သူမလည်း ထိုဆိုင်
ကလေးရှေ့မှ ပစ္စည်းတွေကို လိုက်ကိုင်ကြည့်နေမိသည်။ စိတ်ထဲမှာ
အလိုလိုပျော်မွေ့လာ၏။

"ရွေးထားနော် ... တစ်ခုမှ နှစ်ရာတည်းပဲ ... ကြိုက်တာယူ
နှစ်ရာပဲကျတယ် ... "

ကော်ဆပ်ပြာခွက်တွေရော၊ စကားခြင်းတွေ၊ ဓာ
အသေးစားကလေးတွေ၊ အစုံရောမွှေထားသည့် အပုံထဲမှ ... သူ
ပစ္စည်းလေးတွေ ကိုင်ကြည့်နေတာတွေ့သဖြင့် ပိုင်ရှင်ကောင်လေ





က လှမ်းအော်ခြင်းဖြစ်သည်။

နှစ်ရာတဲ့ ...

တန်လိုက်တာ။

ဒါပေမဲ့ ...

ဝယ်ဖို့ပိုက်ဆံမရှိ။

အိန္ဒြေရှင့်ပိုက်ဆံအိတ်က ကားပေါ်မှာ ပါသွားပြီ
လေ။ အငှားကားစီးပြီး ကုန်တိုက်ကိုသွားဖို့လည်း ဘယ်လိုမှမဖြစ်
နိုင်ပါ။ သူမရဲ့ ဖွန်စားရကျိုးက မနပ်လိုက်တာ မပြောပါနဲ့တော့။
လက်ထဲမှာ တစ်ပြားမှ ပါမလာတော့ လိုင်းကားတက်စီးဖို့လည်း
မဖြစ်နိုင်ပြန်ဘူး။ စိတ်ညစ်ညစ်နှင့် တစ်ယောက်တည်း လျှောက်
သွားနေမိသည်။ သို့သော် ... ဒီလိုလွတ်လပ်ပြီး သူများနည်းတူ
သွားလာလှုပ်ရှားရသော အတွေ့အကြုံ တစ်ခါမှမရှိခဲ့ဘူးတာမို့ ...
လမ်းလျှောက်နေရင်းနှင့် အိန္ဒြေရှင် တဖြည်းဖြည်း ပျော်လာခဲ့သည်။

အခုလောက်ဆို ...

အိန္ဒြေရှင် ပျောက်သွားတဲ့ကိစ္စနှင့် ပတ်သက်ပြီး
ဒေါ်ဂျမ်းတို့တစ်စု ပျာယာခတ်နေလောက်ပြီ။ တစ်မြို့လုံးပတ်ပြီး
ရှာမှာပဲ ... ။ မတွေ့ရင် ပြဿနာအကြီးအကျယ် တက်မှာကို။ ဒီ
အရွယ်ထိ အိန္ဒြေရှင့်ကို စိတ်ညစ်အောင်ထားတာ ... နေပါစေ ...
သူတို့ လိုက်ရှာကြပါစေ။ ဒါမှ ကိုယ်ချင်းစာတတ်ကြမှာ။

ဟင်း ... ဟင်း ... ။

သူမရဲ့လုပ်ရပ်လေးကို ပြန်တွေးပြီး စိတ်ထဲကကျိတ်

ပြီး ရယ်လိုက်မိသည်။ သူမအဖြစ်က တကယ့်ကို ရယ်စရာတွေချည်းပဲလေ။ ရန်ကုန်မြို့မှာ မွေး၊ ရန်ကုန်မြို့မှာကြီးပြင်းခဲ့ပြီး ဒီနေရာဟာ ရန်ကုန်မြို့ရဲ့ ဘယ်နေရာမှန်းမသိ။ လျှောက်သာသွားနေရတာ ... ဘယ်ကိုရောက်ပြီး ဘယ်ကိုဆက်သွားနေမိမှန်းလည်း မသိပါ။ သူမကို သူများတွေ အထင်မသေးအောင် လူလည်ပုံစံကလေးနှင့် သွားလာနေကျလူလိုလို ခပ်တင်းတင်းမျက်နှာထားကလေးနှင့် သွားနေရပေမဲ့ စိတ်ထဲမှာတော့ နည်းနည်းရွံ့ကြောက်ကြောက်လေး ဖြစ်နေပါ၏။

လမ်းဘေးတယ်လီဖုန်းကတစ်ဆင့် အိမ်ခြွေရှင် ဆက်သွယ်လို့ရပါလျက် ဆက်သွယ်ဖို့ သူမ စိတ်မကူးမိပါချေ။

"ဟင် ..."

သူမလေး လမ်းလျှောက်လို့ကောင်းနေစဉ် ဦးမောင်းသော သူမရဲ့ကိုယ်ပိုင်ကားကလေးနှင့် ခပ်ဆင်ဆင်တူသောကားတစ်စီး မောင်းလာတာတွေ့ရသဖြင့် နီးစပ်ရာ တိုက်အထပ်ကြီးရဲ့ လှေခါးပေါက်လေးကတစ်ဆင့် အပေါ်ထပ်သို့ အပြေးကလေး တက်ပုန်းလိုက်မိသည်။

ထိုစဉ် ...

သင်တန်းကျောင်းတစ်ခု လွှတ်လိုက်သလို ဆင်းလာသောလူများကြောင့် သူမ ထိတ်လန့်စွာ နောက်လှည့်ကြည့်လိုက်စဉ်မှာတော့ ...

"ဟာ ..."





"ဟင် ..."

"ရှင် ... ရှင်"

အိမ်ခြွေရှင် ပါးစပ်လေးအဟောင်းသားဖြစ်ကာ လူအုပ်ကြီးကြားထဲမှ ရောနှောကာ ဆင်းလာသော လူတစ်ယောက်ကို ငေးကြောင်ပြီး ကြည့်နေမိသည်။ လှေခါးလေးက ကျဉ်းတာကြောင့် အတက်အဆင်းနှစ်ယောက်လောက်သာ ရှောင်ရုံကလေးမို့ သူမကအတက် သူကအဆင်း ကြားလှေကားထစ်ကြီးတွင် ရပ်မိသွားကြသည်။

"အို ..."

သူမရင်ထဲ ဒိန်းခနဲမြည်ဟည်းသွားရပြီ။

အိမ်ခြွေရှင် အရမ်းတွေ့ချင်နေတဲ့ လူချောလေး။

"ဟာ ဟော့ ... ဘာလဲ ... ဒါက ဆင်းမှာလား ... တက်မှာလား ..."

"အေးလေ ... ဆင်းရင်လည်း ဆင်းတာမဟုတ်ဘူး ..."

အနောက်ဘက်ဆီက ... ပွစိပွစိအသံကလေးတွေကြောင့် မိုးသောင်ယံ အောက်တစ်ထစ်ဆင်းကာ ... မမျှော်လင့်ဘဲ ပြန်တွေ့လိုက်ရသည့် ရင်ထိုးလေးနောက်က ကပ်လိုက်ပြီး အပေါ်ထပ်သို့ ပြန်တက်ခဲ့မိသည်။ အခုမှပဲ ... အတက်အဆင်း အဆင်ပြေချောမောသွားရတော့သည်။

သူ တစ်ချိန်လုံး စဉ်းစားနေတာပါ။

ဒီသင်တန်းကအပြန် သူမလေးနဲ့ ဆုံခဲ့တဲ့ ကုန်တိုက်

ကြီးဆီကို ပြန်သွားဦးမည်လို့လေ ... ။ တိုက်တိုက်ဆိုင်ဆိုင် သူ့ရဲ့ သင်တန်းကအဆင်းတွင် သူ့နှလုံးသားတွေကို ခုန်လှုပ်သွားတဲ့ ရင်ထိုးလေးလို့ သူ တိတ်တဆိတ် အမည်ပေးထားတဲ့ ကောင်မလေး တက်အလာနဲ့ ဆုံတွေ့လိုက်သည်မို့ အံ့ဩမှင်တက်သွားရ၏။ သူမလေး အနောက်ကနေ ရောယောင်ပြီး လိုက်သွားခဲ့မိသည်။

"ဟေ့ ... ဟေ့ ... "

ဟင် ... ။

"ဟိတ် ... ခဏနေပါဦး ... "

အို ... သူမအနောက်ကနေ။

သူ ... သူ လှမ်းခေါ်နေတာပါလား။

အိမ်ဖြူရှင့်ရင်တွေ တားဆီးထိန်းချုပ်လို့မရအောင် တဖြန်းဖြန်း ခုန်လှုပ်နေရသည်။ အသားလေးတွေ တဆတ်ဆတ်တုန်ပြီး လှေကားထစ်တွေကို တစ်ဆင့်ပြီးတစ်ဆင့် တက်နေမိသည်။ ဘာကိုရည်ရွယ်ပြီး သူမ တက်နေမိမှန်းပင် မသိပါ။ သူ လိုက်လာတယ်ဆိုတဲ့အသိနဲ့တင် ရင်တွေခုန်ပြီး ဆက်တက်နေမိတာလေ။

ရုတ်တရက် ...

ဘယ်လိုမှ ထင်မထားစွာ ကိုလူချောကို တွေ့လိုက်ရသည့်ခဏဝယ် အိမ်ဖြူရှင့်စိတ်တွေ မယုံနိုင်လောက်အောင် ချောက်ချားသွားရသည်။ ဒါ ... ဒါဟာ ကံကြမ္မာကြောင့်လားဟင်။ သူနဲ့ တွေ့ဆုံချင်လို့ အခုလို စွန့်စားခဲ့တာလေ။ မတွေ့ရတော့ပါဘူးဆိုပြီး စိတ်ဓာတ်ကျစွာနဲ့ သူမ လေလွင့်ပြီး လျှောက်သွားနေမိတာ။





နောက်ပြီး ...

အိမ်ကကားလိုက်လာတယ်ထင်ပြီး တွေ့ရာတိုက်ခန်းကြီးပေါ် စွတ်ရွတ်တက်ပုန်းမိတာ ... အခုတော့ သူနဲ့ တည့်တည့်တိုးကာဆုံလိုက်ရသည်။ အံ့ဩဝမ်းသာသွားပြီး အပေါ်ထပ်ကို ဆက်တက်နေတဲ့ ခြေလှမ်းကလေးတွပင် တုံ့ခနဲ ရပ်တန့်သွားရသည့်အထိ သူမရဲ့ဟန်မဆောင်နိုင်မှုတွေက သူ့ရှေ့မှာ အလဲလဲအပြိုပြိုဖြစ်ရသည်။

သူလည်း သူမကို မှတ်မိပုံပါပဲ။ တအံ့တဩ ဖြစ်သွားဟန်လေးက အထင်းသားရယ်။ အိမ်ဖြူရှင် အပေါ်ထပ်ကိုတက်တော့ သူမအနောက်ကို မလွတ်စတမ်း တက်လိုက်တာတယ်လေ။

ဒုက္ခပါပဲ ...

ဘာ့ကြောင့်လိုက်လာရတာလဲ။ ရှင့်ကြောင့် အိမ်ဖြူရှင့်စိတ်တွေ တအားကိုလှုပ်ရှားနေရပြီ။ တကယ်တမ်း သူနဲ့တဲ့တဲ့တွေ့ပြန်တော့လည်း ရှက်သွေးတွေနဲ့ ထူပူရှိန်းမြကာ အိမ်ဖြူရှင် သူမကိုယ်သူမ ဘာတွေလုပ်မိသလဲပင် သတိမထားမိတော့ပါ။ ရင်တွေကလည်း တအားအခုန်မြန်နေပြီလေ။

"ဟေ့ ... ဟေ့ ... ကောင်မလေး ... "

"ဟင် ... "

သူမကိုကျော်တက်ပြီး လှေကားထစ်ပေါက်ကို ပိတ်ကာ ရပ်လိုက်တဲ့ သူ့ကြောင့် သူမ ကြောင်ငေးစွာကြည့်မိတော့

"မင်း ဘယ်သွားမလို့လဲဟင် ... မင်း ကိုယ့်ကိုမှတ်မိတယ်

မဟုတ်လား ... မနေ့က မင်းနဲ့ကိုယ် ( ) ကုန်တိုက်မှာ ဝင်တိုက်ခဲ့မိကြတယ်လေ ... "

ကိုလူချောရယ် ...

မမှတ်မိဘဲ နေပါ့မလား။ ရှင့်ကို မှတ်မိလိုက်တာမှ စိတ်ကူးတွေ၊ အတွေးတွေထဲကကို ဖျောက်ဖျက်မရအောင် ရှိနေခဲ့ရတာလေ။ ဒီစကားလေးတွေကိုတော့ သူမရင်ထဲမှာပဲ ပြောမိတာပါ။ အပြင်မှာတော့ လေပြေကလေးနဲ့ပဲ ...

"ဟုတ် ... မှတ်မိပါတယ် ... "

"အဟွန်း ... ဝမ်းသာလိုက်တာကွာ ... "

"ရှင် ... "

"ကိုယ့်ကို မမေ့သွားလို့လေ ... "

"ဟို ... ဒါက မနေ့ကမှ ဖြစ်တဲ့ကိစ္စကို ... "

"ဘာပဲဖြစ်ဖြစ် ... မင်းကို ကျေးဇူးတင်ပါတယ် ... ကိုယ်က တော့ မင်းနဲ့ ပထမဆုံး စတွေ့ကတည်းက တစ်စက်ကလေးမှ မေ့လို့မရဘူးဖြစ်နေတာ ... အခုတောင် မင်းနဲ့ နောက်တစ်ကြိမ် ဆုံရမလားလို့ ... ကုန်တိုက်ဆီ သွားမလို့ ... "

"ရှင် ... "

သူကလည်း ကုန်တိုက်ကို သွားမလို့တဲ့။

စိတ်ကူးချင်း တိုက်ဆိုင်လိုက်တာ။

"မင်းက ဒီမှာနေတာလား ... "

"ရှင် ... "





"ဒီပထမထပ်မှာ ကိုယ်က သင်တန်းတစ်ခု လာတက်နေတာလေ ... မင်းက ဒီအပေါ်ထပ်မှာနေတာလား ... "

"မဟုတ်ဘူးရှင့် ... ဟို ... ဟို ... တို့က ရွှေတောင်ကြားမှာ နေတာပါ ... "

"သြော် ... ဒါဆို အခု သူငယ်ချင်းဆီ လာတာပေါ့ ... "

"ဟင့်အင်း ... "

"ဗျာ ... "

ခေါင်းလေးသွက်နေအောင် ခါယမ်းပြလိုက်တဲ့ သူမ းကို ကြည့်ပြီး ... မိုးသောင်ယံပင် ကြောင်စီစီဖြစ်သွားရသည်။ ာလည်း မနေ၊ အသိအိမ်အလည်လာတာလည်းမဟုတ်၊ ဘာများ ာလုပ်ပါလိမ့်။

"အမှန်အတိုင်းပြောရရင် တို့ ... တို့ လာပုန်းတာပါ"

"ဟာ ... "

"အိမ်ကကားထင်ပြီး ဒီအထဲကို ဝင်ပုန်းနေရင်းနဲ့ ကျောင်းဆင်းတာမြင်လို့ အပေါ်ဆက်တက်ခဲ့တာ ... "

"မင်း ... မင်း ... "

"တို့ကို အထင်မလွဲပါနဲ့နော် ... တစ်ခါမှ လွတ်လွတ်လပ်လပ် သွားလာခွင့်မရလို့ အခုလို ထွက်လာခဲ့တာပါ ... တစ်ချိန်လုံး အထိန်းတော်ကြီးတွေ ကိုယ်ရံတော်ကြီးတွေနဲ့ပဲ သွားရတာ အရမ်းစိတ်တွေမွန်းကျပ်နေလို့ပါ ... "

"ဟာ ... "

မိုးသောင်ယံပင် အံ့သြရပြီ။

ရင်ထိုးလေးရဲ့ဘဝကလည်း သူ့လိုဘဝမျိုးပါပဲလား။ အတွေးလေးနဲ့တင် သူမလေးကို ကိုယ်ချင်းစာသွားရသည်။ စိုးရှုံ့အားငယ်စိတ်ကလေးနဲ့ မရဲတရဲကလေး ဝန်ခံလိုက်ပုံလေးက သနားစရာပါ။ မိုးသောင်ယံရင်ထဲ နင့်ခနဲ ခံစားလိုက်ရသည်။ သူမလေးကို လွတ်လွတ်လပ်လပ် ပျော်ရွှင်စေချင်တဲ့စိတ်တွေက သူ့ရင်မှာ တဖွားဖွား ပေါ်လာ၏။

သိပ်ကို ချစ်မြတ်နိုးမိရတဲ့ ချစ်သူလေးကို စိတ်ချမ်းသာစေချင်သည်။ သူမလေး လုပ်ချင်တဲ့အရာတွေ၊ စားချင်တဲ့အစားအစာတွေ၊ သွားချင်တဲ့နေရာတွေ ... သူ ဖြည့်ဆည်းလုပ်ဆောင်ပေးချင်သည်။ ဒါပေမဲ့ အခုမှတွေ့သိခဲ့တဲ့ မိုးသောင်ယံကို သူမလေး စိတ်ချယုံကြည်စွာ အဖော်အဖြစ် နေခိုင်းစေချင်ပါ့မလား။

နောက်ပြီး ...

မိုးသောင်ယံရဲ့ ဘဝကလည်း လွတ်လပ်စွာ သွားလာလှုပ်ရှားနေဖို့ အခွင့်အရေးရတဲ့သူ မဟုတ်ပါ။ ဆင်းမလာတာကြာတာနှင့်ပဲ ကိုယ်ရံတော် ဦးသီဟကြီးတို့နှစ်ယောက် အပေါ်တက်လာပြီး ရှာကြတော့မည်။ ဒါတွေကို ကျော်လွန်ပြီး သူမလေးရဲ့ အဖြစ်ချင်ဆုံးဆန္ဒတွေကို ဘယ်လိုဖြည့်ဆည်းပေးနိုင်ပါ့မလဲ။

သူ့ဦးနှောက်တွေကို အကောင်းဆုံး အလုပ်ပေးနေမိသည်။

"ဒီမှာ ... "





"ဟင် ... "

"ရှင် ... ရှင် အခု ဘယ်သွားမလို့လဲဟင် ... "

အိမ်ခြွေရှင် ...

သူမကိုယ်သူမ မလိမ်ညာချင်တော့ပါ။ သူ့ကို သူမနားမှာ အဖော်အဖြစ် အရမ်းရှိစေချင်တာလေ။ တွေ့ခွင့်ဆုံခွင့်နည်းပါးတဲ့ သူမရဲ့ဘဝမှာ အခုလို မြင်မြင်ချင်း ရင်ခုန်စွဲမက်မိသွားတဲ့ သူကလေးနှင့် အအေးဆိုင်တစ်ခုခုမှာပဲဖြစ်ဖြစ် စကားလေးတွေ ထိုင်ပြောချင်သည်။ ဒါ ... သူမဘက်က ဖြားယောင်းတာဟုတ်ပါဘူးနော်။

ရိုးသားစွာ မိတ်ဖွဲ့တာပါ။ ဒါကို ရှင် အထင်မသေးလိုက်ပါနဲ့ ကိုလူချောရယ်။

"ကိုယ် စဉ်းစားနေတာ ... ဘယ်သွားရင်ကောင်းမလဲလို့"

"ဟို ဟို ... အအေး ... အအေးဆိုင်တစ်ခုခု သွားပါလားဟင် ... အိမ်ခြွေရှင် ရေဆာလို့ ... "

"ဟာ ... "

သူမလေးရဲ့နာမည်လေးက အိမ်ခြွေရှင်ဆိုပါလား။

သနားစရာကလေးငယ်တစ်ယောက်လို မျက်နှာလေး မဲ့ရှုံ့ကာ တောင်းဆိုလိုက်ပုံလေးက သူ့နှလုံးသားပြင်ညီတစ်ခုလုံး သွက်သွက်ခါအောင် လှုပ်ယမ်းသွားစေခဲ့သည်။

"ပိုက်ဆံအိတ်ကလည်း မပါဘူး ... ကားပေါ် ကျန်ခဲ့တာလေ ... အဲဒါကြောင့်ပါ ... ရှင့်ကို သက်သက်မဲ့ ဒုက္ခပေးချင်

လို့မဟုတ်ပါဘူး ... ”

ကောင်မလေးရယ် ... ။

“ခြေထောက်တွေလည်း အရမ်းညောင်းပြီး စားစရာလည်း ဗိုက်ဆံမပါတော့ ... ”

“အိန္ဒြေရှင် ... ”

ဟင် ... ။

အိန္ဒြေရှင်တဲ့လေ။

ရင်းနှီးလိုက်တဲ့ ခေါ်သံလေး။ သူမကလည်း တမင်နာမည်ကို သူသိအောင် ထည့်ထည့်ပြီး စကားပြောရာမှာ ထည့်သုံးလိုက်တာကို။ ဒီတော့ သူ သိသွားတာပေါ့။

“မင်း ကိုယ့်ကိုယုံလားဟင် ... ”

“ရှင် ... ”

“ကိုယ် ... မင်းကို အရမ်းခင်တယ်၊ အဲဒီလိုပဲ မင်းလည်း ခင်လား ... ”

သူ့အမေးကို ခပ်မြန်မြန်ပဲ သဘောတူလိုက်၏။

“အင်း ... ”

“ဒါဆို ... ကိုယ်တို့နှစ်ယောက် မိတ်ဆွေတွေဖြစ်ကြရအောင်နော် ... ”

“အို ... ကောင်းလိုက်တဲ့အကြံပဲ ... အိန္ဒြေရှင်လည်း လက်ခံပါတယ် ... ”

အိန္ဒြေရှင် အရမ်းကိုမြူးသွားရသည်။ သူနဲ့ စကား





ပြောရတာ အစပိုင်းကလောက် ရှက်ရွံ့မနေတော့ဘဲ ... အိန္ဒြေရှင်ရဲတင်းလာခဲ့သည်။

“ကဲ ... လာ ... ”

“ဟင် ... ဒါ ဘယ်လဲ ... ”

“အောက်ပြန်ဆင်းမယ်လေ ... အအေးဆိုင်တစ်ခုခု သွားရအောင် ... ”

“ဟယ် တကယ် ... ဒါဆို အိန္ဒြေရှင့်ကိုပါ အအေးတိုက်နော်”

“တိုက်မှာပေါ့ကွ ... ”

မိုးသောင်ယံ ပထမထပ်ကို အမြန်ပြန်ဆင်းရသည်။ သူမလေးကလည်း သူ့နောက်က လိုက်လာ၏။ မိုးသောင်ယံ ရင်တွေအခုန်မြန်နေရပြီ။ သင်တန်းလွှတ်လို့ အောက်ကို အတန်းသူ/အတန်းသား အားလုံး ဆင်းသွားကြပြီ။ မိုးသောင်ယံ တော်တော်နဲ့ဆင်းမလာရင် ကားလမ်းတစ်ဘက်မှာ စောင့်နေတဲ့ ဦးသီဟကြီးတို့ဘက်လိုက်လာမှာပဲ။ သူ ပထမထပ် စာသင်ဆောင်ထဲဝင်တော့

“ဟင် ... အောက်ဆင်းမှာဆို ... ”

“လာပါကွာ ... မင်း ငါ့ကိုယုံစမ်းပါ ... ဒီကနေ သွားလို့ရတယ် ... ”

“ဟုတ်လား ... ”

မိုးသောင်ယံ သင်တန်းထဲ ပြန်ဝင်လာပြီး အိမ်ပိုင်ရှင်ကို အကျိုးအကြောင်း ကပ်ပြောပြီးရှင်းပြကာ တိုက်ခန်းအနောက်တံခါးမှ လှေကားထစ်ကလေးတွေအတိုင်း နှစ်ယောက်

သား အောက်သို့ဆင်းခဲ့ကြသည်။

"အို … အနံ့ဆိုးလိုက်တာ … "

"အိမ်ဖြူရှင်ရယ် သည်းခံပါကွာ … အရှေ့ပေါက်မှာ ကိုယ့်အိ
ကကား အသင့်စောင့်နေလို့ပါ … ဒါကြောင့် ဒီအနော
ဘက်လမ်းကြားကနေ အပြင်ပြန်ထွက်မှဖြစ်မှာမို့ပါ … "

ဟင် … ။

ဒါဆို …

သူလည်း အိမ်ဖြူရှင့်လို လွတ်လပ်မှုမရှိတဲ့ဘဝထဲ
လူတစ်ယောက်ပဲပေါ့လေ။ သူမတို့နှစ်ယောက်ရဲ့ ဘဝက တူလို
တာ။ သို့ပေမဲ့ … အခုအချိန်မှာ သူမတို့ရဲ့ဆန္ဒ တစ်ထပ်တည်းကျ
တာက နှစ်ယောက်အတူ အအေးဆိုင်ကလေးတစ်ခုမှာ မျက်နှာချ
ဆိုင်ကလေး ထိုင်သောက်ရတဲ့အခွင့်အရေးတစ်ခုပါပဲ။ ဒါလေးကို
စွန့်စားနေကြတာလေ။ အောက်ထပ်ကိုရောက်တော့ …

"မြန်မြန်လျှောက်လေ အိမ်ဖြူရှင် … တော်ကြာ အပေါ်
ထပ်က ရေသွန်ချလို့ ဟုတ်ပေ့ဖြစ်နေဦးမယ် … "

"အင်း … ဟုတ်တယ်နော်၊ လာ လာ … ဟိုဘက်လမ်းထိ
ရောက်အောင် အမြန်ပြေးစို့ … "

ပြောလည်းပြော …

ကလေးတစ်ယောက်လို လမ်းကြားအတိုင်းလှစ်
ပြေးထွက်သွားတဲ့ သူမအနောက် သူလည်း အပြေးကလေး လို
သွားမိတော့သည်။ တစ်ဘက်က လမ်းမကြီးထိပ်ရောက်တော့ မှ





နှစ်ယောက်သား အမောကလေးဖြေကာ အသက်ဝဝရှူနိုင်တော့
သည်။

"အဟွန်း … "

"ဟင်း ဟင်း … "

နှစ်ယောက်သား တစ်ဦးကိုတစ်ဦးကြည့်မိကာ …
ရယ်လိုက်မိကြပြန်၏။ နုချောနေတဲ့ သူ့အသွင်လေးက မနေ့က
ဘက်ပင်ပို၍လန်းဆန်းနုသစ်နေသယောင် ဒီကနေ့မှ သူ့အကြောင်း
စဉ်းစားပြီး အလှပြင်ဆင်ဖို့ သတိမေ့ကာ ဒီအတိုင်း မျက်နှာပြောင်
နဲ့ ထွက်လာခဲ့မိတဲ့ သူမမျက်နှာကိုတော့ ကြည့်ရဘာယ်လောက်ဆိုး
လိုက်မလဲဆိုတာ တွေးတောင်မတွေးရဲဘူး။

အိမ်ဖြူရှင် နောင်တကလေး ရချင်သွားရသည်။

ကိုလူချောကလေးရဲ့ရှေ့မှာ လှတပတ မျက်နှာ
ကလေးနဲ့ အိမ်ဖြူရှင် ရှိသင့်တာပေါ့နော်။ ဒါမှ … သူက စိတ်ဝင်
တစား ရှိမှာပေါ့။ အခုတော့ … တစ်စက်ကလေးမှ ကြည့်ချင်စရာ
မရှိတဲ့ ရုပ်ဆိုးမလေးပုံ ဖြစ်နေရပြီ။

အခုအချိန်မှာ သူမ အလိုချင်ဆုံးပစ္စည်းကလေးက
ကရင်းပက်(မ်)ကလေးတစ်ဘူးနဲ့ နှုတ်ခမ်းနီဖျော့ဖျော့ကလေးတစ်
တောင့်ပါပဲ … ။ ချွေးကလေးတွေစို့ကာ ပြောင်တင်းတင်းမျက်နှာ
ကလေးကို မြင်ကောင်းအောင် ပြင်ဆင်ချင်လိုက်တာလေ။

"ကိုယ့်နာမည်က မိုးသောင်ယံပါ … အိမ်ဖြူရှင် မှတ်ထားပေး
နော် … ရော့ … ဒါက လိပ်စာကတ်နဲ့ ဖုန်းနံပါတ် … လို

အပ်ရင် ဖုန်းဆက်လို့ရအောင် ပေးထားတာ ... "

"မိုးသောင်ယံ ဟုတ်လား ... "

"ဟုတ်တယ် အိန္ဒြေရှင် ... "

"မှတ်ထားမယ် ... မှတ်ထားမယ်၊ ဒါကိုလည်း သိမ်းထား မယ်နော် ... "

ခေါင်းကလေး တညိတ်ညိတ်နှင့် လက်ခံလိုက်တ အိန္ဒြေရှင် (သို့) သူ့ရင်ထဲက တိတ်ဆိတ် မြတ်နိုးမိသွားသော ရင်ထို လေးဆိုတဲ့ ဒီမိန်းကလေးကို ကျေးဇူးအရမ်းတင်သွားသည်။

အခုလို ...

နှစ်ဦးသားတွဲကာ လျှောက်ရသည့် ထိုခဏလေ ကပင် မိုးသောင်ယံရဲ့ရင်ကို ဖော်မပြနိုင်လောက်တဲ့ ပီတိအစုံစုံ ရရှိခံစားနေသည်ဆိုလျှင် ထိုကောင်မလေးရဲ့ချစ်သူကလေးဘဝ သူ ရောက်မည်ဆိုလျှင် ဘယ်လောက်တောင် အထွတ်အထိပ် ခံစာ လိုက်ရမလဲ။

ရင်ထိုးလေးရယ် ...

ကိုယ် မင်းလေးကို ချစ်တယ်။

ဘာတစ်ခုမှ ပြင်ဆင်ခြယ်သမှုမရှိသော်လည်း ပကတိ ပြောင်ရှင်းရှင်းမျက်နှာဖူးဖူးလုလုလေးကပင် သူ့နှလုံးသာ တွေ တဆတ်ဆတ်တုန်လှုပ်သွားအောင် ဖမ်းစားနိုင်စွမ်းရှိလှန်း သည်။ ယှဉ်တွဲလျှောက်နေတဲ့ သူ့ခြေထောက်တွေက မြောက် မြောက်ကြွကလေး ဖြစ်နေ၏။ ရင်ထဲမှာလည်း အပျော်ကလေးတ

နဲ့ စီးမျောလို့နေသည်။

"အိန္ဒြေရှင်ဆိုတာ နာမည်အပြည့်အစုံလားဟင် ... "

"ဒါပေါ့ မိုးသောင်ယံရဲ့"

"ဪ ... "

"မိုးသောင်ယံ ... "

"ပြောလေ အိန္ဒြေရှင် ... "

"ဟိုရှေ့က အအေးဆိုင်လေးမှာပဲ ထိုင်ရအောင် ... "

"ဟင် ... လမ်းဘေးဆိုင်ကြီး ... "

"အင်း ... ဟုတ်တယ်၊ အိန္ဒြေရှင် အဲဒီမှာပဲ သောက်ချင်တယ်၊ အမြဲတမ်း တခမ်းတနားကြီး နေထိုင်စားသောက်ခဲ့ရတာ လေ ... အခုလို သာမန်ဆိုင်ကလေးရဲ့ အရသာကို တစ်ခါမှ မမြည်းစမ်းဖူးခဲ့ဘူး ... အိန္ဒြေရှင်တို့ရဲ့ ခင်မင်မှုအမှတ်တရလေးမှာ ဘာခမ်းနားမှုမှမပါစေချင်တဲ့ဆန္ဒတွေ ဖြစ်မိတယ် လေ ... အဲဒါကြောင့် ဒီဆိုင်လေးမှာပဲ ထိုင်သောက်ကြရအောင် ... "

ဟာ ... ရင်ထိုးလေးရယ်။

တို့နှစ်ယောက်ရဲ့ ခင်မင်မှုအမှတ်တရအဖြစ်တဲ့လား ဘွာ။

"ကောင်းပြီလေ ... ကိုယ်ကလည်း အိန္ဒြေရှင့်စိတ်တိုင်းကျပဲ အရာအားလုံး ဖြစ်စေချင်တာ ... ကဲ အဲဒီဆိုင်ပဲ ဝင်ကြစို့ ... "

မိုးသောင်ယံနှဲ့ အိမ်ဖြွေရှင်တို့နှစ်ယောက် ရောင်စုံထီး ကြီးအောက်က လမ်းဘေးအအေးဆိုင်ကလေးကိုပဲ ရွေးချယ်က ဝင်လိုက်သည်။ ထိုဆိုင်ကလေးသည် သာမန်စားပွဲကလေးပေါ်တွင် သာ အအေးစုံ ရောင်းချခြင်းဖြစ်ပြီး ပလတ်စတစ်ထိုင်ခုံကလေးတွေ သာ ဆိုင်ခုံရှေ့တွင် စီရရီ ချထားခြင်းဖြစ်သည်။

နှစ်ဦးသား ...

တစ်ယောက်တစ်ခုံ ဝင်ထိုင်လိုက်ကြ၏။

"ဘာသောက်မလဲ အိမ်ဖြွေရှင် ... "

ကြင်နာစွာမေးသံလေးကြောင့် အိမ်ဖြွေရှင် ရင်ထဲ ကြည်နူးသွားရသည်။

"သံပရာရည် ... "

"အင်း ... "

"သံပရာရည် အေးအေးလေးနှစ်ခွက်ပေးပါ ... "

သူမကိုလှမ်းမေးပြီး အအေးဆိုင်က ဖျော်ဆရာကြီ ဆီ လှမ်းမှာလိုက်လေသည်။

"အိမ်ဖြွေရှင် ... "

"ဟင် ... "

"ဒီကပြီးရင် ဘယ်သွားချင်သေးလဲဟင် ... "

" ... ... ... "

သူ့အမေးကို စဉ်းစားသလိုရှိပြီး ...

"အဟင့် ... ရယ်တော့ရယ်စရာပဲ ... အိမ်ဖြွေရှင်က အိမ်ထဲမှ





ပဲ အမြဲနေရတာ ... တစ်ခါတလေဈေးဝယ်ဖို့ ( )ကုန်တိုက် တစ်ခုပဲ အမြဲသွားဝယ်ခွင့်ရတာလေ ... တခြားနေရာတွေ မရောက်ဖူးဘူး ... "

"ဟာ ... "

ရင်ထိုးလေးရယ်။

မင်းလေးရဲ့ဘဝက ဒီလောက်တောင် မွန်းကျပ်ပိတ် လှောင်နေရသလားကွာ။ ဖြစ်မှဖြစ်ရလေ ချစ်ရယ်။

"ဒါဆို ... ကိုယ်တို့ ကစားကွင်းတစ်ခုခု သွားရအောင်"

"ဟင် ... "

"အရမ်းပျော်စရာကောင်းတယ် အိမ်ဖြွေရှင်ရဲ့ ... မင်း တစ်ခါမှ မရောက်ဖူးဘူးလေ ... ကိုယ် မင်းကို လိုက်ပို့မယ် ... "

"ဟုတ်ပြီလေ သွားကြတာပေါ့၊ အဲ ... ဒါပေမဲ့ အိမ်ဖြွေရှင်မှာ"

"ဘာလဲ ... ပိုက်ဆံမပါဘူးလို့ ပြောဦးမလို့လား ... "

"အင်း ... "

"ကိုယ့်မှာ အပြည့်ပါတယ် ... "

မိုးသောင်ယံက အင်္ကျီရင်ဘတ်အိတ်ကပ်ထဲက ... ပိုက်ဆံအိတ်သေးလေးကို ထုတ်ယူကာ ဖွင့်ပြသည်။ အိမ်ဖြွေရှင် ပြုံး လိုက်တော့ သူ ကျေနပ်သွားပုံပင်။

"မြန်မြန်သောက် ... ပြီးရင် သွားကြမယ် ... "

"အိုကေ ... "

သူမတို့နှစ်ယောက် အအေးထိုင်သောက်နေစဉ်

"အိမ့်ခြွေရှင် ..."

"အမလေး ..."

အနောက်ဘက်ဆီက ကျယ်လောင်စွာ ခေါ်လိုက် သံကြောင့် အိမ့်ခြွေရှင် လှည့်ကြည့်မိလိုက်တော့ ခေါ်ကြီးဂျမ်း အပ အဝင် သူမရဲ့ ကိုယ်ရုံတော်ကြီးနှစ်ယောက်ကပါ ဝိုင်းထားသည်ကို တွေ့လိုက်ရသည်။ သူမ ထပြေးလို့မဖြစ်နိုင်တော့ပါ။

"ခေါ် ... ခေါ်ကြီးဂျမ်း ..."

"လာစမ်း ..."

"အို ..."

ပြောပြောဆိုဆို သူမရဲ့လက်ကို ခပ်တင်းတင်း ကာ အအေးဆိုင်ရှေ့လေးထဲက အတင်းဆွဲခေါ်ထုတ်လိုက်ခြင်းကြော အိမ့်ခြွေရှင် ဘယ်လိုမှမတတ်နိုင်တော့ဘဲ ခေါ်ကြီးဂျမ်းအနောက် လည်ကလေးတဆန့်ဆန့်နှင့် လိုက်ပါခဲ့ရတော့သည်။ သူမကို ဖမ်းမိသွားပြီဆိုတော့ ဘာများတတ်နိုင်ဦးတော့မလဲလေ။

ကိုလူချောရယ် ...

ရှင်နဲ့ အိမ့်ခြွေရှင်ရဲ့ ဆုံတွေ့မှုက ဒီလောက်တော နည်းပါးရသလားရှင်။ အိမ့်ခြွေ မပြန်ချင်သေးဘူး။ ရှင်နဲ့အတူ လျှောက်လည်ချင်ပါသေးတယ် ကိုလူချောလေး မိုးသောင်ယံရေ





## အခန်း (၄)

"အိမ့်ခြွေရှင် ..."

ဟိန်းခနဲတက်သွားတဲ့ ခေါ်သံကြီးနဲ့အတူ ခေါ်သ ကျက်ခြောင်းခြောင်းထွက်နေတဲ့ ဒက်ဒီ့ရှေ့ကနေ လွတ်မြောက် အောင်ပြေးထွက်သွားလိုက်ချင်မိပါသည်။ အိမ့်ခြွေရှင့်လုပ်ရပ်ကို အစ နေအဆုံး ခေါ်ကြီးဂျမ်းက ပြန်တိုင်လိုက်ပြီလေ။ လုပ်တုန်းကလို ဘွဲ့တွေ အခုတော့ ဘယ်ဆီရောက်ကုန်မှန်းမသိတော့။

"ဒက် ... ဒက်ဒီ ..."

ထူးလိုက်တဲ့ အိမ့်ခြွေရှင့်အသံလေးက တုန်ယင်ယင်။

"ဒီကနေ့ ... သမီးလုပ်ခဲ့တဲ့လုပ်ရပ်ဟာ ဘယ်လောက်ထိ ကိုယ့် ဂုဏ်သိက္ခာကျစေသလဲဆိုတာ စဉ်းစားမိရဲ့လားဟင်၊ မိန်းကလေးတစ်ယောက်ဖြစ်ပါလျက်နဲ့ အခုလို လုပ်လိုက် တာ သင့်တော်တယ်လို့ သမီး ထင်နေလား ... ကြည့်စမ်း

အိန္ဒြေရှင်ဟာ ... ဒက်ဒီတို့ မယုံကြည်နိုင်လောက်တဲ့အထိ အပြောင်းလဲကြီး ပြောင်းလဲသွားတာပဲ ... ဒီလိုလုပ်ရဲတဲ့ သတ္တိတွေ ဘယ်ကဝင်လာတာလဲ အိန္ဒြေရှင် ... "

"ဒက်ဒီ ... "

"ပြောပါ အိန္ဒြေရှင် ... ဒက်ဒီ နားထောင်ချင်ပါတယ် ... ဘာကြောင့် အခုလို ထွက်ပြေးချင်လောက်အောင် ဖြစ်ရတယ်ဆိုတဲ့အကြောင်းကို ပြောပြစမ်းပါ ... ဒက်ဒီရဲ့အုပ်ချုပ်မှုတွေဟာ မင်းအပေါ် ဘယ်လောက်ထိတောင် ဆိုးဝါးရက်စက်သွားသလဲဆိုတာ ... ပွင့်ပွင့်လင်းလင်း ဖွင့်ပြောနိုင်ပါတယ် ... ဒက်ဒီ အရမ်းစိတ်ဝင်စားတယ် အိန္ဒြေရှင် ... "

"သ ... သမီး ... "

ခပ်စိမ်းစိမ်းကြီး စိုက်ကြည့်နေတဲ့ ဒက်ဒီ့မျက်ဝန်းတွေကို ရင်မဆိုင်ရဲစွာ ခေါင်းငုံ့ချလိုက်မိပါသည်။ တကယ်ဆို ... ဒက်ဒီ၊ မာမီတို့ကို မကျေနပ်လို့ အခုလို ထွက်ပြေးတာမှမဟုတ်ဘဲ။ ကိုလူချောနဲ့ တွေ့ဆုံချင်လို့သာ အိန္ဒြေရှင် ခဏလေး စိတ်လွတ်ကိုယ်လွတ်သွားနိုင်အောင် ကြိုးစားလိုက်တာပါ။

ဒါကို ... ...

ဒက်ဒီ နားလည်လက်ခံအောင် အိန္ဒြေရှင် ဘယ်လိုပြောရပါ့မလဲ။

နှလုံးသားရဲ့ ခိုင်းစေမှုအတွက် အခုလို စွန့်စားတာများ ဒက်ဒီသိရင် အိန္ဒြေရှင့်ကို ပိုပြီးတော့တောင် ဒေါသတွေဖြစ်ပြီး





သတ်ပစ်မှာ အသေအချာပဲလေ။ ဒက်ဒီက လူတစ်မျိုး ... စည်းကမ်းဖောက်ဖျက်တဲ့လူဆို သိပ်မုန်းတာ။ သူ ချမှတ်ထားတဲ့ စည်းကမ်းဘောင်ကို ချိုးဖျက်လျှင် ဘယ်လိုလူမျိုးကိုမှ မျက်နှာသာမပေးတတ်ည်း

"အိန္ဒြေရှင် ... "

"အမေ့ ... "

ဒက်ဒီ့ခေါ်သံကြောင့် ... သူမခန္ဓာကိုယ်လေး တုန်က်သွားရသည့်အထိ အိန္ဒြေရှင် ကြောက်လန့်တုန်လှုပ်သွားမိသည်။ ရှက်စိတ်၊ ဒေါသစိတ်တွေကြောင့် ... ဖြူနေသော ဒက်ဒီ့မျက်နှာကြီးက အခုတော့ ရဲရဲနီတောက်လို့နေ၏။

"ပြောလေ ... ငါ မေးနေတာကို ဖြေလေ ... ဘာလို့ အခုလို ထွက်ပြေးရတာလဲလို့ ... "

"ဟို ... ဟို ... "

"မိဘက လိုလေသေးမရှိ ဖြည့်စွမ်းပြီး ... ဘဝမှာ အပြည့်အစုံနဲ့ ထားတာတောင် နင်က အခုလို လုပ်တယ်ဆိုတော့"

"ဒက်ဒီ ... "

"သ ... သမီး မှားသွားပါတယ် ... အမြဲတမ်း အစောင့်အကြပ်တွေနဲ့ စိတ်မလွတ်လပ်လွန်းလို့ အခုလိုတစ်ယောက်တည်း လျှောက်သွားချင်လို့ လုပ်လိုက်တာပါ ... ဘယ်သူ့ကြောင့်မှ မဟုတ်ပါဘူး ဒက်ဒီရယ် ... "

"ဘာ ... ဘာပြောတယ် ... "

ဦးထွန်းခေါင် မယုံကြည်နိုင်လောက်အောင် ဖြစ်သွားရသည်။ အိန္ဒြေရှင်ဆိုတဲ့ တစ်ဦးတည်းသော သမီးကလေးရဲ့ သတင်းကို မထင်ဘဲ ကြားလိုက်ရသည်။ အထိန်းတော်ကြီး ဒေါ်ဂျမ်းဆီက သတင်းပေးတာလေ။ အိန္ဒြေရှင်တစ်ယောက် ကားပေါ်က ဆင်းပြေးသွားလို့တဲ့ ... အခုထိ ရှာမတွေ့သေးဘူးဆိုတဲ့အကြောင်း ကြားလိုက်တာနဲ့ ဦးထွန်းခေါင်တစ်ယောက် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိအောင် ကယောင်ချောက်ချား ဖြစ်သွားရသည်။ တပည့်တွေကိုလွှတ်ပြီး ရှာခိုင်းမိ၏။

ပြန်တွေ့ပြီဆိုတဲ့ ဖုန်းပြန်ဝင်လာမှသာ ရင်အေးသွားရ၏။

သို့သော် ...

ဒေါသတွေက အကြီးအကျယ် ပေါက်ကွဲနေမိသည်။

ဒီလောက် အလိုလိုက်ထားပါလျက် အခုလို မိဘကို စိတ်ပူအောင် လုပ်တဲ့အတွက် စိတ်ကမြေလို့မရ။ ဘဝမှာ ဒီသမီးလေးအတွက် ရည်မှန်းချက်တွေ အများကြီးထားခဲ့ရတာလေ။ မိဘရဲ့ စေတနာမေတ္တာတွေကို စော်ကားရက်တဲ့ သမီးဖြစ်သူကို တွေးမိတိုင်း ဒေါသဖြစ်မဆုံးတော့။

ဒင်းက ...

အလိုလိုက်လို့ အမိုက်စော်ကားတာ။

"ခဏလေးပဲ ... တစ်ယောက်တည်း သူများတွေလို လွတ်လွတ်လပ်လပ် သွားလာချင်လို့ပါ ဒက်ဒီ ... "





"တိတ်စမ်း ... "

ဒက်ဒီ အရမ်းဒေါကန်နေပြီ ... ။

"ပါးစပ်ကို ပိတ်တော့ ... ဒီမှာ အိန္ဒြေရှင် ... သမီးကို စိတ်မချလွန်းလို့ သမီးနဲ့ပတ်သက်လာရင် အထိအခိုက်တစ်ခုခု ဖြစ်မှာစိုးလို့ အခုလို အစောင့်အရှောက်တွေနဲ့ထားတာ ... ပြီးတော့ ... သမီးရဲ့ဘဝတစ်လျှောက်လုံး အမဲစက်အစွန်းအထင်းမရှိအောင် ကာကွယ်ထားတာ ... ဒါဟာ စိတ်ရှုပ်စရာမဟုတ်ဘူး ... အရင်ကလည်း သမီး ဒီလိုသွားလာနေကျပဲဟာ ... အခုမှအထူးအဆန်းလုပ်တာ တခြားအကြောင်းတစ်ခုကြောင့်ပဲ ဖြစ်မယ် ... "

ဟင် ... ။

ဒက်ဒီ ... ဘာတွေ သိနေပြီလဲ။ ကြောက်လိုက်တာ။

အိန္ဒြေရှင့်မျက်လုံးတွေကို ထိုးဖောက်မတတ် စိုက်ကြည့်နေတဲ့ ဒက်ဒီ့မျက်ဝန်းအကြည့်ဒဏ်ကို စိတ်မလုံလဲစွာ ဖြစ်နေသည်။

"အိန္ဒြေရှင် ... "

"ရှင် ဒက်ဒီ ... "

"သွားတော့ ... "

"ရှင် ... "

"ဒက်ဒီ့ရှေ့ကနေ ထွက်သွားတော့လို့ ပြောနေတယ်လေ"

"ဟုတ် ... ဟုတ်ကဲ့ ... "

အိခြွေရှင် သုတ်ခနဲနေအောင် ထ,ပြေးခဲ့မိတော့၏။

အံ့သြစရာပဲ။

သူမမျက်နှာကို စူးရဲစွာစိုက်ကြည့်ပြီး ဘာစကားမှ ထပ်မပြောတော့ဘဲ အခုလို ထွက်သွားနိုင်းတာ မယုံနိုင်စရာ။ စိတ်သဘောထားကြီးစွာ အိခြွေရှင့်ကို ခွင့်လွှတ်နားလည်လိုက်တာမှ ဟုတ်ပါရဲ့လား။ အတွေးလေးတွေနဲ့ ရှုပ်ထွေးစွာ သူမအခန်းလေးထဲသို့ ပြန်ဝင်လာခဲ့ရသည်။ စိတ်တွေက ရှုပ်ထွေးနေပေမဲ့ အပျော်လေးတွေ ရင်ထဲပြည့်နေ၏။ ဘာပဲဖြစ်ဖြစ် ဒီကနေ့ မိုးသောင်ယံနဲ့ ရင်းနှီးစွာ မိတ်ဆွေကလေး ဖြစ်ခဲ့ရတဲ့အတွက် အခုလို ဆုခံရတာ ဖြေသိမ့်နိုင်စရာပါပဲ။

ကြည်နူးစရာ ကောင်းလိုက်တာ။

နှစ်ယောက်သား ကစားကွင်းကြီးထဲမှာချားရဟတ်ကြီးအတူစီးခဲ့ရတဲ့ အခြေအနေကလေးတွေကိုသတိရပြီး သူမ နှုတ်ခမ်းလေးတွေက ပြုံးသွားရသည်။ ရင်ကလေးတွေက တထိတ်ထိတ်ခုန်လာ၏ ... ။ အရာအားလုံး မေ့လျော့ကာ သူ့အကြောင်းကလေးတွေကိုသာ စဉ်းစားနေမိတော့သည်။

ဦးထွဋ်ခေါင်တစ်ယောက် သက်ပြင်းရှည်ကြီးကို ချလိုက်ပြီး ဆိုဖာခုံပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ကျသွားရပြီ။

သမီးဖြစ်သူ ... အိခြွေရှင် မျက်ဝန်းလေးတွေထဲက မသက်သာစရာ စိတ်လှုပ်ရှားမှုတွေကို တွေ့လိုက်ရသဖြင့် ဒီနေ့လုပ်





ရဲ့ အခြေအနေအမှန်ကို ကောင်းစွာခန့်မှန်းနားလည်လိုက်ရသည့် တွက်လည်း ရင်ထဲမှာ စိုးရိမ်စိတ်တွေ ကြီးစိုးနေရ၏။

အိခြွေရှင် ...

အရင်ကလို မရိုးသားတော့ဘူးလေ။

စိတ်မလုံမလဲ ဖြစ်နေတဲ့ သမီးဖြစ်သူရဲ့ အမူအရာက သားလို့မှမရတာ။ ဘယ်တုန်းကမှ လိမ်ညာတတ်ခြင်းမရှိတဲ့ မီးဖြစ်သူက သူ့ရင်ထဲက အဖြစ်ချင်ဆုံး ဆန္ဒတစ်ခုကို ဖြစ်မြောက် အောင်မြင်စွာ လုပ်ခဲ့ပေမဲ့ ... အမှန်အတိုင်းတော့ ဝန်မခံရဲခဲ့ပါ။ ဆန္ဒတစ်ခုကြောင့်သာ ဒီလောက်ထိ စွန့်စွန့်စားစား လုပ်သွားတာ ... အကြောင်းပြချက် လှလှကလေးပေးပြီး ဖုံးကွယ်ဖို့ ကြိုးစား သည်။

ဒါကို ...

မသိလျှင် သွေးရိုးသားရိုးကိစ္စပဲလို့ အများက ထင် နိုင်ပေမဲ့ ...

လုပ်ငန်းကြီးတွေကိုဦးဆောင်လုပ်ကိုင်ပြီး လူတကာ ပေါင်းသင်းဆက်ဆံကာ လက်အောက်ငယ်သား စရိုက်မျိုးစုံ၊ မျိုးစုံရှိသူတွေကို အုပ်ချုပ်လာခဲ့ရတဲ့ သူ့အတွက်တော့ ကြီးမား သနာကြီးတစ်ခု မကြာခင် ရောက်ရှိလာတော့မည်ဟု ကြို ခံစားသိရှိနေရသည်။

"ဒေါ်ဂျမ်း ... "

"ပြောပါ မောင်ထွဋ်ခေါင် ... "

"အိန္ဒြေရှင့်ကို သင်တန်းမပို့နဲ့တော့ ..."
"ဟေ ..."
"အိမ်မှာပဲ ဆရာမတစ်ယောက်နဲ့ ခေါ်သင်ဖို့ကြိုးစားပါ ... အရေးကြီးတာက သူ့ကို အခုထက်ပိုပြီး စောင့်ကြည့်ကြဖို့ပဲ ..."
"ဟင် ..."
ဒေါ်ဂျမ်း ရင်ထဲထိတ်ခနဲတော့ဖြစ်သွားမိသည်။
"အိန္ဒြေရှင်လေးက ဘာတွေထူးခြားမှုရှိလို့လဲဟင် ..."
"အတိအကျတော့ မဟုတ်ပါဘူး ... ဒါပေမဲ့ သတိဆိုတာ ပိုတယ်မရှိဘူးလေ ..."
"မောင်ထွဋ်ခေါင် ..."
"ပြောလေ ဒေါ်ဂျမ်း ..."
"အခုတောင် ... စိတ်တွေမွန်းကျပ်ပြီး ထွက်ပေါက်ရှာသေးတာကွယ် ... အခုလို ထပ်လုပ်ရင် ပိုပြီးဆိုးဝါးသွားမလားလို့ ..."
"အင်း ... ဒါပေမဲ့ ..."
"မင်း စိတ်ပူလွန်းတာလည်း ဖြစ်မှာပါကွယ် ..."
"အိန္ဒြေရှင့်အတွက် ကျွန်တော် ရည်ရွယ်ထားတဲ့သူ ရှိပြီးလို့ အခုလောက်ထိ ကျွန်တော်ချုပ်ချယ်နေရတာပါ ..."
"အခုထိတော့ သမီးလေးက အဲဒီကိစ္စ အရှုပ်အရှင်းတွေတော့ မရှိသေးပါဘူး ... ဒေါ်ဂျမ်းတို့ သေချာစောင့်ကြည့်





နေတာပဲဟာ ... ဘယ်ကောင်လေးနဲ့မှ အရောတဝင်မရှိတာ ..."
ဟိုတစ်နေ့ကအဖြစ်အပျက်အမှန်တွေကို ဒေါ်ဂျမ်း လိမ်ထားမိသည်။ သိသွားရင် အိန္ဒြေရှင်အကြီးအကျယ်ပြဿနာတက်တော့မှာလေ ... ။
"အင်း ... သမီးကို မောင်နိုင်သိခ်နဲ့ တွေ့ဆုံပေးမှဖြစ်တော့မယ် ..."
"နိုင်သိခ် ဟုတ်လား ..."
"အရမ်းထက်မြက်တဲ့ လူရွယ်တစ်ယောက်ပဲ ဒေါ်ဂျမ်း ... သူဟာ ကျွန်တော် အရမ်းအထင်ကြီးတဲ့ စီးပွားရေးလောကမှာ နာမည်ကြီးပြီး မသိသူမရှိလောက်အောင်ရှားတာ ... အဲဒီလို လူမျိုးတစ်ယောက်ဟာ သမီးအိန္ဒြေရဲ့ ဘဝအဖော်မွန်အဖြစ်ထိုက်ဆုံးပဲ ... မောင်နိုင်သိခ် အခု နိုင်ငံခြားက ပြန်လာတာမကြာသေးဘူး ... သူ့မိဘတွေနဲ့ ကျွန်တော် သိပ်ခင်တယ်လေ ... သူ ကျွန်တော့်ကို လာတွေ့မှာ ..."
"ဒါဆို သိပ်မသေချာသေးတဲ့ကိစ္စတစ်ခုပေါ့ ... နိုင်သိခ်ရဲ့ ရွေးချယ်မှုက ရှိသေးတယ်လေ ..."
"အဟွန်း ဟွန်း ... ကျွန်တော်ထင်တာ မလွဲလောက်ပါဘူး ဒေါ်ဂျမ်းရယ် ... အရေးကြီးတာက အိန္ဒြေရှင့်ကို သေချာစောင့်ကြည့်ထားဖို့ပဲ ..."
"အဲဒါကတော့ စိတ်ချ ... ဒေါ်ဂျမ်း တာဝန်ကျေစေရမယ်"

"မနက်ဖြန် ... ကွန်ပျူတာနဲ့ အင်္ဂလိပ်စကားပြောသင်မဲ့
ဆရာမတွေကို အိမ်ခေါ်သင်ဖို့ရှာပါ ... "

"ကောင်းပြီ မောင်ထွဋ်ခေါင် ... "

"ဒါဆို စိတ်ချမယ် ဒေါ်ဂျမ်း ... "

"စိတ်ချပါကွယ် ... မင်းလည်း စိတ်ကိုလျှော့ပြီး အနားယူ
လိုက်တော့ မောင်ထွဋ်ခေါင် ... အလုပ်က ပင်ပန်းလာ
တယ် မဟုတ်လား ... "

"အင်း ... "

ဦးထွဋ်ခေါင် လှည့်ထွက်သွားဖို့အလုပ် ...

"မောင်ထွဋ်ခေါင် ... "

"ဗျာ ... "

"အခုကိစ္စ နန်းရှည်မွန်ကို မသိစေချင်ဘူးကွယ် ... နန်းက
အရမ်းစိုးရိမ်ပူပန်တတ်တာလေ ... "

"ကျွန်တော် သဘောပေါက်ပါတယ် ဒေါ်ဂျမ်း ... "

နန်းက ... သွေးတိုးသမားဆိုတော့ ကျန်းမာရေး
အတွက် အားလုံးက စိုးရိမ်ကြသည်လေ။

"ဒေါ်ဂျမ်းလည်း အနားယူတော့လေ ... "

"အေးပါကွယ် ... သမီးလေးဆီ ခဏသွားပြီး ဒေါ်ဂျမ်း ကြည့်
လိုက်ပါဦးမယ် ... ပြီးမှပဲ နားတော့မယ်ကွယ် ... "

"ကောင်းပါတယ် ဒေါ်ဂျမ်း ... "

ဦးထွဋ်ခေါင်တစ်ယောက် အပေါ်ထပ်သို့ လှေကား





သစ်တွေအတိုင်း တက်ခဲ့ပြီး သမီးရဲ့ အခန်းရှေ့အရောက်တစ်ချက်
ချောင်းငဲ့ကြည့်လိုက်ပြီး သူ့အခန်းထဲ ပြန်ဝင်လာခဲ့မိသည်။

ဇနီးသည်ကတော့ ... အခုလောက်ဆို ဘုရားခန်း
ရောက်နေလောက်ရောပေါ့လေ။

ဟူး ...

သက်ပြင်းမောကြီးသာ စိတ်လွတ်လက်လွတ် ချ
လိုက်မိပါတော့သည်။

## အခန်း (၅)

"ဘယ်လို ဒေါ်ကြီးဂျမ်း ... အိန္ဒြေရှင် ဘာသင်တန်းမှ သွာ
စရာမလိုတော့ဘူး ဟုတ်လား ... ဒါ ... ဒါဆို ... "

"ဟုတ်တယ် အိန္ဒြေရှင် ... အိမ်ကို ဆရာမတွေ လာသင်ပေ
လိမ့်မယ် ... "

"အို ... အဓိပ္ပာယ်မရှိလိုက်တာ ... "

"ဒါ ... မောင်ထွဋ်ခေါင်ရဲ့ ဆန္ဒပဲ ... သမီးဒက်ဒီ မောင်ထွ
ခေါင်ကိုယ်တိုင် စီစဉ်တာ ... သမီး လိုက်နာရမယ် အိန္ဒြေ
ရှင် ... တကယ်တော့ မောင်ထွဋ်ခေါင်ရော နန်းရည်မွန်
တကယ့်မိဘကောင်းတွေပါ ... သမီးကို ဒီအရွယ်အထိ လိ
လေသေးမရှိ အရာအားလုံး ပြည့်စုံအောင်ထားပြီး ကျွေးမွေ
စောင့်ရှောက်ပေးခဲ့တဲ့ တာဝန်ကျေတဲ့မိဘနှစ်ပါးပဲ အိန္ဒြေ
ရှင် ... ဒါကို သမီးက မိဘကျေးဇူးကို သိတတ်ပါကွယ် ...





စိတ်ဆင်းရဲအောင် မလုပ်ချင်ပါနဲ့ ... မနေ့ကကိစ္စဟာ ...
မောင်ထွဋ်ခေါင်ကို အရမ်းသွေးမျက်တုန်လှုပ်သွားစေတယ်
လေ ... လိမ္မာပါ ကလေးရယ် ... မင်းဘဝလေး စိုပြည်လှပ
အောင် အခုလိုလုပ်ရတာကို သမီးလေးက နားလည်ပေး
လိုက်ပါကွယ် ... "

အို ...

ဒေါ်ကြီးဂျမ်းရယ် ...

အိန္ဒြေရှင် ဒါတွေကိုသိပါတယ်ရှင်။ ဒက်ဒီ မာမိတို့ရဲ့
ခြင်းမေတ္တာကြီးမားမှုကို အိန္ဒြေရှင် မသိလို့မဟုတ်ပါဘူး။ ဒါပေမဲ့
ထဲက စီးမျောလာတဲ့ အိန္ဒြေရှင့် ရင်ခုန်သံချစ်ခြင်းလေးတွေကို
ယ်လိုတားဆီးထိန်းချုပ်ရမလဲဟင်။ အိန္ဒြေရှင် သူ့ကိုချစ်မိနေပြီ။
တွေကို ရပ်တန့်သွားအောင် အိန္ဒြေရှင်မှ မတားဆီးနိုင်တော့တာ။
တော့ အိန္ဒြေရှင် ဘာတတ်နိုင်တော့မလဲ။

ဘယ်လိုလုပ်ရမလဲဟင်။ အိန္ဒြေရှင် ဘယ်လိုလုပ်ရ
တော့မလဲကွယ် ... ။

အပြင်ကို ထွက်ခွင့်မပြုတော့ဘူးဆိုတာ ... သိပ်ပြီး
ားရာ ကျလွန်းပါတယ်ရှင်။ အတွေးလေးကြောင့် ပါးပြင်လေး
ည် မျက်ရည်ကလေးတွေ စီးကျလာရသည်။

"ဒေါ်ကြီးဂျမ်း ... ဒက်ဒီ့ကို သွားပြောပေးပါနော် ... နောက်
ဒီလိုအဖြစ်မျိုး မဖြစ်စေရပါဘူး ... အိန္ဒြေရှင် သင်တန်းကို
အချိန်မှန်မှန်တက်ပါ့မယ်လို့ ပြောပေးပါ ဒေါ်ကြီးဂျမ်းရယ်၊

အိမ်ဖြွေရှင် တောင်းပန်ပါတယ်နော် ... ”

မျက်ရည်တွေကြားက အိမ်ဖြွေရှင် ဒေါ်ကြီးဂျမ်းအာ
တောင်းဆိုနေမိသည်။ ဒါကို ... ဒေါ်ကြီးဂျမ်းက ခေါင်းကိုသွက်
အောင် ခါယမ်းလိုက်ပြီး ...

“မရတော့ဘူး အိမ်ဖြွေရှင် ... မောင်ထွဋ်ခေါင်က ဆုံးဖြတ်ပြ
သွားပြီ ... သမီးဒက်ဒီရဲ့စိတ်ကို သမီးလည်း သိရဲ့သာ
ကွယ် ... ”

အို ...

သွားပါပြီ။

မျှော်လင့်ချက်တွေ ဝေးပြီပေါ့။ နေရာမှာတင်
လျက်သားကလေး ခွေကျကာ တသိမ့်သိမ့် ငိုချလိုက်သူက အိ
ရှင်ပင် ဖြစ်တော့၏။

ဝေးပြီပေါ့ကွယ်။

နောက်ထပ် ... တွေ့ဆုံမှုတွေ မရှိတော့လော
အောင် မိုးသောင်ယံဆိုတဲ့ ကိုလူချောလေးနဲ့ အိမ်ဖြွေရှင်တို့ အ
ကြီးဝေးရမဲ့ ကျိန်စာတစ်ပုဒ်ကို ကံကြမ္မာက ချမှတ်ပေးလိုက်ပြ
နော် ... ။

ဆိုးဝါးလိုက်တာ ...

ရက်စက်လိုက်တာ ...

တစ်သက်မှာ တစ်ခါသာ ဖြစ်ပေါ်ဖူးခဲ့တဲ့ ခံစ
နုနုကလေးတွေ အခုတော့ အရှင်လတ်လတ် အသတ်ခံရပြီ





သည်းနှလုံးတွေ ကြေမွပျက်သုဉ်းရပေပြီ။ ဒေါ်ကြီးဂျမ်းက အသိ
ပေးပြီးတာနှင့် ပြန်ထွက်သွား၏။ အခန်းလေးထဲမှာ တစ်ယောက်
တည်း ငိုကျန်ခဲ့သူက အိမ်ဖြွေရှင်လေးရယ်ပါ။

မိုးသောင်ယံရယ် ...

အိမ်ဖြွေအဖြစ်ကို ကြည့်လှည့်၊ မြင်လှည့်ပါဦးရှင်။ နှုတ်
က တတွတ်တွတ် ရေရွတ်နေမိသည်။

ထိုနေ့က ...

တစ်နေ့လုံး အခန်းတံခါးလေးပိတ်ကာ ဘာမှမစား
ဘဲ အားလုံးကို စိတ်ကောက်နေဖို့ ဆုံးဖြတ်လိုက်သည်။ ဒီကိစ္စကို
သူမ လွယ်လွယ်နဲ့ အလျှော့ပေးလိုက်ဖို့ မဖြစ်ပါ။ တစ်နေ့တစ်နေ့
တိုက်ကြီးထဲမှာပဲ ရှင်သန်ကြီးပြင်းရမဲ့ အနာဂတ်ကြီးကို အိမ်ဖြွေရှင်
ရုန်းမုန်းသည်။

စိတ်တွေက မွန်းကျပ်ပြီး ပိတ်လှောင်နေ၏။ စည်း
မ်းကြီးသလို စိတ်အရမ်းဆတ်တဲ့ ဒက်ဒီ့ကို အနိုင်ရအောင် အလျှော့
ပေးလာအောင် အိမ်ဖြွေရှင် ကြိုးစားရမည်လေ။ တစ်ချိန်လုံး အခန်း
ထဲအောင်းနေလိုက်၏။

နေ့လယ်ဘက် ... သူမ ထမင်းဆင်းမစားဘူးဆိုတဲ့
သတင်းရတာနဲ့ ဒက်ဒီရော မာမီပါ အရေးထားပြီး အိမ်ဖြွေရှင့်ဆီကို
ပြေးလာကြမှာပဲ။

တဖြည်းဖြည်း နာရီလက်တံက ထမင်းစားချိန်လေး
ကို ကျော်လွန်လာသည်။ ဒေါ်ကြီးဂျမ်း လာခေါ်သော်လည်း အိမ်ဖြွေ

ရှင် လုံးဝအသံပြန်မပေးဘဲ (Walk man) လေးတစ်ကာ သီချင်းလေ
နားထောင်နေလိုက်သည်။

အချိန်တွေ ကျော်လွန်မက ကျော်လွန်လာသော
အခါမှာတော့ အိန္ဒြေရှင် တအားကို အုံ့ဩမှင်သက်ရပြီ။ နေ့လယ်
သုံးနာရီထိုးပြီဆိုတဲ့အသိနှင့်အတူ သူမဆီကို အင်မတန်စိုးရိမ်ပူပ
တတ်သော ဒက်ဒီနဲ့မာမီနှစ်ယောက် သွေးအေးစွာနေနိုင်မှုကို သိခွ
ရလိုက်သည်။

သူမရဲ့ဆန္ဒကို ဘယ်လိုမှ ဖြည့်ဆည်းမပေးနိုင်ဘူးဂ
အပြတ်သားဆုံး ငြင်းဆန်လိုက်တဲ့သဘောပေါ့။ ဒါကြောင့် ... သူမ
ကို ... နောက်ထပ် ဘယ်သူမှ အရေးတယူ လာမခေါ်တော့ဘ
တစ်ဘက်က ပြန်ငြိမ်သက်သွားတာလေ။

တဖြည်းဖြည်း ...

ညနေစောင်းရောက်ပြီး မိုးစုန်းစုန်းချုပ်သည့်အထ
အိန္ဒြေရှင်ရှိရာ ဘယ်သူမှ ရောက်မလာတော့။ ဗိုက်ထဲ ဆာလောင်
တွေကို သူမအခန်းထဲက ရေခဲသေတ္တာအသေးလေးထဲက အချိုရည်
ဘူးတွေနှင့်ပဲ ဖြေသိမ့်နေရ၏။

ဒုက္ခပါပဲ ...

တကယ့်ကို ဘယ်သူမှ လာမချော့ကြတော့ဘူးလာ
မသိ။

အိန္ဒြေရှင် စိတ်ကောက်ရတာပင် ပျင်းရိလာရသည်
တစ်နေကုန် ဘယ်မှမထွက်ဘဲ စိတ်ကောက်ရတာ လွယ်တာမှတ





လို့ တကယ့်ကို နည်းနည်းလေးမှ စာနာမသနားကြပါလားနော်။
တစ်ဦးတည်းသောသမီးလေးတစ်ယောက် ရှိပါတယ် ... လာချော့ဖို့
နေနေသာသာ ပေလျှက် ပစ်ထား၏။

ကြာရင် ...

သူမဘက်ကပဲ အရှုံးပေးပြီး အပြင်ထွက်ရတော့မည်။
ဒက်ဒီရဲ့ အမိန့်တွေကို လိုက်နာပြီး ဒီတိုက်ကြီးထဲမှာ
ပဲ သင်တန်းတွေ တစ်ခုပြီးတစ်ခု တက်ရတော့မယ်လေ။

စိတ်မောစွာ အခန်းဘေးဘက် တံခါးလေးဖွင့်ပြီး
ဝရန်တာကြီးဆီ လျှောက်ခဲ့သည်။ သူမအခန်းလေးကစပြီး ဝရန်တာ
ကြီးဆီအထိ သွားလို့ရအောင် တစ်ဆက်တည်း ပြုလုပ်ထားတာကို။
တိုက်ကြီးထဲက တံခါးပေါက်ကို မဖွင့်ဘဲ အပြင်ဘက် ဝရန်တာဆီ
သွားလို့ရနေ၏။ ဒါကလည်း အိန္ဒြေရှင့်စိတ်ကြိုက် ဒက်ဒီ ဖန်တီးပေး
ထားတာလေ။ အခုတော့ အဆင်ပြေစွာ ဝရန်တာမှတစ်ဆင့် မိုး
ကောင်းကင်ကြီးဆီ မော့ကြည့်မိ၏ ... ။ ကြယ်ရောင်စုံ ဝန်းရံကာ
တစ်ခြမ်းတည်းသာရှိသော လမင်းကွေးကွေးလေးနဲ့ မိုးကောင်း
ကင်ကြီးက သာယာလှပနေတာပဲလေ။

အေးမြသော လေနုအေးလေးက သူမကိုယ်လေးကို
တဖျတ်ဖျတ် တိုးဝှေ့တိုက်ခတ်သွားပေမဲ့ သူမရဲ့ ပူလောင်နေတဲ့
ရင်ထဲအထိတော့ တိုးဖောက်စိမ့်မဝင်နိုင်ပါချေ။

မြို့ကြီးထဲ ငုံ့ကြည့်နေမိသည်။

ခပ်ဝေးဝေးမှာ လင်းနေသော လမ်းမီးတိုင်အောက်

က ခပ်ရေးရေး ကတ္တရာလမ်းကလေးဆီ အကြည့်ရောက်တော့

ဟင် ...

လူတစ်ယောက် လက်ကလေး ဝှေ့ယမ်းပြနေ

သူမကိုမှ ဟုတ်ရဲ့လား။ ဝရန်တာအလင်းရောင်ကြောင့် အထင်းသ

မြင်နေရသော သူမကို တစ်စုံတစ်ယောက်က လေကလေးချွန်

လက်ပြနှုတ်ဆက်နေတာတော့ အသေအချာပါပဲ။

ဟယ်တော့ မီးရောင်နီနီလေးက သူမဆီ ဖျတ်

ရောက်လာ၏။

မြတ်စွာဘုရားရေ ...

လူကို မီးရောင်အောက် ထွက်ရပ်ပြတော့မှပဲ

အိန္ဒြေရှင် မျက်လုံးပြူးရပေပြီ။ တခြားသူ ဟုတ်ရိုးလား။ အိန္ဒြေ

အသက်မကဲ စွဲစွဲလမ်းလမ်း ချစ်မိသွားတဲ့ ကိုလူချောလေး မိုးသော

ယံရယ်လေ။ သူမတို့ခြံရှေ့ကလမ်းမကြီးပေါ် ရောက်နေတာပါလာ

သူ ... သူ ... အိန္ဒြေရှင်နေတဲ့နေရာကို ဘယ်လိုလုပ် သိသွားသလဲ

ပြီးတော့ သူ့ကြည့်ရတာ တစ်ယောက်တည်းပဲ။ နံဘေးမှာ သူ့ကိုယ်

တော်ကြီးတွေ တစ်ယောက်မှမရှိချေ။

သူမ ရင်တွေခုန်ပြီးစိတ်တွေ အရမ်းလှုပ်ရှားနေ

သည်။

သူနဲ့ တွေ့ချင်လိုက်တာ ...

ဘယ်လိုများ သွားတွေ့ရပါ့မလဲ။ သူက ဆင်းလာ

လှမ်းခေါ်နေ၏။ အိန္ဒြေရှင် အကြောက်ကြီး ကြောက်နေမိသည်





နေ့ကဖြစ်တဲ့ကိစ္စနဲ့တောင် ပြဿနာက ရှင်းလို့မပြီးသေး။ သူမ

တွေ့လို့ ... တစ်ယောက်ယောက် မြင်သွားလျှင် ဖြေရှင်းလို့

ောင် ရမှာမဟုတ်တော့။

မဖြစ်ပါဘူး။

သူနဲ့ သွားတွေ့လို့မဖြစ်ဘူး။

ဘယ်လိုလုပ်ရမလဲ ...

ဟာ ...

ဟုတ်ပြီ ... ။ သူ့လိပ်စာကတ်လေး ပေးထားတာပဲ။

နေပါဦး ... အဲဒါလေးကို အိန္ဒြေရှင် သေချာခေါက်ပြီး ဖွက်ယူလာ

ာပါ။ လုံးဝအပျောက်အရှမရှိအောင် သတိတရနဲ့ကို ဖွက်ပြီးယူလာ

ခဲ့တာ။

ဘယ်လိုမှ ... ထွက်လာလို့ အဆင်မပြေဘူးဆိုတဲ့

အကြောင်း ဖုန်းဆက်ပြောရမယ်။

သူမ ...

အခန်းလေးထဲသို့ လှစ်ခနဲ ပြန်ပြေးဝင်ခဲ့သည်။

လိပ်စာကတ်လေးကို ပြန်ရှာပြီး ဖုန်းနံပါတ်လေးကို

ပ်လိုက်၏။

ခဏကြာတော့ တစ်ဘက်က ဖုန်းပြန်ထူးသံ ကြား

သည်။

"ဟဲလို ... "

"မိုးသောင်ယံလားဟင် ... အိန္ဒြေရှင်ပါ ... "

"ဟာ ... အိခြွေရှင် ... အိခြွေရှင် ဆက်တာလားဟင် ...
ဟာ ... ဝမ်းသာလိုက်တာကွာ ... အခု ကိုယ် မင်းတို့ခြံ
ရောက်နေတယ် ... အိခြွေရှင် ကိုယ့်ကို ခဏလောက်ထွက်
တွေ့ပါလားကွာ ... "

"အဲဒါပဲ ပြောမလို့ မိုးသောင်ယံရဲ့ ... "

"ဟင် ... "

"မနေ့က လွတ်လွတ်လပ်လပ်ထွက်တဲ့ကိစ္စနဲ့ပတ်သက်ပြီ
ဒက်ဒီ အရမ်းစိတ်ဆိုးသွားတယ် ... အပြင်ကိုလည်း ထွက်
ခွင့်မပေးတော့ဘူး ... သင်တန်းလည်း မသွားရတော့ဘူ
အိမ်မှာပဲ ဆရာမတွေနဲ့ ခေါ်သင်ရမယ်တဲ့ မိုးသောင်ယံရယ်
အိခြွေရှင်တော့ ... စိတ်ညစ်လို့ သေတောင်သေချင်တယ်
သိလား၊ ဒီတစ်ခါတော့ ... အလျှော့မပေးဘဲ အစာငတ်ခံပြီ
စိတ်ကောက်ပြတာတောင် ဒီနေ့တစ်နေ့လုံး လာကိုမကြည့်
ဘူးလေ ... အိခြွေရှင်ကို ပစ်ထားကြတယ် မိုးသောင်ယံရယ်
အိခြွေရှင် ဘယ်လိုလုပ်ရမလဲဟင် ... "

"ဟာ ... "

ရင်ထိုးလေးရယ် ... ။

အသံတုန်တုန်လေးနဲ့ ... တစ်ဘက်က ပြောနေတဲ့
စကားသံလေးကို နားထောင်ပြီး မိုးသောင်ယံ စိတ်မကောင်းဖြစ်
သွားမိသည်။ သို့သော် ... ဒီနေ့တစ်နေ့လုံး သူမကလေးကိုသတိ
ပြီး ငါးရံ့ပြာလူးဘဝဖြစ်နေရတဲ့သူ ... ရင်ထဲကစိတ်ဆန္ဒတွေက





မထိန်းချုပ်နိုင်တဲ့အဆုံးမှာတော့ အပြင်ရောက်အောင် တစ်ယောက်
တည်းခိုးထွက်ပြီး တက္ကစီနဲ့ ဒီကိုအရောက်လာခဲ့ရတာပေါ့။ အိခြွေရှင်
နဲ့ သူ့အဖြစ်က တိုက်ဆိုင်နေပြန်၏။ ဘယ်သူ့ကို ပိုသနားလို့သနားရ
မှန်းပင် မစဉ်းစားတတ်တော့ပါ။

မနေ့က ...

အိခြွေရှင့်ကို သူ့အိမ်ကလူတွေ အတင်းဆွဲခေါ်သွား
တဲ့ကားလေးရဲ့အနောက်ကို သူ တက္ကစီတစ်စီးနှင့် ရအောင်လိုက်
ကြည့်ခဲ့သည်။ သူမလေးနေတဲ့နေရာကို သိပြီးတော့မှ သူ ပြန်လာခဲ့
တာ။ ဒီကိစ္စကြောင့် တစ်ယောက်တည်း အပြင်ခိုးထွက်ရမလားဆို
ပြီး သင်တန်းတက်ခွင့်ကို မနေ့ကပဲ အပိတ်ခံလိုက်ရပြီလေ ... ။
အကြောင်းပြချက် မခိုင်လုံလျှင် အပြင်မထွက်ရဘူးတဲ့ ... ။ အခုလို
တစ်ယောက်တည်း ခိုးထွက်တာ လုံးဝခွင့်မပြုနိုင်ဘူးတဲ့လေ။

ဒါ ...

မိုးသောင်ယံဒက်ဒီ ဦးမိုးမြင့်ရဲ့ တစ်ချက်လွှတ်အမိန့်
ပဲ ... ။

သူ ...

တစ်နေ့လုံး စိတ်ညစ်ပြီး အခန်းထဲအောင်းနေမိသည်။
အိခြွေရှင့်ကို ဘယ်လိုသွားတွေ့နိုင်မလဲလို့ တစ်ချိန်လုံးတွေးနေမိ
တာ။ အရမ်းကို သတိရနေမိသည်လေ။ နောက်ဆုံးတော့ ... ခြံကြီး
ထဲက ရအောင်ခိုးထွက်ပြီး သူမလေးဆီ ရောက်အောင်လာနိုင်ခဲ့
သည်။ စွန့်စားပြီးလာခဲ့ရတာပါ။ ဒီရောက်တော့ အိခြွေရှင်ကလည်း

အပြင်ကိုထွက်လို့မရဘူးတဲ့။

တွေ့ချင်သည်။

မျက်နှာလေးကို ငေးကြည့်ပြီး စကားတွေပြောချင်သည်။

"အိန္ဒြေရှင်ရယ် ... ကိုယ်လည်း အသက်နဲ့ရင်းပြီး စွန့်စွန့်စားစား နိုးထွက်လာရတာပါကွာ ... အိန္ဒြေရှင့်ကို အရမ်းတွေ့ချင်လို့ပါ ... ဒါပေမဲ့ ဆင်းလာလို့မရဘူးဆိုတော့လည်း ဘယ်တတ်နိုင်ပါ့မလဲ ... ကိုယ်က မင်းရဲ့မျက်နှာလေးကို အရမ်းမြင်ချင်တာလေ ... ကိုယ့်စိတ်တွေ ဘာဖြစ်နေပြီလဲဆိုတာ နားကိုမလည်တော့ဘူး ... ကိုယ် မင်းကို ခင်တွယ်နေမိတာ ရိုးသားတဲ့ခင်မင်မှုတွေနဲ့မှ ဟုတ်ရဲ့လားလို့ စဉ်းစားနေရပြီ အိန္ဒြေရှင်ရယ် ... "

"အို ... "

"ဟုတ်တယ် အိန္ဒြေရှင် ... မင်းကို ကုန်တိုက်ထဲမှာ ဝင်တိုက်မိကတည်းက ကိုယ့်ရင်ထဲမှာ ခံစားချက်နုနုလေးတစ်ခု လှစ်ခနဲ တိုးဝင်လာခဲ့တာ ... ကိုယ့်အသိစိတ်တွေ ဝေဝါးပြီး ရင်ခုန်သံတွေကလည်း ဆူညံနေတာပဲ ... ကိုယ် မင်းကို မေ့လို့မရဘူး ... ကိုယ့်အာရုံထဲမှာ မင်းရဲ့ပုံရိပ်တွေနဲ့ ပြည့်နှက်နေခဲ့တယ် ... မနေ့က မင်းနဲ့ မထင်မှတ်ဘဲ ပြန်ဆုံလိုက်တော့မှပဲ ပိုသေချာသွားတယ် အိန္ဒြေရှင် ... အဲဒါ ကိုယ် မင်းကို အရမ်းချစ်မိသွားပြီဆိုတာပါပဲ ... ကိုယ် ဝန်ခံမှဖြစ်





မယ် အိန္ဒြေရှင်ရယ် ... တို့ရဲ့တွေ့ဆုံမှုတိုင်းဟာ အရမ်းကို အချိန်ရှားပါးတိုတောင်းလွန်းလို့ အခုလို ပြောခွင့်ရတဲ့အချိန်ကလေးမှာပဲ ပြောခွင့်ပြုပါနော် ... မင်းကို ချစ်တယ် အိန္ဒြေရှင် ... ရင်ထဲ ... အသည်းထဲ ... အသွေးထဲကကို ချစ်မိတာပါ ... ယုံပါ အိန္ဒြေရှင်ရယ် ... ကိုယ့်အချစ်ကို ယုံကြည်ပေးပါနော် ... "

"မိုးသောင်ယံရယ် ... "

ပါးပြင်လေးပေါ်သို့ မျက်ရည်လေးတွေပင် စီးကျလာရသည်။

အသံလေးတွေ တုန်ယင်လှိုင်ခတ်ကာ သူ့နာမည်လေးကို ရင်ထဲကနေ အခါခါ အော်ခေါ်နေမိသည်။ ကိုလူချောက အိန္ဒြေရှင့်ကို ချစ်တယ်တဲ့လေ။

ကျေးဇူးတင်ပါတယ်ကွယ်။

အခုလို အမှန်အတိုင်း ဝန်ခံတဲ့အတွက် အရမ်းကို ကျေးဇူးတင်ပါတယ် ရှင်ရယ်။ အိန္ဒြေရှင့်ရင်ထဲမှာလည်း ရှင့်ထက်လျော့တဲ့ချစ်ခြင်းတွေနဲ့ မိုးသောင်ယံဆိုတဲ့ ရှင့်ကို ချစ်ခဲ့မိတာပါ။ ...ကလေးဆိုတဲ့ အသိကလေးတစ်ခုနဲ့ ထိန်းချုပ်လာခဲ့ရတာလေ။ ...ဒီလိုထိန်းချုပ်ပြီး ဟန်ကြီးတစ်ခွဲသားနဲ့နေရတာ ဘယ်လောက်ထိ ...လုံးသားတွေ ပူလောင်မြိုက်နေရသလဲဆိုတာ ရှင်မှ မသိတာ။

"အိန္ဒြေရှင် ... "

"မိုးသောင်ယံ ... "

"ကိုယ့်ကို စိတ်ဆိုးသွားပြီလားဟင် ... "

"ဟင့်အင်း ... စိတ်မဆိုးတဲ့အပြင် အခုလို ရင်ထဲကခံစားချက်တွေကို အရိုးသားဆုံးဝန်ခံတဲ့အတွက် အရင်ကထက်တောင် ပိုချစ်သွားရပြီ ... "

"ဟာ ... ဘာ ... ဘာရယ် ... "

"အိမ်ဖြူရှင် မညာချင်ပါဘူးကွယ် ... ရှင့်ကို မြင်မြင်ချင်း ရင်ခုန်သွားမိတာ ဝန်ခံပါတယ် ... "

"ဟာကွာ ချစ်ရယ် ... အိမ်ဖြူရှင်လေးရယ် ... ဝမ်းသာလိုက်တာကွာ ... အရမ်းဝမ်းသာတာပဲ ချစ်ရယ် ... "

"မိုးသောင်ယံ ... ခဏလေး ထပ်စောင့်ပေးပါလား မိုးသောင်ယံရယ် ... အချိန်ခဏ စောင့်ပေးပါနော် ... ရှင်နဲ့တွေ့ရအောင် ကြိုးစားကြည့်ချင်သေးလို့ပါ ... "

"စောင့်နေမှာပါ ... ရအောင်ထွက်ခဲ့နော် အိမ်ဖြူရှင် ... ကိုယ်မင်းနဲ့တွေ့ချင်တယ် ... "

"ခြံထောင့်မှာ စောင့်နော် ... အခုပဲ ဆင်းလာခဲ့မယ်သိလား"

"အင်း ... "

"ဒါဆို ဖုန်းချလိုက်ပြီ ... "

"အိမ်ဖြူ ... "

"ဟင် ... "

"အခုထွက်ခဲ့နော် ... "

"အင်းပါ ... "





သူမ ဖုန်းလေးကိုပြန်ပိတ်လိုက်ပြီး အခန်းပြင်သို့ထွက်လိုက်သည်။

အပေါ်ထပ်တစ်ခုလုံး တိတ်ဆိတ်နေ၏။ ဒက်ဒီနဲ့မာမီက ညဆို စောစောအိပ်ရာဝင်တတ်သည်မို့ စိတ်မပူပင်ရ ... ။ အောက်ထပ်သို့ ခြေသံဖွဖွနင်းပြီး ဆင်းလာခဲ့မိသည်။

အောက်ထပ်မှာလည်း တိတ်ဆိတ်လို့ပါလား။

အားလုံး အိပ်ကုန်ကြပြီလား မသိ။ အချိန်စောကြီးရှိသေးတာ ... အိပ်မှာတော့မဟုတ်သေး။ အိမ်ဖြူရှင် သိပ်စဉ်းစားမနေဘဲ အပြင်ဘက်သို့ လစ်ထွက်လာခဲ့သည်။ အိမ်ဖြူရှင့်ကို အခန်းထဲမှာ စိတ်ကောက်ပြီးနေမှာပဲဆိုတဲ့အသိနဲ့ သိပ်ပြီးစိတ်ဝင်တစားစောင့်ကြည့်နေမှာမဟုတ်ဘူးလေ။

တော်ပါသေးရဲ့ ... ။

သူမ ချောချောမောမော ခြံကြီးထဲ ဆင်းလာခဲ့နိုင်လို့။ ခြံပြင်ကိုတော့ ထွက်လို့ရပါ့မလား ... ။ ခြံစောင့်ကြီးက အခုလောက်ဆို သော့တွဲကြီးကိုင်ပြီး ထိုင်စောင့်နေမှာ။ သူမ သွားတာနဲ့ ပြဿနာဖြစ်မှာ။

အိမ်ဖြူရှင်တစ်ယောက် မိုးသောင်ယံ စောင့်နေမည့်သူမတို့ခြံအဆုံး မှောင်ရိပ်ကျသော ခြံကြီးရဲ့ထောင့်စွန်းကို လျှောက်လာခဲ့သည်။

မြင့်မားတဲ့ အုတ်တံတိုင်းကြီးကြောင့် သူနဲ့တွေ့ဖို့အခက်တွေ့နေရပြန်သည်။ သို့သော် အသံခပ်အုပ်အုပ်ကလေးဖြင့်

ခေါ်ကြည့်မိ၏။

"မိုးသောင်ယံ ... မိုးသောင်ယံရေ ..."

"ရှင် ဘယ်မှာလဲဟင် ..."

"ဟိတ် ..."

"အို ..."

"အမေ့ ..."

ရုတ်တရက် ...

အမှောင်ရိပ်ကလေးထဲ လိုက်ရှာနေမိတဲ့ အိမ်ခြေရှင် တစ်ယောက် သူမရဲ့လက်ကလေးတစ်ဘက်ကို လှမ်းဆွဲခံလိုက်ရ သဖြင့် ကိုယ်လေးယိုင်နဲ့သွားစဉ် သနမာဖျတ်လတ်သော လက် ကလေးတစ်ဘက်က ခါးကျဉ်းကျဉ်းကလေးဆီသို့ ရောက်လာကာ ပွေ့ထိန်းလိုက်သဖြင့် ပြိုလဲကျမသွားခြင်းဖြစ်သည်။

အလန့်တကြားလေး မော့ကြည့်လိုက်သောအခါ သူမကို ပွေ့ထိန်းထားသူသည် သူမ သိပ်ချစ်ပါသည်ဟု ဝန်ခံထား သော မိုးသောင်ယံဆိုတဲ့ ကိုလူချောကလေးပဲ ဖြစ်ပါ၏။ သူမကိုယ် လေးက သူ့ရင်ခွင်ကြီးထဲ ရောက်ရှိနေခဲ့သည်။ သူက ခြံထဲခိုးပြီး ဝင်လာတာကို။ ကြည့်စမ်း ... အတင့်ရဲလိုက်ပါဘိ။

ခါးကလေးကနေ ... ပွေ့သိမ်းဖက်တွယ်ထားခြင်း ကြောင့် အိမ်ခြေရှင်တစ်ယောက် ရင်ကလေးကော့ ခေါင်းကလေး မော့ကာ သူ့ရင်ဘတ်ကြီးနှင့် တသားတည်း ထိကပ်လို့နေရသည်။ ရှက်လန့်အံ့သြစွာ သူ့ကို မော့ကြည့်လိုက်မိ၏။





နွေးထွေးရှိန်းမြသော အတွေ့အထိဆန်းလေးကြောင့် လည်း ရင်ခုန်သံတွေ ထိန်းချုပ်မရအောင် မြန်ဆန်နေပြီး အသက်ရှူ သံကလေးပင် တခဏ် မှားယွင်းသွားရသည်။ အချစ်ရည်တို့ဖြင့် ရွှန်း လက်ဖြာနေသော မျက်ဝန်းတစ်စုံအောက်တွင် ရုန်းထွက်နိုင်တဲ့ အင်အားတွေကင်းမဲ့ကာ မှင်တက်သွားရ၏။

"ချစ်ရယ် ... မောင့်ရဲ့ ရင်ထိုးလေးရယ် ... မောင် ချစ်လိုက် တာကွာ ..."

"အို ..."

အကြင်နာတို့ဖြင့် ပြည့်သိပ်နေသော ချစ်အနမ်းပွင့် ကလေးတွေက သူမရဲ့ မျက်နှာပြင်လေးပေါ်သို့ တစ်ပွင့်ပြီးတစ်ပွင့် မရပ်မနားဘဲ တရစပ်ကြွေကျလာသည်။

"ရင်ထိုးလေးကို မောင် အရမ်းချစ်တယ် ..."

ပီသစွာ ကြားလိုက်ရတဲ့ စကားသံလေးကြောင့် အလန့်တကြား ရင်ခွင်ထဲကနေ ရုန်းထွက်ဖို့အလုပ်မှာတော့ ပါးနပ် လွန်းတဲ့သူက လွတ်ထွက်သွားမှာစိုးသည့်အလား ခပ်တင်းတင်းပွေ့ ဖက်ထားရင်း လှိုက်ဖြာသော အသံကလေးနှင့်ပင် သူမကို ခပ်တိုး တိုး ပြောပါသည်။

"မောင့်ကို ဝင်တိုက်ခဲ့ပြီး ချစ်သက်လက်ဆောင် ရင်ထိုးလေး တစ်ခု ထားခဲ့တဲ့ချစ်ကို မောင် အမြဲတမ်း သတိတရ ရှိနေခဲ့ တာပါ ..."

ဟင် ... ရင်ထိုးလေးတစ်ခုတဲ့။

ဟုတ်ပါပြီ။ အိန္ဒြေရှင် သတိရပြီ။

အဲဒီနေ့ကအပြန် သူမရင်ဘတ်မှာ ချိတ်ထားတဲ့ ရင်ထိုးလေး ကျပျောက်သွားတာ သတိထားမိပေမဲ့ အဲဒါလေးက တိုက်တိုက်ဆိုင်ဆိုင် သူ့ဆီ ပါသွားလိမ့်မည်မထင်။ အံ့သြစရာပဲနော် ... ထူးဆန်းလိုက်တဲ့အဖြစ်ကလေးပါပဲ။

"အဲဒီအချိန်ကတည်းက မောင် အရမ်းစွဲလမ်းသွားခဲ့ရတယ် ရင်ထိုးလေးရယ် ... ချစ်ကို မောင်က ရင်ထိုးလေးလို့ တိတ်တဆိတ် နာမည်လေး ပေးထားခဲ့တာလေ ... ချစ်ရယ် ... မောင် သိပ်ချစ်တယ် သိလား ... တစ်ဘဝစာလုံးအတွက် ရည်စူးပြီးတော့ကိုချစ်တာ ယုံပါကွာ ... ဒါကြောင့် မောင့်လေ မိုးကောင်းကင်ကြီးဆီမှာ အကြိမ်ကြိမ်အခါခါ တိုင်တည်ပြီး သစ္စာဆိုခဲ့တယ် ... ကျွန်တော့်ရဲ့ ချစ်ခြင်းမေတ္တာမှန်ရင် ရင်ထိုးလေးနဲ့ နောက်တစ်ခါ ပြန်ဆုံတွေ့ခွင့်ရပါစေလို့လေ ..."

"အို ... မောင်ရယ် ..."

"အခုတော့ ... မောင့်ရဲ့ ဆုတောင်းတွေ ပြည့်ခဲ့ရပြီပေါ့ ရင်ထိုးလေးရယ် ..."

"ရှင်ရယ် ..."

မွှတ်သိပ်တဲ့ မောင့်အနမ်းလေးတွေက သူမကိုယ်လေးပေါ်သို့ ကြမ်းတမ်းစွာ ပြန်ကျရောက်လာပြန်သည်။ အေးစက်စက် နှုတ်ခမ်းလေးနှစ်လွှာက နွေးမြကာသွားရ၏။ မောင့်ခါးလေး





ဆီသို့ ချစ်မြတ်နိုးလှစွာ သူမ ပြန်လည်ဖက်တွယ်ထားလိုက်မိသည်။ သိပ်ချစ်တဲ့ မောင့်ရင်ခွင်လေးထဲကနေ အိန္ဒြေရှင်လည်း မထွက်ခွာချင်တော့ဘူးလေ။

မောင်ရယ်လေ ...

မချစ်ဘူးတဲ့ အချစ်ရူးတစ်ယောက်လို ထိန်းမနိုင်သိမ်းမရစွာ အရူးအမူး ချစ်နေတဲ့ပုံစံကလေးကို သနားလည်း သနားမိ ... ရင်လည်းမောမိပါရဲ့။

"မောင် ..."

"ဟင် ..."

"လွှတ်ဦးကွယ် ..."

"ဟင့်အင်း ..."

"မောင့်ကို မေးစရာရှိလို့ ..."

"မေးလေ ... ဒီအတိုင်းမေးလည်း ရတာပဲဟာ ... ဘာလို့ လွှတ်ခိုင်းရတာလဲ ..."

အသည်းပိုနေတဲ့ မောင့်ကို သူမ မျက်စောင်းလေး ထိုးလိုက်မိသည်။

"မောင် ..."

"ဟင် ..."

"ရင်ထိုးလေးကို သိပ်ချစ်လားဟင် ..."

"အဟွန်း ..."

"ဖြေလေ ..."

"ဖြေစရာမှမလိုတာ … မောင့်ရင်ထဲ ဝင်ကြည့်လေ ရင်ထိုး
လေးရဲ့ … "
"မောင်နော် … အကောင်းမေးတဲ့ဟာကို … "
"အကောင်းပဲ ဖြေတာပါကွာ … မြင်မြင်ချင်း မနေနိုင်
လောက်အောင်ကို ချစ်သွားမိတာပါ … လုံးဝဟာန်မဆောင်
နိုင်ဘူး … "
"ဒါဆို … နောက်တစ်ယောက်ကို မောင် ထပ်မချစ်ရတော့
ဘူးနော် … "
"အင်းပါကွာ … စိတ်ချစမ်းပါ … မောင်က ရင်ထိုးလေးတစ်
ယောက်တည်းကိုပဲ ချစ်တဲ့ဟာ … ဘယ်သူတွေကို ထပ်ချစ်
ရဦးမလဲ … မောင့်အသည်းလေးက ဒီတစ်ယောက်တည်း
ပေါ် အမြဲတမ်း တည်ရှိနေမှာပါ … "
"တကယ်နော် … "
"မယုံဘူးလား … "
"မယုံတာတော့ မဟုတ်ပါဘူး … စိုးရိမ်လို့ပါ … "
"ဟာ … ဒါဆို အဲဒီစိုးရိမ်မှုလေးတွေ ပျောက်သွားအောင်
မောင်က ဖယ်ရှားပေးရမှာပေါ့ … လာခဲ့ … "
"အို … မောင်နော် … "
"လွှတ် … "
"ဖယ်တော့ကွယ် … "
"အို … "





မှုန့်ရွှဲရွှဲ ရှန်းကန်မှုလေးတွေကို အလျှော့မပေးစွာ
…တင်းတင်း ပွေ့ဖက်လာ၏။ အတင့်ရဲလွန်းတဲ့ မောင့် နှုတ်ခမ်း
…းတွေက အိန္ဒြေရှင့်မျက်နှာကလေးဆီသို့ ငုံ့မိုးကျလာချိန်မှာ
…တော့ ရှက်လန့်တကြားကလေး ရှောင်ရှားဖို့ ကြိုးစားလိုက်ပါ၏။
…သော် … သူမ နောက်အကျကြီး ကျသွားရလေပြီ။

နူးညံ့ညင်သာစွာ … တိုးဝှေ့လာသော လေနုအေး
…လေးနှင့်အတူ ချစ်အနမ်းနွေးနွေးလေးတွေက သူမရဲ့နှုတ်ခမ်း
…းလေးဆီသို့ အငမ်းမရ ကျရောက်လာခဲ့သည်။ နုအိထွေးနေ
…သော သူမကိုယ်လေးတစ်လျှောက် အစုန်အဆန် လှုပ်ရှားလျက်ရှိ
…သော မောင့်ရဲ့ချော့မြှူပွတ်သပ်မှုကလေးတွေကြား ရင်ကလေး
…မ … သက်ပြင်းကလေးတချချနှင့် အိန္ဒြေရှင် ရှိနေခဲ့ရပါသည်။

ရင်ခုန်သံကလေးနဲ့အတူ သင်းပျံ့သော မောင့်ကိုယ်
…င်းနံ့လေးကိုပါ ရှူရှိုက်နေမိသည်။ မောင့်အချစ်တွေကြား တဖြည်း
…ည်း သူမ ပျော်မွေ့သွားရ၏။

"မောင်ရယ် … "

အိန္ဒြေရှင် မောင့်ကို သိပ်ချစ်တယ်ကွယ် … အချစ်
…ယ်တယ်လို့ အထင်မသေးလိုက်ပါနဲ့ မောင်ရယ်။ အိန္ဒြေအတွက်
…ချိန်သိပ်မရှိလို့ပါနော်။

## အခန်း(၆)

ညက အပြင်ခိုးထွက်သည့်ကိစ္စကို မိုးသောင်ယံ… တစ်တိုက်လုံး ဘယ်သူမှ မရိပ်မိခဲ့ပါ။ မိုးသောင်ယံ အိမ်ပြန်ရော… တော့ ညနှစ်နာရီခွဲနေပြီ။ တိတ်ဆိတ်ကာ အိပ်မောကျလျက်ရှိ… ခြံစောင့်ကြီးရဲ့တံခါးကို အသာကလေး ခွကျော်ကာ ခြံကြီးထဲ … အေးဆေးဆေး ပြန်ဝင်လာခဲ့သည်။

ပြီးမှ …

ဝရန်တာပေါ် တွယ်တက်လိုက်၏။ ဝရန်တာထဲ… တဲ့တံခါးပေါက်ဘုသီးကလေးကို ညင်သာစွာဖွင့်ပြီး တိုက်ကြီးထဲ… ပြန်ဝင်လာနိုင်ခဲ့သည်။ မိုးသောင်ယံရင်ထဲ အပျော်ကလေးတွေ… ပြည့်နှက်လို့နေ၏။ မထင်မှတ်ဘဲ ရင်ထိုးလေးနဲ့သူ ချစ်သူတွေ… ရောက်ခဲ့ရတယ်လေ။ သူ့အခန်းလေးထဲ ပြန်ဝင်လာပြီး အိပ်… ကလေးထက် အသာလှဲချလိုက်ကာ ရင်ခုန်စရာအကြောင်း…

…ပြန်တွေးနေမိပြီး နှုတ်ခမ်းလေးတွေ ပြုံးသွားရသည်။

ရင်ထိုးလေးရယ် …

အရမ်းချစ်တယ်ကွာ။

အာရုံထဲမှာ ချစ်သူလေးရဲ့ ပုံရိပ်လေးတွေက ထင် …လာပြန်၏။ ပန်းလေးတစ်ပွင့်လို အပြစ်ကင်းစင်အောင် လှရက် …လွန်းတဲ့ ချစ်သူလေးကို တစ်သက်တာလုံးအတွက် ပိုင်ဆိုင်လို …တွေ ဖြစ်ပေါ်နေရသည်။

ထူးဆန်းလိုက်တာ …

မိုးသောင်ယံမှာ ချစ်သူကလေး ရသွားပြီလေ။

ဒက်ဒီရဲ့ ဒေါသတကြီး ချမှတ်တဲ့အမိန့်တစ်ခုဟာ …ချုပ်ထားတဲ့ သူ့ရဲ့စိတ်တွေကို အဆုံးစွန်ထိ လွတ်ထွက်သွား …တာ အံ့ဩစရာပါပဲ။

ဒါတွေအားလုံးဟာ …

အချစ်က မွေးဖွားပေးလိုက်တဲ့ ခွန်အားနဲ့ သတ္တိတွေ …။

ကြည့်စမ်း … ။

အတားအဆီး အထိန်းအချုပ်တွေ ပြည့်သိပ်နေတဲ့ …ထဲ ရှင်သန်ကြီးထွားခဲ့ရတဲ့ လူနှစ်ယောက် အနီးကပ်ဆုံးတွေ …ချစ်သူတွေ ဖြစ်ခဲ့ရသည်။ ဘယ်လောက်ထူးဆန်းအံ့ဩဖို့ကောင်း …သလဲ … ။

ရင်ခုန်စရာ ဒီညလေးကိုတော့ … မိုးသောင်ယံတစ်

ယောက် မေ့ဖျော့ကာ အိပ်စက်ပစ်လိုက်ရမှာပင် နှမြောတသ မိသည်။ တွေးမိတိုင်း ကြည်စင်နေတဲ့အလှဘုရင်မကလေးဆီ ပြေ သွားလိုက်ချင်စိတ်က တားဆီးမရ။

ရင်ထိုးလေးရယ် ...

မောင့်ချစ်သည်းကလေးရယ်။

မောင် ...

အရမ်းသတိရတာပဲကွာ။

ရင်ထဲကနေ ခပ်တိုးတိုးလေး ရေရွတ်နေမိသည် ရင်ထိုးလေးအကြောင်း တွေးနေရင်းမှ သူ မေးခနဲ အိပ်ပျော်သွာ ချိန်တွင်တော့ ...

"ဒေါက် ... ဒေါက် ... "

"ဒေါက် ... "

အပြင်က တံခါးခေါက်သံ ဆူညံညံကြောင့် ခေ ကလေးထောင်မတ်သွားရ၏။ နံရံကပ်နာရီဆီ လှမ်းကြည့်လေ နံနက်ကိုးနာရီပင် ထိုးနေပြီဖြစ်သည်။

ဟာ ...

သူ မိုးလင်းခါနီးမှ အိပ်ပျော်သွားတာပဲ။

ကြည့်စမ်း ...

ကိုးနာရီဆိုတဲ့အချိန်က နည်းမှမနည်းတာ။

"ဒေါက် ... ဒေါက် ... "

"နိုး ... နိုးပြီ ... "





"အစ်ကိုလေး မိုးသောင်ယံ ... နိုးရင် အောက်ထပ်ကို ဆင်းခဲ့ ပါလို့ အန်ကယ်ကြီးက မှာလိုက်ပါတယ် ... "

ဟင် ...

အန်ကယ်ကြီးက မှာတာတဲ့။ ဒီနေ့ ဒက်ဒီ ကုမ္ပဏီ ကို မသွားပါလား။

ဟိုနေ့က ဦးသီဟတို့ကို လှည့်ပတ်ပြီး ထွက်သွား တာမို့ ဒက်ဒီက စိတ်ဆိုးပြီး အပြင်ထွက်လည်ခွင့်ကို တစ်ပတ်တိတိ ပိတ်ထားသည်။ သင်တန်းကိုလည်း သွားစရာမလိုတော့ဘူးတဲ့။ အလေလိုက်ချင်စိတ်ရှိတာ ဒက်ဒီ မကြိုက်တာမို့ ဟိုနေ့ကလို နိုး ထွက်ခြင်းမျိုး ခွင့်လွှတ်ဖို့ လုံးဝမကြိုးစားပါချေ။

အခုတော့ ...

သူ့ကို နိုးရင် အောက်ကိုဆင်းလာဖို့ မှာလိုက်သည် တဲ့ ... ။

အပြစ်လုပ်ထားမိသူရဲ့ သဘာဝအတိုင်း သူ့စိတ်တွေ အနည်းငယ် ထင့်သွားမိသည်။ ဒက်ဒီ ဘာတွေ ခေါ်ပြောမလို့ပါ လိမ့်။ စိုးရိမ်စိတ်ကလေးနဲ့အတူ ရေချိုးခန်းထဲ သွက်လက်စွာဝင်ပြီး သန့်ရှင်းရေး ခပ်မြန်မြန်လုပ်ကာ အဝတ်အစားလဲပြီး အခန်းထဲက ထွက်လိုက်သည်။

လှေကားထစ်မှအဆင်း ...

"ဟား ... ဟား ... "

"ဟင်း ... ဟင်း ... ကိုမိုးမြင့်ကတော့ တွေ့တာနဲ့ နောက်

တော့တာပဲ ... ”

“ဟုတ်ပါရဲ့ရှင် ... ထား ရှက်သွားပြီ ... ”

“ဟား ဟား ... မထားက စ,နောက်ချင်စရာ ဖြစ်နေတာကို

ဗျ ... ”

စကားသံတွေရော ရယ်မောသံကလေးတွေပါ လှိုင်းခနဲ အပေါ်ထပ်ဆီသို့ တက်လာခဲ့သည်။

ဒါ ...

ညှော်ခန်းဆီက လာတာပဲ။

အိမ်ကို ညှော်သည်တွေ ရောက်နေတယ်ထင်တယ်။

မနက်စောစောစီးစီး ဘယ်ကများ ညှော်သည်လာလည်ရပါလိမ့်။ စိတ်ရှုပ်ထွေးစွာဖြင့် အောက်ထပ်သို့ ခပ်ဖြည်းဖြည်းပဲ ဆင်းခဲ့လိုက်သည်။ ညှော်ခန်းဆီ သူ သွားမိသည်။

“ဟော ... သား နိုးလာပြီလား ... လာ လာ ... ဒီမှာ ညှော်သည်တွေ ရောက်နေလို့ ... မိတ်ဆက်ပေးမလို့ ခေါ်ခိုင်းလိုက်တာ ... ”

မိုးသောင်ယံကို မြင်လိုက်တာနဲ့ မာမီက လှိုက်လှိုက်လှဲလှဲ ပြုံးရယ်ကာ ကြိုဆိုလိုက်ပေမဲ့ ဒက်ဒီ ဦးမိုးမြင့် မျက်နှာထားကတော့ မကြည်မလင်နှင့် အကြည့်လွှဲ၏။ ဆိုဖာလွတ်တစ်ခုတွင် ခေါင်းလေးငုံ့ပြီး သူ ဝင်ထိုင်လိုက်တာနှင့် ...

“ထားရေ ... ဒါ ပုလဲရဲ့ တစ်ဦးတည်းသောသားကလေး မိုးသောင်ယံလေ ... ”





မာမီ့ရဲ့ ... ချိုလွင်နေတဲ့ မိတ်ဆက်ပေးသံကလေး ...က်လာ၏။

“ပုလဲရဲ့သားက လူချောပဲ ... ”

“အပွန် ... ”

စိတ်ထဲက မပါလှသော်လည်း ညှော်သည်အမျိုးသမီး ...ကြီးကို အားနာလှစွာ သူ နှုတ်ခမ်းလေး ကွေးညွတ်ကာ ရယ်ပြ...ိုက်မိပါသည်။

“လှိုင်းသန္တာ ... ”

“ရှင် ... အန်တီပုလဲ ... ”

“ဒါက အန်တီပုလဲရဲ့သား မိုးသောင်ယံတဲ့ ... မှတ်ထားဦးနော် ... ရှက်ပြီး ခေါင်းချည်းစွတ်ငုံ့မနေနဲ့ဦးလေ ... ဒီမှာနေမဲ့သူက အားလုံးကို သိအောင်လေ့လာရမယ် ... ”

ဟာ ... ။

မာမီ ဘာပြောလိုက်တာပါလိမ့်။

ဒေါ်ထားဆိုတဲ့ အမျိုးသမီးကြီးဘေးမှာ ခပ်ရှိ့ရှိ့...လေး ထိုင်နေတဲ့ကောင်မလေးက ဒီမှာနေမှာတဲ့။ ရှုပ်ရှုပ်ယှက်...က် ဘာတွေစီစဉ်ကြပြန်ပြီလဲ။ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စပေမဲ့ ... သား...လေးရှိတဲ့အိမ်မှာ ရွယ်တူမိန်းကလေးတစ်ယောက် လက်ခံ...ားတာ မသင့်တော်ဟု သူ စိတ်ထဲတွေးနေမိသည်။

“သား ... ”

“ဗျာ မာမီ ... ”

"ဒါက လှိုင်းသန္တာတဲ့ ... "

"ဟုတ် ... "

"သူက ဒီမှာနေပြီး ဆေးတက္ကသိုလ်တက်မှာလေ ... လှိုင်း
သန္တာက မာမီ့သူငယ်ချင်း ထားရဲ့သမီးပဲ ... ဒီမနက်မှ ပုသိမ်
ကနေ လာတာလေ ... "

ဩော် ...

ဆရာဝန်လောင်းမကြီးပေါ့။

ကြည့်ရတာတော့ ...

အရမ်းကို အရုက်အကြောက်ကြီးတဲ့ပုံပါပဲ။ ဖတ်ပုံ
စားပုံကလည်း ရိုးရိုးလေး။ ရုပ်ရည်သေးကတော့ မဆိုးပါဘူး။ ကြည့်
ကောင်းတဲ့ရုပ်ရည်လေးပါပဲ။ သို့သော် ... ရင်ထိုးလေးနဲ့ ယှဉ်လိုက်
ရင်တော့ တကယ့် ဆီနဲ့ရေပဲ။ ရင်ထိုးလေးရဲ့မျက်နှာလေးက အပြစ်
ကင်းစင်ပြီး ကလေးငယ်လေးတစ်ယောက်လို ချစ်ဖို့ကောင်းသည်။

"ဟဲ့ သား ... သားငယ် ... "

"ဗျာ ... မာ ... မာမီ ... "

"အမလေး ... လှိုင်းသန္တာကို မျက်လုံးပြူးတွေနဲ့ ... ငေး
ကြောင်ကြည့်ပြီး သတိလစ်သွားတယ်တော့ ... ထားရေ
မင်းတော့ ကြိုတင်ပြင်ဆင်ရတော့မယ်ထင်တယ် ... "

"အို ... "

"ဟာဗျာ ... "

"ဘယ်တတ်နိုင်မလဲကွယ် ... ဖြစ်သွားတော့လည်း ကောင်း





တာပေါ့ ... ထား သဘောတူတယ် ပုလဲရေ ... ဖိတ်ချင်းဖိတ်
ကိုယ့်အိတ်ထဲ ဖိတ်ပါစေပေါ့ကွာ ... မဟုတ်ဘူးလား ကိုမိုး
မြင့်ရယ် ... "

"အို ... မေမေကလည်း ... "

ဦးမိုးမြင့်ကတော့ ခပ်ပြုံးပြုံးပဲနေ၏။

မာမီ့စကားကို သံယောင်လိုက်ကာ ရယ်သလိုလို
မောသလိုလို ဒက်ဒီ့ကိုပါ အဖော်လှမ်းဆွယ်လိုက်သဖြင့် မိုးသောင်
ယံ လန့်သွားရသည်။ ပေါ်တင်ကြီးကိုပြောနေကြတော့တာပဲ။ လှိုင်း
သန္တာဆိုတဲ့ ကောင်မလေးရဲ့ မျက်နှာမှာ ... ရှက်သွေးတွေနဲ့ ရဲ
ပလောင်းခတ်ကာ ဘယ်ကိုမှ မကြည့်ရဲကော့ဘဲ သူမရဲ့မိခင်ဆီ
အသံတိုးတိုးဖြင့် လှမ်းတားဆီးလေ၏။

စကားနောက် တရားပါမှာစိုးတဲ့ မိုးသောင်ယံ ...
အကွက်တွေ့တုန်း တစ်ခါတည်း အပြတ်တားဆီးဖို့ စဉ်းစားလိုက်
သည်။

"ပုလဲကတော့ ... လှိုင်းသန္တာကို တကယ့်သမီးအရင်းလေး
တစ်ယောက်လို ချစ်မှာနော် ... မယုံမရှိနဲ့ ထား ... "

"မာမီ ... "

"... ... ... "

သူ့ခေါ်သံကြောင့် လှမ်းကြည့်တော့။

"တော်ပါတော့ဗျာ ... ဟိုမှာ အရမ်းရှက်နေပြီ ... လျှောက်
မစ,ပါနဲ့တော့ ... "

"အို ... သားကလည်း ... မာမီတို့ စ,နောက်နေတာမှ မဟုတ်တာ ... တကယ်ပြောနေတာ သားရဲ့ ... ဟင်း ဟင်း ... လှိုင်းသန္တာနဲ့ သားကို ကျောင်းပြီးရင် နေရာချထားပေးဖို့ အစောကြီးကတည်းက တိုင်ပင်ထားပြီးသားလေ"

"ဗျာ ... "

"ရှင် ... "

မာမီ့စကားကြောင့် မိုးသောင်ယံရော လှိုင်းသန္တာပါ မျက်လုံးလေးတွေ ပြူးပြီး အံ့သြသွားရပြီ။

"ကဲပါကွာ ... မင်းတို့ကလည်း အေးအေးဆေးဆေးကိစ္စကို အခုတည်းက လောချင်မနေကြနဲ့တော့ ... လှိုင်းသန္တာနဲ့ ထားတို့သားအမိ ခရီးပန်းလာတယ် ... အနားယူကြပါစေဦး ... "

အရိပ်အကဲခတ် အလွန်တော်တဲ့ဒက်ဒီက သူ့မျက်နှာ အရိပ်အကဲ ပြောင်းလဲသွားတာကို တွေ့လိုက်တာနှင့် စကားဝိုင်းကို ချက်ချင်းသိမ်းပစ်လိုက်၏။

"ဟုတ်သားပဲကွယ် ... ပုလဲလည်း တစ်ချိန်လုံး မျှော်နေရတာဆိုတော့ တွေ့လည်းတွေ့ရရော တအားအပျော်လွန်ပြီး မေ့သွားတယ် ... ထားတို့သားအမိ အနားယူကြတော့နော်၊ နေ့လယ် ထမင်းစာချိန်မှ ပြန်တွေ့ကြစို့ ... "

"ကောင်းတယ် ပုလဲ ... ထားတို့လည်း ခရီးပန်းလာတော့ ရေချိုးပြီး အနားယူလိုက်ဦးမယ် ... "





"အန်တီ ... လှိုင်း သွားလိုက်ပါဦးမယ် ... "

"အေးကွယ် ... အေး အေး ... "

သားအမိနှစ်ယောက် အပေါ်ထပ်တက်အသွားကို ရောရောင်ပြီး မာမီက လိုက်သွား၏။ ဧည့်ခန်းထဲတွင် ဒက်ဒီနှင့် မိုးသောင်ယံနှစ်ယောက်တည်းသာ ကျန်ခဲ့သည်။

မိုးသောင်ယံ ...,

စိတ်တွေ တုန်လှုပ်ကာချောက်ချားနေရသည်။

အံ့သြမှု၊ မယုံကြည်နိုင်မှုတွေက သူ့အာရုံတစ်ခုလုံး ဝါးမျိုထားသည်။ သွေးပျက်နေတဲ့ သူ့မျက်ဝန်းတွေက ဒက်ဒီဆီသို့ အကြည့်လေးတွေ ရောက်သွား၏။

"မင်း ... ဒီနေ့ကစပြီး ဒက်ဒီ့လုပ်ငန်းအကြောင်း လေ့လာပါ ကျောင်းကတော့ ထုံးစံအတိုင်း ဆက်တက်ပေါ့ ... ကျန်တဲ့ သင်တန်းတွေအားလုံး ဖြုတ်လိုက်တော့ မိုးသောင်ယံ ... ဟိုနေ့ကလို အဓိပ္ပာယ်မရှိတဲ့လုပ်ရပ်တွေကို ထပ်မလုပ်ဖို့ ဆင်ခြင်ပါ ... ငါ ဒါပဲမှာချင်တယ် ... အဲဒီကိစ္စ မင်းမာမီ မသိဘူး ... သူသိရင် အရမ်းစိတ်ဆင်းရဲသွားမှာ ... နှလုံးရောဂါသမားအကြောင်း မင်း အသိဆုံးပဲနော် ... "

အခဲမကျေသေးတဲ့ ဒက်ဒီက အားလုံးကွယ်ရာတွင် ကျိတ်ဆုံးမခြင်းဖြစ်သည်။ မာမီက အခုတလော ကျန်းမာရေးသိပ် မကောင်းဘူးလေ။

မိုးသောင်ယံ ... ဒက်ဒီ့စကားတွေထက် စောစော

ကအကြောင်းအရာကို ပိုပြီးစိတ်ဝင်စားနေမိသည်။ လှိုင်းသန္တာနဲ့ သူ့ကို စိစဉ်ထားပြီးသားဆိုတဲ့ကိစ္စလေ။

ဒါဟာ တကယ်ပဲလား။ တကယ်ပဲ စီစဉ်ထားတာလား။

ဟင့်အင်း။ ဒီကိစ္စ ဘယ်လိုမှမဖြစ်နိုင်ဘူး။

လက်မခံနိုင်ဘူး။ ဒါ ... ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စတစ်ခုပဲ။ ရင်ထိုးလေးသာသိရင် အရမ်းခံစားရမှာပဲ။ ဒီကိစ္စ သွေးအေးနေလို့မဖြစ်ဘူး။

မိုးသောင်ယံ ရင်ထဲမှာ သိပ်ချစ်ရတဲ့ ရင်ထိုးလေးက နေရာအပြည့်ယူထားပြီးပြီလေ။ တခြားသူဆိုတာ နိုဝင်လို့မရတော့လောက်အောင်ပဲ ရင်ထိုးလေးက ရှိနေတာ။ ဒီကိစ္စ အတည်ဖြစ်လို့မရဘူး။ အတည်မဟုတ်ပါစေနဲ့ ... ။

ရင်ထဲမှာ ကျိတ်ဆုတောင်းကာ နေမိသည်။

"ဒက်ဒီ ... "

"ဘာလဲ ... "

"လှိုင်းသန္တာနဲ့ကိစ္စက တကယ်လားဟင် ... "

"ဘာဖြစ်လို့မေးတာလဲ ... "

"သိချင်လို့ပါ ဒက်ဒီ ... "

"ဟုတ်တယ် ... "

"ဗျာ ... "

"ဘာဖြစ်တာလဲကွ ... အလန့်တကြားနဲ့ ... "





"ဒါ ... ဒါဆို ဟာ ... ဟာဗျာ ရက်စက်လိုက်တာ ... "

"ဘာ ... "

"ကျွန်တော့်ဆန္ဒကို မမေးဘဲ ... အခုလိုလုပ်တာတော့ ... မကောင်းပါဘူးဗျာ ... "

"ဘာကွ ... "

"ကျွန်တော် သူ့ကိုမချစ်ဘူး ဒက်ဒီ ... "

"မင်း ... မင်း ... "

"ကျွန်တော် လွတ်လွတ်လပ်လပ်ပဲ နေချင်သေးတာ ... "

"မင်းကို ဘယ်သူက အခု အိမ်ထောင်ပြုခိုင်းနေလို့လဲကွ"

"မာမိက အရှုံးအမူးဖြစ်နေတယ် ဒက်ဒီ ... "

"ဟေ့ကောင် မိုးသောင်ယံ ... "

"ဗျာ ... "

"မိဘစီစဉ်တာကွ ... မင်းဘဝ ကောင်းစေချင်လို့ လုပ်တာချည်းပဲ ... ဘာမှဆက်မပြောနဲ့ ဟေ့ကောင် ... တာဝန်ကျေတဲ့ မိဘနှစ်ပါးရဲ့ကျေးဇူးကြောင့် အခုလိုဘဝမျိုးမှာ မင်းနေရတာ ... ဒီစကားတွေ ဒီမှာပဲရပ်တော့ မိုးသောင်ယံ၊ ညှိသည်တွေရှေ့မှာ ပြဿနာမဖြစ်ချင်ဘူး ... မင်း မိဘရဲ့စေတနာမေတ္တာတွေကို မသိတတ်ရင်နေပါစေ ... မစော်ကားမိပါစေနဲ့ ... ငါတို့က မိဘဝတ္တရားကျေတယ်ကွ ... "

ပြောပြီးတာနဲ့ ဒက်ဒီက သူ့ကိုလှည့်မကြည့်တော့ဘဲ ...က,ထကာ ကျောခိုင်းထွက်ခွာတော့သည်။

ဒက်ဒီ့စကားသံတွေက အာရုံမှာ အထပ်ထပ်ရိုက်
ခတ်နေ၏။

ဒက်ဒီပြောတာ အမှန်တရားတွေပဲလေ။ ဒါတွေအား
လုံး နားလည်ခံစားလိုက်ရချိန်မှာတော့ နှလုံးသားလေးတစ်ခုလုံး
ဖျစ်ညှစ်ဆုပ်ကိုင်ခံလိုက်ရသလို နာကျင်သွားရကာ ခေါင်းကလေး
စိုက်ကျသွားရသည်။





## အခန်း (၇)

ရင်တွေခုန်လိုက်တာ ...

မောင့်ရဲ့ ချစ်မြတ်နိုးမှုလေးတွေကြောင့် စဉ်းစားမိ
ိုင်း ရင်ခုန်လိုက်ရတာ မပြောပါနဲ့တော့။ ကြည့်ပါဦး ... အပျိုဖြန်း
လေးရဲ့ မှန်ထဲကမြင်နေရတဲ့ မျက်နှာပြင်ကလေးက ရှက်သွေး
လေးတွေနဲ့ ပန်းနုရောင်လေးသန်းလို့။ ဖူးယောင်ယောင်နှုတ်ခမ်း
လေးနှစ်လွှာဆီ ညင်သာသွဲ့ပြောင်းတဲ့လက်ညှိုးကလေး ထိတွေ့
ားစဉ်မှာတော့ ရင်ထဲ အေးခနဲစိမ့်ကာ အလန့်တကြားလေးပင်
သွားရသည်။

အနမ်းတံဆိပ်လေးတွေ နေရာမလပ်အောင် ခပ်နှိပ်
ားတဲ့ မောင့်အကြောင်း ပြန်သတိရကာ ရှက်ပြုံးကလေး ပြုံးမိသွား
၏။

ထိုညက ...

မောင်ရယ်လေ ... အချစ်ကြမ်းကြီးတွေနဲ့ တစ်သက်မမေ့အောင် ချစ်ပြသွားတာများ သူမပင် မျက်လုံးကလေးပြူးကာ သက်ပြင်းမောလေး အခါခါချရတာ မရေမတွက်နိုင်လောက်အောင်ပါပဲ။ တော်တော်လေး ညဥ့်နက်မှ မောင် ပြန်သွားသည်။ အိမ်ကို ချောချောမောမောမှ ရောက်ပါလေစ ... ။ အိန္ဒြေရှင် စိတ်ပူနေတုန်း မောင့်ဖုန်းသံလေး ဝင်လာ၏။ အဲဒီတော့မှပဲ အိန္ဒြေရှင် စိတ်အေးနိုင်တော့သည်။

မောင့်ကိုလည်း ...

သတိရလိုက်တာ မပြောပါနဲ့တော့။

"သမီးရေ အိန္ဒြေ ... ပြင်ဆင်လို့ပြီးပြီလား ... "

ဗုဒ္ဓေါ ... ။

မာမီတောင် လာခေါ်နေပြီပဲ။ ဒီနေ့ ... ဒက်ဒီက မိသားစုလိုက် ညစာအပြင်မှာစားကြမည်တဲ့။ သူ့ရဲ့လုပ်ငန်းရှင်တစ်ယောက်ကို ဖိတ်ခေါ်ပြီး ကျွေးမွေးတဲ့စားပိုင်းကလေးလေ။ ထူးခြားတာက မာမီရော အိန္ဒြေရှင်ပါ လိုက်ပါရမယ်ဆိုပြီး ခေါ်နေခြင်းပဲဖြစ်၏။

"ဒေါက် ... ဒေါက် ... အိန္ဒြေရှင် ... "

"ခဏလေး မာမီရေ... ခဏလေး ... သမီး အလှပြင်နေလို့"

"သြော် ... အေး အေး ... ပြင်ဆင်လို့ပြီးရင် အောက်ဆင်းခဲ့တော့နော် ... "

"ဟုတ်ကဲ့ မာမီ ... "





ပါးစပ်ကလည်း ပြန်ဖြေရင်း လက်ကလည်း သွက်စွာ မျက်နှာပြင်လေးကို ပြင်ဆင်နေလိုက်သည်။ နာရီဝက်က် အချိန်ယူပြင်ဆင်ခြယ်သလိုက်တော့ အိန္ဒြေရှင့်အလှက ကိုယ်တိုင်ပင် အံ့သြသွားရလောက်အောင် ဖြစ်သွားရသည်။

ညကျရင် မောင်များ လာလေဦးမလား။

ညစာစားပွဲသွားမှာဆိုတော့ အချိန်က နောက်ကျသည်။

ဘာပဲဖြစ်ဖြစ် ...

မောင်က ညပိုင်းရောက်မှ နိုးထွက်နိုင်မှာပါလေ။ င့်ရဲ့ အစောင့်အကြပ်တွေကလည်း အများသားရယ်။ ဘာပဲဖြစ်ချစ်သူဆီကိုတော့ ဖုန်းကလေးခိုးဆက်ရမည်။ မောင့်အသံလေး ကြားချင်မိ၏။

မထင်မှတ်စွာ မောင်နဲ့သူမတို့ ရည်းစားဘဝ ပြောင်းသွားခဲ့သည်။

သူများတွေလို လွတ်လပ်မှုမရှိဘဲ ခိုးကြောင်ခိုးဝှက်နဲ့စားကာ ချစ်နေရတာလေးကိုက တစ်မျိုးလေးစိတ်လှုပ်ရှားပါ။ မောင့်အကြောင်းကလေးတွေးရင်း သူမ အောက်ထပ်သို့ ဆင်းခဲ့သည်။

"ဟယ် ... လှလိုက်တာ၊ မာမီ့သမီးလေးက သိပ်လှတာပဲ ကွယ် ... "

"အဟင်း ... "

"ကဲ ... အားလုံးပြီးရင် သွားကြစို့ ..."

ဒက်ဒီက သူမထံ စူးခနဲ တစ်ချက်စေ့စေ့ကြည့်က ရှေ့ကနေ ဦးဆောင်ပြီး ထွက်သွား၏။ မာမီက နှုတ်ခမ်းကလေး ကာ မျက်ခုံးကလေးပင့်ပြီး ဒက်ဒီရဲ့ နောက်ကျောပြင်ကလေး မျက်စောင်းကလေးလှမ်းထိုး၏။ အိန္ဒြေရှင် ရယ်၍သာ နေလိုက် မာမို့လက်မောင်းကလေးကို တွဲချိတ်ကာ ထွက်ခဲ့တော့သည်။

ဒက်ဒီက ကားရှေ့ခန်းမှာထိုင်ပြီး အိန္ဒြေရှင်နှင့် မာ က ကားနောက်ခန်းတွင် အသီးသီးဝင်ထိုင်လိုက်ပြီးချိန်မှာတော့ ဒရိုင်ဘာကြီးဦးဖံ မောင်းသော ကားလေးက ခြံကြီးထဲကနေ ခနဲ မောင်းထွက်သွားတော့သည်။

ကားလေးက တရိပ်ရိပ် ပြေးနေ၏။

အိန္ဒြေရှင် အတွေးကလေးတွေကလည်း ... ချစ် မောင့်ထံသို့ တလွှားလွှား ပြေးသွားနေသည်။ နှလုံးသားထဲက ခြင်းတွေပဲ သူမစိတ်တွေက ရှိနေ၏။ သူမ ဘယ်သွားသွား၊ ဘာလု လုပ် မောင့်ရဲ့အရိပ်ပုံတွေသာ တဝဲဝဲလည်ပြီး ကြီးစိုးခံနေရသည်

မောင်ရယ် ...

ရှင့်ကြောင့် အိန္ဒြေရှင် ရူးတော့မယ် သိလား။

မောင့်ကို ဘယ်လိုမှ မေ့ဖျောက်လို့မရ ဖြစ်နေ ကွယ်။

"ဟဲ့ သမီးလေး ... ဆင်းတော့လေ ... ရောက်နေပြီ"

"အို ... ဟုတ် ... ဟုတ်ကဲ့ မာမီ ..."



မောင့်အကြောင်းကလေးနှင့် အတွေးလွန်နေမိ ည့်အဖြစ်ကို မလုံမလဲ ထိန်းချုပ်ရင်း ကားပေါ်ကဆင်းရ၏။ တော် းတာက သူမရဲ့အဖြစ်ကို ဘယ်သူကမှ ရိပ်မိခြင်းမရှိပါ။ ဒက်ဒီ မာမီပါ ဟိုတယ်ခန်းမကြီးထဲသို့ ရှေ့ကနေ ဦးဆောင်ဝင်သွား ပြီ။ သူမ အနောက်ဘက်ဆီမှ အသာကလေးကပ်လိုက်သွား၏။

ညစာစားပွဲဝိုင်းတွင် သူမတို့မိသားစု သုံးယောက် ထိုင်နေလိုက်သည်။

"ကိုထွဋ် ... ဧည့်သည်ကို ဘယ်အချိန် ချိန်ထားသလဲ"

"ခြောက်နာရီခွဲ ..."

"ဟင် ... နာရီဝက်ကြီးတောင် စောင့်ရဦးမယ် ..."

"ဒါကတော့ကွာ ... ကိုယ်ကစပြီး ဖိတ်ကြားထားတာဆိုတော့ ကိုယ်တို့ အရင်ရောက်နေသင့်တယ်လေ ..."

"မောင်နိုင်သိန်းက အရမ်းအလုပ်များတဲ့သူ ... ဒီကို လာနိုင်ပါ့မလား ..."

"ကိုယ် သေသေချာချာ ချိန်းထားတာပါကွာ ... သူ လာမယ်လို့ ကတိပေးထားတာပဲဟာ ... ရောက်လာပါလိမ့်မယ် ..."

"အဟွန်း ... ဒီတစ်ခါတော့ ရှင် အရမ်းတော်တယ် ကိုထွဋ်"

"ဘာကိုလဲ ရည်မွန် ..."

"နိုင်သိန်းကို အခုလို စည်းရုံးနိုင်လို့လေ ..."

"ဟွန်း ဟွန်း ... ထွဋ်ခေါင်ပါကွ ... ကိုယ်ဖြစ်ချင်တာကို

လင်းလက်အိမ်စာပေ

မရမက လုပ်ယူတတ်တာ မင်းအသိပဲဟာ ... "

"သိပ့်ါတော် ... သိပ့်ါ၊ ကိုယ်တွေ့ပဲဟာကို ... မယုံကြည်
ဖြစ်မလား ... "

ဒေါ်နန်းရည်မွန်တစ်ယောက် မိဘတွေ သဘော
မတူတဲ့ကြားကနေ သူမကို သတ္တိရှိရှိ၊ ဖွဲကောင်းစွာ အရယူခဲ့
သာဓကကလေးကို ပြန်သတိရပြီး ငေါ့တူးတူးကလေး ပြန်ဖြေလို
ပါ၏။

ဒါကို ...

ခင်ပွန်းဖြစ်သူကလည်း နားလည်သဘောပေါက်
ပြီးနေလေသည်။

သမီးပျိုကလေးရှေ့မှာမို့ စကားတွေကို ရှေ့မဆ
ဖြစ်ဘဲ ပြန်လည်ကာ ငြိမ်သက်လိုက်ရသည်။ စီးပွားရေးလုပ်ငန်း
အကြောင်းပဲ ဆွေးနွေးနေမိကြ၏။

အိန္ဒြေရှင်တစ်ယောက်ကတော့ ... စိတ်အညစ်
ညစ်နေရသည်။

ဒက်ဒီနဲ့မာမီက စကားတွေတွတ်ထိုးနေသလော
ပျှင်းရိပြီးငွေ့စွာ တစ်ယောက်တည်း ငေါင်စင်းစင်းကလေး ထိုင်
ရ၏။ ဒက်ဒီ ဖိတ်ထားတဲ့ဧည့်သည်ကလည်း ခုထိ မလာသေး
ဗိုက်ကလည်း ဒီနေ့မှ စောစောစီးစီး ဆာနေသည်။ အဆင်သင့်
တင်မှာထားပြီးသားဖြစ်ပေမဲ့ ဒက်ဒီက မချခိုင်းသေးချေ။ အလ
နေ ရေတွေပဲ လိုမ့်သောက်ပြီးနေရ၏။





နာရီလက်တံတွေ တရွေ့ရွေ့ လည်ပတ်ကုန်သည်။
ညခွန်နစ်နာရီလောက်ကျမှ လာနိုင်မည်ဆိုတဲ့ ဖုန်းသံတစ်ခု ဒက်ဒီ့ဆီ
ဝင်လာ၏။ ဒါကို ရယ်ရယ်မောမောနဲ့ စောင့်ပေးရမှာပေါ့ဟု ဒက်ဒီ
က ပြန်ဖြေခဲ့သည်။

ထူးဆန်းလိုက်တာ ...

ဘယ်လောက်ကြီးမြတ်တဲ့လူမို့ အခုလောက်ထိ ...
သဘောတွေ ဇွတ်ကောင်းပြီး စိတ်ရှည်လက်ရှည် ရှိရပါလိမ့်နော်။

ကြည့်ရတာ ...

ဒီတစ်ခါ လာမည့်ဧည့်သည်လူကြီးသည် ... ဒက်ဒီ့
အတွက် အရမ်းကို အရေးပါလွန်းတဲ့သူတစ်ယောက်သာ ဖြစ်လိမ့်
မည်။ အချိန်မလေးစားလျှင် မကြိုက်တတ်တဲ့ ဒက်ဒီတစ်ယောက်
စိတ်ရှည်စွာ စောင့်ဖို့ဆုံးဖြတ်နေ၏။

အိန္ဒြေရှင့်ဗိုက်တွေ တဗွီဗွီမြည်အောင်ဆာလာသည်။

ဒက်ဒီနဲ့ မာမီကတော့ အလုပ်အကြောင်းလေး ဆွေး
နွေးနေတော့ အခုလို အချိန်စောင့်မျှော်ရတာ သိပ်ပြီးမသိသာလှ
ဘူးပေ့ါ။ အိန္ဒြေရှင်တစ်ယောက် လူကြီးတွေကြား ကန့်လန့်ကန့်
လန့် ပါနေရသည်မို့ အိမ်ကို ပြန်ချင်လိုက်တာလည်း မပြောပါနဲ့
တော့။ ဒက်ဒီသာခွင့်ပြုရင် အိန္ဒြေရှင် ဝမ်းသာအားရ ထပြန်မိမှာ။
အခုတော့ ... ဒက်ဒီက သူမဘက်လှည့်၍ပင် ထည့်စဉ်းစားပေးမည့်
ပုံမရှိပါချေ။

"ဟော ... မောင်နိုင်သိန်း လာပြီ ... "

မရေကေ လုပ်ယူတတ်တာ မင်းအသိပဲဟာ ... ”
“သိပ်ပါတော် ... သိပ်။ ကိုယ်တွေ့ပဲဟာကို ... မယုံကြည်
ဖြစ်မလား ... ”
ဒေါ်နန်းရည်မွန်တစ်ယောက် မိဘတွေ သ
မတူတဲ့ကြားကနေ သူမကို သတ္တိရှိရှိ၊ ဖွဲ့ကောင်းစွာ အရယူခဲ့
သာဧကကလေးကို ပြန်သတိရပြီး ငေါ့တူးတူးကလေး ပြန်ဖြေလို
ပါ၏။
ဒါကို ...
ခင်ပွန်းဖြစ်သူကလည်း နားလည်သဘောပေါက်
ပြီးနေလေသည်။
သမီးပျိုကလေးရှေ့မှာမို့ စကားတွေကို ရှေ့မ
ဖြစ်ဘဲ ပြန်လည်ကာ ငြိမ်သက်လိုက်ရသည်။ စီးပွားရေးလုပ်ငန်း
အကြောင်းပဲ ဆွေးနွေးနေမိကြ၏။
အိမ်ဖြူရှင်တစ်ယောက်ကတော့ ... စိတ်အညစ်
ညစ်နေရသည်။
ဒက်ဒီနဲ့မာမီက စကားတွေတွတ်ထိုးနေသလော
ပျင်းရိငြီးငွေ့စွာ တစ်ယောက်တည်း ငေါင်စင်းစင်းကလေး ထိုင်
ရ၏။ ဒက်ဒီ ဖိတ်ထားတဲ့ဧည့်သည်ကလည်း ခုထိ မလာသေး
ဗိုက်ကလည်း ဒီနေ့မှ စောစောစီးစီး ဆာနေသည်။ အဆင်သင့်
တင်မှာထားပြီးသားဖြစ်ပေမဲ့ ဒက်ဒီက မချခိုင်းသေးချေ။ အလ
နေ ရေတွေပဲ လိုမ့်သောက်ပြီးနေရ၏။





နာရီလက်တံတွေ တရွေ့ရွေ့ လည်ပတ်ကုန်သည်။ ညခွန်နစ်နာရီလောက်ကျမှ လာနိုင်မည်ဆိုတဲ့ ဖုန်းသံတစ်ခု ဒက်ဒီ့ဆီဝင်လာ၏။ ဒါကို ရယ်ရယ်မောမောနဲ့ စောင့်ပေးရမှာပေါ့ဟု ဒက်ဒီက ပြန်ဖြေခဲ့သည်။

ထူးဆန်းလိုက်တာ ...

ဘယ်လောက်ကြီးမြတ်တဲ့လူမို့ အခုလောက်ထိ ... သဘောတွေ စွတ်ကောင်းပြီး စိတ်ရှည်လက်ရှည် ရှိရပါလိမ့်နော်။

ကြည့်ရတာ ...

ဒီတစ်ခါ လာမည့်ဧည့်သည်လူကြီးသည် ... ဒက်ဒီ့အတွက် အရမ်းကို အရေးပါလွန်းတဲ့သူတစ်ယောက်သာ ဖြစ်လိမ့်မည်။ အချိန်မလေးစားလျှင် မကြိုက်တတ်တဲ့ ဒက်ဒီတစ်ယောက် စိတ်ရှည်စွာ စောင့်ဖို့ဆုံးဖြတ်နေ၏။

အိမ်ဖြူရှင့်ဗိုက်တွေ တဂွီဂွီမြည်အောင်ဆာလာသည်။

ဒက်ဒီနဲ့ မာမီကတော့ အလုပ်အကြောင်းလေး ဆွေးနွေးနေတော့ အခုလို အချိန်စောင့်မျှော်ရတာ သိပ်ပြီးမသိသာလှဘူးပေါ့။ အိမ်ဖြူရှင်တစ်ယောက် လူကြီးတွေကြား ကန့်လန့်ကန့်လန့် ပါနေရသည်မို့ အိမ်ကို ပြန်ချင်လိုက်တာလည်း မပြောပါနဲ့တော့။ ဒက်ဒီသာခွင့်ပြုရင် အိမ်ဖြူရှင် ဝမ်းသာအားရ ထပြန်မိမှာ။ အခုတော့ ... ဒက်ဒီက သူမဘက်လှည့်၍ပင် ထည့်စဉ်းစားပေးမည့်ပုံမရှိပါချေ။

“ဟော ... မောင်နိုင်သိခ် လာပြီ ... ”

ဟင် ... ။

ဒက်ဒီ့နှုတ်ဖျားဆီက နာမည်လေးတစ်ခုနှင့်အတူ ဟိုတယ်ကြီးရဲ့ဝင်ပေါက်ဆီသို့ အကြည့်ကလေးရောက်သွားစဉ် ... အိန္ဒြေရှင်ပါ လှည့်ကြည့်လိုက်မိသည်။ စိတ်ထဲက ဘာရယ်လို့မဟုတ်ပေမဲ့ ဒါက ဒက်ဒီ အရမ်းကိုမျှော်လင့်စောင့်စားနေတဲ့ လူလေ။

တည်ငြိမ်ရင့်ကျက်သောအသွင်ဖြင့် ... ခပ်မှန်မှန် လျှောက်လာနေသော အသက်သုံးဆယ်ကျော်ဝန်းကျင်ရှိ လူတစ်ယောက် အိန္ဒြေရှင်တို့ရဲ့ မိသားစုစားပွဲဝိုင်းလေးဆီသို့ ရောက်လာသည်။

"ဆောရီး အန်ကယ် ... ကျွန်တော် အလုပ်ကလေးမပြတ်လို့ နောက်ကျသွားတယ် ..."

"ရပါတယ် ... အခုလို ဖိတ်ကြားခြင်းကို အရေးတယူလာပေးတာပဲ ကျေနပ်လှပါပြီ ..."

"တော်တော်စောင့်လိုက်ရမှာပဲနော် ... အားနာစရာကောင်းလိုက်တာ ..."

မျက်ဝန်းအကြည့်စူးစူးလေးတစ်ခုက သူမဆီ ဆတ်ခနဲရောက်လာပြီး ချက်ချင်းပင် ပြန်ရွေ့ကာ ဒက်ဒီ့ကို တရိုတသေ လက်ဆွဲနှုတ်ဆက်ရင်း အားနာဟန်ကလေးနှင့် တောင်းပန်လေ၏။

"ရပါတယ်ကွာ ... မင်း အရမ်းအလုပ်များတာ သိတာပဲဟာ၊ အားမနာပါနဲ့ ..."

ဘာပဲပြောပြော အခုလို တောင်းပန်စကားလေးနဲ့ အားတုံ့အားနာရှိနေရပြီး ရင်းနှီးဖော်ရွေစွာဆက်ဆံမှုကလေးကြောင့် ဘောစောက စောင့်မျှော်ရမှုတွေအတွက် ဒက်ဒီက ကျေနပ်သွားဟန်ရှိပါသည်။

"ထိုင်လေ မောင်နိုင်သိမ်ိ ..."

"ဟုတ်ကဲ့ ..."

သူက သူမနံဘေးခုံတွင် ဝင်ထိုင်၏။

"ဒါက အန်ကယ့်ဇနီး နန်းရည်မွန်တဲ့ ..."

"ဟုတ်ကဲ့ ... ကျွန်တော့်နာမည် နိုင်သိမ်ပါ ..."

"အန်တီက မောင်နိုင်သိမ်နာမည်ကို မင်းအန်ကယ် ပြောပြောလွန်းလို့ ရင်းနှီးနေတာ ကြာပါပြီ ... လူကိုတော့ အခုမှပဲ မြင်ဖူးတော့တယ် ... ထင်တောင်မထင်ဘူးကွယ် ... အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ယောက် ဖြစ်နေတာ အံ့သြစရာပဲ ..."

"အဟွန်း ... အဲဒီလောက်လည်း မဟုတ်သေးပါဘူး ခင်ဗျာ၊ အန်ကယ်က အရမ်းကို အမြှောက်လွန်သွားပြီ ..."

"မလွန်ပါဘူးကွာ ... လိုတောင်လိုနေပါသေးတယ် ..."

"အဟွန်း ..."

"မောင်နိုင်သိမ် ... ဒါက အန်ကယ့်ရဲ့ တစ်ဦးတည်းသော သမီးလေး အိန္ဒြေရှင် ..."

"ဩော် ..."

ရီဝေကာ စိုလက်နေသော သူ့မျက်ဝန်းတွေ ဒက်ဒီ

ရဲ့ မိတ်ဆက်ပေးမှုကြောင့် အိန္ဒြေရှင့်ဆီသို့ ရောက်လာပါသည်။ အိန္ဒြေရှင် ရင်ထဲက မပါလှသော်လည်း ဒက်ဒီရဲ့စီးပွားရေးမိတ်ဖက် တစ်ယောက်မို့ မကောင်းတတ်စွာ ဟန်ဆောင်အပြုံးကလေးနှင့် ပြန်ပြီး အသိအမှတ်ပြုနှုတ်ဆက်လိုက်ပါ၏။

နိုင်သိန်းတစ်ယောက် ...

သူ့နံဘေးတွင် ထိုင်နေပြီး နှင်းဆီဖူးနှုတ်ခမ်းလေး နှစ်လွှာ လှုပ်ရှံသာပြုံးပြီး အသိအမှတ်ပြုလာတဲ့ အိန္ဒြေရှင်ဆိုတဲ့ မိန်းကလေးကို သေချာကြည့်မိသွားရသည်။

ငယ်နုကာ ဖူးရွနေသော မျက်နှာလှလှလေးဆီမှ မခွာရက်နိုင်လောက်အောင် သူမကလေးရဲ့ အလှကွန်ယက်တွင် မေ့မြောသွားရ၏။ ဖြူနုဝင်းစိုသော အသားအရေလေးနှင့်အတူ အစက်အပြောက် ဘာတစ်ခုမှ စွန်းထင်းနေခြင်းမရှိသော မျက်နှာ ရှင်းရှင်းလေးက သူ့ရင်ခုန်သံတွေကို ထိတ်ခနဲ မြန်ဆန်သွားစေသည်။

ချစ်စရာကောင်းလိုက်တဲ့ မျက်နှာလေး။

ခပ်ပြေပြေ ခြယ်သထားမှုလေးကြောင့် ဆေးမ ဘဲ စက်စက်ယိုလောက်အောင် လှသော သူမရဲ့မျက်နှာလေးက အခုတော့ ပို၍ပင် အထင်ကရရှိစွာ အလှကြီးလှနေလေသည်။

အို ...

အိန္ဒြေရှင် ရှက်သွေးဖြန်းသွားရ၏။

ဘယ်လိုကြီးပါလိမ့် ... ။





သူမကို ငေးစိုက်ပြီး ကြည့်နေတာများ အားမနာ လျှာမကျိုး ပေါ်ပေါ်တင်တင်ကြီးပါလား။ ဒက်ဒီနဲ့ မာမီ့ရှေ့တွင် အခုလို အကြည့်ရူးရူးကြီးတွေနဲ့ စိုက်ကြည့်လာတဲ့ နိုင်သိန်းဆိုတဲ့လူရဲ့အကြည့်အောက်တွင် အိန္ဒြေရှင် မနေတတ်လောက်အောင် ဖြစ်သွားရသည်။

စိတ်ထဲကပဲ မနှစ်မြို့နိုင်လောက်အောင် ဖြစ်သွားရ၏။ မျက်စောင်းလှလှလေး ဒိုင်းခနဲထိုးလိုက်၏။

"ကဲ ... စားသောက်ပွဲတွေ ချတော့ကွာ ..."

ဒက်ဒီအမိန့်ပေးသံအဆုံးတွင် အသင့်ပြင်ဆင်ကာ မှာထားသော စားသောက်ပွဲဟင်းလျာများကို စီရရီ ချပေးလေသည်။

ဒက်ဒီနှင့်သာ စီးပွားရေးအကြောင်း ဆွေးနွေးနေပေမဲ့ သူ့မျက်ဝန်းအကြည့်လေးတွေက မကြာခဏဆိုသလို အိန္ဒြေရှင့်ဘက် ရောက်လာတတ်သည်။ ဦးနိုင်သိန်းရဲ့ မျက်ဝန်းအကြည့်တွေကို အိန္ဒြေရှင် သတိထားမိ၏။

သို့သော် ...

သိပ်အရေးမထားဘဲ စားသောက်စရာတွေသာ ငုံ့ပြီး စားနေလိုက်သည်။ သူ့ကိုစောင့်ရလို့ အချိန်တွေ ဒီလောက်ကြာသည့်အထိ ထမင်းမစားရသေးတာလေ။ ဗိုက်က တအားဆာနေပြီပေါ့။

ပြီးတော့ ...

သူတို့ ဆွေးနွေးနေကြတဲ့ စီးပွားရေးလုပ်ငန်းတွေ

အကြောင်း အိန္ဒြေရှင် ဘာတစ်ခုမှ နားမလည်ဘူးလေ။ စိတ်လည်း မဝင်စားဘူး။ ထမင်းစားဝိုင်းလေးမှာ သီးသန့်တစ်ယောက်တည်း ဖြစ်နေတဲ့သူမ ဗိုက်ပြည့်အောင်စားတာ အကောင်းဆုံးပဲ။

အစားတွေတစ်ခုပြီးတစ်ခုထည့်စားပြီး လည်ချောင်း ဝတွင် နင့်သည်းလာသဖြင့် ရေသောက်ဖို့ သူမ ဇွန်းခရင်းလေးကို အသာချသည်။

ထိုစဉ် ...

"ရော့ ... အိန္ဒြေရှင် ..."

"ဟင် ..."

ရေဖန်ခွက်ကလေး ကမ်းပေးလာသော ဦးနိုင်သိမ်ကိုကြည့်ပြီး အိန္ဒြေရှင် အံ့သြသွားရသည်။ ကြောင်ငေးပြီး ရေခွက်ကလေးကို လှမ်းမယူမိ ...။

"ရေသောက်ဖို့မဟုတ်လား ..."

"ရှင် ..."

"ရော့လေ ..."

အသင့်ငုံ့ပေးလာသဖြင့် အားနာစွာ လှမ်းယူလိုက်သည်။

"ကျေးဇူး ..."

"ရပါတယ် အိန္ဒြေရှင် ... ကိုယ့်ကို စောင့်ရလို့ ဗိုက်အရမ်းဆာသွားတယ်ထင်တယ် ... ခေါင်းကို မဖော်နိုင်တော့ဘူး"

"အို ..."





"ရေသောက်လိုက်ပါဦး ... လည်ချောင်းရှင်းသွားအောင် အရင်သောက်လိုက် ..."

ကလေးတစ်ယောက်လို ဂရုတစိုက်နဲ့ တယုတယ ဆက်ဆံမှုကို ဒက်ဒီနဲ့ မာမီတို့က အပြုံးလေးတွေနဲ့ ကျေနပ်ပီတိဖြစ်နေသလောက် အိန္ဒြေရှင့်ရင်ထဲမှာတော့ ထိုအပြုအမူကို လက်မခံနိုင်လောက်အောင် ဖြစ်နေမိသည်။

သို့သော် ...

မာမီ ဒက်ဒီတို့ရှေ့မှာမို့ သူမ အသာလေးငြိမ်သက်ကာ သူ့သဘောအတိုင်း လုပ်လိုက်ရသည်။ ဒါကို ကျေနပ်သွားဟန်ရှိ၏။ ဦးနိုင်သိမ် မျက်နှာကြီးက ပြုံးလို့နေသည်။

ထိုညက ...

စကားတွေအကြာကြီးပြောနေသဖြင့် ဆယ်နာရီခွဲလောက် သူမတို့ လမ်းခွဲဖြစ်ကာ အိမ်သို့ပြန်လာခဲ့ကြသည်။ ဘာကြောင့်မှန်းမသိ အိန္ဒြေရှင့်စိတ်တွေ လေးလံထိုင်းမှိုင်းနေရ၏။ ပင်ပန်းနွမ်းနယ်စွာ နုံးခွေခွေကြီး ဖြစ်နေခဲ့သည်။

## အခန်း (၈)

"ပွမ် ... ပွမ် ..."

ဟော ... ကားဟွန်းသံလေးတစ်ခု။

ဒါဟာ ...

သူမှာထားတဲ့ တက္ကစီကားလာပြီဆိုတဲ့ အချက်ပေးသံပဲ။

လက်ကနာရီကို လှမ်းကြည့်တော့ ညဆယ့်နှစ်နာရီရှိနေပြီ။ မှောင်မိုက်သော သစ်ပင်ရိပ်အကွယ်လေးထဲမှ မိုးသောင်ယံ ထွက်လိုက်၏။ ကားလမ်းမကြီးပေါ် ထွက်လိုက်တော့ ကားလေးက သူ့အနီးတွင် ရပ်လာသဖြင့် ကားပေါ်တက်လိုက်သည်။

"ဒီနေ့ နည်းနည်းနောက်ကျသွားတယ် ညီလေးရာ ..."

"ရပါတယ် အစ်ကို ..."

ကားဆရာက တောင်းပန်နေ၏။ သူလည်း အခုမှ





က်လာနိုင်တာလေ။ သိပ်တော့ မထူးပါဘူး။ သူ့ စိတ်ပူမိတာက ခြေရှင် ဒီအချိန်လောက်ဆို အိပ်များပျော်နေမလားဆိုတာပဲ။ ဘာ ဖြစ်ဖြစ် အခုလို ရအောင်နိုးထွက်လာပြီးမှတော့ စိတ်လျှော့ပြီး မဝင်ချင်ပါဘူး။ ရောက်အောင်တော့ သွားရမည်။ အိမ်မှာညှေ ည်တွေ ရောက်နေတာမို့ အရင်ကလောက် နေရတာမလွတ်လပ် ဘူပါ။

အိပ်ရာ စောစောဝင်တတ်တဲ့ မာမီနဲ့ဒက်ဒီက အခု ကော့ အန်တီထားနှင့် စကားတွေဖောင်ဖွဲ့ကာ စကားဝိုင်းကို တော် ဘ်နဲ့ လက်စမသတ်။ အရင်ကလို နိုးထွက်ဖို့မလွယ်။ ချစ်သူလေး ဖုန်းနဲ့ဆက်သွယ်တော့လည်း မရပြန်သဖြင့် မိုးသောင်ယံ စိတ် စ်နေရသည်။

သူ လာခဲ့မယ်ဆိုတဲ့အကြောင်း ပြောမလို့လေ။ ဒါဆို ဆိုးလေး စောင့်နေတော့ အဆင်ပြေတာပေါ့။

တဖြည်းဖြည်း ကားလေးက အိမ်ခြေရှင်တို့ ခြံကြီး ဘွင် ရပ်သွား၏။ မိုးသောင်ယံ ကားပေါ်က ဆင်းလိုက်သည်။

"ရော့ ... အစ်ကို ..."

ကျသင့်ငွေပေးပြီး ကားပေါ်ကဆင်းလိုက်၏။ ကား းက ပြန်မောင်းထွက်သွားတော့မှ သူ စတင်၍ လှုပ်ရှားလိုက် ည်။ သန်းခေါင်ယံအချိန်မို့ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ် ၏။ အိမ်ခြေရှင်လေးရဲ့ တိုက်ကြီးကို လှမ်းမျှော်ကြည့်တော့ မီးတွေ ိတ်လို့ အားလုံး အိပ်မောကျနေလောက်ရောပေါ့။

ခြံကြီးကတော့ နီယွန်မီးတွေနှင့် ထိန်ထိန်လင်းလျက်ရှိသည်။

သူ ...

ဝင်သွားလို့ဖြစ်ပါ့မလား။ စိုးရိမ်စိတ်တွေက တိုးဝင်လာပြန်၏။ ရင်ခုန်သံတွေက မြန်ဆန်လာသည်။

နောက်ပြန်လှည့်ချင်ပေမဲ့ ရင်ထိုးလေးနဲ့ တွေ့ချင်တဲ့စိတ်က မျှိုသိပ်ထိန်းချုပ်လို့မရ။ ဘယ်လိုလုပ်ရမလဲ ... ခြံကြီးထဲ နိုးဝင်ရမလား ... သေချာတာကတော့ ရင်ထိုးလေးနေတာ အပေါ်ထပ်က အခန်းတစ်ခုခုမှာပဲ ဖြစ်ရမည်။

မိုးသောင်ယံ စဉ်းစားနေမိသည်။

အသိစိတ်က မလုပ်သင့်ဘူးဟု တားဆီးနေပေမဲ့ ... မသိစိတ်ကလေးမှာတော့ အတ္တကြီးစွာ မိုက်ရူးရဲဆန်လိုစိတ်ကလေးတွေက တိုးဝင်နေသည်။

နောက်ဆုံးတော့ ...

နှလုံးသားရဲ့အလိုအတိုင်း လက်ခံလိုက်ရပြီ။

ချစ်သူလေးကို ရအောင်တွေ့မည်လို့လေ။ ဆုံးဖြတ်ချက်နဲ့အတူ ခြံထောင့်ကလေးဆီသို့ ပြေးကာ အုတ်တံတိုင်းကြီးပေါ် ကျော်ခွတက်လိုက်သည်။ ပြီးနောက် ... ခြံကြီးထဲ ခုန်ချလိုက်၏။ အမှောင်ထုကို အံတုဖြို့ခွင်းထားသော ညမီးရောင်အောက်ကိုရှောင်ကာ သစ်ရိပ်အကွယ်လေးမှတစ်ဆင့် တိုက်ကြီးဆီသို့ ချဉ်းကပ်လာခဲ့သည်။





ပြီးနောက် ...

ခက်ခက်ခဲခဲ တိုက်ကြီးကို ဖက်တွယ်ကာ အပေါ်ထပ်ဝရန်တာဆီသို့ ရောက်အောင်တက်ဖို့ ကြိုးစားလိုက်သည်။

ထိုအချိန်တွင် အိန္ဒြေရှင်တစ်ယောက်မှာလည်း နာရီလက်တံလေး တရွေ့ရွေ့လည်ပတ်နေတာကို ငေးကြည့်ပြီး ... အိပ်[illegible]က်မရစွာ ရှိနေရပါသည်။ ဒီနေ့ မောင်တစ်ယောက် အိန္ဒြေဆီ မလာပါ။ သိပ်ချစ်ရတဲ့ မောင့်ကို အိန္ဒြေရှင် အရမ်းသတိရနေမိပါသည်။

ညစာစားပွဲက နောက်ကျသည့်အပြင် အိပ်ရာစောစောမဝင်နိုင်ဘဲ ရှိနေသည့်အတွက် အလုပ်သမားတွေလည်း လှုပ်လှုပ်ရှားရှားနှင့် ရှိနေကြသည်။ အိန္ဒြေရှင် ပြန်ရောက်ရောက်ချင်း အဝတ်အစားလဲကာ ခြံထဲဆင်းကြည့်မိသေး၏။

ခြံထောင့်ကလေးဆီ ရောက်သွားသေးသည်။

မောင်တစ်ယောက်များ ရောက်နေမလားဆိုပြီးတော့ပေါ့။

အချိန်လေးတွေ တရွေ့ရွေ့ ကုန်ဆုံးလာသည်နှင့်အမျှ ချစ်ရသူ မောင်က ရောက်မလာခဲ့ပါချေ။ ညဦးလည်း နက်လှပြီ၍ သူမ တိုက်ကြီးထဲပြန်ဝင်လာခဲ့သည်။ အခန်းထဲမှာ တစ်ယောက်တည်း မောင့်အကြောင်းလေးတွေးပြီး လှပတဲ့အနာဂတ်လေးတစ်ခုကို ဖန်တီးကာ ကြိုတင်စိတ်ကူးကလေး ယဉ်နေမိသည်။

အိန္ဒြေရှင့်နှုတ်ခမ်းလေးတွေ ပြုံးမြသွားရ၏။

အခုချိန်ထိလည်း သူမ အိပ်ရာထက်၌ ဟိုဘက်လှိမ့်

လိုက် သည်ဘက်လှိမ့်လိုက် ရှိနေရသည်မို့ သူမ ငြီးငွေ့ကာ ထလိုက် မိသည်။ နံဘေးရှိ အခန်းတံခါးချပ်ကလေးဖွင့်ကာ အပြင်ဘက်ဝ တာအသေးလေးဆီသို့ ထွက်လိုက်၏။ အေးမြလတ်ဆတ်သော လေနုအေးလေးရဲ့ ဆီးကြိုမှုကြောင့် အိန္ဒြေရှင့်စိတ်တွေ လန်းဆ သွားရ၏။ မိုးကောင်းကင်ကြီးကို မော့ကြည့်မိတော့ ကြယ်ပွင့်လေး တွေအချို့ ခြယ်သကာ ဖိုးရွှေလမင်းအလင်းရောင်နဲ့ ပဏ္ဍာတင်နေ ၏။ သူမ ရှိနေသော ဝရန်တာလေးသည် အရှေ့ဘက်ဝရန်တာကြီး နှင့် တစ်ဆက်တည်း ရှိနေတာမို့ ဖြည်းညင်းစွာ ဝရန်တာကြီးဘက် သို့ လျှောက်လာခဲ့၏။

လူတွေအိပ်ချိန် ... လူခြေတိတ်ချိန်မို့ ပတ်ဝန်းကျင် တစ်ခုလုံး အပ်ကျသံပင် မကြားရလောက်အောင် ရှိနေရ၏။ ဒီအ ဆို မောင်တစ်ယောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေလောက် ပေါ့ ... ။

သူမမှာတော့ ...

အခုချိန်ထိ အိပ်စက်မရသေးပါ။

မိုးကောင်းကင်ကြီးကို မော့ကြည့်မိပြန်ပါသည်။

မောင့်ရဲ့ စကားလေးတချို့ကို အိန္ဒြေရှင် ပြန်အမှတ် ရမိ၏။ မောင်က သူ့ရဲ့အချစ် မှန်ကန်သစ္စာမြဲမှုကို မိုးကောင်းကင် ကြီးမှာ သစ္စာတိုင်တည်တာနဲ့ မိုးကောင်းကင်ကြီးက သူ့ဆန္ဒ တောင်းလေးကို ပြန်ဖြည့်ပေးသတဲ့လေ။

သိပ်စိတ်ကူးယဉ်တတ်တဲ့ မောင်ပဲ။





ကံကြမ္မာကြောင့် အခုလို ဆုံတွေ့ရတယ်ဆိုတာ ထက် မိုးကောင်းကင်ကြီးက ပြန်ရှာပေးတယ်လို့ပဲ မောင်က ယုံ ကြည်နေ၏။

အဟင်း ... ။

ဘာပဲဖြစ်ဖြစ် ... မောင်ပြောသလိုပဲ သူမတို့ ပြန်ဆုံ ပြီး ချစ်သူတွေဖြစ်ခဲ့ကြရတာတော့ အမှန်ပါပဲ။ မောင် ယုံကြည်သလို အိန္ဒြေရှင် ယုံကြည်ချင်ပါသည်။

"မိုးကောင်းကင်ကြီးရယ် ... အိန္ဒြေရှင်လေ မိုးသောင်ယံဆို တဲ့ မောင့်ကို တကယ်ချစ်တာပါ ... မောင်တစ်ယောက်သာ မပြောင်းလဲ မရိုးအီတဲ့ အချစ်ကလေးတွေနဲ့ ထာဝရအတွက် ရည်ရွယ်ပြီး ချစ်မြတ်နိုးခဲ့တာပါ ... ဒီသစ္စာတရားမှန်ကန် တယ်ဆိုရင် အိန္ဒြေရှင် မောင်နဲ့သာ ဘဝလက်တွဲဖော်အစစ် ဖြစ်ရပါစေ ... "

"ဒါပေါ့ ချစ်ရယ် ... ဖြစ်ကို ဖြစ်ရမှာပေါ့ ... "

"ဟင် ... မောင် ... "

"အရမ်းအံ့သြသွားလားဟင် ... မောင် ချစ်နဲ့တွေ့ချင်လွန်း လို့ အရဲစွန့်ပြီးလာခဲ့တာ ... "

"အို ... မောင်ရယ် ... "

ဝမ်းသာလွန်းစွာ မောင့်ရင်ခွင်လေးထဲသို့ ပြေးဝင် ကာ ဖက်တွယ်ထားလိုက်မိသည်။ သူမ မောင့်ကို အရမ်းသတိရနေ ဘာလေ။ မောင့်ကို တွေ့ချင်နေတာ။ အခုတော့ ... မထင်မှတ်ဘဲ

မောင်နဲ့ တွေ့ဆုံလိုက်ရတာမို့ တစ်ချိန်လုံး မျိုသိပ်ထိန်းချုပ်ထားရ သမျှအချစ်တွေ ကွာကျကာ မောင့်အချစ်တွေနှင့် တစ်သားတည်း ဖြစ်သွားရတော့သည်။ မောင်က သူမတို့ဝရန်တာပေါ်အထိ အတင် ရဲစွာ ရောက်လို့လာခဲ့ပြီလေ ... ။

"ချစ်ရယ် ... မောင့်ရဲ့ ရှင်ထိုးလေးရယ် ... "

"မောင် သိပ်ချစ်တယ် ... "

"မောင်ရယ် ... "

ချစ်မြတ်နိုးစွာ အနမ်းလေးတွေက နွေးထွေးလှိုက် လှဲကာ မောင့်ဆီက အတားအဆီးမဲ့ ပြူဆင်းလာခဲ့သည်။ နှစ်ဦးသား ခပ်တင်းတင်းလေး ပွေ့ဖက်ထားကြတာမို့ ခန္ဓာကိုယ်လေးနှစ်ခု ပူးကပ်နေ၏။ ချစ်ရတဲ့မောင်က အချစ်ကြမ်းကလေးတွေနှင့် သူမကို အိပ်မွေ့ချဖို့ ကြိုးစားနေသည်။

အိမ်ရှေ့ရှင် ကျေနပ်နှစ်သက်စွာ မောင့်အချစ်တွေ ကြား အလိုက်သင့်ကလေး စီးမျောနေလိုက်၏။ လေနုအေးလေး ကြောင့် စာစာက အေးစက်စက် ခန္ဓာကိုယ်လေးက အခုတော့ မောင့်ရင်ငွေ့ကြောင့် နွေးထွေးရပြီး ရင်ခုန်သံလေး တထိတ်ထိတ် နှင့်မြည်နေရသည်။

"မောင် ... "

"ဟင် ... "

ထူးသာထူးတာ မောင့်အနမ်းပွင့်လေးတွေက မရပ် သေး။





မျက်လုံးလေးတွေ မှေးစင်းကာ အချစ်ဆိပ်တက်နေ သော မောင့်ကိုကြည့်ပြီး ရင်ခုန်လှိုက်မောသံလေးနှင့် သူမ ခေါ်မိ သည်။

"ရှင်ထိုးလေးကို သိပ်ချစ်တာပဲလားဟင် ... "

"ချစ်တာပေါ့ ချစ်ရယ် ... ဘယ်လိုများ မေးလိုက်တာလဲ ကွာ ... မောင့်ရင်ကိုသာ ခွဲကြည့်ပါတော့ ရှင်ထိုးလေးရယ်"

"ဒါဆို ... ရှင်ထိုးလေးကလွဲပြီး တခြားဘယ်ကောင်မလေး ကိုမှ မောင် မချစ်ရဘူးနော် ... သူတို့အနားလည်း မကပ်ရ ဘူး ... ပတ်လည်း မပတ်သက်ရဘူး ... အဲဒါ ကတိပေး" ဟင် ... ။

မိုးသောင်ယံ အလန့်တကြား ဖြစ်သွားရသည်။ ခပ် တင်းတင်း ပွေ့ဖက်ထားတဲ့လက်ကလေး လျော့ကျသွားရ၏။ မှေး စင်းနေတဲ့ မျက်ဝန်းလေးတွေ ပြူးကျယ်ဝိုင်းစက်ကာ လက်ဖြာ သွားရသည်။

သူ့အာရုံထဲမှာ ဖျတ်ခနဲ သတိရမိသွားတာက မိဘ ချင်းသဘောတူထားတဲ့ လှိုင်းသန္တာဆိုတဲ့ မိန်းကလေးရဲ့ မျက်နှာ လေးပဲ။ ငြင်းဆန်မရစွာ သူမလေးတို့သားအမိနှင့်အတူ မိုးသောင်ယံ တို့မိသားစုကလေး ပြင်ကို ညစာထွက်စားဖူးသည်။ ရွှေတိဂုံဘုရား ကို ညပိုင်းအတူတူတက်ဖူးသည်။ ဒါတွေအားလုံး စိတ်ကမပါသော် လည်း လူကလိုက်ပါခဲ့၏။

"မောင် ... "

"ဟာင် ... "

"ဘာဖြစ်လို့ ငြိမ်သက်သွားရတာလဲဟာင် ... ရင်ထိုးလေး တောင်းဆိုတာ အရမ်းလွန်သွားလို့လား ... "

ရင်ခွင်ထဲကနေ ခေါင်းကလေးမော့ကြည့်ကာ ... စိုးရိမ်သံကလေးနှင့် မေးလာတဲ့သူမလေးကို သနားကြင်နာသွားရသည်။ ကိုယ့်ချစ်သူကို စိတ်မချလွန်းလို့ တောင်းဆိုတာ ရင်ထိုးလေး ရဲ့အလွန်မှုမဟုတ်တာ။ ချစ်သူရဲ့ စိုးရိမ်ပူပန်မှုလေး ပျောက်ဖျက်သွားအောင် ချက်ချင်း အဖြေမပေးနိုင်တဲ့ သူကသာ တရားလွန်ရာကျတာပါ။ နှလုံးရောဂါဝေဒနာရှိတဲ့ မာမီ့ကြောင့် လှိုင်းသန္တာအပေါ် မကောင်းတတ်၍ သူ ပတ်သက်ဆက်ဆံနေရသည်။

"မောင် ... "

"ပြောလေ ... "

"မောင့်စိတ်တွေ ရှုပ်ထွေးသွားရလားဟင် ... မောင် မပေးနိုင်ရင်လည်း အဲဒီကတိကို ရင်ထိုးလေး မတောင်းတော့ပါဘူးကွယ် ... အဲဒီအတွက်နဲ့တော့ မောင် စိတ်မကောင်းမဖြစ်ပါနဲ့ရှင် ... မောင့်ကို ရင်ထိုးလေး နားလည်မှုပေးနိုင်ပါတယ် ... "

"ရင်ထိုးလေးရယ် ... "

"ရင်ထိုးလေး ... မောင့်ကို သိပ်ချစ်တယ် မောင်ရယ် ... ပျော်ရွှင်ကြည်နူးနေတဲ့မောင့်မျက်နှာလေးကိုပဲ ရင်ထိုးလေးက အမြဲမြင်ချင်သူပါ ... "





"ချစ်ရယ် ... "

နှလုံးသားတစ်ခုလုံး ဖျစ်ညှစ်ခံလိုက်ရသလိုပင် မိုးသောင်ယံ ခံစားလိုက်ရပါသည်။ ချစ်သူရဲ့ ရင်ထဲက ခံစားနားလည်ပေးတဲ့ ချစ်ခြင်းမေတ္တာကလေးကိုလည်း ပို၍ပင် လေးစားမြတ်နိုးသွားရသည်။

"မောင့်ကို အခုလို နားလည်ပေးတာ ကျေးဇူးတင်ပါတယ် ချစ်ရယ် ... ချစ် တောင်းတဲ့ကတိကို အလွယ်တကူ မပေးနိုင်ခဲ့တာ ခွင့်လွှတ်ပါကွာ ... ဒါဟာ လူမှုရေးအရဆိုတဲ့ စည်းတစ်ခုကြောင့်သာ မောင် ငြင်းပယ်မိတာပါ ... တခြားဘာအကြောင်းနဲ့မှ ... လှည့်စားလိမ်ညာပြီး ရှောင်ပြေးချင်လို့ မဟုတ်ပါဘူး ... တကယ်တော့ ဒီကတိဟာ ချစ်မိသူတိုင်း တောင်းဆိုတတ်တဲ့ ကတိလေးပါပဲ ... ချစ်လည်း တောင်းဆိုသင့်ပါတယ် ... "

"မောင်ရယ် ... "

"မောင် ... ရင်ထိုးလေးကို သိပ်ချစ်ပါတယ် ... ရင်ထိုးလေး ကလွဲပြီး မောင် ဘယ်မိန်းကလေးကိုမှ နောက်ထပ်ချစ်လာမှာမဟုတ်ပါဘူး ... အဲဒါကို ရင်ထိုးလေး ယုံပါနော် ... မိုးကောင်းကင်ကြီးကို သက်သေထားပြီး မောင် ကျိန်ဆိုပြရဲပါတယ် ချစ်ရယ် ... "

မောင်ရယ် ရင်ထိုးလေး ယုံပါတယ်ရှင်။

ရင်ထိုးလေးကို သိပ်ချစ်လွန်းလို့သာ မောင် အခုလို

စွန့်စွန့်စားစား လာတွေ့တာလေ ... ။ အခက်အခဲတွေကြားကနေ ချစ်သူလေးဆီကို သတ္တိရှိရှိ လာဖုံတာလေးကို ကြည့်ကတည်းက ရင်ထိုးလေးအပေါ်မှာ မောင့်ရဲ့ခံစားရမှုဟာ ဘယ်လောက်ထိနက်ရှိုင်းတယ်ဆိုတာ ရင်ထိုးလေး နားလည်လိုက်ပါပြီကွယ်။

"ချစ်ရယ် ..."

"မောင်ရယ် ..."

"ရင်ထိုးလေး မောင့်ကို အရင်ကထက်တောင် ပိုချစ်သွားရပြီ မောင်ရယ် ..."

"ဪ ... အရင်က နည်းနည်းပဲချစ်တာပေါ့လေ ..."

"အို ..."

"ကြည့်စမ်း ... ခုမှပဲ သိရတော့တယ် ... မောင့်မှာတော့ အသက်နဲ့ထပ်တူ ချစ်လိုက်ရတာဗျာ ... နှိုင်းယှဉ်ပြစရာတောင် မရှိဘူး ..."

"ဟာ ... မဟုတ်ဘူး မောင်ရဲ့ ..."

"ဘာမဟုတ်ရမှာလဲ ... မောင် သိလိုက်ပါပြီကွာ ..."

"မောင် ..."

မိုးသောင်ယံ ရယ်ချင်စိတ်တွေကို မနည်းထိန်းချုပ်ထားရသည်။

ရင်ခွင်လေးထဲကနေ သူ့မျက်နှာချောချောကို ငေးကြည့်ပြီး ဘယ်လိုရှင်းပြရမှန်းမသိအောင် ဖြစ်နေတဲ့ ချစ်သူလေးရဲ့ ပုံစံလေးကိုကြည့်ပြီး ရယ်ချင်စိတ်တွေကို မျိုသိပ်ထားရ၏။ အပြင်





ဘက်မှာတော့ တည်တင်းတင်းမျက်နှာထားကလေးနှင့် မျက်မှောင်ကလေးကြုတ်ကာ စိတ်ဆိုးချင်ဟန်ဆောင်နေရသည်။

"မောင် ..."

" ... ... ..."

"မောင် ..."

"ရင်ထိုးလေး စကားပြောလွှသွားလို့ပါကွယ် ... မောင့်ကို မြင်မြင်ချင်း ရင်ထိုးလေးက အရမ်းကို ချစ်သွားမိတာပါ ... ဘယ်တုန်းကမှ လျှော့ပါးသွားခြင်းမရှိတဲ့အချစ်တွေနဲ့ပါ မောင်ရယ် ... အဲဒါကိုတော့ မောင် ယုံကြည်ပါနော် ... ရင်ထိုးလေး တောင်းပန်ပါတယ် မောင်ရယ် ... ရင်ထိုးလေး တကယ်ပြောတာပါ ..."

"ဟာ ... ဟာကွာ ..."

"ချစ်ရယ် ..."

"အရမ်းစိတ်ထိခိုက်သွားလားဟင် ... မောင်က အလကားစနေတာပါဗျ ... အဟွန်း ဟွန်း ... ဒါကို ချစ်က တကယ်ယုံကြည်သွားတာကို ... မျက်နှာငယ်လေးကွာ ... တကယ့်သနားစရာလေး ..."

"ဟယ် ကြည့်စမ်း ... မောင် မကောင်းဘူးကွာ ... ရင်ထိုးလေးက တကယ်မှတ်လို့ လန့်သွားတာပဲ ... တော်တော်ဆိုးတဲ့ မောင် ..."

"ကဲဟယ် ..."

"ကဲဟယ် ..."
"ဘုန်း ..."
"ဘုန်း ..."

ရှက်စနိုးမျက်နှာရဲရဲကလေးနှင့် မောင့်ရင်ဘတ်ကြီးကို စိတ်ရှိလက်ရှိ အသည်းယားလှစွာ အိခြေရှင် ထုရိုက်ပစ်လိုက်သည်။ မောင်က ချုပ်ကိုင်ဖမ်းဆုပ်ဖို့ကြိုးစားပေမဲ့ သူမလက်ကလေးတွေကို မမိပါ။

"ဟာ ... ဟေ့ ဟေ့ ... နာတယ်ကွ ..."
"သွား ... နာပါစေပေါ့ ... ကဲဟယ် ... အဲဒါ သူများကို စ,ချင်ဦး ..."
"ဘုန်း ..."
"ဘုန်း ..."
"အား ..."
"ဟင် ... မောင် ..."

ထုရိုက်နေတဲ့ လက်ကလေးတွေပင် တွန့်ဆုတ်သွားရသည်။

မောင်ရယ်လေ ... သူ့ရင်ဘတ်ကြီးကိုဖိပြီး တဖြည်းဖြည်း သူမရှေ့မှာ ဒူးညွတ်ကျကာ ဝရန်တာပေါ်ကလေးတွင် ခွေလဲသွား၏။ အိခြေရှင့်မျက်လုံးလေးတွေ ပြူးဝိုင်းသွားရပြီ။ စိုးရိမ်စိတ်တွေ ရင်ထဲအတိုင်းအဆမရှိ တိုးဝင်လာရသည်။ ချက်ချင်း ... မောင့်နံဘေးတွင် ထိုင်ချလိုက်ပြီး မောင့်ကိုပွေ့ကာခေါ်မိသည်။





"မောင် ..."
"... ... ..."
"မောင့် ..."

ထူးသံမကြားရပါ။

"မောင်ရေ ... မောင် ..."

အသံခပ်တိုးတိုးလေးနဲ့ ဘယ်လောက်ခေါ်နေနေ ောင်က မထူးတော့ ... ။

"ဒုက္ခပါပဲ ... မောင် ... မောင် ဘာဖြစ်သွားတာပါလိမ့်"

နှုတ်က တီးတိုးရေရွတ်ပြီး စိုးရိမ်ကြီးစွာ မောင့်အနား း ကပ်ပြီး နှလုံးခုန်သံနားထောင်ဖို့ အလုပ် ...

"ဟိတ် ..."
"အို ..."
"အဟွန်း ..."
"မောင် ... အို ကြည့်စမ်း ..."

မောင်က ရုတ်တရက် အလစ်အငိုက်တွင် သူမကိုယ် း ကို ဆွဲဖက်လိုက်ရာ သူ့ခန္ဓာကြီးပေါ် သူမကိုယ်လေး ပြိုလဲကျ း ရတော့သည်။ ရှက်ရွံ့စွာ လူးလဲထဖို့ ကြိုးစားလိုက်သော်လည်း တော့။ မောင်က သန်မာမြဲမြံသော လက်များနှင့် သူမကိုယ်လေး တင်းကျပ်နေအောင် ပွေ့ဖက်ထားလိုက်ပြီလေ။

"ချစ်တယ် ချစ်ရယ် ..."
"မောင် သိပ်ချစ်တယ် ..."

လှိုက်ဖိုသော အသံလေးနှင့်အတူ မောင့်အနမ်းလေးတွေက သူမမျက်နှာလေးအနှံ့ တရစပ် ကျရောက်လာ၏။ နှစ်ဦးသားရဲ့ ရင်ခုန်သံတွေကို အတိုင်းသားကြားနေရသည်။ နွေးထွေးတဲ့အနမ်းလေးတွေကြားမှာ မွှန်းကျပ်မေ့မြောမတတ်ဖြစ်ရသူက အိန္ဒြေရှင်ရယ်ပါ။

ချစ်သူမောင်က ...

နုသစ်တဲ့ အတွေ့အထိကလေးတွေနှင့် လိမ္မာပါးနပ်စွာ သူမကို ချော့မြူလို့နေသည်။ သူမရင်တွေ အေးတစ်လှည့်၊ နွေးတစ်လှည့်နှင့် မောင့်အချစ်ရေယာဉ်ကြောမှာ မျောချင်တိုင်း မျောပါနေရ၏။ ရုန်းထွက်ဖို့အင်အားတွေ ကင်းမဲ့နေမိသည်။

တိတ်ဆိတ်သော အမှောင်လေးထဲတွင် လေတိုးသံနှင့်အပြိုင် အသက်ရှူသံ ခပ်ပြင်းပြင်းလေးတွေသာ တီးတိုးကလေး ပေါ်ထွက်နေရသည်။ ငွေကြယ်တချို့ ရှက်ရွံ့စွာ မျက်လုံးလေးတွေ မှိတ်သွားရ၏။ ဖိုးရွှေလမင်းကြီးက မိုးတိမ်ကလေးကိုအကာအကွယ်ယူပြီး ပုန်းသည်။ သို့သော် ... ထိုမြင်ကွင်းလေးကို စူးရဲသောမျက်လုံးတစ်စုံကတော့ ... မလွဲမဖယ်စွာ စူးစိုက်ကြည့်နေချင်းကိုတော့ ချစ်သူနှစ်ဦးစလုံး သတိမထားမိပါချေ။

ချစ်သူနှစ်ဦးကတော့ အချစ်တွေအပြည့်နှင့် ချစ်နေကြဆဲဖြစ်သည်။

❁ ❁ ❁





## အခန်း (၉)

"ဒါ ... ဘယ်ကပြန်လာတာလဲ မိုးသောင်ယံ ..."

"ဟာ ..."

ဝရန်တာတံခါးကြီးဆီမှ ထုံးစံအတိုင်း ဝင်ဖို့ကြိုးစားလိုက်စဉ် ဘွားခနဲ တွေ့လိုက်ရသော မျက်နှာတစ်ခုကြောင့် မိုးသောင်ယံတစ်ယောက် နေရာမှာတင် မှင်တက်စွာ ကြက်သေ,သေသွားရသည်။

သူ ...

ရင်ထိုးလေးဆီက ပြန်လာပြီး တိုက်ကြီးထဲပြန်ခိုးဝင်လာတာပါ။

သူနေတဲ့ခြံကြီးရဲ့အကြောင်း သိနေတာမို့ အသာကလေးကျော်ဖြတ်ကာ ဝင်လာနိုင်ခဲ့ပေမဲ့ ဝရန်တာကတစ်ဆင့် ကွယ်ဖက်တက်ပြီး တိုက်ကြီးထဲ ပြန်ဝင်ဖို့အလုပ်မှာတော့ မနိုးစဖူး

ဒီအချိန်ကြီး နိုးနေသည့် ဒက်ဒီဦးမိုးမြင့်နှင့် မျက်နှာချင်းဆိုင် ဆုံတွေ့လိုက်ရသည်။

"ဒက် ... ဒက်ဒီ ... "

"မင်း ... မင်း ဒီလို ညဘက်နိုးနိုးထွက်တာ ဘယ်နှစ်ရက်ရှိနေပြီလဲ ... ကြည့်စမ်း ... သူနိုးကျင့် သူနိုးကြံ ပြန်ဝင်လာရဲတယ် ... မင်း ... မင်း ဘယ်ကိုသွားတာလဲ မိုးသောင်ယံ"

"ဟို ... ဟို ... "

"ပြောစမ်း ... ဒီအချိန်ကြီး အပြင်ကိုနိုးထွက်ပြီး မင်း ဘာတွေသွားလုပ်တာလဲ ... ငါ့ကို လိမ်ညာဖို့ မကြိုးစားနဲ့နေ ဟော့ကောင် ... "

သူ့အကျီကော်လံစကို လက်တစ်ဖက်က ဆုပ်ကိုင်ပြီး ဒေါသတကြီး မေးလာတဲ့ဒက်ဒီ့အမေးကို သူ ဘယ်လိုပြန်ဖြေမှန်းမသိတော့ပါ။ ချစ်သူဆီက ပြန်လာတာပါလို့ ပြောလိုက်တာနဲ့ ဒက်ဒီ ဒေါသအိုးတွေ တဖွမ်းဖွမ်း ပေါက်ကွဲကျရတော့မည်။

ပြီးတော့လည်း ...

အိမ်ဖြူရှင် ဂုဏ်သိက္ခာက ရှိသေးတာမို့ အကြောင်းပြချက်တစ်ခုကို အပြေးအလွှား စဉ်းစားနေရ၏။

"ဟော့ကောင် ... ငါ မေးနေတယ်လေကွာ ... "

"ဟို ... ဟို ... အပြင်ကိုသွားတာပါ ... "

"ဟော့ကောင် ... အခုမှ ဝင်လာကတည်းက အပြင်ထွက်တယ်ဆိုတာ ငါ သိပြီးသားပဲ ... မင်းကိုမေးနေတာ ဘယ်





သွားတာလဲလို့ မေးနေတာ ... ဘာအကြောင်းနဲ့ အခုလို နိုးထွက်တာလဲလို့ မေးနေတာကွ ... "

"ဟို ဟို ... ရှိုး ... ရှိုးပွဲသွားကြည့်တာပါ ဒက်ဒီ ... သူငယ်ချင်းတွေနဲ့အတူ စတိတ်ရှိုးပွဲ သွားကြည့်တာပါ ... "

"ဘာ ... မင်း ... မင်းက ရှိုးပွဲနိုးထွက်ပြီး ကြည့်ရသေးတယ်ဟုတ်လား ... "

"ဒက်ဒီ ... "

"မိုးသောင်ယံ ... မင်းကွာ ... "

"သူငယ်ချင်းတွေနဲ့ပါ ဒက်ဒီ ... ဘာပြဿနာမှ မဖြစ်ခဲ့ပါဘူး ... အေးအေးဆေးဆေး သီချင်းသွားနားထောင်တာပါ"

"ဟော့ကောင် ... နားထောင်ချင်ရင် အခွေဝယ်ပြီးနားထောင်ပေါ့ကွ ... အခုဟာက ... မင်းအတွက် ဘယ်လောက်ထိအန္တရာယ်ကြီးတယ်ဆိုတာ သိရဲ့လား မိုးသောင်ယံ ... အခုလို နိုးကြောင်နိုးဝှက်လုပ်တာမျိုး လုံးဝလက်မခံနိုင်ဘူးကွ"

" ... ... ... "

မိုးသောင်ယံတစ်ယောက် ...

ကိုယ့်အပြစ်နှင့်ကိုယ်မို့ ငြိမ်၍သာ နေလိုက်သည်။ ဒက်ဒီ သိသွားပြီဆိုတဲ့အတွက် သူ့အတွက် ရှေ့အနာဂတ်အတွက် အခြေအနေမကောင်းနိုင်တော့ပါ။ အပြင်ကို နိုးပြီးထွက်တဲ့အတွက် အပြစ်ပေးခံရမှာထက် နောက်တစ်ကြိမ် အပြင်ထွက်နိုင်ခွင့်လေးတွေ ပိတ်ပင်တားဆီးခြင်းခံရတော့မည့်အရေးကိုတွေးပြီး စိတ်မာတ်

အကြီးအကျယ် ကျနေရသည်။

"မင်း … အခုတလော သိပ်ပြီးခြေလှမ်းတွေပျက်နေပါလား မိုးသောင်ယံ … ဟိုတစ်နေ့ကလည်း သီဟကြီးတို့ကို သင်တန်းရှေ့မှာထားခဲ့ပြီး မင်း အနောက်ပေါက်ကနေ လစ်သွားတယ် … အခုလည်း ညဘက်အပြင်ခိုးထွက်ပြီး အပေါင်းအသင်းတွေနဲ့ ရှိုးပွဲသွားကြည့်တယ်ဆိုတော့ … မင်းဟာက သိပ်ကိုတရားလွန်သွားပြီ … အိမ်မှာညှော်သည်တွေရှိနေလို့ ငါ ပြဿနာမဖြစ်ချင်လို့ ရှောင်နေတာ … မင်းက တည့်တည့်တိုးဖို့ လုပ်လာတော့ ကဲကွာ … အဲဒါ ပြဿနာရှာချင်ဦး … "

"ခွပ် … "

"အ … "

"ခွပ် … "

"အ … "

"ဝုန်း … "

"ဒုန်း … "

ပြင်းထန်သော ဒက်ဒီ့ဆီက ပြေးဝင်လာတဲ့ လက်သီးချက်များက အလစ်အငိုက်တွင် သူ့မျက်နှာဆီသို့ ရောက်လာခြင်းကို ရှောင်တိမ်းချိန်မရတော့ပါ။ ခန္ဓာကိုယ်လေး လည်ထွက်ကာ ပြိုလဲသွားခြင်းကြောင့် စောစောကပွင့်ဟနေသော တံခါးချပ်ကိုထိမိကာ မြည်သံကျယ်ကြီးနှင့် ပြန်ပိတ်သွားရ၏။





"တောက် … မင်း … မင်းကွာ … မိဘတွေကို စိတ်ဒုက္ခအမျိုးမျိုးပေးတဲ့နေရာမှာ နှစ်ယောက်မရှိဘူး … နောက်တစ်ခါ မင်းခိုးထွက်ရဲ ထွက်ကြည့်စမ်း … ငါ့အကြောင်းကောင်းကောင်းကြီး သိစေရမယ် မိုးသောင်ယံ … "

"တောက် … "

ဒေါသတကြီးနှင့် ဦးမိုးမြင့်တစ်ယောက် သားဖြစ်သူရှေ့ကနေ လှည့်ထွက်ခဲ့သည်။ အခုတလော ဒီကောင် ခြေလှမ်းတွေအရမ်းပျက်နေ၏။ သူငယ်ချင်းအပေါင်းအသင်းမထားပါနဲ့ဆိုလည်းရ။ ဘယ်က အပေါင်းအသင်းတွေ ခိုးထားပြီး အခုလို ထင်တိုင်းကြဲနေသလဲမသိပါ။ ညအမှောင်ကြီး ခိုးထွက်ပြီး ရှိုးပွဲသွားကြည့်တယ်တဲ့ … ။

မဖြစ်ဘူး … မဖြစ်ဘူး။

ဒီကောင့်ကို အရင်ကလို စိတ်ချယုံကြည်ပြီးထားလို့ မဖြစ်တော့ဘူး။ ကြည့်စမ်း … ဒီနေ့မှ မိမိကလည်း အစောကြီးအိမ်ထသွားမိသည်။ ညကစားတဲ့ ဂဏန်းချဉ်စပ်တွေကြောင့်လည်း ဖြစ်နိုင်၏။ လိုမ့်ပိန့်ပြီး အိပ်တာတောင်မရ၊ နောက်ဆုံးတော့ အိပ်ရေးပျက်ကာ ထ,ထသွားနေရတော့သည်။ လူကသုံးခါလောက် အိမ်ထဲဝင်ပြီးသည့်အခါ ဒူးတွေချောင်ပြီး မြောချင်နေ၏။ အခန်းထဲမှာ ဆေးရှာတာမတွေ့။ စာကြည့်ခန်းထဲမှာ ဆေးတွေက ထားခဲ့တာမို့ ထွက်ပြီးလာရှာတာ။

မထင်မှတ်ဘဲ …

ဆေးယူပြီးအထွက် ဝရန်တာဘက်ဆီမှ လှုပ်ရှား
သဲ့သဲ့ကြောင့် နားစိုက်ကာ သတိရှိရှိနားထောင်နေစဉ် ဝရန်တာ
ဝင်ပေါက်တံခါးချပ်ကြီး ဖြန့်းခနဲပွင့်လာပြီး သားဖြစ်သူ မိုးသော
ယံ ဝင်လာတာနှင့် ဆုံသွားသည်။ အံ့လည်း ဩသွားရ၏။ ဒီအချိ
ကြီးမှ ပြန်ဝင်လာတာပါလား။

ဒေါသတွေ ဝုန်းခနဲပေါက်ကွဲသွားရ၏။ ဘယ်သူ
မသိအောင် ည,ည နိုးထွက်တတ်နေတာပါလား။ မိဘက အရမ်း
မျှော်လင့်ထားတာပါ။ တစ်ဦးတည်းသောသားလေးရဲ့ ဘဝရှေ့
လှပသာယာဖို့ အရမ်းကို ရည်မှန်းချက်ကြီးကြီး ထားခဲ့တာ။
ဒီကောင်က ချုပ်ချယ်တယ် ... လွတ်လပ်မှုမရှိဘူးဆိုပြီး လေလွ
မဲ့လမ်းကိုမှ လျှောက်ချင်နေ၏။ နေချင်သလိုနေ၊ လုပ်ချင်တာလု
ဆိုပြီး ဦးမိုးမြင့် ပစ်မထားနိုင်ပါ။ ရအောင် ထိန်းပြမယ်။

မင်းနဲ့ငါ ရှေ့လျှောက်ထိပ်တိုက် အတွေ့ကြီးပဲ
သောင်ယံ။

စိတ်ထဲကနေ အကြီးအကျယ် ကြိမ်းဝါးထားလို
သည်။





အိမ်ခြေရှင်တစ်ယောက်မှာတော့ ချစ်သူပြန်သွားပြီး
ဝရန်တာလေးမှတစ်ဆင့် အခန်းထဲပြန်ဝင်ပြီး အိပ်ရာထက်လှဲချကာ
မောင့်ရဲ့အချစ်ကြမ်းကလေးအကြောင်း တွေးပြီး ရင်ခုန်သံလေးတွေ
က မရပ်တော့။

ချောမောကြည်မွေ့လွန်းသော မောင့်မျက်နှာလေး
က သူမအာရုံမှာ အထပ်ထပ် ထင်ဟပ်လာပြန်သည်။ နာရီကို လှမ်း
ကြည့်တော့ နှစ်နာရီခွဲနေပြီ။ ခုချိန်ထိ ရင်လေးတထိတ်ထိတ်နှင့်
သူမမျက်လုံးလေးတွေ ပြူးကြောင်နေဆဲပင်။

မဖြစ်သေးပါဘူး။

အိပ်ဦးမှပဲ ...

မောင်ရယ် ...

အိမ်ခြေရှင် အိပ်တော့မှဖြစ်မယ်။ တော်ကြာ စာသင်
ချိန်ကြီး ငိုက်နေတော့ မကောင်းဘူးလေ။ အိမ်ခြေရှင် အိပ်တော့မယ်

နော်။ စိတ်လေးကို လျှော့ချလိုက်ပြီး မျက်ဝန်းကလေးတွေ မှိတ်
ထားလိုက်သည်။

အချိန်လေး တော်တော်ကြာတော့မှ အိခြွေရှင်တစ်
ယောက် အိပ်ပျော်သွားတော့သည်။ အိပ်မက်ထဲမှာ ချစ်သူမောင်
က ရောက်လာသေး၏။ မောင့်အချစ်တွေနှင့် အပျော်ကြီးပျော်နေ
ရသည်။ အိပ်မက်ကလေးက လှလိုက်တာကွယ် ... စိတ်ချမ်းသာ
စရာကောင်းလိုက်တာလည်း မပြောပါနဲ့တော့။

အိခြွေရှင်တစ်ယောက် ...

ညက အပျော်ကြီးပျော်ပြီး မိုးစင်စင်လင်းတော့မှ
အိပ်ရာက ထနိုင်ခဲ့သည်။

ဒါတောင် ဒေါ်ကြီးဂျမ်း လာနှိုးပေလို့သာ။ နို့မို့ဆို
သူမ ဒီအချိန်နဲ့တောင် ထနိုင်မှာမဟုတ်ပါ။ အောက်ထပ်သို့ဆင်း
လိုက်ပြီး ထမင်းစားခန်းထဲ လျှောက်လာလိုက်သည်။

ဟင် ...

အိခြွေရှင့်မျက်ဝန်းလေးတွေ ပြူးသွားရ၏။

ထမင်းစားစားပွဲတွင် ထိုင်နေကြသူများမှာ မာမီနှင့်
ဒက်ဒီ နှစ်ယောက်တည်းမဟုတ်ဘဲ ဦးနိုင်သိမ်ဆိုတဲ့လူပါ ရှိနေသည်။
ဘယ်နှယ့် ... မနက်စောစောစီးစီး ဒင်းက ရောက်နေရပါသနည်း
အတွေးလေးကြောင့် သူမမျက်ခုံးလေးတွေ မနှစ်မြို့စွာ ကြုတ်တင်
သွားရ၏။

"ဟော ... သမီးလေး ... လာလေ ... "





မာမီက အပေါက်ဝမှာ ကြောင်ငေးပြီး ရပ်နေတဲ့
သူမကို လှမ်းခေါ်သည်။

သူမ ထမင်းစားခန်းအထဲ ဝင်လာခဲ့ရ၏။ မာမီထိုင်
နေတဲ့ခုံ၏ ဘေးခုံလေးတွင် ဝင်ထိုင်လိုက်တော့ ...

"အိပ်ရာထ နောက်ကျတယ်နော် အိခြွေရှင် ... အမြဲ ဒီအချိန်
ပဲ ထ,တတ်သလား ... "

မျက်နှာကို စေ့စေ့ကြည့်ကာ ရယ်ပြုံးပြုံးမျက်နှာလေး
နှင့် မေးလာသော သူ့အမေးကို မသိဟန်ဆောင်နေ၍မရပါ။ ဝတ္တ
ရားအရ ဒက်ဒီမာမီတို့ရှေ့မှာ ပြန်ဖြေရဦးမယ်လေ။

"ဟုတ်ကဲ့ ... တစ်ခါတလေတော့ ... စောစောနိုးတတ်ပါ
တယ် ... "

ဒါဟာ ...

သူမ အမြဲ ဒီလိုအိပ်ရာထ နောက်ကျတတ်သည်ဟု
ခံပြောလိုက်ခြင်းရယ်ပါ။

"ဟယ် ... အလကား မောင်နိုင်သိမ် ... သမီးက အမြဲတမ်း
အစောကြီးနိုးတတ်တာကွဲ့ ... ဒီနေ့မှ အိပ်ရာထနောက်ကျ
တာ ... "

"သြော် ... "

ကြားကနေ ဖာထေးပြီး ဝင်ပြောတဲ့မာမီ့ကို သူမ
ဘာမှမပြောချင်တော့ပါ။

ဦးနိုင်သိမ် မျက်နှာကြီးကပြုံးပြီး ... ခေါင်းလေး

တဆတ်ဆတ် ညိတ်နေ၏။ သူမဆီ ငေးရှိကြည့်နေတဲ့ သူမျက်ဝန်း အကြည့်များကို အိမ်ဖြေရှင် မနှစ်မြို့ချင်။ မနက်စောစောစီးစီး သူများ အိမ် အလည်လာရလောက်အောင် သူ့အလုပ်တွေက ဒီလောက် တောင်ပဲ အချိန်အားအားယားယား ရှိရသလားမသိတော့ပါ။ သူမ စကားမပြောချင်သဖြင့် ကော်ဖီတစ်ခွက်ငုံ့ကာ မှုန့်နှင့်စားနေလိုက် သည်။

"သမီး ..."

ဒက်ဒီ့ဆီက တည်ငြိမ်လေးနက်သောခေါ်သံကြောင့် သူမ လှမ်းကြည့်မိ၏။

"ရှင် ... ဒက်ဒီ ..."

"မောင်နိုင်သိန်းက ဒီနေ့ကစပြီး ဒက်ဒီတို့ဆီမှာ ပြောင်းနေ မလို့ ..."

"ရှင် ..."

အိမ်ဖြေရှင့်ခေါင်းလေး ဆတ်ခနဲထောင်မတ်သွားရပြီး မယုံနိုင်စွာ သူ့ဆီ လှမ်းကြည့်မိ၏။

"မောင်နိုင်သိန်း မိဘတွေက နိုင်ငံခြားမှာလေ ... သူက စီးပွားရေးလုပ်ငန်းကြီးတစ်ခုအတွက် ဒီကို ခဏပြန်လာ တာ ... ဟိုတယ်မှာ တစ်ယောက်တည်း အခန်းငှားပြီး တည်းခိုနေတာ ... အဲဒါ ဒက်ဒီက ဒက်ဒီတို့တိုက်ကြီးထဲမှာပဲ လာနေဖို့ဖိတ်ခေါ်လိုက်တာ ... ဒက်ဒီနဲ့လုပ်ငန်းတူ ရှယ်ယာ လုပ်မှာမို့ အချိန်မရွေး ဆွေးနွေးတိုင်ပင်လို့ရအောင် ဒီတိုက်





ကြီးမှာပဲ တည်းပါဆိုပြီး ကမ်းလှမ်းလိုက်တာလေ ..."

ဟင် ...

ဒါ ... ဒါ။

ဘယ်လိုဖြစ်နိုင်မလဲနော်။ သူက ဒီတိုက်မှာ လာ တည်းခိုမတဲ့။

ဒက်ဒီ စဉ်းစားမိရဲ့လား။ သမီးပျိုလေးတစ်ယောက် ရှိတဲ့တိုက်ကြီးထဲကို သူစိမ်းယောကျ်ားသားတစ်ယောက်ကို နေစေ တာ အကြီးမားဆုံး အန္တရာယ်တစ်ခုကို ဖိတ်ခေါ်လိုက်ခြင်းပဲဆိုတာ လေ။ ဒါကို ဒက်ဒီ မသိတာလည်း မဟုတ်ဘဲနဲ့။

ပြီးတော့ ...

ဦးနိုင်သိန်းရဲ့ မျက်ဝန်းတွေက မရိုးသားဘူး။ အိမ်ဖြေ ရှင့်ကို စူးစူးရဲရဲစိုက်ကြည့်ပြီး ငေးမောနေတတ်တဲ့သူ့ကို အိမ်ဖြေရှင် သတိထားမိတာ ကြာပြီလေ။ ဒါကို ဒက်ဒီနဲ့မာမီ ရိပ်မိရဲ့လား။ သူမ စိတ်ထဲ သူ့ကို မနေစေချင်ပေမဲ့ ဒက်ဒီ့အစီအစဉ်ကိုလည်း မဖျက်ရဲ ဖြန် ... ။ ဒီတော့ သာသာယာယာလေးနဲ့ သူ မနေအောင်တော့ ပြော ကြည့်ရမှာပဲ။

"ဒက်ဒီ ..."

"ပြောလေ ..."

"ဦးနိုင်သိန်းအတွက်က ... ဟိုတယ်က ပိုပြီးအဆင့်မြင့်ပြီး ကောင်းမွန်မှာပေါ့ ... အစားအသောက်ဆိုလည်း ဘယ်နိုင်ငံ က အစားအစာကိုပဲဖြစ်ဖြစ် အဆင်သင့်မှာစားလို့ရတယ်

လေ ... ဒီမှာကျတော့ မြန်မာလက်ရာတွေနဲ့ အစပ်အဟပ် တည့်ပုံမလား ... "

"အဟွန်း ... ရပါတယ် အိန္ဒြေ ... ကိုယ်က မြန်မာပြည်နဲ့ ဝေးနေတာ ကြာပါပြီ ... ဒါကြောင့် မြန်မာထမင်းဟင်းကို ပဲ စားရတာ ပိုနှစ်သက်ပါတယ် ... အလုပ်တွေနဲ့ တစ်ချိန်လုံး နပန်းလုံးပြီး အိမ်ထဲပြန်ဝင်လိုက်တာနဲ့ နွေးထွေးမှုရှိတဲ့ မိသားစုဆန်ဆန် ထမင်းဝိုင်းလေးသာ ထိုင်ရမယ်ဆိုရင် ... တစ်နေ့တာ ပင်ပန်းနွမ်းနယ်ရကျိုးနပ်ပြီး ပြေသိမ့်နိုင်ပါပြီ၊ အဟင့် ... ကိုယ်လိုချင်တဲ့အရာအားလုံး ဒီတိုက်ကြီးထဲမှာပဲ ရနိုင်မှာလေ အိန္ဒြေရှင်ရဲ့ ... ဒါကြောင့် ကိုယ် ဒီမှာပြောင်းနေဖို့ လက်ခံလိုက်တာ ... အိန္ဒြေရှင်ကရော ကိုယ့်ကို လာနေစေချင်ရဲ့လား ... "

"ဟင် ... "

"ကိုယ် ဒီမှာနေတာ ... အိန္ဒြေရှင် သဘောကျပုံမလားလို့ပါ ... "

မကျဘူး ... ။

လုံးဝလာမနေစေချင်တာ ဦးနိုင်သိခ်ရဲ့။

စိတ်ထဲကနေ အံတင်းတင်းကြိတ်ပြီး အော်နေမိသည်။ အစကတည်းကမှ စိတ်တွေ မွန်းကျပ်နေရတဲ့ကြားထဲ ရှင်ကြီးရှိနေလို့ အနေအစားပါကျဉ်းကျပ်ရမဲ့အရေး ဘယ်သူက ဝမ်းသာအားရ ကြိုဆိုရမလဲ။





"အိန္ဒြေရှင် ... "

ဦးနိုင်သိခ်။

ရှင် သိပ်ပြီး လူလည်ကျတယ်။ ကျွန်မ မနေစေချင်တာကို ရိပ်မိပါလျက်နဲ့ အခုလိုမျိုးစကားတွေကို ဒက်ဒီရှေ့မှာ တမင်ပြောပြီး ကျွန်မဆီက လက်ခံမှုတစ်ခုကို မရမက တောင်းဆိုဖို့ ချက်ချင်း အကောင်အထည်ဖော်လိုက်တဲ့ ရှင့်ရဲ့ကြီးစားမှုကို ကျွန်မ ချီးကျူးပါရဲ့။

"ကိုယ်က ... အိန္ဒြေရှင် မနေစေချင်ရင် မနေပါဘူး ... "

ဒါဆို ...

ရှင်လာမနေနဲ့ပေါ့ ဦးနိုင်သိခ်ရဲ့။ ရှင်ဟာ အင်မတန်ဘက်မြက်တဲ့ လူတစ်ယောက်ပါ။

တစ်ဖက်သားရဲ့စိတ်ကို အကဲဖမ်းတဲ့ စဉ်းစားတွေးခေါ်ဉာဏ်သာရှိမယ်ဆိုရင် အိန္ဒြေရှင့်ဆီက ဒီအဖြေကို ထပ်ပြီးတောင်းဆိုနေဖို့တောင် မလိုတော့ပါဘူးရှင် ... ။ ရှင့်ကို လက်မခံချင်တာ သိသိကြီးနဲ့ အခုလိုအကျပ်တွေ့အောင် လုပ်တဲ့ရှင့်ကို အိန္ဒြေရှင် သိပ်မုန်းတာပဲ။

"အိန္ဒြေရှင် ... ပြောလေ ... အားမနာပါနဲ့ ... "

"ဒက်ဒီက ဦးနိုင်သိခ်ကို နေစေချင်လို့ ခေါ်ထားတာပဲလေ၊ ဒက်ဒီက လိုအပ်နေတော့လည်း အိန္ဒြေရှင်တို့က လက်ခံပေးရမှာပဲပေါ့ ... အဟင်း ဟင်း ... "

နိုင်သိခ်တစ်ယောက် လိမ္မာပါးနပ်စွာအဖြေပေးသွား

နိုင်တဲ့ အိမ့်ခြေရှင်ဆိုတဲ့ကောင်မလေးကိုကြည့်ပြီး နုသစ်စွာ ပြုံးလိုက်မိသည်။

ဒီမိန်းကလေးကို မြင်မြင်ချင်းပင် ချစ်မြတ်နိုးသွားမိသည့် သူ့အဖြစ်က ဖုံးမနိုင်ဖိမရဖြစ်စွာရှိနေရ၏။ ဦးထွန်းခေါင် ဖိတ်ကြားသော ထမင်းစားဝိုင်းကလေးအနီးသို့ သူလျှောက်လှမ်းသွားစဉ် … ချာခနဲလှည့်စောင်းကြည့်လာတဲ့ မျက်နှာလေးတစ်ခုကြောင့် ရင်ခုန်သံတွေ ထိန်းချုပ်လို့မရတော့လောက်အောင် ဖြစ်သွားရသည်။

သူ ဘာဖြစ်သွားတာလဲဆိုတာ မစဉ်းစားနိုင်ခင်မှာတင် ထိုမျက်နှာလှလှလေးပိုင်ရှင်အနီးသို့ ရောက်သွားရ၏။

သိပ်ကိုလှတဲ့ကောင်မလေး။

ဦးထွန်းခေါင်ရဲ့တစ်ဦးတည်းသောသမီးပဲ ဖြစ်ရတော့မှာပေါ့။ ခေါင်းကလေးကို ငုံ့ထားသည်။ သူ့ကိုမော့မကြည့်ရဲ။

အဟွန်း … တွေ့ကြပြီပေါ့ … ။

သူ့ရင်တွေ တဒိုင်းဒိုင်းလှုပ်ခုန်သွားတာ သူကလွဲရင် တခြားလူတွေ သိနိုင်မှာမဟုတ်။ သူ့နှုတ်ခမ်းပါးပါးကလေးတွေ တစ်ချက်ဆတ်ခနဲတွန့်ကွေးသွားတာကိုလည်း ဦးထွန်းခေါင်အပါအဝင် ဘယ်သူမှ သိမြင်နိုင်ကြမှာလည်း မဟုတ်ပါ။

ညစာစားပွဲတစ်ခုနဲ့ တည်ခင်းဧည့်ခံချင်လို့ဖိတ်ကြားပါရစေတဲ့လေ။ နိုင်သိခ် ငြင်းမနေဘဲ ချက်ချင်းလက်ခံလိုက်သည်။ သူကလည်း တွေ့ချင်နေတာပါ။

သို့သော် ထိုညစာစားဝိုင်းလေးကိုရောက်တော့ သူ့





အတွေးတွေ ပြောင်းလဲသွားခဲ့ရသည်။

အလုပ်တွေနဲ့သာ တစ်ချိန်လုံးပိနေတဲ့သူ့ရဲ့စိတ်တွေကို ထိုညစာစားပွဲလေးကပင် ဖြေသိမ့်မှုထွက်ပေါက်ကလေးတစ်ခု ထုတ်ပေးခဲ့ပါသည်။ သူ့နံဘေးကနေ ခေါင်းကလေးမဖော်ဘဲ ငြိမ်သက်စွာ တစ်ခုပြီးတစ်ခု ယူထည့်ပြီး … စားနေတဲ့ ကလေးတစ်ယောက် လို ပေါ့ပေါ့ပါးပါးပုံစံလေးနဲ့ သူမလေးကို သူ ဘယ်လိုမှ သတိမထားဘဲ မနေနိုင်ခဲ့ပါ။

ဦးထွန်းခေါင် ဆွေးနွေးတဲ့လုပ်ငန်းတွေထက် သူမလေးရဲ့ ကလေးဆန်ပုံလေးတွေကိုသာ ဂရုတစိုက်နဲ့ စောင့်ကြည့်မိနေသည်။ သိပ်ချစ်ဖို့ကောင်းတဲ့ ကောင်မလေးပဲ … ။ သူမလေးက ဦးထွန်းခေါင်ရဲ့ တစ်ဦးတည်းသောသမီးလေးဖြစ်ပြီး နာမည်လေးကလည်း အိမ့်ခြေရှင်တဲ့။

နိုင်သိခ်ရဲ့စိတ်တွေ အလုပ်ထဲမှာ နှစ်မြှုပ်ထားလို့မရတော့။ ပြင်းထန်တဲ့ ရင်ထဲကခံစားချက်လေးကို လျစ်လျူရှုထားလို့မရအောင် တစ်စုံတစ်ရာက အကြီးအကျယ် ဖမ်းစားထားသည်။ အာရုံထဲမှာ သူမလေးရဲ့ မျက်နှာလေးတွေက တဝဲဝဲလည်လို့။

အိမ့်ခြေရှင်ရယ် …

ကိုယ် မင်းကို အရမ်းချစ်မိသွားပြီ သိလား။

ကိုယ့်ဘဝမှာ သိပ်မက်မောတဲ့ ဘယ်အရာကိုမဆို ရအောင်ယူလိုက်ရမှ ကျေနပ်တာလေ။ အခု မင်းကို အရမ်းလိုအပ်နေပြီ။ မင်းမရှိတဲ့ဘဝမှာ နေလို့မပျော်နိုင်လောက်အောင် လူးလဲ

ခံစားနေရသည်။ နောက်ဆုံးတော့ မင်းဒက်ဒီရဲ့ဆန္ဒအရ ငါ မင်းတို့ဆီမှာ ပြောင်းတည်းဖို့ လက်ခံလိုက်တာပဲကြည့်လေ။ ဒါဟာ … ငါ့ပတ်ဝန်းကျင်မှာ မင်းကို ရှိနေစေချင်တဲ့ ဆန္ဒကြောင့်ပဲ။ အသက်အရွယ်ဆိုတဲ့ ကွာခြားချက်တစ်ခုကလွဲပြီး ငါ မင်းအတွက် အရာအားလုံး ဖြည့်စွမ်းပေးနိုင်ပါတယ်။

မင်း ပြန်ပေးရမှာက နိုင်သိမ်ဆိုတဲ့ ကိုယ့်နံဘေးမှာ ထာဝရ ရှိနေပေးဖို့ပဲ။

ကိုယ် ဒီမှာလာနေတာကို မင်း မကျေနပ်ဘူးဆိုတာ ကိုယ် သိနေတယ် အိမ်ငြေ့ရှင်။

ဒါပေမဲ့ … မင်း မကန့်ကွက်ရဲတာကို ကြည့်ကတည်းက မိဘစကားကို မဖြစ်မနေနားထောင်နေရတဲ့ သူဆိုတာ ကိုယ်ရိပ်မိလိုက်ပြီ အိမ်ငြေ့ရှင်။

"ကျေးဇူးတင်ပါတယ် … "

"မလိုပါဘူး ဦးနိုင်သိမ်ရယ် … "

"လိုအပ်တာပေါ့ အိမ်ငြေ့ရှင်ရယ် … အိမ်ငြေ့ရှင်က ဘယ်လိုအကြောင်းနဲ့ပဲ လက်ခံလက်ခံ နောက်ဆုံးတော့ ကိုယ် နေခွင့်ရခဲ့ပြီလေ … အဟွန့် … အခုအချိန်မှာ ကိုယ့်အတွက် နေရာလေးတစ်ခုရဖို့ပဲ အဓိကအရေးကြီးဆုံးပါ … "

"ဟင် … "

ဒါ … ဘာအဓိပ္ပာယ်လဲ ဦးနိုင်သိမ်။ ရှင် ဘာကို ရည်ညွှန်းပြီး ပြောတာလဲဟင်။





ဘာအဓိပ္ပာယ်လဲ ဦးနိုင်သိမ်။ ရှင် ဘာကိုရည်ညွှန်းပြီး ပြောတာလဲဟင်။

အိမ်ငြေ့ရှင် စူးခနဲမော့ကြည့်တော့ အနိုင်ရသူတစ်ယောက်လို ကျေနပ်ပီတိတွေနဲ့ ပြည့်နေတဲ့ ဦးနိုင်သိမ်ရဲ့ မျက်နှာကြီးကို အမြင်ကတ်စရာကောင်းလောက်အောင် တွေ့လိုက်ရပါသည်။ ဘာပဲပြောပြော ထိုနေ့အစောပိုင်းကတည်းက အဝတ်အစားဆွဲအိတ်တွေနှင့် သူမတို့တိုက်ကြီးထဲမှာနေဖို့ ပြောင်းလာသော … ဦးနိုင်သိမ်ကို လက်ခံခဲ့ရတာတော့ အမှန်ပဲဖြစ်ပါတော့သည်။

## အခန်း (၁၀)

အိမ်မှာ ဧည့်သည်တစ်ယောက်ရှိနေသည့်အတွက် စိတ်လွတ်လပ်မှုမရှိတာတော့ အမှန်ပင်။ သူ့ဘာသာသူနေ ကိုယ့်ဘာသာကိုယ်နေဆိုပေမဲ့ ... မနက်မိုးလင်း နံနက်စာစားပွဲဝိုင်းမှာ မျက်နှာချင်းဆိုင် အားနာပါးနာ ထိုင်ပေးရတာရယ် ... ညစာစားပွဲမှာ အတူတစ်ဝိုင်းတည်း ထိုင်စားရတာရယ်ကြောင့် ... နေ့လယ်စာ အားလုံးအလုပ်သွားချိန်ကလေးတွင်သာ ... အစားအသောက်ကို လွတ်လွတ်လပ်လပ် စားခဲ့ရသည်။ ကျန်နှစ်ချိန်လုံး ဟန်ဆောင်ထိန်းချုပ်ကာစားသောက်ရတာမို့ အိန္ဒြေရှင် စိတ်အညစ်ကြီး ညစ်နေရပါသည်။

ဒီကြားထဲ ... ဦးနိုင်သိမ်တစ်ယောက် ညစာစားပြီးတိုင်း ခြံထဲဆင်းကာ လေညင်းခံ လမ်းလျှောက်တတ်တာမို့ အိန္ဒြေရှင့်အတွက် ဝိုပြီးတော့တောင် အခက်တွေ့ရပေပြီ။ ဒီအချိန်ဆို ...





မောင်ရောက်လာလျှင် ဘယ်နှယ့်လုပ်ရပါ့မလဲ။ သို့သော် ... သူမအတွက် ကံကောင်းသည်ဟု ပြောရမလား၊ ကံဆိုးသည်ဟု ပြောရမလားမသိပါ။ မောင်က နှစ်ရက်လောက် မလာဖြစ်ဘူးဟု ဖုန်းဆက်ပြီး အကြောင်းကြားထားသည်။ ဧည့်သည်ရှိနေတဲ့အချိန်မို့ ဟန်မပျက်နေနိုင်ခဲ့၏။

မောင့်မလာတာ ဘာကြောင့်လဲလို့ အိန္ဒြေရှင် ပြန်မမေးဖြစ်ပါ။ မောင် မသိစေချင်၊ မောင် အဖြေမပေးနိုင်တဲ့မေးခွန်းမျိုးလေးတွေကြောင့် စိတ်ရှုပ်ထွေးသွားမှာကို အိန္ဒြေရှင် မလိုလားဘူးလေ။ ဒါကြောင့် မောင် မလာဖြစ်ဘူးဆိုတဲ့ စကားလေးကိုပဲ ခေါင်းကလေးညိတ်ကာ ဖွတ်မိုတ်လက်ခံခဲ့ပါသည်။

မောင့်ကို သတိရစိတ်တွေများလာလျှင် မောင်နဲ့အတူ တွေ့ဆုံခဲ့သည့် ခြံထောင့်က ခရေပင်အုပ်အုပ်လေးနောက်ကို သွားကာ မောင့်အကြောင်းလေးတွေ ပြန်တွေးပြီး အလွမ်းဖြေနေမိသည်။ အိမ်မှာ ဦးနိုင်သိမ် ရောက်ကတည်းက အားလုံးရဲ့အာရုံစူးစိုက်မှုတွေက သူ့ဆီပဲ ရောက်နေကြ၏။ အိန္ဒြေရှင့်ကို အားလုံးက မေ့နေကြသည်။ သူမ ခြံထဲဆင်းလာတာ ဘယ်သူမှ သတိမထားမိခဲ့ကြပါ။

ခရေပင်လေးအောက်မှာ သူမတစ်ယောက်တည်း ထိုင်နေမိသည်။

စိတ်တွေက ပျံ့လွင့်နေ၏။ ညမီးရောင်အောက်တွင် အိန္ဒြေရှင်တို့ ခြံကြီးက အလှကြီးလှနေသည်။ သို့သော် ထိုအရာများ

က သူမရဲ့စိတ်တွေကို လန်းဆန်းမသွားစေပါ။

မောင့်ကို အရမ်းသတိရသည်။

မောင့်အနမ်းလေးတွေကို တမ်းတသည်။

မောင့်ကိုယ်သင်းနံ့ မွှေးမွှေးလေးကို လွမ်းမိသည်။

သူမကိုတွေ့ရဖို့ အသက်စွန့်ပြီး သတ္တိရှိရှိနဲ့ ခြံထဲနိုး ဝင်လာတဲ့မောင့်ရဲ့လုပ်ရပ်ကလေးကို ပြန်တွေးပြီး ကြည်နူးလိုက်ရ တာ မပြောပါနဲ့တော့။ ချစ်အနမ်းလေးတွေနဲ့အတူ နုသစ်ဆန်းပြေး တဲ့ အတွေ့အထိလေးတွေအကြောင်း ပြန်တွေးမိတိုင်း ရင်ခုန်သံ လေးတွေက မမှန်ချင်။

မောင်ရယ် ...

မောင့်ကို အိန္ဒြေရှင် သိပ်ချစ်တယ်။

"ရှပ် ... ရှပ် ..."

"ရှပ် ..."

ဟင် ... ။

ခြေသံလေးတစ်ခု။

မောင့်အကြောင်းလေး တွေးနေစဉ် သူမအနီးသို့ လေတိုးသံနှင့်အတူ ခြေသံဖွဖွလေးကိုပါ တစ်ပြိုင်တည်း ကြားလိုက် ရတာမို့ ရင်ကလေး ထိတ်ခနဲခုန်သွားရသည်။ မျက်ဝန်းလေးတွေက စာစာကလို မှိန်ဖျော့မနေဘဲ လက်ခနဲဖြာသွား၏။

"မောင် ..."

"မောင်လားဟင် ..."





မကြားရတော့ပါ။ သူမ စိတ်ထင်နေတာလေ ... ။

သူမတစ်ယောက်တည်းပြုံးလိုက်ပြီး မိုးကောင်းကင်ကြီးကို မော့ ကြည့်လိုက်သည်။ တကယ်တော့ ... အနားကိုရောက်လာတာ နိုင်သိမ်။

နိုင်သိမ် အုံ့ဆိုင်းသက်စွာ နေရာလေးမှာတင် ခြေစုံ ရပ်သွားရသည်။ သစ်ပင်ချုံရိပ်ကြီးက သူ့ရှေ့မှာ ပိတ်ကာနေတာမို့ အိန္ဒြေရှင် သူ့ကို မမြင်ပါ။ သူကသာ မှောင်ရိပ်ထဲကနေ သူမလေး လှည့်ပတ်ရှာနေတာကို တွေ့နေရသည်။

နှလုံးသားတစ်ခုလုံး စပ်ဖျင်းနာကျင်သွားရ၏။

မောင်တဲ့ ... ။

အိန္ဒြေရှင့်နှုတ်က ... ညင်သာနူးညံ့တဲ့ ခေါ်သံလေး တစ်ခုရယ်ပါ။

သူ့ခြေသံကို သူမလေးရဲ့ချစ်သူ ခြေသံထင်ပြီး လိုက် ရှာနေတာ တွေ့ရသည်။ နိုင်သိမ်တစ်ယောက် တိုက်ကြီးထဲမှာ မယောင်မလည် သူမလေးကို ရှာနေမိသည် ... ။ ညနေစာစားပိုင်း ကလေးကနေ မျက်နှာကလေးညိုးကာ ထသွားပြီးကတည်းက ... အိန္ဒြေရှင် ဘာဖြစ်နေသလဲဆိုတဲ့ အဖြေကို မသိမသာကလေး ရှာဖွေ နေတာလေ။ သူမ အခန်းထဲအောင်းနေသလားဆိုပြီး အသာလေး တံခါးခေါက်ကြည့်သေး၏။ အထဲက ဘာလှုပ်ရှားသံမှ မကြားရသည့် အဆုံး ခြံထဲသို့ ဆင်းလာခဲ့သည်။

နေရာအနှံ့ လိုက်ရှာနေမိ၏။ မထင်မှတ်ဘဲ ခြံကြီးရဲ့

တောင့်ကျကျ သစ်ပင်အုပ်အုပ်ကြီးတွေကြားမှာ ညဝတ်ဂါဝန်ဖြူဖြူ လေးရဲ့ လှုပ်ရှားမှုကြောင့် သူ့ရင်တွေ ဖျတ်ခနဲခုန်ကာ ဝမ်းသာသွား ရသည်။ ဒါ … အိမ်ခြွေရှင်လေးပဲလေ။

သူ မှတ်မိတာပေါ့။ သူမ ဒီနေ့ အဖြူရောင်ညဝတ် ဂါဝန်ကလေးနှင့် အောက်ထပ်ဆင်းတာ ဖျတ်ခနဲတွေ့လိုက်ရသည်။ အခန်းထဲသာ ဝင်လာရတာ သူမလေးနဲ့ တရင်းတနှီး ခင်မင်စွာ ဆက်ဆံပြောဆိုချင်တဲ့အတွက် သူ ပြန်ထွက်ပြီး သူမအခန်းတံခါး လေးကို မသိမသာလေးခေါက်တော့ အခန်းထဲမှာ သူမလေး ရှိမနေ ဘူးဆိုတာ သတိထားလိုက်မိသည်။ အောက်ထပ်မှာ လိုက်ရှာတော့ လည်း မတွေ့ပြန်။ ဒီတော့မှ ခြံထဲဆင်းလိုက်ခဲ့မိသည်။ အခုတော့ သူ လိုက်လာခဲ့တာ မှန်သွားသည်။

သူ ခြေသံကြားတော့ ကောင်မလေး ခေါင်းလေးက ဆတ်ခနဲ ထောင်မတ်သွား၏။ အသံခပ်တိုးတိုးလေးနှင့် မေးနေ သည်။ မောင်လားတဲ့လေ … ။

ဩော် … အိမ်ခြွေရှင်ရယ်။

မင်းက မင်းရဲ့ချစ်သူကို ဒီနေရာလေးမှာ လာစောင့် မျှော်နေတာကို။ သူ မြတ်နိုးမိသော ပန်းကလေးတွင် ကိုယ်ရံတော် ဆူးလေးက အသင့်ရှိနှင့်နေချေပြီ။

အလွန်တရာ လိုချင်မက်မောသော အရာဝတ္ထုတစ်ခု ကို လက်လွှတ်ဆုံးရှုံးရတော့မှာပါလားဆိုတဲ့အသိကြောင့် နိုင်သိန်း ရဲ့စိတ်တွေ အကြီးအကျယ် သွေးပျက်ကာ တုန်လှုပ်နေရသည်။





အိမ်ခြွေရှင့်မှာ …

ချစ်ဦးသူ ရှိနေပါလားဆိုတဲ့အသိက ရင်ကိုပြင်းစွာ လောင်မြိုက်စေသော မီးစများလို နှလုံးသားတွေကျွမ်းကာ အရည် ပျော်လုလု … ။ အိမ်ခြွေရှင်ကတော့ သူ ရောက်နေတာကို မသိချေ။ မိုးကောင်းကင်ကြီးကို မော့ကြည့်ပြီး စကားတွေ တတွတ်တွတ် ပြောနေ၏။

“မောင်ရယ် … ရှင် မလာဘူးဆိုတာ သိပါတယ် … ဒါပေမဲ့ ရင်ထိုးလေး စောင့်မျှော်ချင်သေးတယ် မောင်ရယ် … ”

အိမ်ခြွေရှင် တစ်ယောက်တည်း တိုးတိုးလေး စကား တွေ ပြောနေမိသည်။

သစ်ရွက်ခြောက်တွေ လေတိုက်လို့ ခြေသံလိုလို ထွက်လာခြင်းကိုပင် မောင်များ လာလေသလားဟုပင် အိမ်ခြွေရှင့် စိတ်ထဲ ထင်နေမိသည်။ ဘယ်အချိန်များ … သူမချစ်သူမောင်တစ် ယောက် သူမရှေ့ ဘွားခနဲ ထွက်ပေါ်လာလေမလဲဟု မျှော်လင့် တောင်းတမိနေဆဲရယ်ပါ။ မောင်က မထင်မှတ်တဲ့အချိန်လေးတွေ မှာ မယုံနိုင်စရာ စွန့်စားမှုတွေနဲ့ သူမရှေ့ ပေါ်လာတတ်တာကို။

“မောင်ရယ် … ရင်ထိုးလေးဆီကို လာခဲ့ပါနော် … မောင့်ကို ရင်ထိုးလေး တွေ့ချင်လို့ပါ … မိုးကောင်းကင်ကြီးရယ် ရင် ထိုးလေး မောင့်ကို တကယ်ချစ်တာပါ … ဘယ်သောအခါမှ မဖောက်မဖျက် သစ္စာရှိစွာနဲ့ ချစ်ခဲ့တာပါ … အဲဒီစကား လေးတွေကို … မောင်ကြားအောင် မိုးကောင်းကင်ကြီးက

ပြောပြပေးပါနော် ... ရင်ထိုးလေး မောင့်ကို အရမ်းသတိရပြီး လွမ်းနေတယ်လို့ ပြောပေးပါ မိုးကောင်းကင်ကြီးရယ် မောင်က မိုးကောင်းကင်ကြီး ပြောတဲ့စကားတွေဆို သိပ်ယုံတာ ... မောင်တစ်ယောက် အဲဒီစကားတွေကိုကြားပြီး ရင်ထိုးလေးဆီကို လာနိုင်ပါစေ ... ရင်ထိုးလေးဆီကို ရောက်အောင်လည်း မိုးကောင်းကင်ကြီးက မောင့်ကို ကူညီလိုက်ပါနော် ... ရင်ထိုးလေး တောင်းပန်ပါတယ် မိုးကောင်းကင်ကြီးရယ် ... "

အိန္ဒြေရှင် ရင်ထဲက ခံစားချက်ကလေးတွေကို မိုးကောင်းကင်ကြီးအား ရင်ဖွင့်နေမိသည်။ တစ်ခါတစ်ရံ မောင့်လက်ကိုဆွဲပြီး ဒါ ... အိန္ဒြေရှင့်ချစ်သူပါဟု မာမီ ဒက်ဒီတို့နှင့် မိတ်ဆက်ပေးလိုက်ချင်ပါသည်။ သို့သော် အိန္ဒြေရှင် မလုပ်ရဲပြန်ပါ။

အခုတလော ...

ဒက်ဒီရဲ့စိတ်တွေက အရင်ကထက်ပိုပြီး အိန္ဒြေရှင်အပေါ် တင်းမာနေသည်။ ဘာတွေအလိုမကျဖြစ်နေသလဲဆိုတာ မသိပေမဲ့ အိန္ဒြေရှင်နှင့် မျက်နှာချင်းဆိုင်တွေ့တိုင်း ဒေါသမျက်ဝန်းတွေ ရုတ်ခြည်း ပြောင်းပြောင်းသွားတတ်တာတော့ သတိထားမိသည်။

မောင့်ကို ပြောပြချင်လိုက်တာ ... ။ သူမ စိတ်တွေ အရမ်းညစ်နေတဲ့အကြောင်းကိုပေါ့။ ဦးနိုင်သိန်း အိမ်ကို ရောက်နေသည့်အကြောင်းကိုလည်း ... မောင့်ကို ဖွင့်ပြောပြထားချင်သည်။





အခဲတွေကိုတော့ မောင့်ကို ပြောပြဖို့ စိတ်ကူးထားသည်။ အရင်ကလို လွတ်လပ်မှုမရှိဘူးဆိုတာရယ် ... အတင့်ရဲတဲ့လုပ်ရပ်တွေရယ်ကို သတိထားဖို့ရယ် မှာရမည်။

"အိန္ဒြေရှင်ရေ ... "

ဟော ... ။ ဒါ ... ဒေါ်ကြီးကျွမ်းရဲ့ခေါ်သံပဲ။

ဒီနေရာလေးမှာ ရှိနေတာ သူတို့ သိလို့မဖြစ်ဘူး။ ဒါက အိန္ဒြေရှင်နဲ့ မောင်တို့ရဲ့ လျှို့ဝှက်နေရာလေးလေ။ ဘယ်သူမှ သတိမထားမိကြတဲ့ နေရာလေးတစ်ခုပါ။ ဒါကို ဘယ်သူမှသိလို့မဖြစ်ပါ။ တော်ကြာ ... မောင်နဲ့ရှိနေတုန်း သူမ ဒီနေရာမှာ ရှိမှာပဲဆိုပြီး လိုက်လာလို့ကတော့ ကွဲခနဲမိသွားမှာလေ။

"အိန္ဒြေရှင် ... "

အိန္ဒြေရှင် အသံမထွက်ဘဲ အပြေးကလေး အလင်းရောင်ဘက်ရှိခုံတန်းဆီသို့ခြေသံဖွဖွနှင့်လှစ်ခနဲပြေးကာထိုင်လိုက်သည်။

"အိန္ဒြေရှင် ... "

"ရှင် ... ဒေါ်ကြီးကျွမ်း ... "

"ဪ ... သမီးက ခြံထဲမှာ ထိုင်နေတာကို ... "

ဒေါ်ကြီးကျွမ်းသည် အခုမှ သူမထိုင်နေတာကို တွေ့သွားလေ၏။ အပြုံးကလေးနှင့် လျှောက်လာကာ ...

"ဝင်ဖို့သင့်ပြီလေ သမီးရဲ့ ... ညဦးနက်နေပြီ ... စောစောက သမီးလေးအခန်းကို တံခါးခေါက်ကြည့်တာ မရှိလို့ ခြံထဲဆင်းရှာတာ ... လာ လာ ... အိပ်တော့ သမီးလေး ... "

"ဟုတ်ကဲ့ ဒေါ်ကြီးဂျမ်း … သမီးလည်း အခုပဲ တိုက်ထဲဝင်တော့မလို့ပါ …"

အိန္ဒြေရှင် … စကားနားထောင်သော ကလေးတစ်ယောက်လို ညင်သာစွာ ထလိုက်ခဲ့တော့သည်။

ထိုအဖြစ်အပျက်အားလုံးကို နိုင်သိခ်တစ်ယောက် စူးလက်စွာ စောင့်ကြည့်ပြီး မဲ့ပြုံးလေးတစ်ချက် ပြုံးလိုက်သည်။ ပြီးနောက် … စီးကရက်တစ်လိပ်ကို မီးညှိကာ သုံးလေးခါလောက် ရှိုက်ဖွာလိုက်ပြီး စောစောက အိန္ဒြေရှင် ထိုင်သွားသော နေရာလေးဆီသို့ အသာကလေး တိုးကပ်ကာလျှောက်လာပြီး ခရေပင်အုပ်အုပ်ကြီးအောက်က ခုံအဝိုင်းပတ်လေးတွင် ထိုင်လိုက်သည်။ စီးကရက်လေးကို တရှိုက်မတ်မတ်ဖွာပြီး မီးခိုးငွေ့လေးကို ခပ်ဖြည်းဖြည်းမှုတ်ထုတ်လိုက်၏။ မိုးကောင်းကင်ကြီးကို မော့ကြည့်လိုက်မိသည်။ အရှူးထပြီး စိတ်ကူးယဉ်ဆန်လွန်းတဲ့ အိန္ဒြေရှင့်စကားတွေကို ပြန်ကြားယောင်မိပြီး သူ ဟားတိုက်ရယ်မောလိုက်ချင်သည်။

အိန္ဒြေရှင် …

မင်း သိရဲ့လား။

ငါ မင်းကို အရမ်းချစ်သွားမိပြီ။ မင်းလည်း ငါ့ကို ပြန်ချစ်ရမယ် အိန္ဒြေရှင်။

မင်းဘဝ၊ မင်းရဲ့အနာဂတ်တွေကို ငါကလွဲပြီး ဘယ်သူမှ မပိုင်ဆိုင်ရဘူး။

ငါ … မင်းကို လက်လွှတ်ဆုံးရှုံးမခံနိုင်ဘူး အိန္ဒြေရှင်။





မင်းနဲ့အနီးဆုံးမှာ ငါ လာနေတာ … မင်းနဲ့ဝေးရမှာ မလိုလားလွန်းလို့။ မင်းရဲ့ အငွေ့အသက်ကလေးတွေနဲ့ တွေ့ထိခံစားခွင့်မရမှာစိုးလို့ကွ။

တစ်နေ့နေ့မှာ …

ငါ့ရင်ခွင်ထဲကို မင်းရောက်လာစေရမယ်။

မင်းကို ငါရအောင်သိမ်းပိုက်မယ်။

မင်းအဖေ ဦးတွင့်ခေါင်ဟာ ငါ့ကိုအရမ်းချမ်းသာတယ်ဆိုပြီး သူ့သမီးနဲ့ အတင်းသဲဘောတူချင်နေတာလေ။

အဟွန်း … ။

နိုင်သိခ်ဆိုတဲ့ငါက ကိုယ်ပေးဆပ်ထားသလောက် တန်အောင်ပြန်ယူရမှ ကျေနပ်တဲ့လူစားမျိုးကွ။ အဲဒါကို မင်း မသိသေးလို့ပါ အိန္ဒြေရှင်။ မင်းသိရင် အခုလို မိုးကောင်းကင်ကြီးကိုမော့ကြည့်ပြီး သွေးရူးသွေးတန်းနဲ့ ဆုတွေတောင်းဆိုနေမှာ မဟုတ်တော့ပါဘူးကွာ။

ဟား … ဟား … ။



## အခန်း (၁၁)

"မောင်နိုင်သိန်းက … အိန္ဒြေရှင့်ကို လက်ထပ်ချင်တယ်လို့ မာမီတို့ဆီမှာ ခွင့်တောင်းတယ် သမီးရယ် …"

"ရှင် … "

"မယုံနိုင်စရာပါပဲကွယ် … သမီးလေး သိပ်ကံကောင်းတာပဲ … "

"ဟင် … "

"သမီးဒက်ဒီက သူ့ အရမ်းဖြစ်စေချင်တဲ့ဆန္ဒတစ်ခုပဲလေ … အဲဒါကြောင့် သူချက်ချင်း လက်ခံလိုက်တာပေါ့ … မောင်နိုင်သိန်းလို လူတစ်ယောက်က အပြစ်ပြောစရာမှမရှိတာ … "

"နေ … နေပါဦး မာမီ … မာမီ … ဘာ … ဘာတွေပြောနေတာလဲဟင် … အိန္ဒြေရှင် ဘာမှနားမလည်တော့ဘူး"

"ဟောတော့ … အဟင်း ဟင်း … သမီးကတော့ လုပ်ရော့





မယ် … မာမီပြောတာက ဒီမနက် သမီးလေးမနိုးခင် နံနက်စာ စားဝိုင်းမှာ မောင်နိုင်သိန်းက ပြောတာလေ … သူလည်း တော်တော်လေး အားနာပြီး မျက်နှာပူနေသလိုပဲကွယ် … မရဲတရဲလေး ပြောရှာတာပါ … အိန္ဒြေရှင့်ကို သူ မြင်မြင်ချင်း မေတ္တာသက်ဝင်လို့ လက်ထပ်ချင်ပါတယ်တဲ့ … ဒီတိုက်ကြီးမှာ သူနေခဲ့တဲ့တစ်ချိန်လုံး သတိထားမိသလောက် သမီးရဲ့ အမူအကျင့်လေးတွေကို လေ့လာမိတာက ကလေးဆန်တာလေးကလွဲပြီး … တခြား ဘာမှအပြစ်ပြောစရာမရှိဘူးတဲ့လေ … ဒါကြောင့် မိသားဖသားပီပီ မာမီတို့ကို အသိပေးတောင်းရမ်းတာတဲ့ … မာမီတို့ဘက်က ခွင့်ပြုမယ်ဆိုရင် နိုင်ငံခြားက သူ့မိဘတွေဆီ အကြောင်းကြားပြီး မင်္ဂလာကိစ္စကို တရားဝင်စီစဉ်ချင်ပါတယ်တဲ့ သမီးရယ် … အဟင်း … ဟင်း … မာမီလေ ဝမ်းသာလွန်းလို့ ဘာပြန်ပြောရမှန်းတောင် မသိတော့ပါဘူးကွယ် … သမီးဒက်ဒီကတော့ သမီးအတွက် အရမ်းဂုဏ်ယူနေတယ် သိလား … "

အို …

သူမကိုယ်လေး ယိုင်နဲ့ကာ အိပ်ရာလေးပေါ် ထိုင် သွားရသည်။ ဝမ်းပန်းတသာ ပြောနေတဲ့ မာမီ့ရဲ့စကားသံတွေ သူမနားထဲ သံရည်ပူနှင့် လောင်းချခံရသလို နာကျင်စွာ ခံစား ရသည်။

ဝေခနဲတက်လာသော မျက်ရည်ကြည်လေးကြောင့်

အမြင်တွေ ဝေဝါးသွားရ၏။ စိတ်တွေ တုန်လှုပ်ချောက်ချားနေသည်။ မယုံကြည်နိုင်စရာ အဖြစ်အပျက်ကြီးတစ်ခုက သူမရှေ့ကို ဝုန်းခနဲ ပြိုကျလာခဲ့လေပြီ။ အလွန်တရာ ကြောက်မက်ဖွယ်ကောင်းသော အိပ်မက်ကြီးထဲမှာ အသက်လုကာ အမောတကော ပြေးနေရဆဲ ... ။

ဘုရားရေ ...

ဒါဟာ တကယ့်အဖြစ်အပျက်ကြီးလား။

ဦးနိုင်သိန်းက အိန္ဒြေရှင့်ကို လက်ထပ်ချင်သတဲ့။

ဒါကို မိဘတွေက သဘောတူခွင့်ပြုပြီးပြီတဲ့လေ။

အိန္ဒြေရှင့်ရဲ့ သဘောတူခွင့်ပြုချက်မရဘဲ အခုလို လက်ခံလိုက်တာ ... တစ်ဆိတ်လောက် တရားလွန်မနေဘူးလား ကွယ်။ အိန္ဒြေရှင် ဒီကိစ္စကို ငြင်းဆန်ခွင့်မရအောင် အခုလိုတစ်ဖက် သတ်စီစဉ်တာကြီးက သိပ်ကို မြန်ဆန်လွန်းပါတယ်။

"မာမီ ..."

"ဟေ ..."

"ဒက်ဒီရော ..."

"စာကြည့်ခန်းမှာ ရှိမှာပေါ့ အိန္ဒြေရှင် ..."

အိန္ဒြေရှင် ထိုင်ရာကနေ ဆတ်ခနဲ ထရပ်လိုက်သည်။ ဒီကိစ္စကို ခပ်လွယ်လွယ်လေးနဲ့ အိန္ဒြေရှင် အလျှော့မပေးလိုက်ချင်ပါဘူး။ မိဘတွေစကားကို မိုက်မဲစွာ ငြင်းဆန်ဖို့ ကြိုးစားတာမဟုတ်ပေမဲ့ ပြောပြမှဖြစ်တော့မည်။ သူမ မောင့်ကို သိပ်ချစ်တယ်လေ-





မောင့်ကိုပဲ လက်ထပ်ချင်တယ်။ မောင်ကလွဲပြီး ဘယ်လိုယောကျ်ားမျိုးကိုမှ အိန္ဒြေရှင် လက်မခံနိုင်ပါဘူး။ ပြီးတော့ ... အိန္ဒြေရှင်ရဲ့ချစ်သူဟာလည်း ... ဝဏ်သရေရှိလူကြီးလူကောင်း မိဘအသိုင်းအဝိုင်းက မွေးဖွားလာတဲ့လူတစ်ယောက်ပဲလေ။

ဒါကိုသိရင် ဒက်ဒီ လက်ခံနိုင်မှာပါ။

ဦးနိုင်သိန်းကို ... အိန္ဒြေရှင် ဘယ်လိုမှ လက်မခံနိုင်ဘူးဆိုတဲ့အကြောင်း ဒက်ဒီ့ကို အိန္ဒြေရှင် သွားပြောပြရမည်။ အချိန်မလွန်ခင် သတ္တိရှိရှိ တားဆီးရင်ဆိုင်ခြင်းဟာ အကောင်းဆုံးပဲဟု ဆုံးဖြတ်ပြီး စာကြည့်ခန်းဘက်သို့ လျှောက်ခဲ့သည်။

"ဒေါက် ... ဒေါက် ..."

"ဝင်ခဲ့ ... တံခါးဖွင့်ထားတယ် ..."

အထဲက ပြတ်ရှရှအသံတစ်ခုကြောင့် တံခါးချပ်ကို အသာတွန်းဖွင့်လိုက်သည်။

"ဒက်ဒီ ..."

သူမ ခေါ်သံကြောင့် ဖတ်လက်စ စာအုပ်ထူကြီးဆီမှ အကြည့်ကိုခွာကာ သူမဆီသို့ လှည့်ကြည့်ပါသည်။

"ဘာကိစ္စလဲ ..."

စာဖတ်လျှင် အခုလို အနှောင့်အယှက်လာပေးတာမျိုးကို ဒက်ဒီ မနှစ်သက်တတ်ပါ။ ဒါကြောင့် စာကြည့်ခန်းထဲဝင်လျှင် အားလုံးသတိထားရှောင်ရသည်။ အခုတော့ ... အိန္ဒြေရှင် ဒါတွေကို သတိမထားနိုင်ပါ။ သူမရင်တွေ ကွဲထွက်တော့မည်။ နှလုံးသွေးတွေ

ဆူပွက်နေရ၏။

"ပြောလေ အိန္ဒြေရှင် … ဘာကိစ္စအရေးကြီးလို့ အခုလို စာဖတ်ခန်းထဲထိ လိုက်လာရတာလဲ … "

စူးရဲတဲ့ မျက်ဝန်းတစ်စုံက သူမရဲ့မျက်နှာကို မလွတ်စတမ်း စိုက်ကြည့်နေပါသည်။ အိန္ဒြေရှင့်စိတ်တွေထဲ ကြောက်ရွံ့စိုးထိတ်မှုတွေ တိုးဝင်လာ၏။ တကယ်တမ်း ရင်ဆိုင်ရမည်ဆိုတော့လည်း သူမ လန့်နေမိသည်။ ဒက်ဒီက, စိတ်ထက်မြက်သလို စိတ်လည်းဆတ်သည်။ အိန္ဒြေရှင် စိတ်တွေကို မနည်းတင်းထားရ၏။

"အိန္ဒြေရှင် … "

ဒက်ဒီ့ခေါ်သံက မာဆတ်ဆတ်။

နဖူးပြင်လေးတွင် ချွေးစေးကလေးတွေစို့လာသည်။ ဒူးတွေ ချွေညွတ်ကျမတတ် တဆတ်ဆတ်တုန်လာ၏။

"ဒက် … ဒက်ဒီ … "

"သမီး … ဦးနိုင်သိခ်ကို လက်မထပ်နိုင်ဘူး ဒက်ဒီ … "

"ဘာ … ဘာပြောတယ် အိန္ဒြေရှင် … "

"ဟုတ်တယ် ဒက်ဒီ … ဦးနိုင်သိခ်ကို အိန္ဒြေရှင် မယူနိုင်ဘူး။ အဲဒီအတွက် ဒက်ဒီရဲ့စကားတွေ ပေးထားတဲ့ကတိတွေကို ပြန်ရုပ်သိမ်းပေးပါ … "

"အိန္ဒြေရှင် … "

"ပြောပါ ဒက်ဒီ … "

"နိုင်သိခ်လို လူတစ်ယောက်ကို … ဘာကြောင့် မယူချင်ပါ





ဘူးလို့ ချက်ချင်းဆုံးဖြတ်လိုက်ရတာလဲ … နိုင်သိခ်လိုလူတစ်ယောက်ရဲ့ ကမ်းလှမ်းမှုကို မိန်းကလေးတိုင်း လိုလားတောင်းတကြတဲ့အထဲမှာ အိန္ဒြေရှင်ဟာ ကံကောင်းပြီး … ဒီအခွင့်အရေးကိုရခဲ့တာပါ … ဒါကို ဝမ်းယူသင့်တယ် အိန္ဒြေရှင် … "

"ဒက်ဒီ … ဟို … ဟိုလေ … "

"ဒက်ဒီ လက်ခံလိုက်ပြီ အိန္ဒြေရှင် … မိဘက သင့်တော်တယ်ထင်လို့ စီစဉ်တာပါ … ဒါဟာ သမီးရဲ့ဘဝရှေ့ရေးအတွက် ပဲလေ … "

"အချစ်မပါတဲ့ အိမ်ထောင်ရေးတစ်ခုကို … သမီး တည်ထောင်ရတော့မှာလား ဒက်ဒီ … "

"ဘာ … ဘာရယ် … "

"ဦးနိုင်သိခ်ကို … သမီး ခင်ပဲခင်တယ် ဒက်ဒီ … ပြီးတော့ အသက်ကလည်း အရမ်းကွာလွန်းတယ် … "

"ဟား … ဟား … "

"အို … "

ဒက်ဒီ့ဆီက မထင်မှတ်ဘဲ ဟားတိုက်ရယ်မောလိုက်သံကြောင့် အိန္ဒြေရှင်ပင် အံ့သြမင်သက်သွားရသည်။ ဒက်ဒီ အခုလို သဘောအကျကြီးကျပြီး အူလှိုက်သည်းလှိုက် ရယ်မောလိုက်တာမျိုး တစ်ခါမျှ မကြုံဖူးဘူးလေ။

"ဒီမှာ အိန္ဒြေရှင် … ဘယ်လိုပဲဖြစ်ဖြစ် သမီးကို မောင်နိုင်သိခ်

နဲ့ လက်ထပ်ပေးဖို့ ဒက်ဒီတို့ ဆုံးဖြတ်ထားတယ် ... ဒါကို ဘယ်လိုအကြောင်းပြချက်မျိုးနဲ့မှ ငြင်းဆန်ဖို့ မကြိုးစားနဲ့ သမီး ... မောင်နိုင်သိန်းဆီက ဒီတောင်းခံမှုမျိုးရဖို့ ဒက်ဒီ မနည်းကြိုးစားထားရတာ အိန္ဒြေရှင် ... မောင်နိုင်သိန်းဟာ သာမန်ယောကျ်ားတစ်ယောက်မဟုတ်ဘူး ... ထူးချွန်ထက်မြက်တဲ့ ယောကျ်ားတစ်ယောက် ... အဲဒီလိုလူမျိုးကို လက်တွဲဖော်အဖြစ် တွေ့ဆုံခဲ့ရတာ အိန္ဒြေရှင့်အတွက် ကြီးမားတဲ့ ဆုလာဘ်တစ်ခုပဲ အိန္ဒြေရှင် ... မိဘစကားကို မပယ်ရှားပါနဲ့ ... ဒက်ဒီနဲ့မာမီဟာ သမီးအပေါ် တာဝန်ကျေပွန်တဲ့ မိဘကောင်းတွေပါ ... ဒါကို သမီး နားလည်ပါ အိန္ဒြေရှင် ...

"ဒက်ဒီ ... သမီး ... သမီး ..."

"ဒက်ဒီကိုယ်တိုင် မောင်နိုင်သိန်းနဲ့သဘောတူလွန်းလို့ သမီးကို အစောင့်အရှောက်တွေနဲ့ တစ်သက်လုံးထိန်းချုပ်လာခဲ့တာလေ ..."

အို ... ။

ဒက်ဒီ့စကားက အရှင်းကြီးပဲ ... ။ ဦးနိုင်သိန်းကို အိန္ဒြေရှင် မဖြစ်မနေ လက်ခံရမည်ဟု ဆိုလိုလိုက်ခြင်းပင် ... ဘယ်အကြောင်းမျိုးနဲ့မှ ဒီကိစ္စကို ဒက်ဒီ အလျှော့ပေးတော့မည် မဟုတ်ပါ ... ။ ဒါကို အိန္ဒြေရှင်တစ်ယောက် သိလေလေ ... ခံစားနာကျင်ရလေလေပါပဲ။

မောင့်အကြောင်းလေးပင် ပြောခွင့်မရပါ။





အိန္ဒြေရှင့်ရင်ထဲကခံစားချက်တွေကို ဒက်ဒီ လက်မခံတော့။ ဒက်ဒီရှိသော နေရာလေးကနေ တသိမ့်သိမ့် ငိုရှိုက်ကာ ပြေးထွက်လာခဲ့မိတော့သည်။

"အဟင်း ... ဟင်း ..."

မာမီသည် အခန်းထဲ အပြေးကလေး ဝင်သွားသော အိန္ဒြေရှင့်ကို နားမလည်နိုင်သလို ငေးကြောင်ကြည့်နေပါသည်။ အိန္ဒြေရှင် ... ဘယ်သူ့ကိုမှ မကြည့်တော့ဘဲ အခန်းတံခါး လော့ခ်ကလေးချထားလိုက်ပြီး အိပ်ရာလေးပေါ် လှဲချကာ တသိမ့်သိမ့် ရှိုက်ငိုနေမိသည်။

မောင်ရယ် ...

အိန္ဒြေရှင် ဘယ်လိုလုပ်ရတော့မလဲဟင်။

အိန္ဒြေရှင် မောင့်ကိုပဲချစ်တယ်။

မောင့်ကိုပဲ လက်ထပ်ချင်တယ်။ ဦးနိုင်သိန်းဆိုတဲ့ လူဟာ မိန်းကလေးတိုင်း မက်မောစရာကောင်းလောက်တဲ့ အရည်အချင်းပြည့်ဝတဲ့လူတစ်ယောက်ဆိုတာ အိန္ဒြေရှင် လက်ခံပါတယ်။ ဒါပေမဲ့ ... အိန္ဒြေရှင့်အတွက် အဲဒါတွေ ဘာမှမလိုအပ်ဘူး မောင်။ အိန္ဒြေရှင့်ကို သိပ်ချစ်တဲ့ မောင့်ရဲ့ဖြူစင်ဆုံး ချစ်ခြင်းလေးတွေကိုသာ အိန္ဒြေရှင် လိုချင်တာပါ။ နွေးထွေးတဲ့ အကြင်နာစကားလေးတွေနဲ့ ညင်သိမ့်မှုလေးကိုပဲ အိန္ဒြေရှင်က မက်မောတာလေ ... ။ မောင်က ရိုက်ဆံချမ်းသာတဲ့အသိုင်းအဝိုင်းက ကောင်လေးတစ်ယောက်ပါပဲ။ ဒါပေမဲ့ ... ဦးနိုင်သိန်းလိုတော့ လုပ်ငန်းရှင်တစ်ယောက် မဟုတ်နိုင်

သေးဘူးပေါ့။

ဒက်ဒီက ... ဦးနိုင်သိမ်ကို အထင်ကြီးလွန်းတယ်။ အထင်ကြီးရလောက်အောင်လည်း ဦးနိုင်သိမ်က တော်တာကို ... စီးပွားရေးလုပ်ငန်းကို တည်ထောင်ဖို့ ကြိုးစားတဲ့နေရာမှာ ဦးနိုင်သိမ် ရဲ့အကြံဉာဏ်တွေ၊ တင်ပြဆွေးနွေးမှုတွေက ဒက်ဒီ့အတွက်တော့ အားရ ကျေနပ်စရာတွေချည်းပဲလေ။ ဒါကြောင့် ... ဒက်ဒီ ဘယ်တော့ အကြောင်းမျိုးနဲ့မှ လက်လွှတ်ခံမှာမဟုတ်ဘူး။

မောင် ...

မောင်ရယ်။

အိန္ဒြေရှင် ဘယ်လိုလုပ်ရလဲဟင်။

ဦးနိုင်သိမ်ကို အိန္ဒြေရှင် လုံးဝမချစ်ဘူး။

ဒက်ဒီက သင့်တော်တယ်ထင်လို့စီစဉ်တာ ဖျက်ဖို့ မကြိုးစားသင့်ဘူးတဲ့ မောင်ရယ်။ ဘယ်လိုလုပ်ရမလဲ မောင် ... အိန္ဒြေရှင် မောင့်ကို အရမ်းတွေ့ချင်တယ်။ မောင့်ဆီကအကြံဉာဏ် ကို တောင်းခံချင်တယ်။ အိန္ဒြေရှင့်အဖြစ်ကို လာကြည့်လှည့်ပါဦး မောင်ရယ် ... ။

အဟင့် ... ဟင့်။

သူမ မောင့်ဆီကို ဖုန်းဆက်လိုက်ရင်ကောင်းမလား။

မောင်က နှစ်ရက်လောက် မလာအားဘူးလို့ပြော ထားတာလေ။ မောင့်မှာ ဘယ်လိုအခက်အခဲတွေရှိနေမှန်း မသိဘဲ နဲ့ အိန္ဒြေရှင့်ရဲ့ အပူသောကတွေကို တင်ပြရမလား။ မောင် ပိုပြီး





စိတ်သောကတွေ ရောက်သွားမှာကိုလည်း အိန္ဒြေရှင် မလိုလားနိုင် ပြန်ပါ။

ဟမ်းဖုန်းလေးကို စားပွဲပေါ် ပြန်တင်ကာ အိပ်ရာ ထဲ ပြန်ခွေပြီး ငိုမိပြန်သည်။

တစ်ဘက်မှာလည်း ... မိုးသောင်ယံတစ်ယောက် စိတ်အညစ်ကြီး ညစ်နေရသည်။

ဒက်ဒီ အပြတ်ကျွေးထားသော လက်သီးချက်များ ကြောင့် နှုတ်ခမ်းထောင့်စွန်းနှင့် ပါးရိုးတို့တွင် အညိုအမည်း စွဲနေ သည့်ဒဏ်ရာကြီးက အထင်းသားကြီးဖြစ်နေသည်။ အိမ်မှာတော့ သူငယ်ချင်းတွေနဲ့ ခိုးထွက်ပြီး စတိတ်ရှိုးပွဲသွားကြည့်လို့ ဒဏ်ပေးခံ ရတာ သိကြပေမဲ့ ရင်ထိုးလေး မြင်သွားရင် အရမ်းစိတ်ထိခိုက်သွား မှာလေ။

ချစ်သူကို သွားတွေ့ချင်ပေမဲ့ အရင်ကလို လွတ်လပ် မှုမရှိတော့။ ခြံစောင့်အသစ်နှစ်ယောက် ထပ်ခန့်ထားကာ သူ အပြင် ထွက်မရအောင် တားဆီးထားသည်။ သတိရလိုက်တာ ... ။ ဟမ်း ဖုန်းကိုလည်း ဒက်ဒီက သိမ်းသွားသဖြင့် ရင်ထိုးလေးနဲ့ အဆက် အသွယ်က လုပ်မရ။ တစ်ယောက်တည်း အခန်းထဲမှာ စိတ်ညစ်နေ မိသည်။

အခုတလော သူ့ရဲ့ ကံဆိုးမှုတွေက ဆက်တိုက်တွေ့ ကြုံနေရ၏။

ရင်ထိုးလေးဆီ ဒဏ်ရာကြီးတွေနဲ့ မသွားချင်တာ

ကြောင့် ဖုန်းလှမ်းဆက်ပြီး နှစ်ရက်လောက် မလာသေးဘူး လှမ်းပြီး ခွင့်တောင်းနေစဉ် အခန်းထဲကို ဒက်ဒီ ဝင်အလာနှင့် ဆုံသွားပြန်သည်။ သူငယ်ချင်းတွေနဲ့ အချိန်းအဆက်လုပ်နေရသေးသလားဆိုပြီး ဟမ်းဖုန်းကိုပါ တစ်ပါတည်း သိမ်းသွား၏။

အခုမှ အခက်ကြီး ခက်ရပြီ။

ဘယ်လိုလုပ်ရမလဲ ... ။

အပြင်ကိုလည်း ထွက်လို့မရ၊ ဖုန်းလေးထဲက ချစ်သူလေးအသံကို အလွမ်းဖြေ နားထောင်ခွင့်မရှိ၊ အခုမှ ဒုက္ခတွေအကြီးအကျယ် ရောက်နေရသည်။

သူ ...

ညက အိပ်မက်တွေ သိပ်မကောင်းပါ။

ရင်ထိုးလေး နေထိုင်မှုကောင်းရဲ့လား။ သူ့စိတ်တွေထင့်နေသည်။

အိပ်မက်ထဲမှာ ရင်ထိုးလေးနဲ့ သူ မိုးကောင်းကင်ကြီးပေါ်က တိမ်ဆိုင်တွေကြား ပြေးလွှား ဆော့ကစားနေကြစဉ် မိုးခြိမ်းသံကြီး ကြားရပြီးနောက် သူ့နံဘေးကနေ ရင်ထိုးလေး ရုတ်တရက် ပျောက်ကွယ်သွား၏။

မိုးသောင်ယံ အသည်းအသန် ရင်ထိုးလေးကို ရှာဖွေမိသည်။

ဘယ်လိုရှာရှာ မတွေ့တော့။

သူ ဓာချွေးတွေ ပြန်လာ၏။ ရင်ထိုးလေးရဲ့နာမည်





ကို တွင်တွင်ခေါ်ပြီး တိမ်ဆိုင်တွေကြား လိုက်ရှာနေစဉ် အပြင်ကတံခါးခေါက်ပြီးနှိုးသံကြောင့် ... အိပ်ရာထက်က လန့်နိုးသွားရ၏။ အိပ်ရာကနိုးတော့ သူ့ခန္ဓာကိုယ်တစ်ခုလုံး ချွေးစေးတွေနှင့် ရွှဲနစ်လို့။ အဲယားကွန်းခန်းကြီးထဲမှာ မောပန်းနွမ်းလျစွာ ဓာချွေးတွေပြန်ပြီး နိုးထခဲ့ရသည်။

စိတ်တွေ လှုပ်ရှားနေရ၏။

ရင်ထိုးလေးများ တစ်ခုခု ဖြစ်နေပြီလားဆိုတဲ့ ... သံသယစိတ်ကလေး ခိုဝင်လာတော့ မိုးသောင်ယံ ဘယ်လိုမှနေလို့မရတော့။

အပြင်ထွက်ပြီး ရင်ထိုးလေးဆီ ပြေးသွားလိုက်ချင်စိတ်တွေက ထိန်းချုပ်မရ ... ။ ရင်ထိုးလေးဆီကို ဘယ်လိုအဆက်အသွယ်လုပ်ရပါ့မလဲ။ ဖုန်းလိုင်းကြိုးလေးသာရှိနေပြီး ဖုန်းခွက်ကိုဒက်ဒီက သိမ်းသွားပြီလေ။ ရင်ထိုးလေးဆီ ဘယ်လိုဆက်သွယ်လို့မှမရဘဲ ဖြစ်နေရ၏။

သူ ...

အကြံအမျိုးမျိုး ထုတ်နေမိသည်။

တစ်ယောက်တည်း ကျိတ်ပြီးတွေးနေစဉ် ... သူ့ဦးနှောက်ဆီမှ ပြိုဆင်းလာသော အကြံအစည်လေးတစ်ခုကြောင့် ... သူ့မျက်လုံးလေးတွေ လက်ခနဲဖြာသွားရသည်။

ကြည့်စမ်း ... ။ လှိုင်းသန္တာတစ်ယောက်လုံး ရှိနေသားပဲ။

မိုးသောင်ယံ မေ့ဖျောက်ပစ်ထားတဲ့လူတစ်ယောက်က အခုတော့ သူ့အတွက် အဲဒီလူဟာ အရမ်းကိုအသုံးဝင်တာပါလား။

အတွေးလေးကြောင့် သူ့နှုတ်ခမ်းလေးတွေ ပြုံးသွားရသည်။

နေရာကနေ အပြင်သို့ သွက်လက်စွာ ထွက်ခဲ့လိုက်ပြီး အပြင်က အရိပ်အခြေကို စောင့်ကြည့်လိုက်သည်။

ဘာအရိပ်အယောင်မှ မတွေ့ရသည့်အဆုံး လှိုင်းသန္တာရှိနေမည့် အခန်းလေးဆီသို့ ထွက်ခဲ့လိုက်တော့သည်။





အခန်း (၁၂)

လှိုင်းသန္တာရဲ့ အခန်းတံခါးပေါက်လေးကို အသာခေါက်လိုက်သည်။

သိပ်မကြာပါ ... အခန်းတံခါးလေးပွင့်လာပြီး သူမလေး ထွက်လာပါသည်။ သူ့ကိုမြင်လိုက်တော့ အရမ်းကို အံ့ဩသလို မျက်နှာကလေးနှင့်ကြည့်ပြီး ...

"ဘာကိစ္စရှိလို့လဲဟင် ကိုမိုးသောင်ယံ ... "

လှိုင်းသန္တာရဲ့အမေးကို ချက်ချင်းအဖြေမပေးဘဲ ... သူ နှစ်လိုစွာ အစွမ်းကုန် ပြုံးပြလိုက်ပါသည်။ လှိုင်းသန္တာနှင့် တစ်တိုက်တည်း ရှိနေရပါလျက်နဲ့ သူ အခေါ်အပြော သိပ်မလုပ်ချင်၍ ရှောင်နေတာများ၏။ အခုတော့ ... သူ့ဘက်ကစပြီး ဆက်ဆံရပေပြီ။ သူ့ကို ကူညီနိုင်တာ သူမတစ်ယောက်ပဲ ရှိသည်။ သူ အခုလို လှိုင်းသန္တာဆီက အကူအညီ အရယူလိမ့်မည်ဟု ဘယ်သူမှ ထင်မှာမဟုတ်ချေ။

"ကိုယ် … ဖုန်းခဏ ငှားချင်လို့ပါ လှိုင်းသန္တာ … "

"ရှင် … "

"ဟိုလေ … ဖုန်းခွက်ခဏငှားချင်လို့ပါ … ကိုယ် အရမ်းအရေးတကြီး ဆက်စရာရှိလို့ပါ လှိုင်းသန္တာ … ကိုယ့်ကို ကူညီပါနော် … "

"ဟို … ဟို … လှိုင်းမှာ ဖုန်းမှမရှိတာ … "

"ရှိပါတယ် လှိုင်းရယ် … ကိုယ် ခဏပဲယူသုံးမှာပါ … ခဏပေးပါ … "

"ခက်တော့တာပဲ … "

"မခက်ပါဘူး … အိတ်စတန်းရှင်းဖုန်းကြိုးလေးဖြုတ်ပြီး ဖုန်းကိုပေးလိုက်ရင် ရတာပဲဟာ … "

လှိုင်းသန္တာ သဘောပေါက်သွားရပြီ။ သူမ အခန်းထဲက လှိုင်းဖုန်းကို လာငှားနေတာကို။

"အဲ … ဟုတ်သားပဲ၊ ဒါပေမဲ့ … အန်ကယ်သိရင် လှိုင်းကို ဆူနေဦးမယ် … "

"ဟင် … "

"ဟိုလေ … ဖုန်းငှားတာနဲ့ပတ်သက်ပြီး ပြဿနာဖြစ်မှာစိုးလို့ပါ … အခုတောင် ရှင့်မျက်နှာ အညိုအမည်း စွဲတဲ့အထိ ရိုက်နှက်ဆုံးမခံရတာဆိုတော့ … "

သူ့မျက်နှာကို စေ့စေ့ကြည့်ပြီး စိတ်မကောင်းတဲ့ လေသံကလေးနှင့် ပြောလာတဲ့ သူမရဲ့စိတ်စေတနာကို မိုးသောင်





ယံ နားလည်မိပါသည်။ သို့သော် ဒီလိုအသေးအမွှားကလေးတွေမှာ သတိကြောင်နေလျှင် ချစ်သူလေးအပေါ်မှာ ကျရောက်လာမည့် ဖြေရှင်းရခက်သော ကြီးမားသည့်အန္တရာယ်ကြီးများကို ဘယ်လိုရင်ဆိုင်ဖြေရှင်းရမည်နည်း။

ရင်ထိုးလေးကို သိပ်ချစ်တာလေ။

သူ့အသက်နဲ့တောင် ရင်းပြီး ချစ်ပြရဲတာပါ။

ဒါကို … လှိုင်းသန္တာသာသိရင် ရင်ကွဲသွားမှာပဲ။

"ရပါတယ် လှိုင်းသန္တာ … မင်းမပြောရင် ဘယ်သူမှ မသိနိုင်ပါဘူး … "

"ကျွန်မ မပြောပါဘူး … "

"ကျေးဇူးတင်ပါတယ် လှိုင်းသန္တာ … "

"ခဏလေးနော် … "

လှိုင်းသန္တာ သူမအခန်းထဲ ပြေးဝင်သွားပြီး တယ်လီဖုန်းအလုံးလိုက်ကြီး ဖြုတ်ယူလာပြီး သူ့အား လှမ်းပေး၏။ သူ ဝမ်းသာအားရ လှမ်းယူပြီး နေရာကနေ သွက်လက်စွာ လှည့်ထွက်ခဲ့သည်။

အခန်းထဲရောက်တာနှင့် မိုးသောင်ယံ တံခါးလော့ခ်ကလေးကို ချလိုက်သည်။ ဖုန်းကြိုးလေးဆီသွားပြီး ပြန်ဆက်ထားလိုက်တော့ ဖုန်းထဲ အော်တိုပြန်ဝင်လာ၏။ မိုးသောင်ယံ အပျော်ကြီး ပျော်သွားရသည်။ ရင်ထိုးလေးဆီကို ဆက်သွယ်လို့ရပြီလေ။

အကြံဉာဏ်ကောင်းကလေး … ထုတ်ပေးသော ဦး

နှောက်ကြီးကိုလည်း ချိုးကျူးမိလို့ မဆုံးတော့။ စိတ်အေးချမ်းသာစွာပင် ရင်ထိုးလေးရဲ့ ဟမ်းဖုန်းနံပါတ်ကလေးကို ဆက်လိုက်မိသည်။

ချက်ချင်း တစ်ဘက်ဖုန်းလိုင်းသို့ ဝင်သွား၏။

ဖုန်းခေါ်သံနှင့်အတူ ... သူ့ရင်ခုန်သံလေးတွေပါ တထိတ်ထိတ် ခုန်နေရပြီ။ ရင်ထိုးလေး အမြန်ကိုင်ဖို့ ဆုတောင်းနေမိသည်။

"ဟဲလို ... "

တစ်ဘက်က ထူးသံအစ်အစ်လေး ကြားလိုက်ရ၏။

"ရင်ထိုးလေးလားဟင် ... "

"ဟင် ... မောင် ... မောင်လား ... ရင်ထိုးလေးဆီကို မောင် ဖုန်းဆက်တာလား ... "

"ဟုတ်တယ် ချစ်ရဲ့ ... ဘာလဲ မတွေ့ရတာ တစ်ရက်ထဲရှိသေးတယ် ... ချစ်က မောင့်အသံကိုတောင် မမှတ်မိချင်တော့ဘူးလားဟင် ... "

"အို ... မောင် ... မောင်ရယ် ... အဟင့် ... ဟင့် ... ဟာ ... ။

မိုးသောင်ယံ မျက်လုံးပြူးရပြီ။

တစ်ဘက်က သူ့ကို လှိုက်လှိုက်လှဲလှဲခေါ်ကာ ... ငိုရှိုက်နေတဲ့ သူမလေးရဲ့ ငိုသံလေးကြောင့် စိတ်တွေ တုန်လှုပ်ချောက်ချားသွားရသည်။





"ရင်ထိုးလေး ... ရင်ထိုးလေး ငိုနေတယ် ဟုတ်လား ... ဟာကွာ ... မောင် စိတ်ပူလိုက်တာ ... ဘာဖြစ်လို့လဲဟင်၊ ဘာဖြစ်လို့လဲ ရင်ထိုးလေးရယ် ... မောင့်ကို ပြောပြပါဦးကွာ ... "

"မောင်ရယ် ... "

ချစ်သူကို တစ်ချိန်လုံး တမ်းတနေတာပါ။ ရင်ထိုးလေးဘက်က မောင့်ဆီ ဖုန်းဆက်ဖို့ အခါခါကြိုးစားနေမိပေမဲ့ ... မောင့်အတွက် စိတ်အနှောင့်အယှက် ဖြစ်သွားမှာစိုးလို့ မဆက်တာ။

စိတ်ချင်းတိုက်ဆိုင်စွာ မောင့်ဆီကဖုန်းလာသဖြင့် ဝမ်းအသာကြီးသာသွားရသည်။ မောင့်အသံကို ကြားလိုက်ရတာ အိန္ဒြေရှင့်အတွက်တော့ အားတက်စရာပါ ... ။

"မောင် မေးနေတယ်လေ ချစ်ရဲ့ ... မောင့်ကို ပြောစမ်းပါ"

"ဟင့်အင်း ... အဟင့် ... ဟင့် ... ဟီး ... "

အိန္ဒြေရှင် မောင့်ကို မပြောပြချင်။ ဝမ်းနည်းကြေကွဲစိတ်တွေကို မောင် မရိပ်မိအောင် မထိန်းချုပ်နိုင်ခဲ့တာ အိန္ဒြေရှင် သိပ်ညံ့တာပဲ။ မောင်ကမေးလေ အိန္ဒြေရှင် ပိုငိုချင်လေပဲမို့ ကလေးငယ်တစ်ယောက်လို တအီးအီး ငိုချလိုက်မိပါတော့သည်။

အစကတည်းကမှ သူမအဖြစ်က ငိုချင်ရဲ့လက်တို့မိဆိုသလို ဖြစ်နေတာလေ။ တစ်ယောက်တည်း ဝမ်းနည်းပြီး အခန်းလေးထဲမှာ ကြိတ်ငိုနေချိန် ... မောင်ဆီက ဖုန်းလေးဝင်လာတာကို အိန္ဒြေရှင့်စိတ်တွေ ဘယ်လိုထိန်းလို့ရတော့မလဲ။

"ချစ် ... "

"မောင် အခု ချစ်ဆီကို လာခဲ့မယ် ... ချစ် စောင့်နေနော်"

"မောင် ... ချစ် ... ချစ် ... ဘာမှမဖြစ်ပါဘူးကွယ် ... "

"မောင် မယုံဘူး ... ရင်ထိုးလေး တစ်ခုခုဖြစ်နေပြီ မဟုတ်လား ... အခုလို ငိုတာ ဘာမှမဖြစ်ပါဘူးဆိုတဲ့အကြောင်းပြချက်ကို မောင် ဘယ်လိုမှ စိတ်ချလက်ချ မယုံကြည်နိုင်ဘူး မောင် သိတယ် ... ချစ် အရမ်းကို စိတ်ထိခိုက်ဝမ်းနည်းနေတာပါ ... ပြောပါ ... ဘာပြဿနာတွေတက်လို့လဲဟင် မောင်တို့အကြောင်းကို သိသွားလို့လား ... "

"မဟုတ်ပါဘူး မောင်ရယ် ... "

မောင့်ကို အသံလေးထိန်းပြောချင်သော်လည်း ရှိုက်သံလေးကြောင့် စကားသံလေးက ထစ်ငေါ့ချင်နေ၏။

"ရင်ထိုးလေးရယ် ... မောင့်ကို ပွင့်ပွင့်လင်းလင်း ပြောပါကွာ ... ရင်ထိုးလေး ဘာကြောင့် အခုလောက်ထိ ဝမ်းနည်းနေရတာလဲဟင် ... မောင် အရမ်းသိချင်နေတယ် ချစ်ရယ် ညက မောင် အိပ်မက်ဆိုးတွေမက်တယ် ... ချစ်ကို စိတ်ပူလွန်းလို့ နေများကောင်းရဲ့လားဆိုပြီး ဖုန်းဆက်ကြည့်တာ"

အို ... ။

မောင်ရယ်။

မောင်က အိပ်မက်ဆိုးပဲမက်တာပါ။ အိပ်မက်ဆိုတာ နိုးထလိုက်ရင် အဲဒီအိပ်မက်ထဲက အရာတွေအားလုံး ပျောက်ပျက်





သွားစမြဲပါ မောင်ရယ်။ စိတ်ထဲမှာ ရှုပ်ထွေးနေပေမဲ့ ဒါဟာ ... အလကားပါလို့ မေ့ပျောက်ထားလို့ရပါတယ်။

အခု ...

ရင်ထိုးလေး မက်ရတဲ့အိပ်မက်က တကယ့်လက်တွေ့ အိပ်မက်တစ်ခုပါ မောင်။ ရုန်းထွက်ချင်ပေမဲ့ ရုန်းထွက်ခွင့်မရဘဲဘဝ။ နိုးထလိုက်ပေမဲ့ အဆုံးသတ်သွားမှာ ပျောက်ပျက်သွားမှာ မဟုတ်တဲ့ အိပ်မက်မို့ ရင်ထိုးလေး ဘယ်လိုမေ့ပျောက်ရမလဲ မောင်ရယ် ... ။

"ရင်ထိုးလေး ... "

"ရှင် ... "

"မောင် ... ရင်ထိုးလေးနဲ့ တွေ့ချင်တယ် ... ရင်ထိုးလေး ခြံရှေ့ကို ထွက်လာနိုင်မလားဟင် ... "

"ဟို ... ဟို ... အိမ် ... အိမ်မှာ ဒက်ဒီရှိနေတယ် ... "

"ရပါတယ်ကွာ ... မသိမသာလေး လစ်ထွက်ပေါ့ ... မောင် အခုပဲ လာခဲ့မယ် ... ရင်ထိုးလေးကို မောင် စကားတွေ အများကြီးပြောစရာရှိလို့ပါ ... တွေ့ကြရအောင်နော် ... "

"မောင်ရယ် ဖြစ်ပါ့မလား ... "

"ဖြစ်ပါတယ် ရင်ထိုးလေးရယ် ... မဖြစ်ဖြစ်အောင်လည်း ကြိုးစားကြတာပေါ့ ... "

မောင်ရယ် ...

ရင်ထိုးလေးလည်း မောင့်ကို အရမ်းတွေ့ချင်နေတာ

ပါ။ ရင်ဆိုင်နေရတဲ့ အခက်အခဲကို မောင့်အား ပြောပြချင်သည်။

"မောင် လာခဲ့မယ်နော် ရင်ထိုးလေး ... ဒါပဲနော် ..."

မိုးသောင်ယံ ဖုန်းခွက်လေးကို လျှင်မြန်စွာချပစ်လိုက်သည်။

"မောင် ..."

"မောင်ရေ ..."

ဖုန်းလေးကျသွားချေပြီ။ အိမ်ဖြူရှင် တားဆီးသံကို မောင် နားမထောင်တော့ပါ။

မောင်က အစကတည်းကမှ တစ်ဇွတ်ထိုးအရမ်းဆန်တဲ့လူလေ။

သူ ဆုံးဖြတ်ထားတဲ့ကိစ္စတစ်ခုကို မရမက ကြိုးစားလုပ်ဆောင်တတ်တာ မောင့်အကျင့်ပါပဲ။ အိမ်ဖြူရှင့်စိတ်တွေ အရမ်းကို လှုပ်ရှားနေရသည်။

မောင် ...

အခုချက်ချင်း လာမယ်တဲ့။

ခြံပြင်ကို ဘယ်လိုလုပ်ပြီး ခိုးထွက်ရပါ့မလဲ။ အိမ်ဖြူရှင် စဉ်းစားနေရပြီ။

နွေခင်းကြောင်တောင်ကြီးမို့ အိမ်ထဲမှာရော ခြံထဲမှာပါ အလုပ်သမားတွေနဲ့ အစောင့်အရှောက်တွေက အများကြီးရှိနေသည်။ မောင်က သူ့မ ထွက်မလာရင် ခြံထဲပေါ်တင်ကျော်ဝင်လာပြီး တွေ့ရဲတဲ့လူစားမျိုးလေးမို့ ... အိမ်ဖြူရှင် ဒက်ဒီမာမီတို့နှင့်





ပြသနာတက်မှာလည်း ကြောက်သည်။

မောင့်ကို လူဆိုးကလေးတစ်ယောက်လို အထင်လွဲမခံနိုင်ပါ။

သူ့မ ...

အပြင်ကိုရအောင် ခိုးထွက်မည်။

မောင်နဲ့လည်း အိမ်ဖြူရှင် အရမ်းတွေ့ချင်တာလေ။ ဟုတ်တယ် ... အပြင်ကို ရအောင်ထွက်မယ်။ ဦးနိုင်သိမ်ကို အိမ်ဖြူရှင် ဘယ်လိုမှမယူနိုင်ဘူး။ ချစ်မှ ချစ်လို့မရတာ။ သူ့ဘာသာ ဘယ်လောက်ပဲ ငွေကြေးချမ်းသာနေပါစေ အိမ်ဖြူရှင် မမက်မောနိုင်ပါဘူး။

အိမ်ဖြူရှင်ချစ်တာ မိုးသောင်ယံဆိုတဲ့ မောင့်တစ်ယောက်ကိုသာလေ။

မောင်ကလွဲပြီး ဘယ်လိုလူမျိုးကိုမှ သူ့မ လက်မခံဖို့ ဆုံးဖြတ်ထားသည်။ မောင့်ကို အပြင်ထွက်တွေ့ဖို့ အိမ်ဖြူရှင် အခန်းအပြင်သို့ထွက်ခဲ့သည်။ မျက်ရည်တွေကို ခပ်ကြမ်းကြမ်း သုတ်ဖယ်ပစ်လိုက်၏။

ပြီးနောက် ...

အောက်ထပ်သို့ လှေကားထစ်များအတိုင်း ဆင်းခဲ့လိုက်သည်။

"ဒါ ဘယ်လဲ အိမ်ဖြူရှင် ..."

ဟင် ... ။

တံခါးပေါက်မှ ထွက်မည့်ဟန်ပြင်နေသော အိမ်ခြေရှင် ခြေလှမ်းတွေ ရုတ်တရက် နောက်ကျောဆီက မေးလာသောအသံကြောင့် အိမ်ခြေရှင် ခန္ဓာကိုယ်လေး ဆတ်ခနဲတုန်သွားသည်အထိ လန့်ဖျပ်သွားရသည်။

ဧည့်ခန်းထဲ ဝေ့ဝဲကြည့်ပြီး ဘယ်သူမှ မရှိဘူးဆိုပြီး တံခါးချပ်ကြီးဆီ ခပ်သွက်သွက် လျှောက်လာပြီးဆဲအဖွင့် ... မီးဖိုချောင်နောက်ခန်းဘက်ဆီက ထွက်လာသော အထိန်းတော်ကြီး ဒေါ်ဂျမ်းရဲ့အသံကြောင့် ခြေလှမ်းတွေ ရပ်တန့်သွားရ၏။

"အိမ်ခြေရှင် ..."

"မြို့ထဲ ခဏဆင်းမလို့ ဒေါ်ကြီးဂျမ်း ..."

"ဘာကိစ္စလဲ အိမ်ခြေရှင် ..."

"ရှင် ..."

"မောင်ထွဋ်ခေါင်က အိမ်ခြေရှင့်ကို စောင့်ကြည့်ထားရမယ်လို့ မှာထားလို့ပါ ..."

"အဲဒါ ဘာဖြစ်လဲ ဒေါ်ကြီးဂျမ်းရဲ့ ... မြို့ထဲတောင် ထွက်ခွင့် မရှိတော့ဘူးလား ..."

"နေ့ခင်းဘက်ကြီး နေဒီလောက်ပူတာ ဘာထွက်လုပ်မလို့ လဲ ကလေးရယ် ... ကိုယ့်တိုက်ထဲမှာ အေးအေးချမ်းချမ်း လေး နေစမ်းပါ ..."

"ဒီထဲမှာ ပိုပြီးမွန်းကျပ်ပိတ်လှောင်ခံနေရတာထက်စာရင် အပြင်ကမှ စိတ်လွတ်လပ်မှုရှိသေးတယ် ... ဒါကြောင့် မြို့ထဲ





ဆင်းနေမလို့ ..."

"ဟယ် ကလေး ... ဘယ်လိုပြောလိုက်တာလဲကွယ် ..."

"သမီးဘာသာ နေပါရစေ ဒေါ်ကြီးဂျမ်း ... မနှောင့်ယှက်ပါနဲ့ ..."

"ကောင်းပြီ အိမ်ခြေရှင် ... မြို့ထဲဆင်းခွင့်ပြုတယ် ... ဒါပေမဲ့ တာဝန်အရ အားလုံးကစောင့်ကြည့်နေရမှာပဲ ..."

"အို ... အဓိပ္ပာယ်မရှိလိုက်တာ ..."

"ဒါ ... မောင်ထွဋ်ခေါင်ရဲ့အမိန့်ပဲ အိမ်ခြေရှင် ..."

ဒေါ်ကြီးဂျမ်းရဲ့မျက်နှာထားက တင်းနေသည်။ ပေးအပ်ထားတဲ့တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်မည့်ပုံကအပြည့်။ အိမ်ခြေရှင့်ကို နည်းနည်းလေးမှ ငဲ့ညှာသနားလိမ့်မည် မဟုတ်ပါချေ။

အိမ်ခြေရှင် အကျပ်ရိုက်ရပြီ။ မောင်နဲ့ ထွက်တွေ့ဖို့ ဘယ်လိုလုပ်ရပါ့မလဲ။ ခြံရှေ့မှာ အခုလောက်ဆို ခြံစောင့်ကြီးတွေ ရော ... ဦးကျားပေါက်တို့ပါ စောင့်ကြပ်နေကြသည်။ ဒီကြားထဲ ဒေါ်ကြီးဂျမ်းကပါ သူမနောက် တကောက်ကောက်လိုက်ဦးမယ်ဆို တော့ ပိုပြီးတော့တောင် ဆိုးသွားပြီပေါ့။

ဒုက္ခပါပဲ ...။

မောင်က အခုချက်ချင်း လာခဲ့မှာတဲ့။ အိမ်ခြေရှင် ဘယ်လိုလုပ် ထွက်တွေ့ရပါ့မလဲ။

"ကလေး ..."

"ဟင် ..."

"အပြင်ထွက်ချင် ထွက်လေ ... "

"အပြင်ထွက်ရင်လည်း ဒီလောက်စောင့်ကြည့်နေမဲ့ မျက်လုံးတွေများတာ ... စိတ် ဘယ်လိုလုပ် လွတ်လပ်တော့မလဲ"

"ဒါတော့ မတတ်နိုင်ဘူး အိမ်ရှေ့ရှင် ... တာဝန်အရတော့ စောင့်ကြည့်ရမှာပဲ ... မျက်လုံးနဲ့ စောင့်ကြည့်တာပဲ အိမ်ရှေ့ရှင်ရယ် ... ဘာစိတ်မလွတ်လပ်စရာရှိလဲ ... "

အဲ ... ။

ဒေါ်ကြီးဂျမ်းပြောတာလည်း ဟုတ်သားပဲ။ မျက်လုံးနဲ့ပဲ စောင့်ကြည့်တာပဲဟာ။ အားလုံး သူ့ဟာသူနေတာပဲလေ။ အရေးအကြောင်းရှိလျှင် အိမ်ရှေ့ရှင် ခပ်သွက်သွက် ဘယ်လိုလုပ်ရမလဲဆိုတာ အပြင်အခြေအနေအပေါ် လေ့လာအကဲခတ်ပြီး ကြံစားလို့ရတာပဲ။ အရေးကြီးတာက အိမ်ရှေ့ရှင် ခြံထဲမှာစောတာနေခွင့်ရဖို့ပဲလေ။ ပြီးတာနဲ့ မောင့်ကားအရောက် အပြင်ကို ခပ်သွက်သွက်ထွက်နိုင်ရင် ပြီးပြီပဲ။

"ပြီးတာပဲလေ ... သူများကို မပျင်းမရိ စောင့်ကြည့်ချင်ရင်လည်း ကြည့်ကြပေါ့ ... "

ပြောပြီးတာနှင့် တံခါးချပ်ကြီးကို ဆွဲဖွင့်ကာ တိုက်ဝတံခါးချပ်ကြီးထဲကနေ ခြံထဲသို့ အိမ်ရှေ့ရှင်တစ်ယောက် ထွက်ခဲ့လိုက်သည်။ သူမ နည်းတူ ထွက်လိုက်လာသူကတော့ အထိန်းတော်ကြီး ဒေါ်ဂျမ်းရယ်ပါ။ အိမ်ရှေ့ရှင် အနောက်သို့ တစ်စက်ကလေးမှ အလွတ်မပေးဘဲ ကပ်လိုက်ပါလာလေသည်။





အိမ်ရှေ့ရှင် ...

သက်ပြင်းမောကလေးကိုသာ ချလိုက်မိတော့သည်။ သူမ ခြံကြီးထဲရှိသစ်ခွရုံလေးဘက်သို့ လျှောက်သွားလိုက်မိတော့၏။

သူမ ခြံပြင်ထွက်လာတာတွေ့တော့ ခြံထဲရှိ အလုပ်သမားတွေအားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြတာကို သတိထားမိသည်။ အာရုံစူးစိုက်မှုတွေက အိမ်ရှေ့ရှင့်ဆီ ရောက်လာကြ၏။

ခြံစောင့်ကြီး ဦးအေးမောင်။

ကိုယ်ရံတော်ကြီးနှစ်ယောက်ဖြစ်တဲ့ ဦးကျားပေါက်နှင့် ဦးကျားဆိုး။ ဒရိုင်ဘာ ဦးဖံ။

အိမ်ရှေ့ရှင့်အထိန်းတော်ကြီး ဒေါ်ဂျမ်း။

စုစုပေါင်း ငါးယောက်တိတိ။

မြတ်စွာဘုရားရေ ...

ဒီလူတွေကို တိုးဖောက်ပြီး မောင့်ဆီရောက်အောင် အိမ်ရှေ့ရှင် ပြေးနိုင်ပါ့မလား စဉ်းစားမိပြီး အိမ်ရှေ့ရှင် စိတ်တွေ ချုံးချုံးကျချင်သွားရသည်။ ယောကျ်ားသားကြီးတွေလက်ကနေလွတ်အောင် အိမ်ရှေ့ရှင် ဘယ်လိုပြေးရပါတော့မလဲ။

စဉ်းစားမိပြီး ...

အိမ်ရှေ့ရှင်ပင် ထိုင်ငိုချင်သွားရတော့သည်။



## အခန်း (၁၃)

"တီ ... တီ ... တီ ..."

ဟော ...

ကားဟွန်းသံလေး။

ဒါ ...

မောင် ရောက်လာပြီဆိုတဲ့ အချက်ပေးသံပဲ။ ခြံထဲက လူတွေအားလုံး အပြင်က တက္ကစီကားတစ်စီး ဖြတ်မောင်းသွားပြီး ဟွန်းတီးတာကို ဘယ်သူကမှ သံသယဖြစ်ပြီး လှည့်မကြည့်ကြပါ။

မောင်နဲ့ဖုန်းဆက်ထားလို့သာ အိန္ဒြေရှင်တစ်ယောက်သာ သတိထားမိခြင်းဖြစ်ပါသည်။ ခြံတံခါးဝကို လှမ်းကြည့်လိုက်တော့လည်း ခြံသော့ကြီးခတ်ထား၏။ သူမကို ခပ်လှမ်းလှမ်းကနေ စောင့်ကြည့်နေကြသည်။ အိန္ဒြေရှင် ခြံကြီးကို မျက်လုံးလေး ကစား





ကာ စေ့စေ့စပ်စပ် ကြည့်လိုက်မိသည်။

မောင်တစ်ယောက် ဒီလောက် ခြံအမြင့်ကြီးကို ဘယ်လိုများ ကျော်ဝင်လာပါလိမ့်။ အင်းပေ့ါလေ ... မောင်က ... ယောကျ်ားလေးဆိုတော့လည်း ဒီလောက်အမြင့်ကလေးကို ဘယ်မှုလိမ့်မလဲ။ အိန္ဒြေရှင့်အတွက်သာ အခက်ကြီးခက်နေရသည်။

သူမ ...

ခြံထောင့်ကလေးဆီသို့ ပန်းပင်ကလေးတွေ ကြည့်သလိုလိုနှင့် တဖြည်းဖြည်း တိုးကပ်သွားမိသည်။ မျက်လုံးလေးတွေကိုလည်း အနားမပေးဘဲ အပြင်ကို ထွက်နိုင်မည့်လမ်းစကို ရှာဖွေနေမိ၏။

ဟင် ...

သရက်ပင်ပုလေး။

ဒါ ... အိန္ဒြေရှင့်အတွက် အကွက်ပဲ။

ကြည့်စမ်း ...

ခြံကြီးရဲ့ အုတ်တံတိုင်းကြီးနားမှာ ကပ်ပြီးစိုက်ထားတဲ့ သရက်ပင်ပုလေးရဲ့ ကိုင်းဆက်တွေက အနည်းငယ် တုတ်ခိုင်လသည်။ လူတစ်ယောက်အလေးချိန်ကို အသာကလေး ထိန်းနိုင်မဲ့ပါပဲ။

အိန္ဒြေရှင့်မျက်လုံးလေးတွေ လက်ခနဲဖြာသွားရသည်။ င်ထဲက ကျိတ်ပြီး ဝမ်းသာသွားရ၏။ မောင်နဲ့တွေ့နိုင်ဖို့ အိန္ဒြေရှင်နဲ့စားရတော့မည်မို့ ရင်တွေ အဆမတန် ခုန်လှုပ်နေရပြီ။

သူ ...

မသိမသာလေး လူတွေဆီ အကဲခတ်လိုက်တော့ ခပ်လှမ်းလှမ်းမှာ ရှိနေကြ၏။ ဒေါ်ကြီးဂျမ်းကတော့ မလှမ်းမကမ်း ကနေ လှမ်းကြည့်နေသည်။

အတော်ပဲ ...

ဒီအခြေအနေဟာ အိန္ဒြေရှင့်အတွက် အခွင့်အရေးပဲ လေ။

သရက်ပင်ပုလေးဆီ လျှောက်သွားလိုက်ပြီး ဖျတ်ခနဲ ကိုင်းမာတစ်ခုပေါ် တက်လိုက်သည်။

"အိန္ဒြေရှင် ... ဒါ ဘာလုပ်မလို့လဲ ..."

ဒေါ်ဂျမ်းဆီက မေးသံကြောင့် အားလုံး သတိထား ပြီး သူမဆီ လှမ်းအကြည့် အိန္ဒြေရှင်တစ်ယောက် သရက်ကိုင်းကနေ အုတ်နံရံတံတိုင်းကြီးပေါ် လွှားခနဲ လှမ်းတက်လိုက်ကာ ခြံပြင်ဘက် အောက်သို့ ခုန်ချပစ်လိုက်သည်။

"ဘုတ် ..."

"အင့် ..."

"အမလေး ..."

အကျမတော်လှစွာပင် ပစ်လဲကျသွားရသည်။ ခြေ ထောက်ဆီက အောင့်မျက်သည့် ဝေဒနာနှင့်အတူ မြေပြင်နှင့် ပစ် ရိုက်မိသည့်ဒဏ်ကြောင့် သူမခန္ဓာကိုယ်လေး နာကျင်သွားရ၏။

သို့သော် ...





အိန္ဒြေရှင် ဆတ်ခနဲ ပြန်ထသည်။

မောင့်ကားလေးက သူမကို မြင်သွားပုံရသည်။ အနီး သို့ရောက်အောင် နောက်ပြန်ဆုတ်လာ၏။ ခြံကြီးထဲက အသံတွေ တအားဆူညံစွာ ထွက်ပေါ်လာပြီး ခြံတံခါးသော့ဖွင့်သံကိုကြားရ သည်။ ခြံပေါက်ဝမှာ အားလုံးစုပြုံပြီး အပြင်ထွက်လိုက်ဖို့ တာဆူ နေကြ၏။ အိန္ဒြေရှင် ကြိုးစားကာ မောင့်ကားလေးဆီ အပြေးတပိုင်း သွားမိသည်။

"အိန္ဒြေရှင် ... ပြန်လာစမ်း ..."

"ကလေးမ ..."

အိန္ဒြေရှင် လှည့်မကြည့်တော့ပါ။ ကားလေးပေါ် လှမ်းတက်လိုက်၏။

မောင်စီးလာတဲ့ တက္ကစီကားလေးပေါ် စွတ်ခနဲ ဝင် ထိုင်လိုက်ပြီးနောက်တွင်တော့ တက္ကစီကားလေးက ခြံထဲက ပြေး ထွက်လာကြတဲ့ လူအုပ်ကြီးကို ချန်ထားခဲ့ကာ လျင်မြန်သော ပြေးနှုန်းနှင့်မောင်းထွက်လာခဲ့လေတော့သည်။ ကံကောင်းထောက် မစွာ သူမတို့ လွတ်သွား၏။

အိန္ဒြေရှင် စိတ်မချလှစွာ နောက်ကို လှည့်ကြည့်မိ သေးသည်။

"ကျန်ခဲ့ပါပြီ ရင်ထိုးလေးရဲ့ ... စိတ်မပူပါနဲ့တော့ ..."

"မောင် ... မောင်ရယ် ..."

"ရင်ထိုးလေးရယ် ..."

ချစ်သူနှစ်ဦး တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်သည်။ စောစောက သွေးပူနေချိန်မှ မသိသာသော ခြေထောက်ဆီက နာကျင်မှုပြန်ပေါ်လာ၏။

“အား ... ကျွတ် ... ကျွတ် ...”

“ဟင် ... ရင်ထိုးလေး ... ဘယ်နား နာသွားလို့လဲ ...”

“ခြေထောက် ... ခြေထောက် နာသွားတယ် ...”

“ချစ်ရယ် ... မောင်လေ အုတ်တံတိုင်းကြီးပေါ်ကနေ ခုန်ချလိုက်တဲ့ ရင်ထိုးလေးရဲ့လုပ်ရပ်ကိုကြည့်ပြီး တအားလန့်သွားတာပဲ ... ကားပေါ်က ဆင်းမလို့အလုပ် ရင်ထိုးလေးက ထပြီး အပြေးတပိုင်းလာတာနဲ့ပဲ ကားကို နောက်ပြန်ဆုတ်ခိုင်းပြီး တံခါးအဆင်သင့် ဖွင့်ထားလိုက်တာ ... ခြံက ရင်ထိုးလေးရဲ့ အစောင့်အရှောက်တွေကလည်း ထွက်လိုက်လာကြတော့မှာလေ ...”

“ဟုတ်တယ် မောင်ရဲ့ ... အဲဒီလိုမှ မစွန့်စားရင် မောင်နဲ့ အခုလို တွေ့ခွင့်ရမှာမဟုတ်ဘူးလေ ... ဒါကြောင့် အိမ်ခြံ သတ္တိရှိရှိ ထွက်နိုင်အောင် ကြိုးစားလိုက်တာ ...”

“ချစ်ရယ် ... မောင့်ကို အဲဒီလောက်တောင်ပဲ ချစ်သလားကွာ ...”

“သိပ်ချစ်တာပေါ့ မောင်ရယ် ... အသက်နဲ့ရင်းပြီးတော့ကို သိပ်ချစ်တာပါ ...”

မိုးသောင်ယံရင်ထဲ ချစ်သူ ရင်ထိုးလေးရဲ့ ချစ်ခြင်း





မေတ္တာလေးနက်မှုကို အံ့သြစရာကောင်းလောက်အောင် မြင်လိုက်ရသည်မို့ ရင်ထဲ နင့်ခနဲ ခံစားလိုက်ရသည်။ သူသည်လည်း အားလုံးကို သူမလိုပဲ လှည့်ပတ်ကာ ခိုးထွက်လာရတာပါပဲ။

ဒါပေမဲ့ ...

ယောကျ်ားလေးဖြစ်တဲ့ သူ့အဖို့ အခုလို စွန့်စားပြီး ထွက်ရတာ သိပ်ပြီး မခက်ခဲလှပါ။

ရင်ထိုးလေးရယ် ...

မောင် ... ချစ်ကို အရမ်းချစ်မိသွားပြီကွာ။

“ရှေ့ ... ကောင်လေး ... ဒီလူးဆေးလေး လူးပေးလိုက်၊ မင်းရဲ့ Super Girl ကတော့ ရှားပါရဲ့ကွာ ... ကြောင်ကျော့ကျအောင်တောင် မခုန်နိုင်ဘူး ... ဟား ဟား ...”

“အို ...”

“ဟာဗျာ ...”

ကားဆရာကြီးက သဘောကျလှစွာ တဟားဟား ရယ်လေလျှင် စောစောက သူမရဲ့လုပ်ရပ်လေးအကြောင်း ပြန်တွေးမိကာ သူမမျက်နှာလေး ရှက်ရဲရဲနှင့် ကြိတ်ရယ်လိုက်သည်။

“ရယ်မနေနဲ့ ပြဦး ... ဘယ်နေရာ နာသွားတာလဲ ...”

“အဲ ... ဒီဘက်ခြေထောက် ...”

အောင့်မျက်နှာကျင်သွားသော ညာခြေထောက်ကို သူမ လက်ညှိုးလေးထိုးပြတော့ မောင်က သူမခြေထောက်ကလေး ဆီ လက်လှမ်းလာ၏။

"အို ... မောင် မလုပ်ပါနဲ့ ... ရင်ထိုးလေးဘာသာ လုပ်ပါ့မယ် ... "

"ဖယ်စမ်းပါကွာ ... မောင် လုပ်ပါ့မယ် ... ခြေထောက် ခုံပေါ်တင်လိုက် ... "

မောင်က ပြောပြောဆိုဆိုပင် သူမခြေထောက်လေးကို ခုံပေါ်တင်စေပြီး နာကျင်သွားသော ညာခြေကျင်းဝတ်ကလေးကို ဆေးနှင့်လူးကာ အသားထဲစိမ့်ဝင်အောင် သေချာပင် ပွတ်လိမ်းပေးနေလေသည်။

အိန္ဒြေရှင် မောင့်ကို အားနာလှစွာ ငေးကြည့်မိသွားရ၏။ နှလုံးသားထဲမှာ ချစ်မြတ်နိုးစိတ်တွေက ပို၍ပင် တိုးလာ၍သည်။

သေချာစွာလိမ်းကာ ... မောင်က သူလက်ကိုင်ပဝါလေးနှင့် စည်းနှောင်ပေးပြီးမှ

"ရပြီ ချစ် ... တော်ကြာနေလောက်ဆို သက်သာသွားမှာပါ ... ဟူး ... တော်သေးတာပေါ့ ... အရိုးတွေဘာတွေ အက်မသွားလို့ ... "

"မောင် ... "

"ဟင် ... "

"အခု ... ချစ်တို့ ဘယ်ကိုသွားမလဲဟင် ... "

"အားလုံးနဲ့ ဝေးရာကိုသွားမလို့လေ ... မောင် ချစ်ကို တစ်ခါတည်း ခိုးပြေးမှာ ... ချစ် လိုက်မယ်မဟုတ်လား ... "





"ဟာ ... မောင်ကလည်း မနောက်နဲ့ကွာ ... ဒီက အကောင်းမေးတဲ့ဟာကို ... "

"ရင်ထိုးလေး ... "

"ရှင် ... "

"မောင် တကယ်လို့ ခိုးပြေးရင် ချစ် လိုက်မှာလားဟင်"

ဟင် ... ။

"တကယ်တော့ ဒီမေးခွန်းမျိုးကို မောင် မမေးချင်ဆုံးပါပဲ ချစ်ရယ် ... မောင်က ချစ်ကို အရမ်းဂုဏ်ရှိစေချင်တာပါ။ ဒါပေမဲ့ ... "

"မောင် ... "

"ရင်ထိုးလေးရယ် ... "

"မောင်သာခေါ်မယ်ဆို ဘာငွေ၊ ဘာဂုဏ်၊ ဘာပကာသနကိုမှ ရင်ထိုးလေး မမက်ပါဘူး မောင် ... မောင် ဖန်ဆင်းပေးမဲ့ ဘဝလေးထဲမှာပဲ မောင်နဲ့အတူ ပျော်ပျော်ကြီးနေဖို့ ရင်ထိုးလေးဘက်က လက်ခံပါတယ် ... "

"ချစ်ရယ် ... "

"မောင်ရယ် ... "

မောင့်လက်လေးက သူမကိုယ်လေးကို ကြင်နာစွာ ပွေ့ဖက်လိုက်သလို သူမကလည်း မောင့်ရင်ခွင်လေးထဲ တိုးဝင်လိုက်သည်။

"ကောင်လေးနဲ့ ကောင်မလေးရေ ... အခြေအနေ သိပ်

မကောင်းဘူးဟေ့ ... အနောက်မှာ ငါ့ကားအနောက်ကို အသည်းအသန်လိုက်နေတဲ့ကားတွေ ရှိတယ် ..."

ကားဆရာကြီးဆီက အသိပေးသံကြောင့် နှစ်ဦးသား လှည့်ကြည့်မိတော့ အိန္ဒြေရှင်တို့ အိမ်ကကားလေးက တက္ကစီကား လေးကိုမီအောင် တရကြမ်းကပ်လိုက်လာသည်။ သူမတို့ကားနည်းတူ အပြိုင်မောင်းလာတဲ့နောက်ထပ်ကားတစ်စီး ... ။

"ဟယ် ... ဒုက္ခပါပဲ၊ အဲဒါ ... အဲဒါ ... ရင်ထိုးလေး အိမ်က ကားပဲ မောင် ..."

"သူ့ဘေးက ကားဖြူကြီးက မောင်တို့အိမ်ကကားပဲ ချစ်"

"ဟင် ..."

"အမလေး ..."

ရင်ထိုးလေးအော်လိုက်တာ ကားဆရာကြီးတောင် လန့်သွားသည်။

"ဒါ ... ဒါဆို ... ဘယ်လိုလုပ်ကြမလဲ မောင် ... ရင်ထိုး လေး ကြောက်တယ် ..."

"မကြောက်နဲ့ ရင်ထိုးလေး ... မောင်တစ်ယောက်လုံး ရှိ တယ် ..."

"ကားဆရာကြီးရယ် မြန်မြန်မောင်းပေးပါနော် ... သမီးတို့ ပြန်မိသွားလို့ မဖြစ်ဘူး ..."

အိန္ဒြေရှင် လောနေမိသည်။

"ဟုတ်တယ် ဦးလေး ... လုံးဝရပ်မပေးနဲ့ ... အသက်စွန့်ပြီး





အခုလို တွေ့ခွင့်ရအောင် ကြိုးစားခဲ့ရတာ ... ကျွန်တော်တို့ ပြန်အမိမခံနိုင်ဘူး ... မြန်မြန်သာမောင်း ... မျက်ခြည်ပြတ် သွားအောင်သာ မောင်းပေးပါဗျာ ... ကားခကို လုံးဝစိတ် မပူနဲ့ ... အနောက်ကကား အနက်ရောင်နဲ့ အဖြူရောင်ကား ကြီးတွေ ... ကျော်တက်မလာနိုင်အောင်သာ မောင်းပေးပါ ဗျာ ..."

မိုးသောင်ယံ စိတ်တွေလှုပ်ရှားနေရပြီ။

ပြန်မိသွားရင် မလွယ်ဘူးလေ။

အခုတောင် ရင်ထိုးလေးရော သူပါ ဘယ်လောက် ထိ စွန့်စားခဲ့ရသလဲ။ မိုးသောင်ယံတို့စီးတဲ့ တက္ကစီကားလေးက တအားနှေးကွေးလွန်းသည်။ မြို့လယ်ခေါင်လမ်းတွေမှာမို့ ကားရပ် လို့မရတာ။ ဒါတောင် ... နောက်ကကားတွေက ရှေ့တစ်စီးနောက် တစ်စီး ခွဖမ်းဖို့ ကြိုးစားနေသေးသည်။

ကားဆရာကြီး အမောင်းတော်နေလို့သာ ကျော် တက်ခွင့်မရကြတာ။

"ဟော ... မိတော့မယ်၊ ဒုက္ခပါပဲ ..."

ရင်ထိုးလေးရော ... မိုးသောင်ယံပါ မျက်စိမျက်နှာ လေးတွေ အကြီးအကျယ်ပျက်နေပြီ။

"ဦးလေးကြီး မြန်မြန်မောင်းပါဗျ ..."

"ဟား ဟား ..."

"ဟင် ..."

"အို ... "

ရုတ်တရက် ...

ကားဆရာကြီးက ကားမောင်းနေရင်းမှ ဟားတိုက်ရယ်မောလိုက်သဖြင့် မိုးသောင်ယံနဲ့ ရင်ထိုးလေးတို့ အံ့သြသွားရသည်။ အကြည့်လေးနှစ်ခုက ကားဆရာကြီး အလိုလိုရွှေ့သွား၏။

"ဟား ဟား ... တော်တော်လာတဲ့ကလေးတွေကွာ ... တော်တော်အပြောကောင်းတဲ့ကလေးတွေပဲ ... မင်းတို့ တော်တော်ရယ်စရာပြောကြတာပဲ ... ဟား ဟား ... "

"ဟာဗျာ ... ဦးလေးကလည်း အရေးထဲ ရယ်နေသေးတယ် ဗျာ ... "

မိုးသောင်ယံ မကြည်မလင် လေသံကလေးနှင့် ပြစ်တင်ဝေဖန်သလို အိနြေ္ဒရှင် မျက်နှာလေးက ရုတ်ခြည်း ညှိုးငယ်သွားသည်။

"ဟ ... ရယ်မှာပေါ့ကွ ... မင်းတို့လုပ်ပုံကလည်း ကြည့်ဦးလေ ... (LAND CURSER) ကြီးတွေ ... (SURF) ကားကြီးတွေနဲ့ ယှဉ်ပြီး ငါ့ရဲ့ 'အ'နံပါတ် တက္ကစီအစုတ်ကို အပြိုင်မောင်းခိုင်းနေတာကိုကွ ... ဘာလဲ မင်းတို့က ငါ့ကို ကမ္ဘာ့ပြိုင်ကားမောင်းချန်ပီယံထင်နေလို့လား ... "

အချက်ကျကျပြောလိုက်တဲ့ ကားဆရာကြီးရဲ့စကားကို ငြင်းဆန်ဖို့ ခက်သွားရချေပြီ။ သူပြောတာလည်း ဟုတ်နေတာပဲလေ။ အခုလို အစွမ်းကုန်ကြိုးစားပြီး မောင်းပေးနိုင်တာပင် ကျေး





ဇူးတင်စရာကောင်းနေပါပြီ။

မိုးသောင်ယံ ငြိမ်သက်သွားရသည်။

ဘာတတ်နိုင်မလဲလေ။

ပြန်မိသွားတော့လည်း အမိခံရုံပဲပေါ့။ စိတ်ကို အစွမ်းကုန် ဖြေသိမ့်နေရ၏။

"ကဲပါကွာ ... စိတ်ဓာတ်လည်း ဒီလောက်မကျပါနဲ့ ... ငါ အစွမ်းကုန် ကြိုးစားပေးပါ့မယ် ... "

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် ဦးလေးရာ ... ဦးလေး ပြောတာ အမှန်ပါပဲ ... ကျွန်တော်တို့က စိတ်လောကြီး သွားလို့ပါ ... "

"နားလည်ပါတယ်ကွာ ... ကဲ ကဲ ... မင်းတို့လည်း ငါ့ကားကိုချည်း ဆက်အားကိုးလို့မဖြစ်တော့ဘူး ... အားတင်းထားကြဦး ... တော်ကြာနေ ခြေထောက်တွေကို သုံးရတော့မှာ ... "

"ဗျာ ... "

"ရှင် ... "

ကားဆရာကြီးစကားကို နှစ်ဦးသား နားမလည်စွာ ကြောင်ငေးငေးလေး စိုက်ကြည့်တော့ ကားမောင်းနေရင်းမှ ...

"မင်းတို့ရဲ့ လွတ်လမ်းတစ်ခုရှိတယ် ... "

"ဟာ ... "

"ဟယ် ... "

စောစောက အားငယ်ကာ ဘုန်းဘုန်းကျနေသော စိတ်တွေ ပြန်လည်ထောင်မတ်သွားရသည်။ မျက်ဝန်းလေးတွေ လက်ဖြာသွားရ၏။ မျှော်လင့်ချက်ကြီးသော မျက်နှာကလေးတွေနှင့် ကားဆရာကြီးဆီ ကြည့်နေမိသည်။

"ငါ အခု အနော်ရထာလမ်းတစ်လျှောက် ကားမောင်းမှာနော် ... မင်းတို့ ရှေ့နားကျရင် မီးပွိုင့်တွေမိတော့မှာ ... မင်းတို့ကို ငါ အသာလေး ဘေးချရပ်ပေးမယ် ... ဆင်းဖို့ပြင်ဆင်ထားကြ ... ပြီးရင် လမ်းကြားအတိုင်း ပြေးကြပေတော့ ... ဟိုဘက်ခြမ်းမှာ ရုပ်ရှင်ရုံတန်းရှိတယ် ... အဲဒီကြရင် လွတ်အောင်ရှောင်ကြပေါ့ကွာ ..."

"ဟာ ..."

မိုးသောင်ယံကိုယ်လေး ဝမ်းသာလွန်းသဖြင့် မိုးပေါ်လွင့်ခနဲ မြောက်တက်သွားသလို ခံစားလိုက်ရသည်။ ကားဆရာကြီးပေးတဲ့ အကြံဉာဏ်က မဆိုးဘူးလေ။

"ကျေးဇူးပါပဲ ဦးလေးရာ ... တကယ်ပါပဲ ... ဘယ်လိုကျေးဇူးတင်ရမှန်းတောင် မသိတော့ဘူးဗျာ ..."

"ကဲ ကဲ ... ကျေးဇူးက အသာထား ... ကားခပေးခဲ့ဦး ... ရှေ့နားကျရင် ဆင်းရတော့မှာ ..."

"ဟာ ... ဟုတ် ... ဟုတ်ကဲ့ပါ ခင်ဗျာ ..."

မိုးသောင်ယံ ပိုက်ဆံအိတ်ထဲက ငွေစက္ကူတချို့ကို ကားရှေ့ဖင်ထိုင်ခုံပေါ် တင်ပေးလိုက်သည်။





"ကဲ ... ဆင်းဖို့အသင့်ပြင်ထားကြနော် ..."

"ဟုတ်ကဲ့ပါ ဦးလေး ..."

"ကောင်လေး ..."

"ဗျာ ..."

"မင်းပေးတာ များလှချည်လား ..."

"ဉာဏ်ပူဇော်ခပါ ပေးထားတာ ဦးလေး ..."

"ဟေ ... အေး အေး ... ကျေးဇူးပဲကွာ ... ကဲ ကဲ ... ငါဆုတစ်ခု တောင်းပေးလိုက်မယ် ... မင်းတို့ချစ်သူနှစ်ဦး ဘယ်သူဖျက်ဖျက် မပျက်ပါစေနဲ့ကွာ ... အမြဲထာဝရ လက်တွဲနိုင်ပါစေ ... ကဲ ဆင်းဖို့ပြင်ထားတော့ ..."

"ဟုတ် ..."

ချစ်သူရင်ထိုးလေးရဲ့ လက်ကို ဖျစ်ညှစ်ဆုပ်ကိုင်ပြီး

"ရင်ထိုးလေး ..."

"မောင် ..."

"အားမလျှော့လိုက်နဲ့ဦးနော် ... မောင်တို့ ... နောက်ထပ်အခက်အခဲတစ်ခုကို ကြိုးစားပြီး ဖြတ်ကျော်ရဦးမယ် ..."

"မောင်ရယ် ... စိတ်ချပါ၊ မောင်နဲ့သာဆိုရင် ဘယ်လိုအခက်အခဲမျိုးကိုမဆို ရင်ဆိုင်ရဲတဲ့သတ္တိ ရင်ထိုးလေးဆီမှာ ရှိပါတယ် ..."

"ရင်ထိုးလေးရယ် ..."

နူးညံ့အိဖောင်းကာ ရှည်သွယ်လွန်းလှပါတဲ့ ချစ်သူ

ရဲ့လက်ကလေးကို မိုးသောင်ယံ တစ်ချက်ငုံ့နမ်းလိုက်မိသည်။ ရင်ထိုးလေးရဲ့မျက်နှာလေးမှာ အားမာန်တွေက အပြည့်နှင့် ပြုံးနေပါသည်။ မိုးသောင်ယံ သက်ပြင်းကလေး ကျိတ်ချလိုက်မိ၏။

ကျေးဇူးတင်ပါတယ် ရင်ထိုးလေးရယ်။

အခုလို စကားလေးကြားရတဲ့အတွက် ချစ်ကိုအရမ်းကျေးဇူးတင်ပါတယ်ဗျာ။ မောင်လေ ... ရင်ထိုးလေးကို သိပ်ချစ်တယ်။ မခွဲနိုင်ဘူး ရင်ထိုးလေးရယ်။

"ကဲဟေ့ ... ဆင်းဖို့လုပ်တော့ ... "

မီးပွိုင့်က မိသေးသော်လည်း ကားတွေကများလွန်းသဖြင့် ပိတ်ကျပ်နေသည်။

ထိုစဉ် ...

တက္ကစီကားလေးက ဘရိတ်အုပ်အနင်း ...

"ဂျလောက် ... "

"လာ ... ရင်ထိုးလေး ... "

"ဂျိမ်း ... "

ကားပေါ်ကဆင်းပြီး တံခါးပြန်ပိတ်ပေးခဲ့ကာ နှစ်ယောက်သား ကားတွေကြားက အပြေးဖြတ်ကာ တစ်ဘက်ပလက်ဖောင်းဘက်ဆီ ပြေးခဲ့သည်။

"ဟာ ... ပြေး ... ပြေးကြပြီ ... "

ကားလမ်းဖြတ်ကူးကာ ရုတ်တရက် ပြေးသွားတဲ့ မိုးသောင်ယံဆိုတဲ့ကောင်လေးနဲ့ သူ့ကောင်မလေးကို လှမ်းမြင်





လိုက်ရတော့ ဒရိုင်ဘာ ဦးစိမ်းသူ အံ့သြရပြီ။

"ဦးသီဟကြီး ... ဟိုမှာ အစ်ကိုလေးတို့ ဆင်းပြေးကြပြီ"

"ဟေ့ကောင် ... ဘာလုပ်နေတာလဲ ... ရပ် ရပ် ... "

"မီးပွိုင့်မမိဘူးဗျ ... "

"ဟေ့ကောင် ... တော်တော်အရစ်ရှည်တဲ့ကောင် ... ဟိုမှာကောင်လေးတို့ လွတ်သွားတော့မယ် ... မီးပွိုင့်မမိလည်း ဆင်းမယ်ကွာ ... "

ခပ်ဖြည်းဖြည်း လိမ့်နေတဲ့ ကားပေါ်ကနေ သွက်လက်စွာ လူထွားကြီးနှစ်ယောက် ခုန်ဆင်းသွားကြတော့သည်။ ဦးစိမ်းသူ ဘယ်လိုမှ မတတ်နိုင်ဘဲ ရှေ့သို့ ဆက်မောင်းခဲ့ရသည်။ လူထွားကြီး ဦးသီဟနှင့် ဦးဒေဝတို့ မိုးသောင်ယံတို့ ပြေးသွားတဲ့ လမ်းကြားထဲ ဝင်လိုက်သွားတာ တွေ့ရ၏။

မိမှ မိပါ့မလား။

စိတ်တွေ အပူကြီးပူနေရတော့သည်။

## အခန်း (၁၄)

"မောင် ... ဟောဟဲ ဟောဟဲ ... နောက် ... နောက်မှာ လိုက်လာကြပြီ ... "

"ရှူး ရှဲ ရှူး ... မောင် သိတယ် ... ရင်ထိုးလေး ... "

နှစ်ယောက်သား အသက်ရှူသံကြီးတွေက ပြင်းထန်နေ၏။

လိုက်ဖို့မောနေသော ရင်က နိမ့်ချည်မြင့်ချည် စကားသာ ပြောနေတာ အပြေးကတော့ မရပ်ချေ။ အသက်လုကာ နှစ်ယောက်သား မနည်းပြေးနေရသည်။ လူတွေကလည်း အထိတ်တလန့်နဲ့ သူတို့နှစ်ယောက်ကို အသည်းအသန်လှမ်းကြည့်နေလိုက်ကြတာ။

"ပြေး ... ရင်ထိုးလေး ... "

"မောင် ... "





"မော ... မောလာပြီ၊ မရတော့ဘူး ... ခြေထောက်ကလည်း နာနာနေပြီ မောင် ... "

"ရင်ထိုးလေးရယ် ... "

ရုပ်ရှင်ရုံတန်းကြီးရှေ့သို့ ရောက်လာကြပြီမို့ ... မိုးသောင်ယံ သိပ်ပြီးတွေဝေမနေတော့ဘဲ ရုံရှေ့သို့ ချစ်သူလေးရဲ့လက်ကိုဆွဲကာ လက်မှတ်နှစ်စောင် ဝယ်လိုက်ပြီး ရုပ်ရှင်ရုံကြီးထဲသို့ ဝင်လိုက်သည်။

မောကလည်း အရမ်းမောနေသည့်အပြင် ရင်ထိုးလေးရဲ့ ခြေထောက်က နာနေပြီမို့ ဘယ်လိုမှ ဆက်ပြေးလို့မရတော့ဘူးလေ။ ခပ်လှမ်းလှမ်းကလည်း ဦးစိမ်းသူရဲ့ ကားကြီးက မောင်းလာနေပြီဆိုတော့ ဘယ်လိုမှ လွတ်နိုင်မှာမဟုတ်တော့ဘူး။

ရုပ်ရှင်ရုံထဲဝင်နိုတာ အကောင်းဆုံးပဲလို့ မိုးသောင်ယံ ဆုံးဖြတ်လိုက်တာ။

"လက်မှတ်ပြပါ အစ်ကို ... ကျွန်တော် နေရာပြပေးမယ်"

"ဪ ... ရော့ ... "

ရုပ်ရှင်ပြနေသည်မို့ ရုံထဲမှာ မည်းမည်းမှောင်ကျနေသည် ... ။ စမ်းတဝါးဝါးနှင့် လက်မှတ်လိုက်ပြသော ကောင်လေးနောက်မှ နှစ်ယောက်သား လိုက်သွားမိ၏။

"အစ်ကို ဒီနှစ်ခုံပဲ ... "

လက်နှိပ်ဓာတ်မီးကလေးနှင့် ထိုးပြနေရာလေးတွင် နှစ်ယောက်သား ဝင်ထိုင်လိုက်ကြသည်။ အေးစိမ့်သော လေအေး

ပေးစက်များကြောင့် အနည်းငယ် အမောပြေကာ လန်းဆန်းသွားရသည်။

"ရေဆာလိုက်တာ မောင်ရယ် ..."

"ဒါဆို ခဏနော် ... မောင် သွားဝယ်လိုက်ဦးမယ် ..."

မိုးသောင်ယံ လှစ်ခနဲထကာ ရုံပေါက်ဝဆီက လူတစ်ဦးကို အကူအညီတောင်းပြီး ရေဝယ်ခိုင်းရသည်။ စားစရာမုန့်တချို့လည်း မှာလိုက်ရ၏။ သူကတော့ ရုံအပြင်ဘက်ကို မထွက်ပါ။ ဦးသီဟကြီးတို့နှင့် မတော်တဆ တိုးသွားမှာကြောက်ရသေးသည်။

မုန့်တွေဝယ်တာ ရပြီမို့ သူ ရင်ထိုးလေးရှိတဲ့နေရာလေးဆီ ပြန်သွားမိ၏။

"ရင်ထိုးလေး ..."

"ဟင် ..."

"ရော့ ... စားစရာမုန့်တွေ ..."

"အများကြီးပဲ မောင်ရယ် ..."

"ဝအောင်သာ စားထားပါကွာ ... ဘယ်အချိန် ပြန်ပြေးရမယ်မသိဘဲနဲ့ ..."

"အဟင်း ... ဟင်း၊ ဟုတ်တယ်နော် ..."

ရယ်သံလေးနှောကာ အပြုံးမျက်နှာလေးနဲ့ ထောင်ခံလိုက်တဲ့ ရင်ထိုးလေးကို မိုးသောင်ယံ ချစ်မြတ်နိုးစွာ ငေးစိုက်ကြည့်နေမိသည်။ ရေသန့်ဘူးအေးအေးလေးကို သူ ဖွင့်ပေးလိုက်





တော့ ရင်ထိုးလေးက လှမ်းယူပြီး အငမ်းမရ သောက်လေ၏။

နွမ်းနယ်မှုကြောင့် ပင်ပန်းနေပေမဲ့ ... ရင်ထိုးလေးတစ်စက်ကလေးမှ မညည်းညူပါ။

"ရင်ထိုးလေး ..."

"မောင် ..."

"အရမ်းမောနေသေးလား ..."

"ဟင့်အင်း ... မမောတော့ပါဘူး မောင်ရယ် ... အခုတော့ အမောပြေသွားပြီ ..."

"တော်သေးတာပေါ့ကွာ ... မောင်တို့ ကတ်သီးလေးလွတ်သွားလို့ ..."

"ဟုတ်တယ်နော် ... ကံကောင်းလို့ မမိတာ ..."

ရင်ထိုးလေးတို့အိမ်ကကားက နည်းနည်းပြတ်ကျန်ခဲ့၏။

"ဟုတ်တယ် မောင်ရဲ့ ... အဘခံက ကားမောင်းနှေးတယ်"

"တော်သေးတယ်၊ ကားဆရာကြီး အကြံညာဏ် အပေးကောင်းလို့ကွ ... သိလား ချစ်၊ မောင်တို့ ဒါကြောင့် လွတ်သွားတာ ..."

"ဟုတ်တယ်နော် ..."

နှစ်ဦးသား ရပ်ရှင်မကြည့်ဘဲ စကားတွေ တွတ်ထိုးနေမိသည်။ အခုလို အားလုံးကို မျက်ခြည်ဖြတ်နိုင်ခဲ့သည့်အတွက်လည်း နှစ်ယောက်သား ပျော်ရွှင်နေမိ၏။

"မောင် ... "

"ဟင် ... "

"ရင်ထိုးလေးကို ... မောင် တကယ်ချစ်တာလားဟင်"

"ချစ်တာပေါ့ ချစ်ရယ် ... ဘယ်လိုမေးလိုက်ပါလိမ့်ကွာ ... မောင့်ရင်ကိုခွဲပြီး မောင့်နှလုံးသားလေးကို ချစ် မေးကြည့် ရင်တောင် ရင်ထိုးလေးကို မောင် ဘယ်လောက်ထိချစ်တယ် ဆိုတဲ့အကြောင်းတွေ ပြောပြလို့ နားတောင်ငြီးသွားဦးမယ် ... "

"အဟင်း ဟင်း ... မောင်ကတော့လေ ... "

"ဘာလဲ ... ချစ်က မယုံလို့လား ... "

"ယုံပါတယ် ... "

"အဟွန်း ... မယုံလို့လည်း မရဘူးလေ ... "

"အို ... "

ပြောပြောဆိုဆို မောင့်ကိုယ်လေးက သူမဘက်သို့ ယိမ်းယိုင်ကာ တိုးကပ်လာပြီး ပါးပြင်လေးကို အသာခိုးနမ်းလိုက်ရာ အိမြွေ့ရှင် ရှက်ရွံ့ကာ ထူပူပူကြီး ဖြစ်သွားရသည်။ ခေါင်းလေးကလည်း ငုံ့ကျသွားရ၏။ စကားသံလေး တဒင်္ဂ တိတ်ဆိတ်ကာ ရင်ခုန်သံလေးတွေ တထိတ်ထိတ်နှင့် ပြန်ခုန်လှုပ်လာ၏။

"ချစ် ... "

"မောင်နော် ... သူများတွေရှိတယ် ... "

"အဟွန်း ... အဲဒါ ဘာဖြစ်လို့လဲ ... "





"ရှက်စရာကြီး ... "

"ဟောဗျာ ... "

သူမ ပခုံးသားလေးကို ထွေးပွေ့လာတဲ့ သူ့လက်ကလေးကို ဖယ်ရှားလိုက်ရင်း ခပ်စိုးတိုးလေး ကပ်ပြောမိသည်။

"အဟွန်း ... ဟွန်း ... ချစ်ရယ် ... မောင်တို့က သမီးရည်းစားတွေပဲဟာ ... ချစ်သူကိုချစ်လို့ နမ်းတာ ရှက်စရာမှ မဟုတ်တာ ... ပခုံးလေးဖက်တာကို အားလုံးက နားလည်စာနာနိုင်ပြီးသားပါ ... "

ပြောရင်း အဖြစ်သည်းလွန်းသည့် ချစ်သူလေးကို တိုး၍ပင် မိုးသောင်ယံ ဖက်ထားလိုက်သည်။ သူမလေးမျက်နှာကို ငုံ့ကြည့်မိတော့ မင့်မရဲ မျက်ဝန်းကလေးများနှင့် သူ့ကို မော့ကြည့်ကာ သက်ပြင်းလေး ခိုးချပြီး ဝိတ်ကားဘက် အကြည့်လှည့်သွားသည်။ သူ့ရင်ခွင်ထဲကတော့ ရုန်းထွက်မသွားတော့။

အဲဒါလေးကိုပဲ မိုးသောင်ယံက အသည်းယားတာ။

ရင်ထိုးလေးဟာလေ အမြဲတမ်း သူက ဒါဆိုရင်ဒါပဲ။ ဘယ်သောအခါမှ သုံ့ စိတ်ညစ်စေမဲ့စကားမျိုး၊ အပြုအမူမျိုး ထပ်လုပ်တတ်ချေ။ အဲဒါလေးတွေကြောင့်လည်း ရင်ထိုးလေးကို ပို၍ပင် ကြင်နာသနားပြီး မြတ်နိုးမိသည်။ အခုတော့လည်း ကလေးတစ်ယောက်လို သူ့ရင်ခွင်လေးထဲမှာ ငြိမ်သက်လို့။

"ရင်ထိုးလေး ... "

"ဟင် ... "

"မောင့်ကို ချစ်လားဟင် ..."

"အို ... မေးရက်တယ် မောင်ရယ် ... မောင့်လက်ကိုဆွဲပြီး အခုလို စွန့်စွန့်စားစား လိုက်လာတာသာကြည့် ..."

"ရင်ထိုးလေးရယ် ..."

"မောင် ..."

"ရင်ထိုးလေး ..."

"ပြောစရာရှိတယ်ဆို ... ဘာပြောမလို့လဲဟင် ..."

ရင်ထိုးလေးရဲ့အမေးကြောင့် မိုးသောင်ယံ တွေခနဲ ဖြစ်သွားရသည်။

"မောင် ..."

"ရင်ထိုးလေးရယ် ... တကယ်တော့ မောင့်မှာ ပြောပြစရာ တွေရှိပါတယ် ... ဒါပေမဲ့ ရင်ထိုးလေး စိတ်ညစ်သွားမှာစိုးလို့ မောင် မပြောရက်ဘူး ..."

"မောင့်ကို ရင်ထိုးလေး နားလည်ပါတယ် ... ပြောစရာရှိ ရင် ပြောပါ မောင် ... မောင် ပြောလာမဲ့ အကြောင်းအရာ အားလုံး ရင်ထိုးလေး ခံနိုင်ရည်အပြည့်နဲ့ နားထောင်ပေးပါ့ မယ် မောင်ရယ် ..."

"ရင်ထိုးလေးရယ် ..."

မောင်ရယ် ...

တစ်ချိန်လုံး စိတ်မလုံခြုံမှုတွေနဲ့ ထိန်းချုပ်ထားရမဲ့ အမှန်းကျပ်ဆုံးစကားလုံးတွေကို ဖွင့်ချလိုက်စမ်းပါကွယ်။ မောင့်ရင်





တွေ ပေါ့ပါးပြီး ... မောင့်စိတ်လေး ရှင်လန်းသွားအောင် မောင့်ရင် ထဲက မျိုသိပ်ထားရတဲ့စကားတွေကို ပြောလိုက်ပါ။ မောင့်မျက်နှာ လေး ကြည်လင်လန်းဆန်းသွားမယ်ဆိုရင် ... မောင် ပြောလာမဲ့ အကြောင်းအရာတွေဟာ အိန္ဒြေရှင့်နှလုံးသားတွေကို ပြာကျသွား အောင် မီးလောင်တိုက်သွင်းမဲ့ ရဲရဲတောက်မီးလျှံတွေဖြစ်ပါစေ ... အိန္ဒြေရှင် ကြည်ဖြူစွာ လက်ခံဖို့အသင့်ပါပဲ မောင်ရယ်။

"မောင် ... မောင့်ကို အိမ်က လှိုင်းသန္တာဆိုတဲ့ မိန်းကလေး တစ်ယောက်နဲ့ လူကြီးချင်း သဘောတူထားတယ် ရင်ထိုး လေးရယ် ..."

"အို ..."

အိန္ဒြေရှင့်မျက်နှာလေး ဖျန်းခနဲ သွေးဆုတ်ဖြူရော် သွားရသည်။ အလန့်တကြား မောင့်ရင်ခွင်ထဲက ရုန်းထွက်မိမတတ် ဖြစ်သွားရ၏။

"မောင် ... မောင် ဘယ်လိုလုပ်ရမလဲဟင် ..."

"ဖြစ်မှဖြစ်ရလေ မောင်ရယ် ..."

အိန္ဒြေရှင် ငိုချင်သွားရသည်။

မောင်နဲ့ သူမတို့ရဲ့အဖြစ်က ဒီလောက်တောင် တိုက် ဆိုင်ရသလားကွယ်။

"မောင့်မိဘတွေဆန္ဒကို မလွန်ဆန်ချင်လို့သာ မောင် အသာ ငြိမ်နေတာပါ ... မောင် သူ့ကို လုံးဝစိတ်မဝင်စားဘူး ရင် ထိုးလေးရယ် ... မာမီတို့က ကျောင်းပြီးရင် စီစဉ်ချင်တယ်

ဆိုပေမဲ့ အချိန်ကတော့ ဝေးပါသေးတယ်လေ … ဒါပေမဲ့ မောင် စိတ်ပူတယ် … တစ်ခုခု လွဲချော်သွားမှာကြောက်တယ် … အခုတောင် ရှင်ထိုးလေးအိမ်ကရော မောင့်အိမ်ကပါ ဝိတ်ပင်တားဆီးနေကြပြီလေ … ”

“ဟုတ်တော့ ဟုတ်ပါတယ် … ဒါပေမဲ့ … ”

“မောင် … ရှင်ထိုးလေးကို မခွဲနိုင်ဘူး … ”

သူမ စိတ်မထိန်းနိုင်စွာ မောင့်ရင်ခွင်လေးထဲ တိုးဝင်ပြီး မောင့်ခန္ဓာကိုယ်ကြီးကို မဗီတမီကလေး သိုင်းဖက်ထားလိုက်မိသည်။ ရုပ်ရှင်ရုံကြီးတစ်ခုလုံးတွင် သူမတို့နှစ်ဦးတည်းသာ ရှိနေသည်ဟုပင် ထင်နေမိ၏။ ပတ်ဝန်းကျင်ကို ဂရုမထားမိတော့ပါ။

“မောင် … ရှင်ယိုးလေးကို လက်လွှတ်ဆုံးရှုံးမခံနိုင်ဘူး”

“မောင် … ရှင်ထိုးလေးကို ခိုးပြေးမယ် … ”

“မောင်ရယ် … ”

“ရှင်ထိုးလေး … မောင့်နောက် လိုက်ခဲ့ရမယ်နော် … ”

“တကယ်တမ်း လက်တွေ့ရင်ဆိုင်လာရရင် … မောင် အခုလို လုပ်နိုင်မှာမဟုတ်ပါဘူး … ”

“ဟင် … ”

အိန္ဒြေရှင့်စကားကြောင့် မောင့်ခေါင်းလေး ဆတ်ခနဲ ထောင်မတ်သွား၏။ အထိတ်တလန့် လှမ်းကြည့်သည်။

“ရှင်ထိုးလေးရော မောင်ပါ အရမ်းကို တာဝန်ကျေလွန်းတဲ့ မိဘနှစ်ပါးကို ပိုင်ဆိုင်ထားကြတာပါ … ကျေးဇူးတရားတွေ





ကို မေ့ထားလို့မရသေးဘူးလေ … ”

“ရှင်ထိုးလေးရယ် … အဲဒါတွေကို မောင် သိပါတယ်ကွာ”

“မောင့်ကို … မိုက်မဲတဲ့သားတစ်ယောက် မဖြစ်စေချင်ဘူးကွယ် … ”

“ဒါပေမဲ့ … မောင် ရှင်ထိုးလေးကို အဝေးမခံနိုင်ဘူးလေ”

“လှိုင်းသန္တာဆိုတဲ့ အမျိုးသမီးကိုလည်း အရမ်းအားနာတာပဲ မောင်ရယ် … မိန်းမချင်း ကိုယ်ချင်းစာတတ်ပါတယ်၊ ရှင်ထိုးလေးကြောင့် … ”

“ရှင်ထိုးလေးရယ် … တော်ပါတော့ကွာ၊ အဓိပ္ပာယ်မရှိတာတွေကို သိပ်ပြီး ထည့်မစဉ်းစားပါနဲ့ချစ်ရယ် … အရေးကြီးတာက မောင်တို့နှစ်ယောက် မခွဲရဖို့ပဲမဟုတ်လား … ”

“ဟင်း … ”

အိန္ဒြေရှင် သက်ပြင်းမောကလေးကို ကျိတ်ပြီးချလိုက်မိသည်။

“ကဲပါ ချစ်ရယ်၊ အဲဒါတွေ မေ့ထားရအောင် … နှစ်ယောက်သားတွေ့ရတုန်းလေး ပျော်ပျော်နေရအောင်ကွာ … ”

နောက်ဆုံးတော့လည်း ချစ်သူမောင့်သဘောအကျ မောင့်ရဲ့ အချစ်လေးတွေကြားမှာပဲ တူနှစ်ကိုယ် ပျော်မွေ့စွာနေဖို့ အိန္ဒြေရှင် ကြိုးစားပစ်လိုက်မိတော့သည်။



## အခန်း (၁၅)

ရပ်ရှင်ရုံကြီးတစ်ခုလုံး မီးရောင်တွေ လင်းသွား၏။

ရုပ်ရှင်ရုံလွှတ်ပြီမို့ အားလုံးနေရာမှထကာ အပြင်ထွက်သူတချို့ ထွက်နေကြချေပြီ။ အိခြွေရှင်နှင့် မိုးသောင်ယံလည်း အများနည်းတူစွာပင် တိုးထွက်လာခဲ့၏။ မောင့်ရဲ့လက်ကလေးကို မလွှတ်စတမ်း တွဲချိတ်ထားသည်။

"မောင် ..."

"ဟင် ..."

"အပြင်ရောက်ရင် ဈေးတန်းဘက်လျှောက်ပြီး တစ်ခုခုသွားစားရအောင်နော် ..."

"စားလေ ... ဘာစားချင်လို့လဲ ..."

"ဝက်သားတုတ်ထိုးစားမယ် ..."

"ကောင်းသားပဲ ... မောင်လည်းစားမယ်ကွာ ..."





"ဟင်း ... ဟင်း ..."

"ဟား ... ဟား ..."

နှစ်ယောက်သား ရယ်ရယ်မောမောလေးနှင့် ရုပ်ရှင်ရုံလေးထဲက ထွက်လာခဲ့ကြသည်။ စိတ်ကူးလေးတွေနှင့် အပျော်ကြီးပျော်နေကြသည့် အိခြွေရှင်တို့နှစ်ယောက် ရုံပြင်ကိုလည်း အရောက် ...

"မိုးသောင်ယံ ..."

"ဟာ ..."

"အိခြွေရှင် ..."

"ဟင် ..."

"လာစမ်း ... ကောင်လေး ..."

"လာစမ်း ... အိခြွေရှင် ..."

မထင်မှတ်စွာပဲ ရုံအပြင်ပေါက်ဝမှာ မောင့်ရဲ့ကိုယ်ရုံတော်ကြီးတွေရော သူမရဲ့ကိုယ်ရုံတော်ကြီးတွေပါ တွေ့လိုက်ရပြီး ပြေးချိန်ပင်မရလိုက်ဘဲ နှစ်ယောက်စလုံး ဖမ်းမိသွားရသည်။ မောင့်ကို သူ့ကိုယ်ရုံတော်ကြီးတွေက ဖမ်းချုပ်လိုက်သလို ဦးကျားပေါက်နဲ့ ဦးကျားဆိုးလက်ထဲကလည်း အိခြွေရှင် ရုန်းထွက်မရတော့။

"ရင်ထိုးလေး ..."

"မောင် ..."

မိုးသောင်ယံနှင့် အိခြွေရှင့်ကို တစ်ယောက်တကွဲစီ ခွဲထုတ်လိုက်ကြပြီ။ မထင်မှတ်ထားတဲ့ အဖြစ်မို့လည်း မောင်ရော

သူမပါ ဘာမှမတတ်နိုင်တော့။

"ဦးသီဟကြီး … လွှတ်ပါဗျ … ကျွန်တော် လုံးဝပြန်မလိုက်နိုင်ဘူးနော် … လွှတ် … ကျွန်တော် ရင်ထိုးလေးကိုပဲ ချစ်တယ် … ရင်ထိုးလေးကိုပဲ လက်ထပ်မှာ … လွှတ်ဗျာ … လွှတ် … "

"တိတ်စမ်း … မိုးသောင်ယံ … မင်း တော်တော်ဆိုးတာပဲ ဘာလို့အခုလို တစ်ဇွတ်ထိုးလုပ်ရတာလဲ … မင်းဒက်ဒီ အရမ်းစိတ်ဆိုးနေတယ်ကွ … "

"မသိဘူးဗျာ … မသိဘူး … လွှတ် … "

"အိမ်ကို လုံးဝပြန်မလိုက်နိုင်ဘူးနော် … ကျွန်တော့်ကို လွှတ် … "

သူ့ကို ချိုင်းကနေ လက်လျှိုသွင်းကာ … တစ်ဘက်တစ်ချက်မှ ထိန်းချုပ်ထားသော ဦးသီဟကြီးနှင့် ဦးဒေဝကြီးတို့ လက်ထဲက အတင်းရုန်းထွက်နေသော်လည်း အချည်းအနှီးပင်။ သန်မာသလို လူကောင်ကြီးတွေကလည်း ထွားကျိုင်းသမို့ သူတို့ လက်ထဲတွင် ရုပ်သေးရုပ်တစ်ခုနယ် လိုသလို ကြိုးဆွဲရာနောက်သို့ မိုးသောင်ယံ လိုက်ပါသွားရသည်။

"ဒေါ်ကြီးဂျမ်း … အိန္ဒြေရှင့်ကို လွှတ်ပေးပါနော် … အိန္ဒြေရှင် ပြန်မလိုက်ပါရစေနဲ့ ဒေါ်ကြီးဂျမ်းရယ် … အိန္ဒြေရှင် တောင်းပန်ပါတယ် … "

"တိတ်စမ်း … အိန္ဒြေရှင် … မင်း … မင်း သိပ်ဆိုးပါလား





ထင်တောင်မထင်မိဘူးကွယ် … ကိုယ့်မှာ လူကြီးချင်း သဘောတူထားတဲ့လူ ရှိနေပါလျက်နဲ့ … "

"ဟင့်အင်း … ဦးနိုင်သိမ်ကို သမီးလက်မထပ်နိုင်ဘူး … မောင့်ကို ချစ်တယ် … သမီး မောင်နဲ့ပဲ အတူတူနေပါရစေ ဒေါ်ကြီးဂျမ်းရယ် … "

"မရဘူး … မင်းကို မောင်လွှင့်ခေါင်က နိုင်သိမ်နဲ့ပဲ သဘောတူတာ … နိုင်သိမ်ကိုပဲ မင်းယူရမယ် … "

"အို … မယူဘူး … လုံးဝလက်မခံနိုင်ဘူး … အဟင့် … ဟင့် … "

ခေါင်းလေးကို သွက်နေအောင် … ခါယမ်းပစ်လိုက်သည်။

အံ့သြစွာကြောင်ငေးကြည့်နေသော မောင့်မျက်ဝန်း တစ်စုံရှေ့ ဝမ်းနည်းကြေကွဲစွာ ရှိုက်ငိုလိုက်မိသည်။ မောင် စိတ်ညစ်မှာဆိုး၍ အိန္ဒြေရှင် မပြောရက်ခဲ့သည့် အကြောင်းအရာတစ်ခုက ဒေါ်ကြီးဂျမ်းကြောင့် မောင်တစ်ယောက် သိသွားပြီလေ။ အိန္ဒြေရှင် ဘယ်လိုမှ ဖုံးကွယ်ဝှက်ထားလို့ မရတော့လောက်အောင် မောင် သဘောပေါက်သွားချေပြီ။

"ရင်ထိုးလေး … "

"မောင် … မောင်ရယ် … "

"ဒါ … ဒါဟာ တကယ်ပဲလားဟင် … ဟာကွာ … မောင့်ကို ဘာကြောင့်ဖွင့်မပြောဘဲ တစ်ယောက်တည်းကြိတ်ပြီး

ခံစားနေရတာလဲ ချစ်ရယ် ...”

မိုးသောင်ယံ ရင်ထဲနင့်ခနဲနေအောင် ခံစားလိုက်ရပါသည်။

ကြည့်စမ်း ... ။

သူဟာ အမြဲတမ်း သူ့ခံစားချက်အပေါ်ပဲ အာရုံထားတတ်ပြီး ကိုယ့်ချစ်သူရဲ့ရင်ထဲက မွန်းကျပ်မှုတွေကိုတော့ မသိကျိုးကျွန်ပြုကာနေတတ်ခဲ့သည်။ ချစ်သူရင်ထိုးလေးကတော့ ... ဒီလိုမဟုတ်ပါ။ သူ့ မျက်နှာကို အမြဲတစေ အကဲခတ်နေတတ်ပြီး ဘယ်လိုဖြည့်ဆီးပေးရမလဲဟုဘဲ စဉ်းစားနေတတ်ခဲ့သည်။

“ဒီမှာ ကောင်လေး ...”

သူ့ရှေ့ကို ဒေါသတကြီးနဲ့ ရောက်လာတဲ့ ဒေါ်ကြီးဂျမ်း ... ။

“မင်းရဲ့အဆင့်အတန်းမရှိတဲ့ လုပ်ရပ်တွေကို ထပ်မလုပ်ပါနဲ့ဒါ ... မင်းကို နောက်ဆုံးသတိပေးခြင်းပဲ ... အိမ်ဖြွေရှင်ကို ထပ်နှောင့်ယှက်ရင် မင်း မလွယ်ဘူးမှတ် ...”

“ဒေါ်ကြီးဂျမ်း ... မောင့်ကိုမပြောပါနဲ့ ... မောင့်အမှားမဟုတ်ပါဘူး ... အိမ်ဖြွေရှင့်အမှားပါ ... မောင့်မှာ ဘာအပြစ်မှ မရှိပါဘူး ...”

“တိတ်စမ်း ... အိမ်ဖြွေရှင် ... စိတ်အလို ဒီလောက်ထိလိုက်ရသလား ... မိဘတွေရဲ့ကျေးဇူးတရားနဲ့ ဂုဏ်သိက္ခာကိုမထောက် ... မိုက်လုံးကြီးလိုက်တဲ့ကလေး ... ညည်းလေး





ရဲ့လုပ်ရပ်တွေကို မောင်နိုင်သိခံသာသိရင် မိဘတွေ ဘယ်လောက် အရှက်ရလိုက်မလဲ ... မောင်ထွင့်ခေါင် မျက်နှာပျက်ရတော့မယ် ... ကျားဆိုးနဲ့ ကျားပေါက် ... သူ့ကိုခေါ်သွားတော့ ...”

အို ... ။

“ရင်ထိုးလေး ...”

“မောင် ...”

“လွှတ် ...”

“လွှတ် ...”

“အိမ်ဖြွေရှင် ပြန်မလိုက်နိုင်ဘူး ... လွှတ်နော် ... မောင် ... မောင်ရေ ...”

“ရင်ထိုးလေး ...”

“ဟဲ့ ... ဘာကြောင့်ကြည့်နေတာလဲ ... ဆွဲခေါ်သွား”

ဒေါ်ကြီးဂျမ်းရဲ့အမိန့်အတိုင်း ဆွဲခေါ်သွားကြ၏။ ဦးကျားဆိုးနဲ့ ဦးကျားပေါက်လက်ထဲ ရုန်းကန်တွန်းထိုးရင်းနှင့်ပင် ရင်ထိုးလေးတစ်ယောက် ဒရွတ်တိုက်ပါသွားရတော့သည်။

“ရင်ထိုးလေး ... ရင်ထိုးလေးကို ခေါ်မသွားကြပါနဲ့ဗျာ ... ကျွန်တော်တို့ရဲ့ချစ်ခြင်းကို မခွဲကြပါနဲ့ ... တောင်းပန်ပါတယ်ဗျာ ...”

“ရင်ထိုးလေး ...”

“ရင်ထိုးလေးရေ ... မောင့်ကို မထားသွားပါနဲ့ကွာ ... မောင်

ရင်ထိုးလေးကို တကယ်ချစ်တာပါ ...”

“လွှတ် ...”

“လွှတ်ပါဗျ ... ဦးသီဟကြီး ...”

“ဟိုမှာ ... ဟိုမှာ ... ရင်ထိုးလေးကို ပြန်ခေါ်သွားကြပြီ ရင်ထိုးလေးကို ကျွန်တော် သိပ်ချစ်တယ် ... အဝေးမခံနိုင်ဘူး ...”

မိုးသောင်ယံ ... ။

ရုန်းလေလေ ဦးသီဟကြီးတို့လက်တွေက ဝိုပြီးနိုင်မြဲလေလေပါပဲ။

မျက်ရည်တွေနဲ့ တောင်းပန်နေတဲ့ မိုးသောင်ယံ။

ချစ်သူနောက်ကိုလိုက်ဖို့ စိတ်အားထက်သန်နေတဲ့ ကောင်လေးကို ဘယ်လိုမှ မသနားနိုင်ပါ။ ဒါ ... မိုးသောင်ယံရဲ့ ဖခင် ဦးမိုးမြင့်ဆီက ပေးအပ်လာတဲ့တာဝန်လေ ... ။ ကျွန်အောင် ထမ်းဆောင်ပေးရမှာက သီဟကြီးတို့ရဲ့အလုပ်ပဲ မဟုတ်ပါလား။

အိမ်ရွှေရှင်ဆိုတဲ့ ကောင်မလေးကို အတင်းဆွဲခေါ်ပြီး ကားလေးပေါ်တင်နေကြပြီ။ ကျန်ခဲ့တာ ဒေါ်ဂျမ်းပဲ။ မိမိတမင်နေခဲ့တာ။ မိုးသောင်ယံဆိုတဲ့ ကောင်ဆိုးလေးကို ရင်ဆိုင်ဖို့နေခဲ့တာလေ။

“ဒေါ်ကြီးဂျမ်းရယ် ... ကျွန်တော် တောင်းပန်ပါတယ် ... ကျွန်တော်တို့ ချစ်ခြင်းကို မခွဲပါနဲ့ဗျာ ... တောင်းပန်ပါတယ်





ဒေါ်ကြီးဂျမ်းရယ် ...”

မိုးသောင်ယံတစ်ယောက် ဒေါ်ကြီးဂျမ်းကို တောင်းပန်နေမိသည်။

“ဒီမှာ မိုးသောင်ယံ ...”

“ပြောပါ ဒေါ်ကြီးဂျမ်း ...”

“မင်း အိမ်ရွှေရှင့်ကို သိပ်ချစ်သလား ...”

“တကယ်ချစ်တာပါဗျာ ... မယုံရင် ကျွန်တော့်ရင်ကို ခွဲကြည့်ပါတော့ ဒေါ်ကြီးဂျမ်းရယ် ...”

“ဟင်း ... ဟင်း ... မင်းတို့ကလေးတွေက ရယ်စရာသိပ်ပြောတတ်တာပဲ ...”

“ဟင် ...”

“မင်းအကြောင်းကို ငါတို့အားလုံး စုံစမ်းပြီးသားပါ မိုးသောင်ယံ ... ဒါပေမဲ့ မင်းကိုသနားငဲ့ညှာသောအားဖြင့် အခွင့်အရေးတစ်ခုပေးကြည့်မယ် ... မင်း လုပ်ပေးနိုင်ပါ့မလား ...”

“ဗျာ ...”

“အိမ်ရွှေရှင်ကို မင်း တကယ်ချစ်နေတယ်ဆိုလို့ပါ ...”

မိုးသောင်ယံ ဒေါ်ကြီးဂျမ်းရဲ့စကားတွေကို သိပ်ပြီး ားမရှင်းပါ။ သို့သော် ရင်ထိုးလေးနဲ့ နီးစပ်ဖို့အတွက်ဆိုရင် အားလုံး သူ စိတ်ဝင်စားပါသည်။

“အိမ်ရွှေရှင့်ကို မိသားဖသားပီပီ လာတောင်းပါ မိုးသောင်ယံ”

“ဗျာ ...”

"ကိုယ်သိပ်ချစ်တဲ့ မိန်းကလေးကို တန်ဖိုးထားတယ်ဆိုရင် အဲဒီမိန်းကလေးရဲ့ဂုဏ်သိက္ခာကို မြှင့်တင်ပေးသောအားဖြင့် လူကြီးတွေရဲ့သဘောတူညီချက်နဲ့ အညီ လာတောင်း ပါ ..."

ဟာ ... ။

ဒါ ... ဘယ်လိုဖြစ်နိုင်မလဲ။ အရမ်းကြီးစားရမဲ့ တစ်ခုပဲ ... ။

ဒက်ဒီနဲ့ မာမီက သူ့ကို လှိုင်းသန္တာနဲ့ပဲ သဘော တာလေ။

"ဘယ်လိုလဲ မိုးသောင်ယံ ... မင်း လုပ်နိုင်မလား"

"ကျွန် ... ကျွန်တော် ..."

"ဟင်း ... ဟင်း ..."

အတောမသတ်အောင် အော်ရယ်နေတဲ့ ဒေါ်ကြီး ဂျမ်း။

"ဒီမှာ မိုးသောင်ယံ ..."

"ဗျာ ..."

"မင်းကို ငါ အပြတ်သားဆုံး ပြောလိုက်မယ် ... အိမ်ခြွေရှင် ဆိုတဲ့ မသိနားမလည်ဘဲ အတွေ့အကြုံ ဘာမှမရှိတဲ့ မိန်း ကလေးတစ်ယောက်ကိုချစ်ပါတယ်ဆိုတဲ့စကားလေး နဲ့ မင်း လှည့်စားဖို့ ဆက်မကြိုးစားပါနဲ့ ... မင်းမှာ လူ ချင်းသဘောတူပြီးသား မိန်းကလေးတစ်ယောက်ရှိနေတာ





ငါတို့ သိပြီးပြီ ... ဒါကြောင့် မင်းရဲ့ခြေလှမ်းတွေ ရှေ့ဆက် တိုးဖို့ မစဉ်းစားနဲ့ ... မင်းရဲ့လုပ်ရပ်တွေကို ရပ်တန်းကရပ် လိုက်ပါ မိုးသောင်ယံ ..."

"ဟာ ... ဒါ ... ဒါက ..."

"မင်းဘက်က တင့်တောင်းတင့်တယ်နဲ့ အိမ်ခြွေရှင့်ကို မယူ နိုင်ဘဲ တစ်ဘက်သားမိန်းကလေး ဂုဏ်သိက္ခာမဲ့အောင် မင်း မလုပ်ချင်စမ်းပါနဲ့ မိုးသောင်ယံ ... ယောကျ်ားဆိုတာ အမှန် တရားအတိုင်း လက်ခံပြီး ရှေ့ကိုရဲရဲဆက်လျှောက်ရတယ် ကွ ... အပျော်တွဲတယ်ဆိုတာ ယောကျ်ားတစ်ယောက် အတွက် သာယာမှုတစ်ခုပေမဲ့ မိန်းမတစ်ယောက်အတွက် တော့ တစ်ဘဝတာ စာမျက်နှာအတွက် စွန်းထင်းပေကျံ နေမဲ့ မှင်စက်ရာတစ်ခုပဲ ... ဒါကို မင်း နားလည်တယ်ဆို ရင် နောက်ဆုတ်လိုက်ပါ မိုးသောင်ယံ ... ငါ ဒါပဲမှာချင် တယ် ..."

ဟာ ... ။

ဒေါ်ကြီးဂျမ်းရယ် ... ။

ပြောရက်လိုက်တာဗျာ ... ။

အပျော်တွဲတာလို့ ထင်ရက်တယ်နော်။ အိမ်ခြွေရှင့်ကို ဘကယ်ချစ်တာပါဗျာ။ ဘဝတစ်သက်တာလုံးအတွက် ရည်ရွယ် ချက်ထားပြီးတော့ ချစ်ခဲ့တာပါ။ အခုအချိန်မှာ ဒေါ်ကြီးဂျမ်း တောင်း ဆိုချက်ကို မလိုက်လျောနိုင်ပေမဲ့ နှလုံးသားထဲက စီးဆင်းလာတဲ့

ရင်ထိုးလေးကို ချစ်မြတ်နိုးတဲ့ အချစ်တွေကိုတော့ အထင်သေးပြီး မရှုံ့ချလိုက်ပါနဲ့ဗျာ။

မိုးသောင်ယံ ဘာမှမပြောနိုင်ခင်မှာတင် ဒေါ်ကြီးဂျမ်းက လှည့်ထွက်သွားချေပြီ။

မောင်းထွက်သွားတဲ့ကားလေးကိုကြည့်ပြီးမိုးသောင်ယံတို့ ကျန်နေရစ်ခဲ့တော့၏။

"ကောင်လေး ... ပြန်ကြစို့ကွယ် ..."

"ဟုတ်ပါတယ် ကလေးရယ် ... မင်းမိဘတွေလည်း အရမ်းစိတ်ပူနေကြပြီ ... ပြန်ရအောင်နော် ..."

ဦးသီဟကြီးနဲ့ ဦးဒေဝကြီးတို့က သတိပေးနေကြချေပြီ။

မိုးသောင်ယံ ခေါင်းလေးငိုက်စိုက်ကျသွားရသည်။

လေးလံထိုင်းမှိုင်းသော ခြေလှမ်းကလေးတွေနှင့် ကားလေးပေါ်တက်ခဲ့သည်။ ရင်တစ်ခုလုံး ပွင့်ထွက်မတတ် ခံစားနေရ၏။

"မိုးသောင်ယံ ..."

"ဗျာ ..."

"အခုကိစ္စကို လှိုင်းသန္တာတို့ကိုအသိပေးလို့ မဖြစ်ဘူးတဲ့ ... မင်း အလည်လွန်တဲ့ ပုံစံနဲ့ပဲ ပြန်လာခိုင်းတယ် ..."

ဩော် ... ။

ဒက်ဒီက အကွက်ကျကျ စီစဉ်ပေးလိုက်တာကို။





သူ ... ။

ရှေ့ဆက်ပြီး ဘာစကားမှ ဆက်မပြောတော့ဘဲ ငြိမ်သက်နေလိုက်သည်။ စိတ်ထဲမှာ တွေးနေမိတာက လှိုင်းသန္တာနဲ့ လက်တွဲဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတဲ့အကြောင်းတွေပဲ။

ဟုတ်တယ် ... ။

ဒေါ်ကြီးဂျမ်းပြောတာလည်း မှန်တာပဲ။

ရင်ထိုးလေးကို သိပ်ချစ်တဲ့အတွက် ကိုယ့်ချစ်သူဂုဏ်ရှိဖို့အတွက် သူ့ဘက်က ကြိုးစားသင့်တယ်လေ။ ဒါဟာ တရားနည်းလမ်းကျတဲ့ တောင်းဆိုမှုပါပဲ။

သူ ... ။

အပြတ်သားဆုံး ရင်ဆိုင်မယ်။

ဒက်ဒီကို ပွင့်ပွင့်လင်းလင်းပဲ ဖွင့်ပြောမယ်။ ရင်ထိုးလေးနဲ့ သဘောတူဖို့လေ ... ။ မိုးသောင်ယံ အခိုင်မာဆုံး ဆုံးဖြတ်ချက်တွေကို ချလိုက်မိတော့သည်။

## အခန်း (၁၆)

"ဖြန်း ... "

"ဖြန်း ... "

"အမလေး ... "

"မောင်ထွဋ်ခေါင် ... "

"ဖြန်း ... "

"အား ... အဟင့် ... ဟင့် ... "

"ကိုထွဋ်ခေါင် ... တော်ပါတော့ရှင် ... တော်ပါတော့"

ဒေါ်နန်းရည်မွန်ရဲ့ အသနားခံသံလေးကပါ ထွက်လာ၏။

"ဖြန်း ... "

"အား ... "

ယောကျ်ားအားနှင့် ရိုက်တာမို့ အိန္ဒြေရှင် အလူး





အလဲခံနေရသည်။ ခန္ဓာကိုယ်လေးက ပျော့ခွေကာ လဲကျသွား၏။ ဒက်ဒီ့ဆီက ရက်စက်တဲ့ ရိုက်ချက်တွေ တရစပ်ကျလာခြင်းကို သူမ ဘယ်လိုမှ မရှောင်တိမ်းနိုင်ခဲ့ပါ။

"ထစမ်း ... အိန္ဒြေရှင် ... ပြန်ထစမ်း ... မိဘက အလိုလိုက်လို့ နင်က အမိုက်စော်ကားပြလိုက်တာပေါ့လေ ... ဟုတ်လား အိန္ဒြေရှင် ... ကြည့်စမ်း ... အုတ်တံတိုင်းပေါ်က ခုန်ချပြီးတော့ကို ရအောင်ထွက်ပြတယ်ဆိုတော့ တော်တော် သတ္တိကောင်းတဲ့ အာဂမိန်းမကြီးပါလား ... လုပ်ရဲရင် ခံရဲရတယ်ဆိုတာ သိတယ်မဟုတ်လား ... ထစမ်း"

"အဟင့် ... ဟင့် ... "

အိန္ဒြေရှင် တသိမ့်သိမ့်ရှိုက်ငိုနေမိသည်။ ဒေါသတကြီး တုံ့ပြန်လာတဲ့ ဒက်ဒီကို အိန္ဒြေရှင် အကြောက်ကြီးကြောက်သွားမိ၏။

"ကိုထွဋ်ခေါင်ရယ် ... နန်း တောင်းပန်ပါတယ် ... သမီးလေးကို မရိုက်ပါနဲ့တော့ရှင် ... "

"ဟုတ်ပါတယ် မောင်ထွဋ်ခေါင်ရယ် ... ဒေါ်ဂျမ်း ဒီတစ်ခါ ပိုပြီးဂရုတစိုက် ထိန်းပါ့မယ်ကွယ် ... အခုလိုမျိုး နောက်တစ်ခါ မဖြစ်စေရပါဘူး ... မလိမ္မာတစ်ခါမိုက်တဲ့ ... ဒီတစ်ခါတော့ ခွင့်လွှတ်ပေးလိုက်ပါနော် ... "

"ခွင့်လွှတ်ရမယ် ဟုတ်လား ... ဟား ... ဟား ... မိဘကို လေးစားရကောင်းမှန်းမသိ ... ဒီလောက်မိုက်မဲတဲ့သား

သမီးကို ခွင့်လွှတ်ပေးရမယ် ... ရည်းစားကိုတောင် ခြံထဲခေါ်သွင်းရဲတဲ့မိန်းမ ..."

"အို ..."

"ဟင် ..."

"ဟယ် ..."

အိန္ဒြေရှင် နားမလည်စွာ ဒက်ဒီ့မျက်နှာကို မော့ကြည့်မိသည်။

"ဘာလဲ ... နင်ကအခုမှ ဘာမသိနားမလည်တဲ့ ပုံစံနဲ့ ကြည့်နေတာလဲ ... နင့်လုပ်ရပ်ကို ငါ မသိဘူးများ မှတ်နေလား အိန္ဒြေရှင် ... ရည်းစားကို ကိုယ့်တိုက်ထဲခေါ်ပြီး ချိန်းတွေ့ရဲတဲ့နင့်လုပ်ရပ်ကို ငါ မသိဘူးလို့ နင်ထင်နေလား ..."

"ဟင် ..."

"မြတ်စွာဘုရား ... ဘုရားရေ ..."

"မနန်း ... မနန်း"

"အို ... မာမီ"

မထင်မှတ်စွာပဲ ... ။

ဦးထွန်းခေါင်ဆီမှစကားကြောင့် ... ဒေါ်နန်းရည်မွန်တစ်ယောက်၊ ခွေယိုင်သွားရ၏။ ဒေါ်ဂျမ်းထိန်းလိုက်၍သာ လဲကျမသွားခြင်းရယ်ပါ။ မာမီ့ကို စိုးရိမ်တကြီး အိန္ဒြေရှင်လှမ်းကြည့်လိုက်သည်။ သို့သော် ... သူမကိုပြန်ကြည့်တဲ့ မာမီ့အကြည့်တွေကတော့ မယုံနိုင်သလို တအံ့တသြငေးလို့ ... ။





"ဒါ ... ကလေးလား ဒေါ်ဂျမ်း ... မိဘတွေရဲ့ယုံကြည်မှုကို အလွဲသုံးစားလုပ်ပြီး ရည်းစားနဲ့ချိန်းတွေ့တာလေ၊ ခင်ဗျားတို့အားလုံးကို အရူးလို့သူကသဘောထားတာဗျ၊ ခြံထဲကနေ တစ်ဘက်လှည့်နဲ့ရအောင်ထွက်ပြေးပြတဲ့ အကြံအစည်ကိုကြည့်စမ်း ... ဒါဟာ ဘာမှမသိနားမလည်တဲ့ ကလေးတစ်ယောက်ဦးနှောက်က ထွက်သလားဆိုတာ ..."

ဦးထွန်းခေါင် ... ။

ဒေါသတွေအကြီးအကျယ်ထွက်နေမိသည်။

မိဘမျက်နှာ အိုးမည်းသုတ်မည့်သမီးမိုက်ရဲ့ ခြေလှမ်းတွေကို ဘယ်လိုမှ ခွင့်လွှတ်နားလည်ပေးလို့မရ။

မိမိ ... ။

နိုင်သိန်နဲ့ရည်မှန်းထားတာပါ။

သမီးရဲ့ဘဝရှေ့ရေးကောင်းစားဖို့ အများကြီး ကြိုးစားထားရတာ။ ဒါကို ဒင်းကဘာမှနားမလည်။ အရေးမပါတဲ့အချစ်ကို ရူးရူးမိုက်မိုက် မက်မောချင်နေ၏။ အချစ်က ဘာသုံးစားလို့ရမှာလဲ။ အရေးကြီးတာက ငွေပဲလေ။ ငွေရှိမှ အရာအားလုံးပြည့်စုံနိုင်မှာပါ။

"နင့်ကိုနင် လျှင်လှပြီလို့ထင်နေလား အိန္ဒြေရှင်၊ ငါတစ်ချိန်လုံး နင့်အကောင်အကြောင်းစုံစမ်းခိုင်းနေတာ... အလကားမိဘလုပ်စာထိုင်စားနေတဲ့ကောင်၊အခြံအရံတွေနဲ့စတိုင်(လ်) ထုတ်ပြီး သူ့ကိုသူ ရွှေမင်းသားလိုလိုဘာလိုလိုနဲ့ ဒီလိုလူမျိုး

ဘာအားကိုးလို့ရမှာလဲ ... ”

အို ... ။

မောင့်ကို ရက်ရက်စက်စက် စွပ်စွဲလိုက်တဲ့ ဒက်ဒီ့ကို အိမ်ဖြွေရှင် တားဆီးလိုက်ချင်ပါသည်။ သို့သော် ... မတားဆီးရဲပါ။ ဒက်ဒီ့မျက်လုံးထဲမှာ နိုင်သိခ်ဆိုတဲ့လူတစ်ယောက်ရဲ့ အရိပ်တွေဖုံးလွှမ်းနေမှတော့ ကျန်တဲ့လူကို ဘယ်လိုလုပ် အရာထင်တော့မှာလဲ။ မောင်က သူဌေးသားတစ်ယောက်လေ ... ။ ဒီလိုနေတာအဆန်းမှ မဟုတ်တာ။

ဒါကို အပြစ်တစ်ခုလို ဘာကြောင့်ထောက်ပြနေရတာလဲ။

ဒက်ဒီ မတရားဘူး။

မောင်က တစ်ဦးတည်းသောသားလေ။ ဒါဟာ သူ့မိဘတွေက စိတ်မချလို့ အခြွေအရံ အစောင့်အရှောက်တွေနဲ့ထားတာပါ။ ဒါကို ဒက်ဒီက ခပ်ပေါ့ပေါ့ယောကျ်ားတစ်ယောက်လို့ သတ်မှတ်လိုက်တာတော့ လွန်ရာကျပါတယ်။ အိမ်ဖြွေရှင် စိတ်ထဲကနေ ကျိတ်ပြီးဝေဖန်မိသည်။

“ငါကတော့ ... သမီးလေးတော်တယ်၊ လိမ္မာတယ်လို့ လူတကာရှေ့ တဖွဖွကြွားလိုက်ရတာ အမော ... ခုတော့ မိဘတွေ အရှက်ရအောင်လုပ်မဲ့ နင့်ခြေလှမ်းတွေကိုမြင်လို့ ... နိုင်သိခ်နဲ့ပေးစားဖို့ ငါချက်ချင်းလက်ခံလိုက်တာ ... အလုပ်အကိုင်မရှိ လတ်လျားလတ်လျားနေတတ်တဲ့ကောင်လက်





ထဲမှာ ဘဝကိုအဆုံးမခံနိုင်ဘူး ... ငါက ရအောင်တားဆီးရမှာပဲ ... ”

“အို ... အဟင့် ... ဟင့်”

“အခု နိုင်သိခ်က လက်ထပ်ခွင့်တောင်းဆိုပြီ ... ဒါ သိပ်ကံကောင်းတဲ့အခွင့်အရေးပဲ ... ဒါကို ... ငါဘယ်လိုမှ လက်လွှတ်မခံနိုင်ဘူး အိမ်ဖြွေရှင် ... ”

“ဒက်ဒီ ... ”

အိမ်ဖြွေရှင် ဒက်ဒီ့စကားကို တားဆီးဖို့ကြိုးစားလိုက်သည်။

“မပြောနဲ့ အိမ်ဖြွေရှင် ... နင့်ဆီက ဘာစကားသံကိုမှ ငါ မကြားချင်ဘူး ... ”

ဟင် ... ။

“နင်သိထားစမ်း ... နိုင်သိခ်ကလွဲပြီး ဘယ်သူ့ကိုမှ လက်မထပ်ရဘူး ... အိမ်ဖြွေရှင်ဟာ နိုင်သိခ်အတွက်ပဲဖြစ်ရမယ်၊ ဒါ ငါ့အမိန့်ပဲ ... ”

“သမီး လက်မခံနိုင်ဘူးဒက်ဒီ ... ”

“ဘာ ... ”

“မောင့်ကို သမီးချစ်တယ်ဒက်ဒီ ... မောင်ဟာ ဒက်ဒီထင်သလို လူတစ်ယောက်မဟုတ်ပါဘူး ... မောင့်မိဘတွေကလည်း စီးပွားရေးလုပ်ငန်းရှင်ကြီးတွေပါပဲ ဒက်ဒီ ... မောင်ဟာ အခြေမဲ့အနေမဲ့တစ်ယောက် မဟုတ်ပါဘူး ... ”

"တိတ်စမ်း ... အိမ်ရှေ့ရှင် ... ငါ ဘာမှမကြားချင်ဘူး"

"ဒက်ဒီ ... မတရားဘူး ... မောင့်မှာ ဘာအပြစ်ရှိလို့လဲ ... ဒက်ဒီ အခုလိုမျက်စိမှိတ်ပြီး ... ငြင်းပယ်ရလောက်တဲ့ အကြောင်းပြချက်က ဘာလဲ ... ဦးနိုင်သိခ်လို ကုမ္ပဏီပိုင်ရှင် အရမ်းကို ထူးချွန်တဲ့ဂုဏ်ထူးဆောင်လူတစ်ယောက်မဟုတ်ဘူးဆိုတဲ့ အကြောင်းပြချက်ပဲလား ..."

"သမီးငယ် ..."

ခေါ်ကြီးဂျမ်းရဲ့ ဟန့်တားသံထွက်လာ၏။

ဒက်ဒီ့ဆီက စူးရဲတဲ့အကြည့်တစ်ခု ရွေ့လာသည်။

သူမ ...

ဘယ်လိုမှမခံစားနိုင်တော့ပါ။နှလုံးသားတွေနာကျင်စွာ ခံစားနေရသည်။ ထိုခံစားချက်တွေကြောင့် ရင်တစ်ခုလုံးပေါက်ကွဲထွက်သွားမလားပင် ထင်ရ၏။ ဒါကို ဘယ်သူမှ စာနာ နားလည်ဖြေသိမ့်ပေးမည့်သူ မရှိပါ။

ဒက်ဒီက ဦးနိုင်သိခ်လောက်ပဲ မျက်စိထဲမှာရှိသည်။ ကျန်တာတွေ လုံးဝလှည့်ကြည့်ဖို့ မစဉ်းစားချေ။

"ဦးနိုင်သိခ်ကို သမီးမချစ်ဘူး ... လုံးဝလက်မထပ်နိုင်ဘူး ဒက်ဒီ ..."

ဟင် ... ။

ဒီတစ်ခါ ... မျက်လုံးပြူးပိုင်းသွားတာက အပြင်ကိုအလုပ်ကိစ္စနှင့်သွားပြီး ပြန်လာတဲ့ ဦးနိုင်သိခ်ရယ်ပဲဖြစ်သည်။





ငိုရှိုက်သံသဲ့သဲ့ကြောင့် အိမ်ရှေ့ရှင့်အခန်းရှေ့မှ အသာနားစွင့်ပြီး ရပ်နားထောင်နေမိခြင်းရယ်ပါ။ အခုတော့ ငိုသံစွက်စွက်စကားသံလေးကြောင့် နိုင်သိခ်တစ်ကိုယ်လုံး ရှက်စိတ်တွေမွန်ထူသွားရကာ ရင်ထဲနင့်နင့်သည်းသည်းကလေး ခံစားလိုက်ရသည်။

ကြည်လင်ပီသတဲ့ငြင်းဆန်သံကို လက်မခံချင်ပါဘဲ လက်ခံလိုက်ရသည်။

မျက်ဝန်းအကြည့်လေးတွေ စိမ်းတောက်သွားရ၏။ အံကိုတင်းနေအောင်ကြိတ်ထားမိသည်။ အခံရခက်စွာပင် ရင်ထဲက ဒေါသမုန်တိုင်းတွေ သည်းထန်သွားရသည်။ ဒီလို ဘာမဟုတ်တဲ့ ကောင်မလေးတစ်ယောက်ရဲ့ ငြင်းဆန်ခြင်းခံရလောက်အောင် နိုင်သိခ်ဆိုတဲ့သူက အစွမ်းအစတွေမဲ့နေရသလား။ တကယ်ဆို နိုင်သိခ်ဆိုတဲ့ နိုင်ငံခြားပြန် ကုမ္ပဏီပိုင်ရှင်သူဌေးသားလို့ လူသိများတဲ့ သူ့အနားမှာ မဆွတ်ခင်ကညွတ်ချင်နေကြတဲ့နှင်းဆီပွင့်လေးတွေတစ်ပုံတစ်ပင်ရယ်ပါ။ သမက်တော်ချင်နေကြတဲ့ ယောက္ခမလောင်းတွေက ထုနဲ့ထေး။

အဲ့ဒီအထဲမှာ ...

ဦးထွန်းခေါင်လည်းအပါအဝင်ပဲလေ။

ထမင်းစားပွဲဖိတ်ကြားပြီး သူ့ကိုအိမ်ရှေ့ရှင်နဲ့တွေ့ဆုံစေခဲ့တာပဲမဟုတ်လား။ နိုင်သိခ်ကို သူ့အိတ်ထဲထည့်ဖို့ကြိုးစားတဲ့ ဦးထွန်းခေါင်ရဲ့ ကျော့ကွင်းထဲကို သူ လှလှပပကြီး မိသွားခဲ့တာလား။ ဒါမှမဟုတ် အိစက်နေအောင်ချောလှပြီး အရမ်းချမ်းသာတဲ့ သူဌေး

သမီးကိုမှလိုချင်တဲ့ နိုင်သိန်ထောင်ချောက်ထဲကို ဦးထွန်းခေါင် တိုးဝင်လာခဲ့တာလား၊ ဘာပဲပြောပြော အိမ်ခြွေရှင်ဆိုတဲ့ မိန်းကလေးကို မြင်မြင်ချင်းစွဲမက်ကာ သူမလေးရှိနေတဲ့ပတ်ဝန်းကျင်လေးမှာ ရှင်သန်နေထိုင်ချင်တဲ့ဆန္ဒတွေက တဖွားဖွားပေါ်ပေါက်လာပြီးနောက်မှာတော့ ဦးထွန်းခေါင်အိမ်မှာ ပြောင်းတည်းခိုဖို့ နိုင်သိန်သဘောတူခဲ့သည်။ ဒါကြောင့် လုပ်ငန်းကို ဦးထွန်းခေါင်နဲ့ပဲတွဲလုပ်ဖို့ သူ ဆုံးဖြတ်ထားလိုက်တာပေါ့။

အိမ်ခြွေရှင့်ကို ချစ်ခွင့်ပန်ဖို့ ကြိုးစားလိုက်ချိန်တွင် သူမကလေးမှာ အရင်ဦးထားသူရှိနေချေပြီ။

ချစ်သူရှိပြီးသားကောင်မလေးကိုမှ သူက လိုချင်မိသွားတယ်ဆိုတော့ အိမ်ခြွေရှင် ကံဆိုးပြီပေါ့။

နိုင်သိန်ဆိုတဲ့သူက လိုချင်တာကိုရအောင်ယူတတ်တဲ့သူလေ။ တရားနည်းလမ်းကျသည်ဖြစ်စေ မကျသည်ဖြစ်စေ သူ ဘာကိုမှ အရေးမထားတော့။ အရေးကြီးတာ ကိုယ်ပိုင်ဆိုင်ရတာကိုပဲ ကျေနပ်တတ်တဲ့လူစားမျိုး။

အိမ်ခြွေရှင် ... ။

မင်းက ငါ့ကိုမချစ်ဘူး။

ငါ့ကိုလက်မထပ်နိုင်ဘူးလို့ ငြင်းတယ်နော်။

အဟွန်း ... ။

မင်းမြဲမြဲမှတ်ထားလိုက် အိမ်ခြွေရှင်။ မင်းလက်မထပ်နိုင်ပါဘူးလို့ ငြင်းဆန်တဲ့ နိုင်သိန်ကိုပဲ မင်းလက်ထပ်ရမယ်။ မင်း





မချစ်တဲ့ရင်ခွင်ထဲမှာ တစ်သက်တာစိတ်ဆင်းရဲမှုတွေနဲ့ မင်းရှင်သန်ရမယ်။ ငါ မင်းကိုရအောင်လက်ထပ်မယ် အိမ်ခြွေရှင် ... ။ ငါ့ရဲ့ဇနီးဘဝနဲ့ မင်းနေကိုနေရမယ်။

ရင်ထဲက ... ။

ကြိမ်းဝါးမှုနှင့်အတူ သူ့နှုတ်ခမ်းတွေမဲ့ကွေးကာ တစ်ချက်ပြုံးလိုက်သည်။

ပြီးနောက် ...

အိမ်ခြွေရှင့်အခန်းရှေ့ကနေ ဖြတ်လျှောက်ကာ သူ့အခန်းရှိရာသို့ လျှောက်လာခဲ့တော့သည်။

အိမ်ခြွေရှင့်အခန်းလေးထဲမှာတော့ ... ။

အိမ်ခြွေရှင်နဲ့ဒက်ဒီက စကားစစ်တိုက်နေတုန်းရယ်ပါ။

သူမ ဘယ်လောက်ပဲငြင်းဆန်နေနေ ဒက်ဒီဘက်က လျှော့မပေးစွာဘဲ ရှိနေခဲ့ပါသည်။

"ဒေါ်ဂျမ်း ... "

"ပြောပါ ... မောင်ထွန်းခေါင်"

"အိမ်ခြွေရှင့်ကို အခန်းပြောင်းထားလိုက်ပါ"

"ဒက်ဒီ ... ဘာဆိုင်လို့လဲ ... သမီးငယ်ငယ်လေးထဲက ဒီအခန်းလေးကို နှစ်သက်လို့ ရွေးချယ်ပြီးနေခဲ့တာလေ"

"အောက်ထပ်က စတိုခန်းကိုရှင်းပြီး ... ဒင်းကို ထားလိုက် ဒေါ်ဂျမ်း ... "

"အို ... "

အိန္ဒြေရှင် မျက်လုံးပြူးရပြီ။

"ဒင်းရဲ့အပြစ်ကို ဒင်းခံပါစေ ... ဒါမှ မှတ်လောက်သား လောက်ရှိသွားမှာ ... လုံးဝညှာစရာမလိုဘူး မဂျမ်း ..."

"ကိုထွဋ်"

"မနန်း ... နင်ဘာမှမပြောနဲ့ ... သူက အားကိုးရှိတယ်ဆိုပြီး ငါတို့ကိုအာခံချင်နေတာ ... ထွဋ်ခေါင်ဆိုတဲ့ငါက ခေါင်းငုံ့ပြီး ငြိမ်ခံနေရမလား ... မိမဆုံးမ ဖမဆုံးမသားသမီးလို့ သူများလက်ညှိုးထိုးတာမခံနိုင်ဘူး ... ရအောင်ဆုံးမပြမယ်"

"ဒက်ဒီရက်စက်တယ် ... သိပ်ရက်စက်တာပဲ"

အဟင့် ... ဟင့်။

ဟင့် ... ဟင့်။

တသိမ့်သိမ့်ငိုချလိုက်သူက အိန္ဒြေရှင်ရယ်ပါ။

နောက်ဆုံးတော့ ... ။

ဒက်ဒီအမိန့်အတိုင်း ဦးကျားပေါက်နဲ့ဦးကျားဆိုး ဆွဲခေါ်ရာသို့ ရုန်းရင်းကန်ရင်းနှင့်ပင် အိန္ဒြေရှင် လိုက်ပါခဲ့ရပါတော့ သည်။

အရှေ့မှာတော့ ... ။

စတိုခန်းတံခါးသော့တွဲကြီးကိုကိုင်ပြီး ဒေါ်ကြီးဂျမ်း က ဦးဆောင်သွားနေ၏။ အိန္ဒြေရှင် ဘာမှမတတ်နိုင်တော့ အောက်ထပ်သို့ ဆင်းလိုက်ခဲ့ရတော့သည်။ ကျွီခနဲ တံခါးဆွဲဖွင့်သံ အတူ။





အလင်းရောင် မှိန်ဖျော့ဖျော့ကလေးသာရှိသော စတိုခန်းကလေးကိုကြည့်ပြီး သွေးပျက်မတတ်ကြောက်ရွံ့တုန်လှုပ် သွားရသည်။

"မဝင်ဘူး ... မဝင်ဘူး ... တောင်းပန်ပါတယ် ... အိန္ဒြေရှင် ကို အဲဒီအခန်းထဲ မထည့်ပါနဲ့နော် ... ကြောက်လို့ပါ ... သမီးအရမ်းကြောက်လို့ပါ ... "

ရုန်းကန်နေတဲ့ကြားကနေ ဦးကျားဆိုးနဲ့ ဦးကျား ပေါက်ရဲ့ဆွဲခေါ်မှုကြောင့် အမှောင်ခန်းထဲ သူမဝင်ခဲ့ရသည်။

"ဒေါ်ကြီးဂျမ်း ... ကယ်ပါဦးနော် ... သမီးကြောက်လို့ပါ။ သမီးကို မထားခဲ့ပါနဲ့ဒေါ်ကြီးဂျမ်းရယ် ... "

"နေခဲ့ပါ အိန္ဒြေရှင် ... ဒါ မောင်ထွဋ်ခေါင်ရဲ့အမိန့်လေ ... ဒေါ်ကြီးဂျမ်းတို့ ဘာမှမတတ်နိုင်ဘူးကွယ် ... "

"ဒေါ်ကြီးဂျမ်း အဟင့် ဟင့်"

အိန္ဒြေရှင့်ကိုထားခဲ့ပြီး အားလုံးပြန်ထွက်ဖို့ကြိုးစား နေသည်။

"ဒေါ်ကြီးဂျမ်းရေ ... "

"ဒေါ်ကြီးဂျမ်း အိန္ဒြေရှင့်ကို မထားခဲ့ပါနဲ့ ... "

ဟင့် ... ဟင့်။ သူမ ငိုယိုပြီးတောင်းပန်မိသည်။

သွားပြီ ... ။ သူမရဲ့ကြိုးစားမှုက အချည်းနှီးပါပဲ။

သူမကို ရက်ရက်စက်စက်ထားခဲ့ကာ ဒေါ်ကြီးဂ[illegible] ကျာခိုင်းထွက်သွားလေပြီ။ အိန္ဒြေရှင် ဘယ်လောက်ခေါ[illegible] [illegible]မး

မကြည့်တော့ချေ။

ကျွီ ... ။

ဝုန်း ... ။

ဂလောက် ... ။

ချောက် ... ။

အခန်းတံခါးကို အပြင်ကနေ သော့ခတ်သွားတော့၏။

အိမ်ဖြေရှင်တစ်ယောက်တည်း ... အခန်းလေးထဲမှာ တသိမ့်သိမ့် ငိုရှိုက်ပြီး ကျန်နေရစ်ခဲ့ရတော့သည်။





## အခန်း (၁၇)

တူ ... တူ။

တူ ... ။

သွေးလက်ကိုင်ဖုန်းမြည်သံလေးကြောင့် မိုးသောင်ယံကိုင်လိုက်မိသည်။

"ဟယ်လို ... "

"အစ်ကိုလေး မိုးသောင်ယံလားရှင်"

"ဗျာ ... ဟုတ် ... ဟုတ်ပါတယ်"

"ကျွန်မက အိမ်ဖြေရှင်တို့အိမ်ကအလုပ်သမားပါ ... "

"ဪ ... "

"မမလေးအခန်းကိုရှင်းနေရင်း လိပ်စာကတ်လေးတစ်ခုရလို့ လှမ်းဆက်လိုက်တာပါ ... "

"ပြောပါ ညီမ"

"အစ်ကိုလေးရယ် ... မမလေးကို ကယ်ပါဦးရှင်"

ဟင် ... ။

"အဟင့် ... ဟင့် ... မမ ... မမလေးကို ဘဘကြီးက တအားရိုက်နှက်ပြီး ... "

"ဘာ ... ဘာရယ်"

"အစ်ကိုလေးနဲ့ချိန်းတွေ့ရမလားဆိုပြီး အပြစ်ပေးခံရတာ"

"ဟာ ... ဟာကွာ"

မိုးသောင်ယံ ရင်ထဲနင့်သည်းသွားရသလို ချစ်သူလေးအပေါ် သနားကြင်နာစိတ်များ အတောမသတ်နိုင်လောက်အောင် ပြည့်ဆင်းကျသွားရပါသည်။ သူနဲ့တွေ့ဆုံမှုအတွက် ရင်ထိုးလေးကို အပြစ်ပေးတယ်တဲ့လေ ... ။ ရင်ထိုးလေးအိမ်က အလုပ်သမားကောင်မလေးက သူ့ဆီဖုန်းဆက်ပြောပြနေ၏။

"ဒါ ... ဒါနဲ့ ... ရင်ထိုးလေးက ... "

"မမလေးက အိမ်မှာပါပဲ ... ဒါပေမဲ့ လှုပ်တောင်မလှုပ်ရှားနိုင်လောက်အောင်ခွေလဲကျနေပြီ ... "

"ဘာ ... "

"မမလေး သနားပါတယ်အစ်ကိုလေးရယ် ... အဟင့် ... ဟင့် ... သူ ... သူက အရမ်းကြောက်တတ်တာ ... ပြီးတော့ ပြီးတော့ ဦးနိုင်သိန်းဆိုတဲ့ နိုင်ငံခြားပြန် ကုမ္ပဏီပိုင်ရှင်သူဌေးနဲ့ ပေးစားတော့မယ်တဲ့ ... "

ဟာ ... ။





မိုးသောင်ယံ စိုးရိမ်စိတ်တွေကြီးသွားရသည်။ နိုင်သိန်းဆိုတဲ့လူကြီးနဲ့လက်ထပ်ပေးစားတော့မယ်တဲ့။ ပြီးတော့ ... အရိုက်ခံထားရတဲ့ဒဏ်နဲ့ရင်ထိုးလေးခွေနေသတဲ့လေ။ ရင်ထိုးလေးရဲ့သတင်းကို ကြားရတာ စိတ်မကောင်းစရာပါ။ ဒါတွေအားလုံး မိုးသောင်ယံကြောင့်ဖြစ်ရတာလေ ... ။ ရင်ထိုးလေးဆီ ဖွတ်အတင်း တွေ့ဆုံခွင့်တောင်းဆိုခဲ့လို့ ရင်ထိုးလေးအခုလို အပြစ်ဒဏ်ခံရတာပါ။ မဖြစ်ဘူး။ မဖြစ်ဘူး။

သူ ... သူ ရင်ထိုးလေးဆီကိုသွားမှဖြစ်မယ်။ ရင်ထိုးလေးအတွက် သူ သွားတောင်းပန်ပေးမှဖြစ်မယ်လေ။ ချစ်သူကို သွားတွေ့ရမယ်။

"ဟယ်လို ... "

"ဟယ်လို ... "

"ကောင်မလေး ... "

မိုးသောင်ယံခေါ်နေမိသည်။ သို့သော် ... ဖုန်းလိုင်းကျသွား၏။ တစ်ဘက်က ဖုန်းချလိုက်သူက နိုင်သိန်းရယ်ပဲဖြစ်သည်။

အိမ်ဖြူရှင်ကောင်လေးဆီ အိမ်ဖော်မလေးကိုငွေပေးပြီး ဖုန်းတမင်ဆက်ခိုင်းလိုက်တာလေ။ ဒီလောက် အသိပေးလိုက်ရရင်ပဲ လုံလောက်ပြီမို့ ပြောနေတဲ့ဟမ်းဖုန်းလေးကိုယူပြီး ပိတ်ပစ်လိုက်တာ။

မိုးသောင်ယံ ... ။

မင်း ဘာဆက်လုပ်မလဲ ... ။

သေချာတာကတော့ မင်း ဒီကိုမကြာခင်ရောက်လာပြီး သောင်းကျန်းတော့မယ်လေ။ ဒါဆို မင်းကိုပိုပြီးအထင်သေးကြပြီပဲ။ ဦးထွဋ်ခေါင်က သိပ်ပြီးဂုဏ်တွေ၊ ငွေတွေမက်တာ။ မင်းဝင်လာတာနဲ့ သူတို့အရှက်သိက္ခာမဲ့ပြီပဲ။ ဒါဆို မင်းလိုကောင်လေးတစ်ယောက် အဝေးဆုံးကိုလွင့်ပြီပေါ့။ အိန္ဒြေရှင်အနားကပ်လို့ မရအောင်ကို လွင့်စင်ထွက်သွားမှာလေ။

ဟား ... ဟား။

စိတ်ထဲကနေ တဟားဟားအော်ရယ်နေမိပေမဲ့ ... အပြင်မှာတော့ နှုတ်ခမ်းလေးမဲ့ကွေးကာ ပြုံးလိုက်သည်။

"သက် ... သက်"

"ရှင် ... ဦးနိုင်သိန်"

"ဒီကိစ္စ ... ဘယ်သူမှမသိစေနဲ့နော် ... ဦးထွဋ်ခေါင်သာပြန်ကြားရင် ... နင့်ကိုအလုပ်ဖြုတ်ပစ်လိမ့်မယ် ... သူ့သမီးကိစ္စမှာ နင်ဝင်ပြီးအောင်သွယ်ပေးတယ်ထင်ပြီး နင့်ကိုရိုက်လိမ့်မယ်သိလား ... "

"ဟင် ... တ ... တကယ်လား"

"တကယ်ပေါ့ဟ ... ဒါကြောင့် အခုလို နင်ပြောတာ ဘယ်သူမှ မရိပ်မိစေနဲ့ ... "

"ဟုတ် ... ဟုတ်ကဲ့ ဦးနိုင်သိန် ... "

"ငါတို့က သနားလို့ကူညီပေမဲ့ ... ငါတို့စေတနာကို ဘယ်သူမှ အသိအမှတ်ပြုလက်ခံမှာမဟုတ်ဘူး ... အိန္ဒြေရှင်ခံစား





နေရတဲ့အဖြစ်ကို မကြည့်ရက်လို့သာ သူ့ကောင်လေးဆီဆက်သွယ်ပေးရတာ ... ဦးထွဋ်ခေါင်သိရင် စိတ်ဆိုးမှာပဲ"

"ဟုတ်တယ်နော် ... သက်သက်လဲ ... မမလေးအဖြစ်ကို သနားလွန်းလို့သာ အခုလိုလုပ်ပေးလိုက်တာ ... ဘဘကြီးကိုတော့ အသေကြောက်တယ် ... "

"နင်မပြောရင် ဘာမှမဖြစ်ပါဘူးဟာ ... သွား ... သွား ... ကိုယ့်အလုပ်ကိုယ် ဟန်မပျက်သွားလုပ်တော့ ... "

"ဟုတ် ... ဟုတ်ကဲ့ပါရှင် ... "

သူ့ရှေ့ကနေ ခပ်ရို့ရို့လေးထွက်သွားတဲ့ အိမ်ဖော်ကောင်မလေးသက်သက်ကိုကြည့်ပြီး နိုင်သိန်ပြုံးလိုက်မိသည်။

ဒါ ... ။

မင်း ရသင့်တဲ့ပစ်ဒဏ်ပဲနော် အိန္ဒြေရှင်။

မင်းက ငါ့ကိုခါးခါးသီးသီးငြင်းပယ်တာကို။ မင်းမသိသေးတာက နိုင်သိန်ဆိုတဲ့ငါဟာ လိုချင်တာကို ရအောင်ယူတတ်တဲ့လူစားမျိုးဆိုတာပဲ။

စောင့်ကြည့်လိုက် ... အိန္ဒြေရှင်။

တစ်နေ့နေ့တစ်ချိန်ချိန်ကြရင် မင်းလက်မထပ်ချင်ပါဘူးလို့ ငြင်းပယ်ခဲ့တဲ့ နိုင်သိန်ဆိုတဲ့ငါ့ကို မင်းဘက်စပြီး လက်ထပ်ခွင့်တောင်းရစေမယ်။

ဟား ... ဟား။

မယုံမရှိနဲ့ အိန္ဒြေရှင်ရေ ... ။

ဟား ... ဟား။

အခန်းထဲမှာ အူလှိုက်အသည်းလှိုက်ရယ်နေမိတော့သည်။







မိုးသောင်ယံတစ်ယောက်ကတော့ နာရီကိုအခါခါ ကြည့်နေမိ၏။

ညအမှောင်ထုကို စောင့်နေမိသည်။

ရင်ထိုးလေးတို့ခြံရှေ့မှာနေပြီး ခြံကြီးထဲကအရိပ်အခြည်ကို စောင့်ကြည့်နေမိသည်။ မိုးကောင်းကင်ကြီးကိုမော့ကြည့်တော့ ပကတိကြည်စင်လို့။

မိုးသောင်ယံတစ်ယောက် မိုးကောင်းကင်ကြီးကို မော့ကြည့်ကာ ရင်ထဲကခံစားချက်တွေကို ဖွင့်ချလိုက်မိသည်။

"မိုးကောင်းကင်ကြီးရယ် ... ရင်ထိုးလေးကို သိပ်ချစ်လွန်းလို့သာ အခုလိုအရဲစွန့်လာခဲ့တာပါ ... ကျွန်တော့်ကြောင့် ရင်ထိုးလေး အခုလိုရိုက်နှက်ပြီး အပြစ်ပေးခံရတာ စိတ်မကောင်းပါဘူး မိုးကောင်းကင်ကြီးရယ် ... "

အခု ... ။

ကျွန်တော် သူ့ဆီသို့သွားပြီး နှစ်သိမ့်ချင်လို့ပါ။ မိုးကောင်းကင်ကြီးက ကူညီပါနော်။ ရင်ထိုးလေးကိုတွေ့ပါရစေ မိုးကောင်းကင်ကြီးရယ် ... ။

တီးတိုးကလေး ရေရွတ်ကာ တိုင်တည်နေမိ၏။ ပြာလဲ့လဲ့မိုးကောင်းကင်ကြီးက ကြယ်ရောင်စုံစွာဖြင့် ပဏ္ဏာတင့်ကာ သူ့ကိုကြင်နာစွာ အုပ်မိုးကြည့်နေသယောင်ယောင်ပါ။

တဖြည်းဖြည်း ...

ညဥ့်ကနက်သထက်နက်လာသည်။ ပတ်ဝန်းကျင်တစ်ခုလုံး အပ်ကျသံပင် မကြားရလောက်အောင် တိတ်ဆိတ်လာ၏။ တိုက်ကြီးဆီက မီးရောင်တချို့မှိတ်သွားတာ တော်တော်လေးကြာနေပါပြီ။

ဒါ ... ။

အချိန်ကောင်းတစ်ခုပါပဲ။

မိုးသောင်ယံ နေရာက ထရပ်လိုက်သည်။ အိမ်ခြေရှင်တို့ခြံကြီးဆီ စူးစူးစိုက်စိုက်ကြည့်ကာ အထဲကိုဝင်နိုင်ဖို့ ကြိုးစားလိုက်သည်။

မိုးကောင်းကင်ကြီးရယ် ...

ရင်ထိုးလေးကို ကျွန်တော်တကယ်ချစ်တာပါ။

အဲ့ဒါကို ...

အားလုံးယုံကြည်အောင် သက်သေလုပ်ပေးစမ်းပါဗျာ။ ဒါမှ ရင်ထိုးလေးနဲ့ကျွန်တော့်အချစ်တွေပေါင်းဆုံရမှာပါ မိုး





ကောင်းကင်ကြီးရယ်။ ကူညီပါ မိုးကောင်းကင်ကြီးရာ။

သူ ...

မိုးကောင်းကင်ကြီးကို အပြီးသတ်တိုင်တည်စကားဆိုလိုက်ပြီးနောက် ... လျင်မြန်သွက်လက်စွာ နံရံအုတ်တံတိုင်းကြီးကို တွယ်တက်လိုက်သည်။ ပြီးမှ ခြံကြီးထဲခုန်ဝင်လိုက်၏။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ကာ အေးချမ်းနေပါသည်။ လူတွေ အိပ်မောကျလောက်ချိန်မို့ တိုက်ကြီးဆီကပါ တိတ်ဆိတ်နေ၏။

ခြံစောင့်ကြီးရဲ့အခြေအနေကို သူ လှေလာအကဲခတ်လိုက်သည်။

အခုချိန်ထိတော့ ...

အခြေအနေကောင်းနေဆဲ။

သစ်ပင်အကွယ်လေးမှ တစ်ဆင့်တိုက်ကြီးဆီသို့ တိုးကပ်နိုင်အောင်ကြိုးစားပြီး သွားနေမိသည်။ တစ်ချက်သူ့ခန္ဓာကိုယ်လေး အလင်းရောင်ဘက်သို့ ရောက်သွားချိန်တွင်။

ဝုတ် ... ဝုတ်။

ဝေါင်း ... ။

ဝေါင်း ... ။

ဘယ်ကနေထွက်လာမှန်းမသိတဲ့ ရောမအယ်ဖေးရှင်းကြီး နှစ်ကောင်က သူ့ကိုမြင်ပြီးပြေးလာချေပြီ။ သူ ဘယ်လိုမှရှောင်ပုန်းလို့မရတော့။

"ဝေါင်း ... ဝေါင်း ... "

"ဝေါင်း … "

ဟာ … ။

ဒုက္ခပါပဲ။

စူးရဲတဲ့မျက်လုံးကြီးတွေနဲ့ အစွယ်တဖွေးဖွေးဖြ ကာ ဟောင်ရင်းပြေးလာသဖြင့် သူတွေဝေမနေနိုင်တော့ဘဲ စကား ပင်ကြီးပေါ်ပြေးတက်လိုက်မိသည်။

"ဝေါင်း … ဝေါင်း"

"ဝေါင်း … "

"ဟိတ် … ရှူး … ရှူး … သွားကြစမ်း … သွား … သွား"

မိုးသောင်ယံ မောင်းထုတ်နေမိသည်။

ဘယ်က ခွေးကြီးတွေလဲ … ။

အရင်ကမရှိပါဘူး။ အခုမှ ခြံစောင့်အယ်ဖေးရှင်းခွေး ကြီးနှစ်ကောင်က သူ့ရှေ့ရောက်လာသည်။ အိမ်ဖြေရှင်နဲ့ မိုးသောင်ယံ ရဲ့ အကြောင်းကိုသိသွားပြီး ဒီကောင်ကြီးတွေ ခြံစောင့်ချထားလိုက် တာပဲဖြစ်ရမည်။

"ဝေါင်း … ဝေါင်း … "

"ဝေါင်း … "

ခွေးကြီးတွေက သူ့ကိုကြည့်ပြီး သဲသဲမဲမဲ ထိုးဟောင် နေကြသည်။

မိုးသောင်ယံ သစ်ပင်ပေါ်က မဆင်းရဲ။ ဒီကောင် ကြီးတွေ ဝိုင်းကိုက်လို့ကတော့ မချောင်ဘူး။ ခန္ဓာကိုယ်တစ်ခုလုံး





ဖောခွေးတွေ ပြန်လာရသည်။ စကားပန်းပင်ကြီးပေါ်မှာ ငုတ်တုတ် ကလေးထိုင်ပြီး အောက်ကခွေးကြီးတွေရန်ကလွတ်အောင် ဘယ် လိုလုပ်ရမလဲဟု စဉ်းစားနေမိသည်။

"ဝေါင်း … ဝေါင်း … "

ဒုက္ခပဲ … ။

ဒီအတိုင်း ဆက်ဟောင်နေလို့ကတော့ မလွယ်ချေ။

အပြင်ကို ပြန်ထွက်ဖို့လည်း မဖြစ်ပြန်။ အောက်ကို ခြေချတာနဲ့ ဒီကောင်ကြီးတွေက ဝိုင်းခဲတော့မှာပဲ။ ခွေးဟောင်သံ ကြီးတွေက တိတ်ဆိတ်တဲ့ပတ်ဝန်းကျင်ကြီးထဲမှာ စူးစူးဝါးဝါး ကျယ် ကျယ်လောင်လောင်ကြီး ပေါ်ထွက်နေ၏။

"ဝေါင်း … ဝေါင်း … "

"ဝေါင်း … "

မိုးသောင်ယံရင်ထဲ စိုးရိမ်စိတ်တွေ ပို၍ကြီးထွားလာ သည်။ ခွေးဟောင်သံကြီး ဒီလောက်ကျယ်နေလျှင် အိမ်သားတွေ အားလုံး နိုးတော့မည်။ ပြဿနာတွေက ခန့်မှန်းလို့မရအောင်တက် တော့မှာပဲ။ မိုးသောင်ယံ … ရင်ထိုးလေးအတွက် စိုးထိတ်သွားမိ သည်။ အခုတောင် သူ့ကြောင့် ရင်ထိုးလေး အရိုက်ခံထားရတာ လေ။

ပြဿနာပဲ … ။

သူ့ကြောင့် ရင်ထိုးလေး ပိုပြီး စိတ်သောကရောက်ရ တော့မည်။

မဖြစ်ဘူး ... ။

ခြံပြင် အမြန်ပြန်ထွက်မှပဲ။

သူ့ကို့တွေ့တာနှင့် ရင်ထိုးလေး အပြစ်ဒဏ်တွေထပ်ပြီး အပေးခံရတော့မှာ။ ချစ်သူ့ကို မနာကျင်စေချင်တော့ပါ။ သူ့ရဲ့ တစ်ဖွတ်ထိုးဆန်မှုတွေကို ထိန်းချုပ်မှဖြစ်တော့မယ်။

ဟုတ်တယ် ... ။

အပြင်ကို ပြန်ထွက်မယ်။

ဒီကောင်ကြီးတွေကို သူ ဂရုစိုက်နေလို့မဖြစ်ဘူး။

"ဝေါင်း ... ဝေါင်း ... "

သူ ...

ခြံပေါက်ဘက် ပြန်လှည့်ကြည့်လိုက်သည်။

အုတ်တံတိုင်းသည် သိပ်အမြင့်ကြီးတော့ မဟုတ်ပါ။

သို့သော် ...

ဒါကို ခွကျော်တက်ရဦးမည်။

ဒီသစ်ပင်ပေါ်ကနေ ခုန်ချရဦးမည့်အရေးက လွယ်တော့မလွယ်လှပါ။ အစွယ်အဖွေးသားနဲ့ ခွေးကြီးနှစ်ကောင်က သူ့ကို တစ်စက်ကလေးမှ အလစ်မပေးဘဲ စောင့်ကြည့်ပြီးတော့ကို ထိုးဟောင်နေတာလေ။

မိုးသောင်ယံ ... ။

သစ်ကိုင်းခပ်တုတ်တုတ်တစ်ချောင်းကိုချိုးယူလိုက်





သည်။ ပြီးနောက် ခပ်ဖြည်းဖြည်းချင်းဆင်းဖို့ အောက်သစ်ကိုင်းဆီ ခြေအချ။

"ဝေါင်း ... ဝေါင်း"

"ဟိတ်ကောင် ... ရန်ဒီ ... ဘာဖြစ်လို့ ဒီလောက်တောင် ဟောင်နေ ... ဟာ ... "

လက်နှိပ်ဓာတ်မီးက ခွေးဟောင်နေသောနေရာသို့ အထိုး ခြံစောင့်ဦးအေးမောင် မျက်လုံးပြူးသွားရသည်။ ခန္ဓာကိုယ်ပေါ်သို့ ဖြာခနဲကျလာသော လက်နှိပ်ဓာတ်မီးရောင်နှင့်အတူ ခြံစောင့်လူကြီးတစ်ဦးကို မိုးသောင်ယံ မျက်နှာချင်းဆိုင်ကြည့်မိသွားရသည်။

"ဟင် ... မင်း ... မင်း ... သူခိုး ... သူခိုး"

"မဟုတ်ဘူး ... မဟုတ်ဘူး"

မိုးသောင်ယံကိုကြည့်ပြီး ... ကြောင်အအဖြစ်သွားသော ခြံစောင့်ကြီးရဲ့နှုတ်ထွက်စွပ်စွဲစကားကြောင့် သူ မျက်လုံးပြူးရပြီ။

သူခိုးတဲ့ ... ။

သူ့ကို စွပ်စွဲနေချေပြီလေ ... ။

"သူခိုး ... သူခိုး"

ဟာ ... ။

"သူခိုးဗျို့ ... "

"ဟာ ... ဟေ့လူ ... မအော်နဲ့လေ ... ဟာ ... ဟာဗျာ"

"ကျားဆိုး … ကျားပေါက် … လာကြစမ်း … ဒီမှာခြံထဲ သူခိုးဝင်နေလို့ … "

ဦးအေးမောင်ရဲ့အသံကြောင့်လူထွားကြီးနှစ်ယောက် အနောက်ဘက်ဆီကပြေးလာကြသည်။ မိုးသောင်ယံ … ပို၍ပင် မျက်လုံးပြူးရပြီ။

အဘယ်ကြောင့်ဆိုသော် … ။

အိမ်ဖြူရှင်တို့ရဲ့တိုက်ကြီးထဲမှ မီးရောင်များတစ်ပွင့် ပြီးတစ်ပွင့် လင်းလက်လာခြင်းကြောင့်ပင် ဖြစ်တော့သည်။

"ခြံထဲမှာ ဆူညံ ဆူညံနဲ့ … ဘာဖြစ်နေတာလဲဟေ့ … "

သြဇာသံအပြည့်နှင့် အောင်မြင်စွာပေါ်ထွက်လာသောအသံပြတ်တစ်ခုကြောင့်ထိုနေရာဆီသို့ အားလုံးလှမ်းကြည့်မိတော့ အသက်လေးဆယ်ကျော်လူကြီးတစ်ယောက် သူတို့အနား လျှောက်လှမ်းလာရင်း မေးလာသောအသံဖြစ်နေသည်။

ဩ … ။

အိမ်ဖြူရှင့် ဒက်ဒီများလား။

အသက်အရွယ်အားဖြင့် မိုးသောင်ယံရဲ့ဖခင် ဦးမိုးမြင့်နှင့် မတိမ်းမယိမ်းလောက်ပင် ဖြစ်သည်။ သူ စူးစူးရဲရဲစိုက်ကြည့်နေမိ၏။

"ခြံထဲ သူခိုးကပ်လို့ဆရာ … "

"ဟေ … "

"ဒီမှာလေ သစ်ပင်ပေါ်မှာ … "





"ဟင် … "

မီးရောင်ကြောင့် … သစ်ပင်ပေါ်တွင်ရှိသော သူ့ကို အားလုံးတွေ့သွားကြသည်။ သစ်ပင်ပေါ်တွင် ကောင်လေးတစ်ယောက်ရှိနေ၏။

"ဟေ့ကောင် … မင်း ဘာလုပ်နေတာလဲ … ဆင်းခဲ့လေ"

ဦးအေးမောင် အမိန့်ပေးလိုက်မိ၏။

တော်တော်အတင့်ရဲတဲ့ကောင်။ ခြံထဲတောင်ခိုးဝင်နိုင်နေပြီဆိုတဲ့အဆင့်က နည်းမှမနည်းတာ။ တော်သေးတာပေါ့ … မောင်နိုင်သိမ်ခေါ်လာတဲ့ ရန်ဒီနဲ့ဂျော်နီဆိုတဲ့ခွေးကြီးနှစ်ကောင်ရှိနေလို့။ မောင်နိုင်သိမ်ရဲ့သူငယ်ချင်းက နယ်ခဏသွားလို့ သူ့ဆီအပ်ခဲ့တာတဲ့လေ။ ညမိုးချုပ်ခါနီးမှ ဒီကောင်ကြီးတွေကိုခေါ်လာပြီး လွှတ်ထားတာ။

အခုတော့ … ။

ဒီကောင်ကြီးတွေရဲ့ စွမ်းဆောင်ချက်ကြောင့် သူခိုးမိပြီလေ။

"ဟေ့ကောင် … ပြောနေတာမရဘူးလား … "

"ဆင်းမှာပေါ့ဗျ … ဘယ်လိုဖြစ်နေတာလဲ … ဒီမှာ ဆင်းနေတာပဲဟာကို … "

သူ … ။

သွက်လက်စွာပင် သစ်ပင်ပေါ်ကဆင်းလိုက်သည်။

"ဟေ့ကောင် … သူခိုး"

"ကျွန်တော် သူခိုးမဟုတ်ဘူးဗျ"

"ဘာ ... "

ခြံစောင့်ဦးအေးမောင် စိတ်တိုသွား၏။

"မင်းက သူများခြံထဲခိုးဝင်ပြီး ဒီလောက်လက်ပူးလက်ကြပ် မိနေတာတောင် မဟုတ်ဘူးလို့ငြင်းရသေးတယ်ဟုတ်လား"

ဦးထွန်းခေါင် ပေကပ်ကပ်ညစ်တူးတူးကောင်လေး ရှေ့ ဒေါသတကြီးရောက်သွားကာ ခပ်ဆတ်ဆတ်မေးလိုက်မိသည်။

"ဒါဆို မင်းဘာလာလုပ်တာလဲ ... "

"ဗျာ ... "

"ဒီခြံထဲကို ဘာအကြံအစည်နဲ့ဝင်လာတာလဲ"

"ကျွန် ... ကျွန်တော်"

"ဖြေလေကွာ ... "

"ရင် ... ရင်ထိုးလေးကိုတွေ့ချင်လို့ပါ"

"ဘာ ... "

မိုးသောင်ယံအဖြေကြောင့် ဦးထွန်းခေါင်ဆိုတဲ့ ရင်ထိုးလေးရဲ့ဖခင်က အံ့သြနေသည်။ ရင်ထိုးလေးဆိုတာ အိန္ဒြေရှင့်ကို ချစ်စနိုးလေးခေါ်တဲ့နာမည်လေ။ ဒါကို သူတို့မှမသိတာ။ တမင် ရင်ထိုးလေးဆိုတဲ့နာမည်ကို သုံးလိုက်တာ။

"မှတ်မိပြီ ... မင်းမျက်နှာကို ငါမှတ်မိပြီ"

ဟာ ... ။

မိုးသောင်ယံ မျက်စိမျက်နှာပျက်သွားရ၏။





အသံနက်ကြီးထွက်လာတာက အိန္ဒြေရှင်ရဲ့ကိုယ်ရံ တော်ကြီးနှစ်ယောက်အထဲက တစ်ယောက်ဆီကလေ။ သူ့မျက်နှာ ကို စေ့စေ့ကြည့်ကာ လက်ညှိုးကြီးထိုးပြီး ...

"မင်း ... မင်း ... အိန္ဒြေရှင့်ကောင်လေး မဟုတ်လား"

"ဘာ ... "

"ဟာ ... "

"ဟင် ... "

အားလုံး အံ့အားသင့်သွားကြ၏။

"မင်း ... မင်း ... မိုးသောင်ယံဆိုတဲ့ကောင်လေးပဲ ... "

"ဟင် ... "

ဦးထွန်းခေါင်မျက်လုံးကြီးတွေ ပြူးကျယ်ဝိုင်းစက် သွားရတော့သည်။ ဒေါသတွေရော၊ ရှက်စိတ်တွေပါ ပေါင်းစပ်ပြီး မျက်နှာကြီးတစ်ခုလုံး ရဲရဲတောက်သွား၏။ ကိုယ့်အလုပ်သမားတွေ ရှေ့မှာမို့ ပိုပြီးဒေါသတွေ ပေါက်ကွဲသွားရသည်။

ဒီကောင် သက်သက်မဲ့အရှက်လာခွဲတာပဲ။

ကြည့်စမ်း ...

ဒီကောင့်ကြောင့် ဂုဏ်သိက္ခာကျရပြီ။ ပတ်ဝန်းကျင် က ကြားတော့ ဘယ့်နှယ်လုပ်ရပါ့မလဲ။ တော်သေးတာက မောင် နိုင်သိမ်ဆင်းမလာချေ။ ခွေးဟောင်သံတွေ ဒီလောက်ဆူညံနေတာ နိုးတော့နိုးမှာပါပဲ။

သို့သော် ... ။

အပြင်တော့ထွက်မလာချေ။

ဘာပဲဖြစ်ဖြစ် အခုလိုမလာတာဘဲ တော်လှပြီ ခြံထဲမှာ မိုးသောင်ယံဆိုတဲ့ကောင်လေးရောက်နေတာလေ။

အိမ်ရှေ့ရှုစ်ကိုတွေ့ချင်လို့ ဒီကောင် ဟိုတစ်ခါက နိုးဝင်လာတာပဲ။

အဲ့ဒီအချိန်တုန်းက ဘယ်သူမှမရိပ်မိကြပေမဲ့ အခုတော့ ခြံကြီးထဲနိုးဝင်တာကို အားလုံးသိသွားကြပြီ။ မောင်နိုင်သိ သာသိရင် မိမိမျက်နှာပျက်ရပြီပဲ။

ဒီကောင်လေးကြည့်ရတာ ဂျစ်ကန်ကန်နဲ့ ရှုပ်တရွတ်ဆန်တဲ့ကောင်လေးဖြစ်ပုံရသည်။ ခြံထဲ ရအောင်နိုးဝင်လာပြီး လာတွေ့တာတဲ့ ... ။

ဒီလို ...

လူကြီးမိဘတွေရဲ့မျက်နှာကိုမှမထောက် အခုလို လုပ်တာ ဦးထွဋ်ခေါင် လုံးဝခွင့်မလွှတ်နိုင်ပါတော့ချေ။

"မင်းက မိုးသောင်ယံလား ... "

"ဗျာ ... "

"ငါ မေးနေတယ်လေ ... "

"ဟုတ် ... ဟုတ်ပါတယ်ဦး ... "

"တောက် ... မင်း ... မင်း ... ကဲကွာ"

"ခွပ် ... "

"အ ... "





မထင်မှတ်ဘဲ လက်သီးချက်က သူ့မျက်ပေါ်သို့ ဖျတ်ခနဲကျလာပြီး နောက်မှာတော့ မိုးသောင်ယံတစ်ယောက် မြေပေါ်သို့ ဖင်ထိုင်လျက်လဲကျသွားတော့သည်။



## အခန်း (၁၈)

"အန်ကယ် ... ကျွန် ... ကျွန်တော်"

"တိတ်စမ်း ... မင်းပါးစပ်ကိုပိတ်ထား ... ငါ ဘာသံမှမကြားချင်ဘူး ..."

သူ့ရှေ့မှာ ဒေါသမျက်နှာကြီးနှင့်ရှုံ့မဲ့ရှုံ့မဲ့ရှားရှားဖြစ်နေသော ရင်ထိုးလေးရဲ့ဖခင်ကိုကြည့်ပြီး မိုးသောင်ယံစိတ်တွေကိုအနိုင်မာဆုံးတင်းထားမိသည်။

"မင်းတော်တော် အတင့်ရဲပါလားကွ ... သူများခြံထဲသူခိုးကျင့် သူခိုးကြံနဲ့ ဝင်လာတဲ့မင်းက ဘာကောင်လဲ ... ငါတို့ကိုလေးစားရကောင်းမှန်းမသိဘူး ... မင်း ရိုင်းလှချည်လား မိုးသောင်ယံ ... မင်းစိတ်ထဲမှာ ... ဒီခြံဟာဝင်ချင်သလိုဝင် ထွက်ချင်သလိုထွက် ... ဘာမှဂရုစိုက်ဖို့မလိုဘူးလို့များ မှတ်ယူထားသလားကွ ..."





"ဟာ ... မ ... မဟုတ်ပါဘူးဗျာ ... ရင်ထိုးလေးကို တွေ့ချင်လို့ဝင်လာခဲ့တာပါ။ ကျွန်တော့်စိတ်တွေ အရမ်းပူလောင်နေလို့ပါ အန်ကယ်ရယ် ... ခဏလေးပဲတွေ့ပြီး ပြန်မှာပါဗျာ"

"ဟား ... ဟား ... စိတ်ပူတယ် ... ဟုတ်လား ... မင်းက ဘာစိတ်ပူစရာရှိလဲ ... အိမ်ရှေ့ရှင်က ငါ့သမီးကွ ... သူ့မိဘအိမ်မှာသူနေတာ ဒါကို ဘာစိတ်ပူစရာရှိလဲ ... အလကားလူလိမ်၊ လူညာ ... မင်းရဲ့ဟန်ဆောင်မှုတွေကို အတွေ့အကြုံနည်းတဲ့ အိမ်ရှေ့ရှင်ပဲယုံမှာ ... ငါတို့ကတော့ ဆောရီးပဲ ဟော့ကောင် ... မင်းကို လုံးဝအယုံအကြည်မရှိဘူး ..."

ဟာ ... ။

ရင့်သည်းလိုက်တဲ့ ဦးထွန်းခေါင်ရဲ့ စကား အသုံးအနှုန်းတွေက သူ့ရဲ့မခံချင်စိတ်တွေကို ခပ်ကြမ်းကြမ်းနှိုးဆွပါသည်။

"ဒီမှာ မိုးသောင်ယံ ... မင်းမှာလူကြီးချင်း သဘောတူထားပြီးသား မိန်းကလေးတစ်ယောက်လုံးရှိနေတဲ့ဟာကို ဖုံးကွယ်ပြီး အိမ်ရှေ့ရှင့်ကို လှည့်စားတာ ... အပျော်တွဲဖို့ကြံစားတာ ... ဘာသဘောလဲဟော့ကောင် ... မင်း ... မင်း ယုတ်မာတဲ့ကောင်ပဲ မိုးသောင်ယံ ..."

"ဟာ ... ဟာဗျာ ... အထင်မလွဲပါနဲ့ဗျာ ... အဲ့ဒါ ... အဲ့ဒါ ကျွန်တော် ရှင်းပြပါရစေဦး အန်ကယ်ရယ် ..."

မိုးသောင်ယံ အသနားခံကာ တောင်းပန်နေမိ

သည်။ သို့သော် ... ဦးထွန်းခေါင်ရဲ့ ဒေါသမျက်နှာက နည်းနည်းလေး မှ လျော့ပါးမသွားပါ။ ခေါင်းကိုသွက်နေအောင် ခါယမ်းလိုက်ပြီး...

"ဒီမှာ ဟေ့ကောင် ... ငါ ဘာမှမကြားချင်ဘူး ... ရှင်းပြစရာ လည်းမလိုဘူးကွာ ... သွား ... အခုချက်ချင်း ငါ့ခြံထဲက ထွက်သွား ... သွားစမ်းကွာ ..."

"ခဏလေးပါ အန်ကယ်ရယ် ... ကျွန်တော် ရှင်းပြတာကို ခဏလေးပဲ နားထောင်ပေးပါဗျာ ... ခဏလေးပါ"

"မလိုချင်ဘူးကွာ ... သွား ... မင်းထွက်သွားတော့ ..."

"ကျားဆိုးနဲ့ကျားပေါက် ... ဒီကောင့်ကို ခြံပြင်ဆွဲထုတ်လိုက်စမ်း ... နောက် ဘယ်တော့မှဝင်မလာစေနဲ့ ..."

"ဟုတ်ကဲ့ ... ဆရာကြီး"

အလုပ်ရှင်သူဌေးရဲ့အလိုကျ ... မိုးသောင်ယံဆိုတဲ့ ကောင်လေးကို ဆွဲထုတ်ဖို့ အနားကိုသွားမိသည်။

"ဟေ့ ... ဟေ့လူကြီးတွေ ... နေဦးနော် ... နေဦး အနားကို တစ်ယောက်မှမလာနဲ့ ..."

မိုးသောင်ယံအော်ဟစ်ကာ တားဆီးပစ်လိုက်သည်။ ပြီးနောက် ဦးထွန်းခေါင်ရှေ့သို့ လျှောက်သွားလိုက်ပြီး ဖျတ်ခနဲ ဒူး ထောက်ကာ ထိုင်ချလိုက်၏။

"ဟေ့ ... ဟေ့ကောင် ... မင်း ... မင်း ဒါဘာလုပ်တာလဲ"

"ကျွန်တော် တောင်းပန်ပါတယ် အန်ကယ်ရယ် ... ရင်ထိုး လေးကို ခဏလေးပဲတွေ့ပါရစေ ... ဒါမှ ကျွန်တော်စိတ်ချ





လက်ချ သွားနိုင်မှာ ... ခဏလေးပါ အန်ကယ်ရယ် ... ခဏလေးပဲတွေ့ပါရစေဗျာ ..."

"မရဘူးကွာ ... လုံးဝမတွေ့ရဘူး ... ငါ ခွင့်မပြုနိုင်ဘူး ... မိုးသောင်ယံ မင်းအေးအေးဆေးဆေးသွားနော် ... မသွား ရင် ငါ့အဆိုးမဆိုနဲ့ ... ထွန်းခေါင်ကွ ... မင်းမိဘရဲ့ဂုဏ်သိက္ခာ ကို ငဲ့လို့ အခုလိုအလျှော့ပေးထားတာ ... ဒီထက်ကမ်း တက်လာရင် သည်းမခံတော့ဘူးနော် ..."

"မလုပ်ပါနဲ့ အန်ကယ်ရယ် ... ခဏလေးပါဗျာ ... သူ့ကိုမြင် တွေ့ရရင်ပဲ ကျေနပ်ပါပြီ ... ကျွန်တော် ဒီနေရာကနေ ချက် ချင်းထွက်သွားမှာပါ [illegible]တောင်းပန်ပါတယ် အန်ကယ်ရယ်၊ တောင်းပန်ပါတယ်[illegible] ..."

"ဟာကွာ ... ဒီလောက်ပြောရဆိုရခက်တဲ့ကောင် ... ဟေ့ ကောင်တွေ ဒီကောင့်ကို ဖမ်းချုပ်လိုက်ကြစမ်း ... ဟို ကောင်အေးမောင် ... ရဲစခန်းကို ဖုန်းဆက်စမ်းကွာ၊ သူများ ခြံထဲ ညအချိန်မတော်ခိုးဝင်လာတဲ့ သူခိုးကိုဖမ်းနိုင်းစမ်း"

ဟာ ... ။

ဦးထွန်းခေါင်ရဲ့ အမိန့်ပေးသံကြောင့် အားလုံးအံ့သြ သွားကြသလို မိုးသောင်ယံပင် မယုံကြည်နိုင်လောက်အောင် ဖြစ် သွားရသည်။

"ဟေ့ကောင်တွေ ... ဘာကြောင်ကြည့်နေကြတာလဲ ... ငါ ပြောသလိုလုပ်ကြလေ ..."

"ဟုတ် … ဟုတ်ကဲ့ … ဆရာကြီး"

ဦးထွန်းခေါင် ကြမ်းနေမိသည်။

ဒီကောင် …

သက်သက်မဲ့ပြဿနာရှာပြီး လူကို ဒုက္ခပေးနေတာလေ။ အိမ်ခြေရှင်နဲ့တွေ့ခွင့်တောင်းတာ သိပ်ပြီးတရားလွန်တာပဲ။ မိမိ လက်မခံနိုင်ဆုံးအရာကိုမှ မိုက်မိုက်ကန်းကန်း လာတောင်းဆိုတာ ရူးတာပဲ။ အိမ်ခြေရှင်ဆိုတာ နိုင်သိန်းအတွက်ပဲဖြစ်ရမှာ။ နိုင်သိန်းလို ထက်မြက်တဲ့စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်နဲ့ပဲ ငါသဘောတူတယ်။

ချစ်တာတွေ၊ [illegible]တာတွေ ငါနားမလည်ဘူး။ ငါနားလည်တာငွေပဲ။ ဂုဏ်ပဲ မိုးသောင်ယံ။ နိုင်သိန်းဆိုတာ ငါလိုလားတဲ့သမက်ပဲ။ ရင်ထိုးလေးရဲ့ဖခင် ဦးထွန်းခေါင်ဆီမှ ခပ်စိမ်းစိမ်း မျက်ဝန်းအကြည့်နှင့်အတူ ပြင်းရှသော အမိန့်ပေးသံအဆုံးမှာတော့ မိုးသောင်ယံ နေရာကနေထရပ်လိုက်ပါသည်။

အသနားခံတောင်းပန်လို့မရတော့ပါလားဆိုတဲ့အသိကြောင့် ရင်ထဲခံစားချက်တွေက နာကျင်မြင့်တက်လို့နေ၏။

သည်နောက်မှာတော့ …

"ဟာ … ဟော့ … ဟော့ကောင် … ဒါ … ဘာလုပ်တာလဲ၊ မင်း … ဒါဘာလုပ်တာလဲ … မိုးသောင်ယံ"

ဦးထွန်းခေါင်ရှေ့ကနေ ဆတ်ခနဲပြေးကာ ရင်ထိုးလေးရှိနေတဲ့ တိုက်ကြီးဆီသို့ ဦးတည်လိုက်သည်။ မိုးသောင်ယံစိတ်





ထဲ ဘာကိုမှမစဉ်းစားချင်တော့။ အရေးကြီးတာ ရင်ထိုးလေးနဲ့တွေ့ရရေးပဲလေ။

"ဟော့ကောင်တွေ … ဖမ်း … ဖမ်း … ဒီကောင့်ကို မိအောင်ဖမ်းစမ်း … "

"ဟော့ကောင် … မပြေးနဲ့"

"လိုက်စမ်း … မိအောင်လိုက်ကြစမ်း၊ မလွတ်စေနဲ့ မိအောင်ဖမ်း … "

ဦးထွန်းခေါင် ဒေါသတွေ ငယ်ထိပ်တက်ကပ်နေပြီ။

ဒေါသတကြီးအော်သံနက်ကြီးနှင့် လိုက်ဖမ်းခိုင်းနေမိ၏။

မိုးသောင်ယံတစ်ယောက်ကတော့ နောက်ကိုတစ်စက်ကလေးမှ လှည့်မကြည့်နိုင်တော့ပါ။ ခြေကုန်သုတ်ကာ ပြေးနေမိသည်။ အနောက်မှာ သူ့နောက်ပြေးလိုက်လာကြတဲ့ ခြေသံတွေကိုကြားနေ၏။ မိသွားရင် မလွယ်ဘူးဆိုတာ မိုးသောင်ယံသိပါသည်။

ဒါကြောင့်လည်း …

ချစ်သူလေးရဲ့မျက်နှာကို ပို၍ပင် မြင်တွေ့ချင်သည်။ သူ့ကြောင့် အရိုက်ခံရတဲ့အတွက် တောင်းပန်ချင်၏။ နောက်ဆုံးချိန်ထိ ရင်ထိုးလေးကိုပဲ မြတ်မြတ်နိုးနိုးချစ်သွားမဲ့အကြောင်းတွေ ပြောပြချင်သည်။

"ရင်ထိုးလေး … "

"ရင်ထိုးလေးရေ … "

"ရင်ထိုးလေး … ဘယ်မှာလဲကွာ … "

"မောင့်ဆီ … ခဏလောက်ထွက်ခဲ့ပါ ရင်ထိုးလေးရယ်"

"ဟော့ကောင် … "

"မအော်နဲ့လေ … ဟော … ဟောဟဲ"

မိုးသောင်ယံတစ်ယောက် တိုက်ကြီးကို ပတ်ပြေးကာ ရင်ထိုးလေးကြားအောင် အော်ခေါ်နေမိသည်။

ဦးကျားပေါက်နဲ့ ဦးကျားဆိုးကလည်း အနောက်က ပြေးလိုက်ဖမ်းရင်း မအော်ခေါ်ဖို့ တားဆီးနေ၏။ တော်သေးတာက ခွေးကြီးနှစ်ကောင်ကို လှောင်အိမ်ထဲပြန်ထည့်ထားလိုက်လို့ …

"ရင်ထိုးလေး … "

"ရင်ထိုးလေးရေ … "

"မောင့်အသံကြားရင် ခဏလောက်ထွက်ခဲ့ပါ … "

မိုးသောင်ယံရင်တွေ ပွင့်ထွက်တော့မည်။ ရင်ထိုးလေး ဖခင်ရဲ့သဘောထားအရ မိုးသောင်ယံအတွက် လုံးဝအခြေအနေမကောင်းနိုင်ပါ။ ဒါကြောင့် အလျှော့မပေးဘဲ တင်းခံဖို့ သူဘက်က ဆုံးဖြတ်ထားသည်။

ရင်ထိုးလေးကို ချစ်တယ်။

ရင်ထိုးလေးနဲ့မခွဲနိုင်ဘူး။

ရင်ထိုးလေးကို တခြားသူရင်ခွင်ထဲ လုံးဝမထည့်နိုင်ဘူးလေ။

"ရင်ထိုးလေး … "





ဖုတ် … ဖုတ်။ ဖုတ်။

ခြေသံတွေက မရပ်။

ပြေးသူကတစ်ယောက် လိုက်သူကနှစ်ယောက်။

အမိမခံရအောင် … မိုးသောင်ယံ မနည်းပြေးနေရသည်။ လူကလည်းပြေးရင်း ရင်ထိုးလေးရဲ့နာမည်ကိုလည်း အော်ခေါ်နေမိ၏။

"ဟော့ … ဟော့ကောင် … ဟော … ဟောဟဲ"

"ရပ် … ရပ်စမ်း … "

"ရှူး … "

"ရှူး … "

အသက်ကို မနည်းဝအောင်ရှူပြီး နေရ၏။

လိုက်ဖမ်းနေတဲ့ ကျားဆိုးတို့ညီအစ်ကိုကလည်း အသည်းအမဲ။

"ရင်ထိုးလေး … "

"ရင်ထိုးလေးရေ … "

"ဟာ … "

"ဘုန်း … "

"အား … "

သူတစ်ချက် ခြေအချော်တွင် ခန္ဓာကိုယ်တစ်ခုလုံး မြေပေါ်သို့ဘုန်းခနဲပစ်လဲကျသွား၏။ အနောက်ကပြေးလိုက်လာတဲ့ ဦးကျားပေါက်နဲ့ဦးကျားဆိုးတို့မိသွားသည်။

"ဟော့ကောင် မပြေးနဲ့ ... ဟူး ... ရှူး ... ဟောဟဲ"

"အား ... လွှတ် ... လွှတ်"

မိုးသောင်ယံကို လူသန်ကြီးနှစ်ယောက်က မိသွားပြီး အတင်းဖမ်းချုပ်ထားသည်။

"လွှတ် ... လွှတ်နော် ... ကျွန်တော် ... ရင်ထိုးလေးနဲ့တွေ့မလို့ ..."

"ဟော့ကောင် ငြိမ်ငြိမ်နေစမ်း ... မင်း ... တော်တော်ဒုက္ခပေးတဲ့ကောင်လေးပဲ ..."

"လွှတ် ..."

"လွှတ်နော် ..."

မိုးသောင်ယံ ဘယ်လိုမှ ရုန်းမရ ... ။

အရှိန်နဲ့ကျထားတဲ့ဒဏ်က ... ခန္ဓာကိုယ်တစ်ခုလုံး မလှုပ်နိုင်အောင် နာကျင်နေပါသော်လည်း ရင်ထဲက နာကျင်နေရသည့်ခံစားချက်ကိုတော့ မမီပါချေ။ တွေ့ဆုံခွင့် အလွန်ရှားပါးသော ချစ်သူဘဝတွင် အခုလိုပြဿနာများကြောင့် ဘယ်လိုမှ ဆုံစည်းခွင့် မရနိုင်လောက်အောင်ဖြစ်ရတဲ့အထိ အခြေအနေဆိုးဝါးသွားနိုင်တယ်လေ။

"ခေါ်ခဲ့စမ်း ... အဲ့ဒီကောင်ကို ဒီရောက်အောင်ခေါ်ခဲ့စမ်း"

ဦးထွဋ်ခေါင်ရဲ့ အံကြိတ်ဒေါသသံကြောင့် အမိန့်ကို ရိုသေလေးစားသော တပည့်ကြီးနှစ်ယောက်က မိုးသောင်ယံကို တရွတ်တိုက်ဆွဲကာ ခေါ်ဆောင်သွားကြပါသည်။





"ခွေးကောင်လေး ... ပတ်ဝန်းကျင်မှာအရှက်ရအောင် လုပ်တဲ့ကောင် ..."

"ကဲကွာ ..."

"ခွပ် ..."

"အ ..."

"ခွပ် ... ခွပ်"

"အား ..."

မိုးသောင်ယံ မျက်နှာဘယ်ညာ ခါယမ်းသွားရသည်။ မျက်လုံးတွေ မိုက်ခနဲပြာတက်သွား၏။ ဦးကျားပေါက်နဲ့ဦးကျားဆိုး ဆွဲမ,ထားရှာသော ဖင်ထိုင်လျက်လဲကျမသွားသော်လည်း ခေါင်းက တော့ ငိုက်စိုက်ကျသွားရသည်။ ပါးစပ်ထဲက သွေးတွေ တရဟော စီးကျလာ၏။

"မင်းက ပမာမခန့်နဲ့လုပ်တာပေါ့လေ ... အဲ့ဒါ လုပ်ဦးကွ"

"ခွပ် ..."

"အား ..."

"ခွပ် ..."

"အ ..."

ဒီတစ်ခါတော့ ...

သွားတွေ ခွေခနဲညွတ်ကျသွားသည်။ ဦးကျားပေါက်နဲ့ ဦးကျားဆိုးကလည်း ထိန်းချုပ်မထားတော့ဘဲ အသာဖြေလွှတ်ပေး၏။

"ဟော့ကောင် … ထွန်းခေါင်ကွ … နာမည်တစ်လုံးနဲ့နေတာ ငါ့ကိုလာမစမ်းနဲ့ဟော့ကောင် … မင်းလောက်တော့ သနားတယ်ကွ … သိလား"

မြက်ခင်းပြင်ပေါ်၌ လဲကျနေသော သူကော်လံစကို ခပ်တင်းတင်းဆုပ်ကိုင်ပြီး ကြိမ်းဝါးနေတဲ့ ဦးထွန်းခေါင်ကို မိုးသောင်ယံ ရီဝေဝေပြန်ကြည့်နေမိသည်။

"အမလေး … "

"ကိုထွန်းခေါင် … တော်ပါတော့ရှင် … တော်ကြပါတော့"

ဒေါ်နန်းရည်မွန်တစ်ယောက် အဖြစ်အပျက်တွေအားလုံးကို ကြားသိပြီးသည့်အပြင် ဝရန်တာကနေ အောက်ခြံထဲမှာ ဖြစ်နေသော အဖြစ်အပျက်အားလုံးကို မျက်ဝါးထင်ထင်မြင်လိုက်ရသည့်အတွက် စိတ်မကောင်းဖြစ်သွားမိသည်။

သမီးလေးရဲ့ချစ်သူကောင်လေးကို ထိုးနှက်နေတဲ့ ခင်ပွန်းဖြစ်သူအား တားဆီးလိုက်မိ၏။ ဒီအရွယ်က အချစ်အတွက် မိုက်ရူးရဲဆန်တဲ့အရွယ်လေ။ ဒါကို မိမိတို့က နားလည်ခွင့်လွှတ်ပေးရမှာပေါ့။

စိတ်ကြီးသလို၊ ဒေါသအထွက်မြန်တတ်တဲ့ ခင်ပွန်းဖြစ်သူရဲ့စိတ်ကိုသိတာမို့ မိမိ အခုလိုဝင်ပါခဲ့ရခြင်းဖြစ်သည်။

"နန်း … မင်းသွားစမ်း … ဒါမင်းကိစ္စမဟုတ်ဘူး … ခပ်ဝေးဝေးမှာနေစမ်း … ဒီနားကိုလုံးဝမလာနဲ့ … "

"ဟင့်အင်း … မသွားဘူး … ကိုထွန်းခေါင် … ရှင်ဘာဖြစ်လို့





အခုလောက်ထိလုပ်ရတာလဲ … ကြည့်စမ်း … ကောင်လေးမျက်နှာမှာလည်း ဖူးရောင်ပြီး သွေးတွေနဲ့ ရှင် ရှင် ရက်စက်လှချည်လား … "

ဒေါ်နန်းကောင်လေးကိုကြည့်ပြီး တကယ့်ကို စိတ်မကောင်းဖြစ်သွားတာပါ။ မျက်နှာတစ်ခုလုံး ဖူးရောင်ပြီး ခွေယိုင်လဲကျနေသည်။

"ဆရာကြီး … ခြံရှေ့မှာ ရဲတွေရောက်နေပြီ … "

"ဟင် … "

ဒေါ်နန်းရည်မွန် အံ့ဩသွားရသည်။ ခြံရှေ့သို့အကြည့်လေးအရောက်မှာတော့ မျက်လုံးတွေ ပြူးကျယ်ဝိုင်းစက်သွားရ၏။

"ကိုထွန်းခေါင် … ရှင် … ရှင်"

"မင်းအသာနေစမ်း … နန်း"

ဇနီးသည်ကိုထားခဲ့ပြီး ခြံထဲဝင်လာသော ရဲများရှိရာသို့ ခပ်သွက်သွက်သွားကာ …

"လာပါခင်ဗျာ … လာပါ … ညကြီးအချိန်မတော် ခြံထဲခိုးဝင်ပြီး သောင်းကျန်းတဲ့ဒီကောင့်ကို ခေါ်သွားပေးကြပါခင်ဗျာ … "

"စိတ်ချပါ ဦးထွန်းခေါင် … ဘာမှမစိုးရိမ်ပါနဲ့ … ရဲဘော် ဒီကောင်လေးကို လက်ထိပ်ခတ်လိုက် … "

ရဲအရာရှိကြီးက … ဦးထွန်းခေါင်ကိုနှုတ်ဆက်ရင်း … မိုးသောင်ယံကိုလည်း ဖမ်းရန်ညွှန်ကြားလိုက်သည်။

"ကျေးဇူးတင်ပါတယ်ဗျာ ... "

"ရပါတယ်ဗျာ ... ဒါက ကျွန်တော်တို့ရဲ့တာဝန်ပါ ... "

ရဲအရာရှိကြီးကို လက်ဆွဲနှုတ်ဆက်နေတဲ့ ဦးထွန်းခေါင်ကိုကြည့်ပြီး မိုးသောင်ယံ ငြိမ်သက်နေလိုက်သည်။

"ကဲ ... သွားကြစို့"

ရဲမှူးကြီးက အမိန့်ပေး၏။

"ခဏ နေပါဦး ... "

"ဟင် ... "

မိုးသောင်ယံတားဆီးသံကြောင့် ရဲမှူးကြီးက မျက်နှာလေးကြို့တက်ကာ သူ့ဆီ ဆတ်ခနဲလှမ်းကြည့်သည်။

"ခဏလေးပဲ ... စကားပြောခွင့်ပြုပါ ရဲမှူးကြီးရယ်"

ဟင် ...

မိုးသောင်ယံစကားကြောင့် အကြီးအကျယ်မျက်နှာပျက်သွားရသူက ဦးထွန်းခေါင်ရယ်ပဲဖြစ်သည်။

"ဟေ့ကောင် ... မင်း ... မင်းက ဘာစကားပြောချင်လို့လဲ မင်းစကားကို ဘယ်သူမှ နားထောင်မဲ့သူ ... မရှိဘူး ဟေ့ကောင် ... "

"ရဲသားကြီးတို့ရယ် ... ဒီကောင့်ကို မြန်မြန်သာခေါ်ပြီး ထောင်ထဲပို့လိုက်ကြပါဗျာ ... "

ဦးထွန်းခေါင် အတင်းထည့်နေမိသည်။

"ခဏလေးပါဦးရယ် ... ကျွန်တော် မိုးကောင်းကင်ကြီးကို ခဏလေးပဲ စကားပြောမှာပါ ... "





"ဟော ... "

"ဘာ ... "

"ဟာ ... "

"ဟင် ... "

အားလုံး တအံ့တသြဖြစ်ကာ သူ့ဆီအကြည့်လေးတွေ စုကျလာသည်။

မိုးသောင်ယံ ... ။

အဲ့ဒါတွေအားလုံးကို ဂရုမစိုက်နိုင်တော့ပါ။

ရင်ထဲမှာ ပြည့်ကျပ်နေသည့်စကားများကို ဖွင့်ချလိုက်သည်။

"မိုးကောင်းကင်ကြီးရေ ... "

"ကျွန်တော့်ချစ်သူ ရင်ထိုးလေးကိုတွေ့ရင်ပြောပေးပါဗျာ၊ ကျွန်တော့်အတွက် စိတ်မပူပါနဲ့လို့ ... တစ်နေ့တစ်ချိန်ချိန်ကျရင် သူ့ဆီ ဆက်ဆက်ပြန်လာခဲ့ဦးမယ်ဆိုတဲ့အကြောင်းကို ပြောဖြစ်အောင်ပြောပေးပါ မိုးကောင်းကင်ကြီးရယ်"

အို ... ။

ကောင်လေးရယ်။

မင်းရဲ့စကားသံတွေကို မိုးကောင်းကင်ကြီးကြားပါတယ်ကွယ်။ အဲ့ဒါကို မင်းနည်းနည်းလေးမှ သံသယမရှိနဲ့နော်။ မိုးကောင်းကင်ကြီးကမင်းရဲ့စကားတွေကိုပြောဖြစ်အောင်ပြောပြမှာပါ။

မိုးသောင်ယံကိုကြည့်ပြီး ကရုဏာသက်နေသူ ဆင်းရဲသားခြံစောင့်ကြီး ဦးအေးမောင်။

မိုးသောင်ယံဆိုတဲ့ကောင်လေးကတော့ ...

ရဲသားကြီးတွေခေါ်ဆောင်ရာ ကားလေးပေါ်သို့ ပါသွားချေပြီ။

ဒေါ်နန်းရည်မွန်ရဲ့အာရုံထဲမှာတော့ မိုးကောင်းကင်ကြီးကိုမော့ကြည့်ပြီး အော်ပြောနေတဲ့ မိုးသောင်ယံဆိုတဲ့ကောင်လေးရဲ့ပုံရိပ်ကလေးက ထပ်ခါထပ်ခါ ပေါ်လွင်လို့နေတော့သည်။





အခန်း (၁၉)

"ဝုန်း ... "
"ဒုန်း ... ဝုန်း"
"ဂလုံး ... ဂလွမ်း ... "
"အို ... မမလေး"
"သွား ... သွားကြ ... ဘယ်သူမှမလာကြနဲ့ ... ဘယ်သူမှ မတွေ့ချင်ဘူး ... "
"သွား ... "
"ထွက်သွားကြ ... "
"ဒုန်း ... ဂလုံး"
"ဝုန်း ... "

အိမ်ဖြူရှင်တစ်ယောက်တည်း အခန်းထဲကပစ္စည်းတွေအားလုံး စိတ်ရှိတိုင်းပေါက်ခွဲပစ်နေမိသည်။ ထံမင်းလာပို့ပေး

တဲ့ကောင်မလေး သက်သက် အလန့်ကြီးလန့်ပြီး ချောင်လေးမှာ ကပ်နေ၏။ အိမ်ဖြွေရှင်စိတ်တွေ ဘယ်လိုမှထိန်းချုပ်ထားလို့မရ။ စိတ်တွေက ကြမ်းရမ်းချင်နေသည်။

မောင် ...

မောင့်အသံကို မနေ့ညက ရင်ထိုးလေးကြားနေရသည်။ စတိုခန်းထဲမှာမို့ သူမထွက်လို့မရ။ မောင့်ရဲ့ခေါ်သံလေးက အိမ်ဖြွေရှင့်နှလုံးသားကို ဖျစ်ညှစ်ဆုပ်နယ်နေသလိုပင် ခံစားရသည်။ မောင့်ဆီပြေးသွားလိုက်ချင်ပေမဲ့ အိမ်ဖြွေရှင် ဘာမှမလုပ်နိုင်ခဲ့ပါ။ တံခါးကို တဝုန်းဝုန်းထုပြီး အသံကုန်အော်ဟစ်ကာ ဖွင့်ခိုင်းမိ၏။

အပြင်မှာ ...

အသံတွေက ဆူညံနေတာပဲ။ ခွေးဟောင်သံတွေ ရော လူတွေအော်ဟစ်သံတွေပါစုံနေသည်။ ဒက်ဒီ့အသံစူးစူးကိုလည်း ကြားရ၏။ သူမစိတ်တွေတအား လှုပ်ရှားသွားရသည်။

အိမ်ဖြွေရှင် တံခါးလာဖွင့်ပေးဖို့ အော်ခေါ်နေသော်လည်း ဘယ်သူမှမလာကြပါ။ အားလုံး သူမကိုပစ်ပယ်ထားကြ၏။ တော်တော်လေးအချိန်ကြာမှ အသံတွေ တိတ်ဆိတ်သွားသည်။ အိမ်ဖြွေရှင် မောင့်အကြောင်းသိချင်တာပါ။ ဘယ်သူ့မှ မေးလို့လည်း မရချေ။ ဒက်ဒီနဲ့မောင် ဘယ်လိုမှအဆင်မပြေနိုင်ပါ။ မောင်တစ်ခုခု ဖြစ်နေပြီလားဟု စိုးရိမ်လိုက်ရတာလည်း မပြောပါနဲ့တော့။

ထမင်းလာပို့တဲ့ ကောင်မလေးကိုမေးတော့လည်း ဘာမှပြန်မဖြေကြပေ။ ဒက်ဒီက အိမ်ဖြွေရှင် ဘာမေးမေး မဖြေရဘူး





လို့ မှာထားသတဲ့လေ။ ဒါကြောင့် သူမစိတ်တွေအရမ်းတိုနေတာပေါ့။ မောင့်အကြောင်းသိချင်သည်။

မောင် ...

အေးအေးဆေးဆေး အိမ်ကိုပြန်သွားရရဲ့လား။

ဒက်ဒီရဲ့စိတ်ကို အိမ်ဖြွေရှင်သိနေတာမို့လည်း မောင့်အတွက် ပိုပြီးစိတ်ပူနေမိ၏။ သူမ အပြင်ကိုပဲထွက်ချင်သည်။ သူမကို ဘယ်သူမှ မထုတ်ပေးကြချေ။

"အိမ်ဖြွေရှင် ..."

ဟင် ... ။

အပေါက်ဝဆီမှ ခေါ်သံနှင့်အတူ အခန်းထဲတဖြည်းဖြည်းဝင်လာသောသူတစ်ယောက်။ သူမ မျက်ဝန်းတွေခေါ်သံဆီသို့ ဖျတ်ခနဲရွေ့သွားသည်။

သူ ...

ဦးနိုင်သိန်ပဲ။ သူ တရွေ့ရွေ့ဝင်လာတော့ အိမ်ဖော်မလေး သက်သက်ပြန်ပြေးထွက်သွားသည်။ ကြမ်းပြင်ပေါ်က ပွစတက်နေတဲ့ ဟင်း၊ ထမင်းတွေကိုကြည့်ပြီး ...

"မင်း ဘယ်လိုလုပ်ထားတာလဲ အိမ်ဖြွေရှင် ..."

"ကျွန်မ ဘာလုပ်လုပ် ရှင့်အပူမပါ,ပါဘူး ဦးနိုင်သိန် ... ညှိသည်က ညှိသည်လိုနေပါ ..."

သူမစကားကြောင့် နိုင်သိန်ရင်ထဲ အောင့်မျက်သွားရသည်။

သို့သော် ...

ဟန်ဆောင်ကောင်းစွာပင် သူ ချက်ချင်းထိန်းချုပ်ပစ်လိုက်၏။

မင်း ...

ငါ့အကြောင်းမသိသေးလို့ ... အခုလိုစွာနိုင်တာပါ အိန္ဒြေရှင်ရယ် ဟင်း ဟင်း။ စိတ်ထဲကနေ အော်ရယ်လိုက်မိသည်။ အပြင်မှာတော့ လူကြီးလေသံနှင့် ...

"မင်း အခုလိုသောင်းကျန်းနေတော့ရော ဘာထူးလာမှာမို့လဲ ... မင်းပဲ ပင်ပန်းဆင်းရဲရုံရှိမှာပေါ့ အိန္ဒြေရှင် ..."

သူမ ...

ထိုလူနှင့်စကားမပြောချင်လောက်အောင် စိတ်တွေ ကုန်နေမိသည်။ ဒင်းကြောင့် အခုလိုပြဿနာမျိုးတွေ ဖြစ်လာတာလေ။ သူဟာ အိန္ဒြေရှင့်ကို လက်ထပ်ခွင့်မတောင်းခဲ့ဘူးဆိုလျှင် မောင်နဲ့သူမကို ဒက်ဒီကျိန်းသေသဘောတူမှာပဲ။ အခုတော့ ဒက်ဒီ မျက်လုံးထဲမှာ ဦးနိုင်သိန်းပဲရှိသည်။

"အိန္ဒြေရှင် ..."

"ကျွန်မ အိပ်တော့မယ်"

ဒါ ...

သူ့ကို ပေါ်တင်နှင်လိုက်တာ။ သူ့ဆီက ဘာစကားသံမှ သူမ မကြားချင်ဘူးလေ။

"မင်းကို စကားနည်းနည်းပြောချင်တယ် ..."





"ကျွန်မမှာ ဘာစကားမှ ပြောစရာမရှိဘူး"

"ကိစ္စမရှိဘူး ... အိန္ဒြေရှင့် မင်းနားထောင်ပေးရင်ပဲရပြီ"

"ကျွန်မ ..."

"ကိုယ် ... မိုးသောင်ယံအကြောင်းပြောမလို့ပါ"

"ဟင် ..."

"အဟွန်း ... မင်းစိတ်ဝင်စားတယ်မဟုတ်လား"

ခပ်တေ့တေ့မျက်နှာလေးပေါ်က ... မဲ့ပြုံးတစ်ခုကို အိန္ဒြေရှင်ကောင်းစွာမြင်လိုက်ရပါသည်။

"ဘယ်လိုလဲ အိန္ဒြေရှင် ... မင်းနားထောင်မယ်မဟုတ်လား"

နိုင်သိန်းတစ်ယောက် ပီတိတွေဖြစ်နေမိသည်။

မင်းဘာတတ်နိုင်သေးလဲအိန္ဒြေရှင်။ ညက ရန်ဒီနဲ့ ကျော်နီဆိုတဲ့ခွေးကြီးနှစ်ကောင်ကို အသိတစ်ယောက်ဆီကနေ ချစ်လို့ ခဏခေါ်ပါရစေဆိုပြီး ခြံကြီးထဲခေါ်လာခဲ့တာလေ။

ဟား ... ဟား။

သူထင်သလိုပင် ကောင်လေးကရောက်လာတော့ ရန်ဒီ၊ ကျော်နီတို့နဲ့တိုးသွားတာပေါ့။ ဒီကိစ္စတွေကို ဘာမှမသိသလိုနှင့် ညက အိပ်ဆေးအရှိန်နဲ့ အိပ်ပျော်သွားသည်ဟု ဦးထွန်းခေါင်စိတ်သက်သာအောင် သူဟန်ဆောင်ခဲ့သည်။

အိန္ဒြေရှင့်ကို စတိုခန်းထဲထားပြီး အပြစ်ဒဏ်ပေးထားတဲ့အကြောင်း သိရတာနှင့်စေတနာရှင်လိုပုံစံမျိုးလုပ်ကာ သူမလေးကို လိမ္မာအောင် ဆုံးမမည်ဟုပြောပြီး ထွက်ခဲ့လိုက်သည်။

သူနားချပြီး အပြင်ကိုခေါ်ထုတ်ခွင့်ပါ တောင်းခဲ့သည်။ ဦးထွန်းခေါင်ကလည်း သူ့စကားကို လက်ခံ၏။

သူ့လုပ်ရပ်ကို ဘယ်သူမှသံသယမဝင်ကြချေ။ သူ့အကြံအစည်တွေအားလုံး အခုချိန်ထိ အဆင်ပြေချောမွေ့နေတုန်းပင်။

"အိန္ဒြေရှင် ..."

"ဟင် ..."

"မိုးသောင်ယံ ... ညကခြံထဲမိုးဝင်လာတယ် ... မင်းလည်း အသံတွေကြားရင်ကြားမှာပေါ့ ... အန်ကယ်ထွန်းနဲ့ပြဿနာတွေဖြစ်ကြပြီး ... အခုအချုပ်ထဲရောက်နေတယ် ..."

"ရှင် ..."

"ကိုယ်ညက အိပ်ဆေးအရှိန်နဲ့ အိပ်ပျော်သွားတာ ဘာမှမသိလိုက်ဘူး အိန္ဒြေရှင် ... ကိုယ်သာသိရင် အန်ကယ့်ကိုတားမိမှာပါ ..."

ဟုတ်လို့လား ဦးနိုင်သိခ်ရယ် ... ။

မောင့်အပေါ်မှာ ရှင် အဲဒီလိုစိတ်မျိုး တကယ်ထားနိုင်လို့လား။

"ဘာပဲဖြစ်ဖြစ် အန်ကယ့်ကို ကိုယ်ဖျောင်းဖျမှာပါ၊ အန်ကယ်က အခု ဒေါသတွေနဲ့ သွေးပူနေတုန်းဆိုတော့ ..."

"ဒါ ... ဒါဆို ... မောင် ... မောင်က"

"အခုချိန်ထိတော့ ဖမ်းချုပ်ထားကြမှာပဲလေ"





"အို ..."

"ဟာ ... အိန္ဒြေရှင် ... သတိထားလေ ... သတိထား"

ယိုင်နဲ့စွာကြမ်းပြင်လေးပေါ်သို့ ခွေခနဲထိုင်ကျသွားတဲ့ သူမရဲ့အရုပ်ကြိုးပြတ်ပုံစံလေးကိုကြည့်ပြီး နိုင်သိခ်စိုးရိမ်ပူပန်သွားပုံပင်။ သူမအနားသို့တိုးကပ်လာ၏။

"အဟင့် ... ဟင့် ... ဟင့်"

အိန္ဒြေရှင့်မျက်ဝန်းထဲမှ ... မျက်ရည်တွေတစ်ပေါက်ချင်း လိမ့်ဆင်းကျလာခဲ့သည်။

"ကိုယ် ... တကယ်စိတ်မကောင်းပါဘူးအိန္ဒြေရှင်၊ အန်ကယ်က တရားစွဲထားတော့ ... အမှုကပိုကြီးနေတယ်လေ ... အန်ကယ့်စိတ်ကိုလည်း အိန္ဒြေရှင်အသိဆုံးပဲဟာ ..."

နိုင်သိခ်တစ်ယောက် တကယ့်ကိုစိတ်မကောင်းဖြစ်ဟန်ဆောင်ပြလိုက်သည်။

"ဘယ်လိုလုပ်ရမလဲ ... ဘယ်လိုလုပ်ရမလဲဟင် ... မောင် မောင်အခုလိုဖြစ်ရတာ ရင်ထိုးလေးကြောင့်ပါ ... မောင် မောင်ရယ် ... ရှင့်ကို အခုလိုအဖြစ်ဆိုးမျိုးကြုံတွေ့စေတာ ရင်ထိုးလေးပါ ... ရင်ထိုးလေးကြောင့် အခုလိုဖြစ်ရတာ ... အဟင့် ... ဟင့်"

တစ်ယောက်တည်း ...

အရူးမလေးတစ်ယောက်လိုငိုရင်းစကားတွေတတွတ်တွတ်နှင့် အိန္ဒြေရှင်ပြောနေမိသည်။ ရင်ထဲမှာ ဆို့ကြပ်နေ၏။ မောင့်

ရဲ့ သနားစဖွယ်မျက်နှာလေးက အာရုံထဲမှာ အထပ်ထပ်ထင်ဟပ်လာသောအခါ သူမ ပို၍ပင်နာကြည်းစွာခံစားလာရသည်။

"ဦးနိုင်သိန် ... "

"ဟင် ... "

"မောင့်ကိုလွှတ်အောင် ဘယ်လိုလုပ်ရမလဲဟင်"

"အိမ်ဖြေ့ရှင် ... "

"ပြောပါ ဦးနိုင်သိန် ... မောင့်ကိုကယ်တင်နိုင်မဲ့နည်းလမ်းကို ပြောပါ ... မောင့်ကို အဲ့ဒီထဲကလွှတ်မြောက်အောင် ဘယ်လိုကယ်တင်နိုင်မလဲဆိုတာပြောပါ ဦးနိုင်သိန်၊ ဒက်ဒီ့ဆီက တရားမစွဲဖို့ အလျှော့ပေးကြေအေးပေးဖို့ လုပ်နိုင်တဲ့နည်းလမ်းကိုပြောပါ ဦးနိုင်သိန် ... "

မျက်ရည်တွေက ကြမ်းပြင်ထက်သို့ တပေါက်ပေါက်ကြွေကျလို့ ... ။

"မောင် ... "

"မောင်ရယ် ... "

"ရင်ထိုးလေး မောင့်ကို အဲ့ဒီထဲမှာမထားနိုင်ဘူး ... ရင်ထိုးလေး ရအောင်ကယ်မယ်သိလား ... အဟင့် ... ဟင့်"

ခေါင်းလေးခါလိုက် ငိုလိုက်နဲ့ ပြောနေတဲ့အိမ်ဖြေ့ရှင့်ကိုကြည့်ပြီး နိုင်သိန် အံကိုတင်းနေအောင် ကြိတ်ပစ်လိုက်သည်။

ဒါ ...

သူ့အတွက် အခွင့်အရေးတစ်ခုပဲလေ။ လက်လွှတ်ခံ





လို့ ဘယ်ဖြစ်မလဲနော် ... ။

"အိမ်ဖြေ့ရှင် ... "

"ပြောပါ ... ဦးနိုင်သိန်"

"မင်း ... မိုးသောင်ယံကိုကယ်တင်နိုင်တဲ့နည်းတစ်နည်းရှိတယ် ... "

"ဟင် ... "

"ဒါပေမဲ့ ... "

နိုင်သိန်စကားစကိုရပ်ထားလိုက်ပြီး ... သူမကို စူးလက်တဲ့မျက်ဝန်းတွေနှင့်စိုက်ကြည့်လိုက်သည်။

"ဒါပေမဲ့ ... ဘာဖြစ်လဲဦးနိုင်သိန် ... ကျွန်မ မောင့်ကိုသိပ်ချစ်တယ် ... မောင့်ကိုပစ်ပယ်မထားနိုင်ဘူး ... ရအောင်ကယ်မယ် ... ပြောပါ ... မောင်အချုပ်ကလွှတ်နိုင်မဲ့နည်းလမ်းကိုပြောပါ ဦးနိုင်သိန် ... "

နိုင်သိန် ...

ခေါင်းကိုလေးတွဲစွာ ခါယမ်းပြလိုက်သည်။

"မင်း လုပ်နိုင်မှာမဟုတ်ဘူးအိမ်ဖြေ့ရှင် ... "

"ဘာရယ် ... "

"ဒီနည်းလမ်းဟာ မင်းနဲ့ငါ့အတွက် အထင်တွေလွဲမှားနိုင်တဲ့အထိ ဖြစ်သွားနိုင်တဲ့အတွက် ငါမပြောရဲဘူး အိမ်ဖြေ့ရှင် ... ဦးထွဋ်ခေါင်ရဲ့ ခံယူချက်လို့ မင်းလက်ခံမှဖြစ်မှာ ... "

"ဘာကိုလဲ ... ဦးနိုင်သိန် ... ကျွန်မ နားမလည်ဘူး ... "

"ကိုယ် ... မင်းကိုလက်ထပ်ခွင့်တောင်းထားတယ်နော် ... အဲ့ဒါကို မင်းသိတယ်မဟုတ်လား ... "

သူ့အမေးကို ချက်ချင်းပြန်မဖြေနိုင်သူက အိမ်ခြွေရှင်ရယ်ပါ။

မျက်မှောင်ကလေးကြုံ့ပြီး ...

"အဲဒါနဲ့ဘာဆိုင်လို့လဲ ဦးနိုင်သိမ် ... "

"အနက်ကယ်ထွင့်ခေါင်က ... မင်းနဲ့ငါလက်ထပ်မှ ဒီကိစ္စကို စဉ်းစားမယ်လို့ ပြောသံကြားထားလို့ပါ ... "

"ရှင် ... "

"မင်း ငါ့ကိုမချစ်ဘူးဆိုတာသိပါတယ် ... ဒါပေမဲ့ အဲ့ဒါကို အရေးတကြီးကိစ္စတစ်ခုလို့မထားချင်ဘူး အိမ်ခြွေရှင် ... မင်းနဲ့ စတွေ့ကတည်းက ငါ့ဘဝမှာ မင်းဟာမရှိမဖြစ်လိုအပ်တဲ့ အရာတစ်ခုပဲဆိုတာ သိလာရတဲ့ခဏမှာတော့ ... မင်းကို ပိုင်ဆိုင်ခွင့်ရဖို့ ငါ့ဘက်ကရိုးသားစွာ တောင်းခံခဲ့တယ် ... မင်းကိုသာ ငါပိုင်ဆိုင်ရမယ်ဆိုရင် ... ဘယ်လိုအရာမျိုးကို မဆို လိုက်လျှောနိုင်အောင် ငါကြိုးစားမယ် ... အိမ်ခြွေရှင်"

"ဒါပေမဲ့ ... "

"မင်း ... ငြင်းပယ်လိုက်ရင် မိုးသောင်ယံဟာ သူတစ်ပါးခြေကျူးကျော်ဝင်ရောက်မှု ရမ်းကားမှု ... "

"အို ... တော် ... တော်ပါတော့ရှင်"

"ဆောရီး ... ကိုယ်စိတ်မကောင်းပါဘူး အိမ်ခြွေရှင် ... "





သူ ... ။

နေရာကနေထရပ်လိုက်သည်။

ဒီလောက်ဆို လုံလောက်ပြီလေ။ ကျန်တဲ့အပိုင်းက အိမ်ခြွေရှင်စဉ်းစားဆုံးဖြတ်ရမဲ့အပိုင်း ဖြစ်သွားပြီ ... ။ တံခါးရှက်ဆီသို့ တရွေ့ရွေ့လျှောက်လှမ်းသွားလိုက်၏။

သူမကို အချိန်အနည်းငယ်ပေးသင့်တယ်လေ ... ။ ဒါဟာ သူမဘဝအတွက် နောက်ဆုံး ဆုံးဖြတ်ချက်ချရတာကို။

"ဦးနိုင်သိမ် ... "

ခေါ်သံစူးစူးလေးကြောင့် သူ့ခြေလှမ်းတွေ ရပ်သွားသည်။ ခန္ဓာကိုယ်လေးနောက်ပြန်လှည့်ပြီး ... လှမ်းကြည့်တော့ မျက်ရည်တွေနှင့်ပြည့်ပိုင်းနေတဲ့ မျက်နှာနုနုလေးတစ်ခု။ နှုတ်ခမ်းလေးတွေကို ပြတ်ထွက်မတတ် ဖိကိုက်ထားသည်။

"ဘာလဲ ... အိမ်ခြွေရှင်"

"ကျွန်မ ... "

"ကျွန်မ ... "

အသံလေးက ပြတ်တောက်သွားပြန်၏။

"ရှင့်ကို လက်ထပ်မယ် ... "

"ဟင် ... "

အရေးကြီးတာ မောင်အချုပ်ထဲကနေ ပြန်လွတ်လာဖို့ အိမ်ခြွေရှင် တမင်ပြောလိုက်တာပါ ... ။

"ဒက်ဒီ့ကိုပြောလိုက်ပါ ဦးနိုင်သိမ်"

"အိန္ဒြေရှင် မင်း ... မင်း"

နိုင်သိခ်ရင်ထဲ ဖော်မပြနိုင်လောက်အောင် ဝမ်းသာသွားရသည်။ ခန္ဓာကိုယ်တစ်ခုလုံး လေပေါ်မြောက်ခနဲတက်သွားသလားတောင် ထင်ရ၏။

"မောင့်ကို ကယ်တင်နိုင်ဖို့အတွက် ဘယ်လိုနည်းလမ်းကို မဆို ကျွန်မလက်ခံရမယ်လေ ..."

ဟင် ...

နိုင်သိခ်ရဲ့ စီးမြောနေတဲ့ အပျော်ကလေးတွေ ရုတ်ချည်းပျောက်ကွယ်သွားရသည်။

"မောင့်ကို ကျွန်မ သိပ်ချစ်တယ် ... ကျွန်မကြောင့် မောင် ဒုက္ခမရောက်စေရဘူး ..."

မပြောနဲ့ ... ။

မင်း မပြောနဲ့အိန္ဒြေရှင်။

မင်းဆီက ... အဲဒီစကားသံတွေ ငါမကြားချင်ဘူး အိန္ဒြေရှင်ရယ်။

နိုင်သိခ်စိတ်ထဲကနေ အော်ဟစ်ပြီး တားဆီးနေမိသည်။ ခံစားချက်တွေက ရင်တစ်ခုလုံးကို နာကျင်နေစေ၏။

မုန်းတယ် ... ။

အဲ့ဒီစကားသံတွေကို ငါ သိပ်မုန်းတယ် အိန္ဒြေရှင်

မင်းသိရဲ့လား ...

မင်း သူ့ကိုအဲ့ဒီလိုချစ်လေ ငါ မင်းကို စိတ်နာလေပဲ





အေးစက်မာကျောတဲ့ မင်းနှလုံးသားကို မုန်းတီးစက်ဆုပ်လေပဲဆိုတာလေ။

အဲ့ဒါကြောင့် ...

မင်းကို ငါရအောင်ယူပြမှာ။

ဟား ... ဟား။

ဟား ... ဟား။

မင်း စောင့်ကြည့်နေပေတော့ အိန္ဒြေရှင်ရေ၊

သိပ်မုန်းတဲ့ နိုင်သိခ်ဆိုတဲ့လူရဲ့ ရင်ခွင်ထဲ မင်းရောက်ကို ရောက်စေရမယ်သိလား။

ဟား ... ဟား။

သူ့မရှေ့ကနေ ချာခနဲနေအောင် လှည့်ထွက်လာခဲ့မိတော့သည်။

## အခန်း (၂၀)

မိုးကောင်းကင်ကြီးကိုမော့ကြည့်ပြီး နေရာလေးမှာ တောင့်တောင့်လေးရပ်နေမိသည်။ ညနေခင်းတချို့ ဇွေခနဲ ဖြတ်ပြေးသဖြင့် ညဝတ်ဂါဝန်လေးက တစ်ဖျပ်ဖျပ်ခါနေသည်။ ဒီဝရန်တာလေးကိုထွက်လာရတာ အိမ်ခြေရှင့်အတွက်တော့ ရင်နင့်ဖွယ်ရာပါပဲ။

ဒီနေရာလေးမှာ မောင်နဲ့သူမချိန်းတွေ့ခဲ့ဖူးသည်လေ။

မောင့်ရဲ့ပုံရိပ်တွေက အာရုံမှာ အထပ်ထပ်ပေါ်နေသည်။

မောင့်ရဲ့အနမ်းလေးတွေကို သတိရလာရသည်။

မောင့်ရဲ့ကိုယ်သင်းနံ့ကလေးကို လွမ်းဆွတ်လာသည်။

မောင့်ရဲ့ ...





ချစ်စကားသံလေးတွေကို ပြန်ကြားယောင်လာရသည်။

ကြည့်စမ်း ...

တစ်စုံတစ်ယောက်ကို အရူးအမူး အသည်းအသန်ချစ်ခဲ့တဲ့နှလုံးသားထဲ ထိုလူနဲ့ဆန့်ကျင်ဘက်လူတစ်ယောက်ကို ဇွတ်အတင်းထိုးထည့်ခံစားခိုင်းခံရတာလောက် ရင်နာစရာကောင်းတဲ့အဖြစ်မျိုးမရှိတော့။

သူမအတွက် ဒီညဟာ နောက်ဆုံးပါပဲ။

မနက်ဖြန်ဆိုရင် သုံးရက်မြောက်နေ့ဖြစ်ပြီ။

အခုလို မိုးကောင်းကင်ကြီးကိုမော့ကြည့်ပြီး မောင်နဲ့ပတ်သက်သမျှ ခံစားချက်ကလေးတွေကို ရင်ဖွင့်ပြောပြလို့ရပါတော့မလား ...။ အဲ့ဒီအခွင့်အရေးလေးရတယ်ဆိုရင်ကော အိမ်ခြေရှင်က အသုံးပြုသင့်သေးရဲ့လား။ ပိုင်ရှင်ရှိပြီးသားမိန်းမတစ်ယောက်ဘဝနဲ့ ကိုယ်သိပ်ချစ်ဖူးတဲ့ယောကျ်ားတစ်ယောက်အကြောင်း ...ဝေဒနာခံစားပြီး မျှော်လင့်တမ်းတသင့်ပါသလား။

မောင် ...

မောင်ရယ် ...။

အိမ်ခြေရှင့်အဖြစ်ကို လာကြည့်လှည့်ပါဦးကွယ်။

မောင်တစ်ယောက် အချုပ်ထဲကလွတ်သွားပြီဆိုတာ ယုံကြည်အောင် ဒက်ဒီကိုယ်တိုင်လိုက်ပြပြီးပြီလေ။ ဝန်ခံလက်မှတ်လေးရေးထိုးထားတဲ့ မောင့်ရဲ့လှပတဲ့ လက်ရေးလေးကိုလည်း

မြင်ခဲ့ပြီးပြီ။

အိန္ဒြေရှင်စိတ်အေးရပါပြီမောင်။

မောင့်ဘဝလေး အေးချမ်းစွာနဲ့ပျော်ပျော်ကြီး ဆက်လျှောက်လှမ်းသွားဖို့ မိုးကောင်းကင်ကြီးကို သက်သေတည်ပြီး ... အိန္ဒြေရှင်ဆုတောင်းပေးပါတယ် မောင်ရယ်။

"အိန္ဒြေရှင် ... "

"ဟင် ... "

"ကိုယ် စောင့်ကြည့်နေတာကြာပြီ ... မင်း ဒီဝရန်တာမှာရပ်နေတာ သုံးနာရီလောက်ရှိပြီ ... "

"အဲ့ဒါ ဘာဖြစ်လို့လဲ ဦးနိုင်သိခ်ရဲ့ ... "

"အဟွန့် ... မင်းဝင်သင့်ပြီလို့ မထင်ဘူးလား အိန္ဒြေရှင်"

"အဲ့ဒါ ကျွန်မရဲ့ကိုယ်ပိုင်လွတ်လပ်ခွင့်ပါ ဦးနိုင်သိခ် ... ရှင်မစွက်ဖက်သင့်ဘူးထင်တယ် ... "

"သာမန်လေညင်းခံပြီး ... စိတ်အပန်းဖြေတာထက် ကိုယ့်ကို တစ်ချိန်ချိန်မှာ တစ်စုံတစ်ယောက်များ မြင်သွားလေမလားဆိုတဲ့မျှော်လင့်ချက်တစ်ခုနဲ့ အခုလိုနေမိရင် အမှားကြီး မှားပြီဆိုတာ နောင်တမရအောင် လာသတိပေးတာပါ ... "

"ဘာရယ် ... "

"မင်းရဲ့မိုးသောင်ယံက ... အခုလောက်ဆို လိုင်းသန္တာဆိုတဲ့ မဒီကလေးနဲ့ အပျော်ကြူးနေလောက်ပြီ အိန္ဒြေရှင်"





"ဘာ ... ရှင် ... ရှင်"

"ဟား ... ဟား ... မင်း အံ့သြသွားတာလား၊ ဒီအကြောင်းတွေကို မင်းသိပြီးပြီလို့ထင်တာ ... ဒီကောင် မင်းကိုလိမ်ညာဖုံးကွယ်ထားတာပဲ ... "

"ဒီမှာ ဦးနိုင်သိခ်"

"ပြောစမ်းကွာ"

"ကျွန်မ မောင့်ကိုသိပ်ချစ်တယ်"

"ဘာ ... "

"အဲ့ဒီအတွက် မောင် ကျွန်မကိုလိမ်ညာလှည့်စားနေပါစေ၊ ကျွန်မ ခွင့်လွှတ်တယ် ... "

"ဟား ... ဟား"

နိုင်သိခ်ရဲ့ ဟားတိုက်ရယ်မောသံကြီးက တိတ်ဆိတ်နေသောပတ်ဝန်းကျင်တွင် ဟိန်းတက်သွားသည်။

"ရှင် ... ရှင် ဘာရယ်တာလဲရှင့် ... ကျွန်မပြောတဲ့စကားတွေထဲမှာ ရယ်စရာဘာတစ်ခုမှ မပါဘူးသိလား ... "

"သိတယ် ... သိပ်သိတာပေါ့ အိန္ဒြေရှင် ... ဟင်း ... ဟင်း ဒါပေမဲ့ ... မင်းအဲ့ဒီစကားကို မစဉ်းစားမဆင်ခြင်ပြောထွက်တဲ့အတွက် ရယ်တာကွ ... ဟား ... ဟား ... ကိုယ်လက်ထပ်ရမဲ့ယောကျ်ားတစ်ယောက်ရှေ့မှာ အဲဒီယောကျ်ားနဲ့ မသက်ဆိုင်တဲ့ခံစားချက်တွေနဲ့ ဆွေးမြေ့ကြေကွဲခံစားပြနေတဲ့ မင်းရဲ့လုပ်ရပ်တွေက ဟာသတစ်ခုဖြစ်နေလို့ရယ်တာ"

ဟင် ...

ဦးနိုင်သိန်ရဲ့မျက်နှာက ချက်ချင်း ခက်ထန်တင်းမာသွားပါလား။

"ဒီမှာ အိန္ဒြေရှင် ... "

"မင်းက ငါ့ကို မချစ်ဘဲယူရပါတယ်လို့ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ဖော်နေတယ်ပေါ့လေ ... ငါကရော ငါက မင်းကိုသိပ်ချစ်မြတ်နိုးလွန်းလို့ မင်းကိုအရယူတယ်လို့ ထင်နေလား"

ဟာ ...

အိန္ဒြေရှင် အံ့သြကာ ဦးနိုင်သိန်မျက်နှာကို တစ်ခါမှမြင်ဖူးခြင်းမရှိသလို တစိုက်မတ်မတ်ကြည့်နေမိသည်။

"မင်းမှတ်ထားလိုက် အိန္ဒြေရှင် ... ငါ မင်းကိုလုံးဝမချစ်ဘူး၊ မင်းကိုမချစ်တဲ့အပြင် ငါ မင်းကိုမုန်းတယ် ... သိပ်မုန်းတယ်ကွ သိလား ... "

"ဟင် ... ဒါ ... ဒါဆို"

"ဟုတ်တယ် ... ငါ သိပ်မုန်းလို့ မင်းကိုလက်ထပ်တာ"

"ရှင် ... ရှင်"

"ဒီအခြေအနေအထိရောက်အောင် ငါ့ဘက်က ဦးနှောက်တော်တော်သုံးလိုက်ရတယ်လေ ... "

"ဘာရယ် ... "

"အခုတော့ ငါဆန္ဒပြည့်ဝသွားပြီ အိန္ဒြေရှင်"

အို ... ။





သူ့ဆန္ဒတွေပြည့်ဝသွားပြီတဲ့။ ဘာတွေလဲဆိုတာ အိန္ဒြေရှင် ရေရေရာရာမသိပေမဲ့ ဒါဟာ ကောင်းတဲ့ သွေးရိုးသားရိုးစကားတွေတော့မဟုတ်နိုင်ပါ။

"ငါချစ်ခဲ့တုန်းက မင်းက အဲဒီအချစ်တွေကို တန်ဖိုးထားရကောင်းမှန်းမှမသိတာ ... အဲဒီအတွက် ... မင်းလိုချင်တဲ့အမုန်းတွေကိုပဲ မင်းခံစားရတော့မှာပေါ့ ... ဒါ တရားမျှတပါတယ်နော် ... "

"ရှင် ... ရှင် ... သိပ်ရက်စက်တဲ့လူပဲ ဦးနိုင်သိန်"

"ဟင်း ... ဟင်း ... မင်း အခုမှသိတာလား"

"ဘာ ... "

"ငါက ငါ့အပေါ်ကောင်းရင် ငါကအကောင်းပြန်ပေးတတ်တာပါ ... ငါ သိပ်ပြီးတရားမျှတတဲ့လူဆိုတာ မင်းနောက်ဆိုကောင်းကောင်းကြီး သိလာပါလိမ့်မယ် အိန္ဒြေရှင် ... "

"ကျွန်မ ရှင့်ကိုလက်မထပ်နိုင်တော့ဘူး ဦးနိုင်သိန်"

"ဟုတ်လား ... "

ရွဲ့တဲ့တဲ့မေးသံက ဦးနိုင်သိန်ဆိုတဲ့လူတစ်ယောက်နှုတ်ကထွက်လာတာအံ့သြစရာပဲ။

"အချစ်မရှိတဲ့ အိမ်ထောင်ရေးကို အစကတည်းက မတည်ဆောက်ချင်ဘူး ... ဒီတော့ ဒက်ဒီ့ကို အရိုးသားဆုံးဖွင့်ပြောရအောင် ... ရှင်ကျွန်မကို မုန်းလို့ တမင်ပညာပေးချင်လို့လက်ထပ်တာပါလို့ ဒက်ဒီ့ကို ပြောမယ် ... "

"ဟား … ဟား"

"ရှင့်ကို ကျွန်မ သိပ်မုန်းတယ်"

"အဟွန်း …"

"ဒက်ဒီ့ကို ဖွင့်ပြောမယ် …"

"ပြောလေ … ပြောတော့ယုံမှာတဲ့လား … ကိုယ်က အဲ့ဒါ အလကားပြောတာပါ … သူ့ချစ်သူကို တမ်းတပြီး ဝရန်တာမှာထွက်ရပ်နေတာ သွားတားဆီးလို့ အခုလိုအစွပ်စွဲခံရတာပါလို့ ပြောလိုက်ရင် …"

"ရှင် … ရှင် … လူလိမ် … လူညာပဲ … မုန်းတယ် … ရှင့်ကိုသိပ်မုန်းတယ် …"

"ဟား … ဟား … မင်းသိထားစမ်းအိန္ဒြေရှင် … ငါ မင်းကိုရအောင်လက်ထပ်ပြမယ် … ငါ့ကို လက်မထပ်ချင်ပါဘူးလို့ ငြင်းပယ်ခဲ့တဲ့ … မင်းဘဝတစ်သက်တာလုံး ငါ့ရဲ့အရိပ်တွေလွှမ်းမိုးထားမှုအောက်မှာပဲ … ကျရှုံးစေရမယ်ဆိုတာ မင်းစောင့်ကြည့်လိုက် …"

"ဦးနိုင်သိန်း … ရှင်ကြီးယုတ်မာလှချည်လား"

"ဟား … ဟား …"

"ရှင် … ရှင်"

"မိုးသောင်ယံဆိုတဲ့ မလောက်လေးမလောက်စားကောင်လေးလောက်တော့ သနားတယ်အိန္ဒြေရှင် … မင်းရဲ့အားကိုးမှုတွေ လွဲချော်နေပြီ …"





ကြည့်စမ်း … ။

မောင့်ကို ဒီလူအခုလို ပုတ်ခတ်ပြောတာ နစ်ခါရှိပြီ။ အိန္ဒြေရှင် ငြိမ်ခံမနေချင်တော့။ သူနှင့်အပြိုင် စကားနာထိုးဖို့ ရင်ဆိုင်ပစ်လိုက်သည်။

"ရှင် မောင့်ကို ဘာမှဝေဖန်စရာမလိုပါဘူး … ဟင်း … ဟင်း … ကိုယ့်ကိုယ်ကိုယ်လည်း သိပ်ပြီးအထင်ကြီးမနေနဲ့ ဦးနိုင်သိန်း … အဲ့ဒီလိုလူမျိုးကမှ အထိပိုနာတတ်တာရှင့်"

"မင်း … မင်း"

"ဘာလဲ ဦးနိုင်သိန်း … ကိုယ့်အလှည့်ခံရမှာကြောက်လို့လား …"

"သွားစမ်းပါ … သွေးကြောင်ပြီးဘေးရှောင်တတ်တဲ့လူမျိုးထဲမှာ နိုင်သိန်းမပါဘူး အိန္ဒြေရှင်၊ ငါ့ခန္ဓာကိုယ်ထဲမှာ စီးဆင်းလည်ပတ်နေတာသွေးနီကွ … သွေးနီ … နီတာမှ ရဲရဲတောက်နေတာပဲ …"

"ဟင်း … ဟင်း"

အိန္ဒြေရှင် နှုတ်ခမ်းလေးတွေတွန့်ကွေးပြီး … ပြုံးပစ်လိုက်သည်။

"ဒါဆိုလည်း အခုလောက်ထိသွေးပျက်စရာမလိုပါဘူး … အချိန်ကိုစောင့်ကြည့်လိုက်ဦးလေ … ဟောဟိုမှာ မိုးကောင်းကင်ကြီးကိုတွေ့လား … အဲ့ဒါ … စိတ်ဓာတ်ဖြူစင်သန့်ရှင်းနိုင်မာတဲ့သူတွေအတွက် အမြဲတမ်းရှေ့နေပဲ … တရားမျှတ

တဲ့ဘက်က သူလိုက်ပေးမှာ ... မယုံမရှိနဲ့ ဦးနိုင်သိမ်ကျွန်မနဲ့ မောင့်ရဲ့အချစ်က ရှင်ထင်တာထက်ပိုပြီး နိုင်မာတယ်ရှင့်"

"သိပ်ပြီး စိတ်ကူးယဉ်မနေနဲ့ အိမ့်ခြွေရှင် ... မနက်ဖြန်ညနေပိုင်းမှာ လူကြီးစုံရာနဲ့စေ့စပ်မယ် တစ်ပတ်အတွင်းလက်ထပ်မယ် ... နောက်ဆယ်ရက်ကြာရင် မင်္ဂလာအခမ်းအနားကျင်းပမယ် ... ငါအားလုံးစီစဉ်ထားပြီးပြီ ... "

"ဟင် ... "

ဦးနိုင်သိမ်ရဲ့မျက်နှာကြီးဆီသို့ အိမ့်ခြွေရှင့်မျက်ဝန်းလေးတွေ ဖျတ်ခနဲရောက်သွားရသည်။ အောင်နိုင်မှုတွေနဲ့ ဝင့်ကြွားနေတဲ့ ဦးနိုင်သိမ်မျက်နှာကြီးက မုန်းစရာကောင်းလိုက်တာမပြောပါနဲ့တော့ ... ။

"မင်းရဲ့အကောင် မိုးသောင်ယံ ... ဘာမှတတ်နိုင်မှာမဟုတ်တော့ဘူး အိမ့်ခြွေရှင် ... မင်းရဲ့စိတ်တွေလျှော့ချပြီး နိုင်သိမ်ရဲ့အဖြည့်ခံဘဝကို လက်ခံယူဖို့ပဲ မင်းကြိုးစားထားတော့"

"ရှင် ... ရှင်"

"ဟား ... ဟား"

"လူယုတ်မာကြီး ... "

"ဟား ... ဟား"

"ရှင့်မှာ ကိုယ်ချင်းစာတရားမှ ရှိသေးရဲ့လားဟင် ... "

"မုန်းတယ် ... ရှင့်ကိုအရမ်းမုန်းတယ် ... ဦးနိုင်သိမ် ... လူကြီးလူကောင်းတစ်ယောက်လို့ထင်ထားခဲ့တာ ... အခု





လောက်ထိ ရှင့်ရဲ့စိတ်ဓာတ်တွေ အောက်တန်းကျလိမ့်မယ်လို့ကို ထင်မထားတာ သိပ်မှားတာပဲ ... "

"တိတ်စမ်း ... "

ဟင် ...

မိုးထစ်ချုန်းသံကြီးလို ပေါ်ထွက်လာတဲ့ နိုင်သိမ်ရဲ့တားဆီးသံကြီး။

အိမ့်ခြွေရှင့်အသံလေး တိခနဲရပ်ကာ ခန္ဓာကိုယ်လေးပင် တုန်သွားရသည့်အထိ လန့်ဖျပ်ကာသွားရသည်။

စူးရဲတဲ့ ဦးနိုင်သိမ်ရဲ့အကြည့်ရိုင်းတွေက အိမ့်ခြွေရှင့်တစ်ကိုယ်လုံးကို စားတော့ ဝါးတော့မတတ်။ မျက်ဝန်းအကြည့်တွေကလည်း ဂနာမငြိမ်ချင်။ အိမ့်ခြွေရှင့်ရင်ထဲ ပို၍ပင်ထိတ်လန့်တုန်လှုပ်သွားရ၏။ တဖြည်းဖြည်းနှင့် ဦးနိုင်သိမ်က သူမရှေ့သို့ တိုးကပ်လာသဖြင့် အိမ့်ခြွေရှင် ခြေလှမ်းလေးတွေကို နောက်ဆုတ်ပစ်လိုက်သည်။

ညသည် နက်သထက်နက်လာသလို အမှောင်ထုရဲ့ကြီးစိုးမှုကြောင့် ဝရန်တာလေးပေါ် အလင်းကအပြည့်အဝမကျချေ။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်မှုကြောင့် ခြောက်ကပ်ကပ်ကြီးဖြစ်နေသည်။

ရီဝေဝေမျက်ဝန်းအကြည့်တွေနဲ့ အိမ့်ခြွေရှင့်အနားကို တရွေ့ရွေ့တိုးကပ်လာတဲ့ ဦးနိုင်သိမ်ကို အလန့်ကြီးလန့်လာမိသည်။

ဟင် ...

နောက်ကျောပြင်လေးဆီက အထိအတွေ့ကြောင့်

အိန္ဒြေရှင် နောက်လှည့်ကြည့်စရာမလိုလောက်အောင် သိလိုက်ရတာက အိန္ဒြေရှင်ဟာ ဝရန်တာလက်ရမ်းနှင့် နီးကပ်နေပြီဆိုတာပဲ။

သွားပြီ ...

နောက်ကို ဆုတ်ပြေးဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့။

"ဟား ... ဟား"

ဒါကိုသဘောပေါက်သွားတဲ့ ဦးနိုင်သိခ်တစ်ယောက် အိန္ဒြေရှင့်အဖြစ်ကိုကြည့်ပြီး တဟားဟားအော်ရယ်နေ၏။ အိန္ဒြေရှင့် ခန္ဓာကိုယ်လေး ချွေးစေးတွေပြန်ထွက်လာရသည်။ ဦးနိုင်သိခ်ရဲ့ မျက်နှာကြီးမှာ ယုတ်မာကောက်ကျစ်တော့မယ့်အရိပ်အယောင်တွေကို မြင်နေရသည်လေ။

"ရှင် ..."

"ရှင် ... ရှေ့တိုးမလာနဲ့နော် ဦးနိုင်သိခ်"

"ဟား ... ဟား ... ဘာလဲ ... ရှေ့တိုးလာရင် ... မင်းက ဒီဝရန်တာကနေ ခုန်ချမလို့လား အိန္ဒြေရှင် ... မင်း အဲ့ဒီလောက် သတ္တိမရှိဘူးဆိုတာ ... ငါသိပါတယ် ... မင်းက အသက်အရမ်းရှင်ချင်တဲ့သူလေ ... ဒါမှ မိုးသောင်ယံကို စောင့်မျှော်ခွင့်ရမှာကို ... ဟုတ်တယ်မို့လား ... အိန္ဒြေရှင် ဟား ဟား ..."

"ရှင် ... ရှင် ..."

"မင်းမသိထားတဲ့တစ်ချက်က ... မင်းရဲ့ အဲ့ဒီစိတ်ကူးတွေ ဘယ်တော့မှ အကောင်အထည်ဖော်ခွင့်မရတော့ဘူးဆိုတာ





ကိုပဲ ..."

အို ... ။

"မင်း သိပ်လှတယ်အိန္ဒြေရှင် ..."

"ဟင် ..."

"မင်းကိုမြင်တဲ့ ... ဘယ်လိုယောကျ်ားမျိုးမဆို ဒီအချက်ကို လက်ခံမှာပဲ ..."

"ရှင် ... ရှင်ကြီး ..."

"တစ်နေ့နေ့ တစ်ချိန်ချိန်မှာလည်း နိုင်သိခ်ရဲ့ဇနီးဖြစ်မယ့် အတူတူ အခုကတည်းက ရင်းရင်းနှီးနှီးရှိတော့ ပိုအဆင်ပြေတာပေါ့ အိန္ဒြေရှင်ရယ် ... မဟုတ်ဘူးလား ..."

"အို ... ဖယ်စမ်း ... ကဲဟယ်"

"ဖြန်း ..."

ပြောပြောဆိုဆို အိန္ဒြေရှင့်ဆီ ပွေ့ဖက်ဖို့ကြိုးစားလာတဲ့ ဦးနိုင်သိခ်ရဲ့လက်တွေကို ပုတ်ထုတ်လိုက်ပြီး မျက်နှာဆီသို့ အားကုန်လွှဲရိုက်ပစ်လိုက်သည်။

"မင်း ... မင်း ... ငါ့ကိုရိုက်တယ် ... ဟုတ်လား အိန္ဒြေရှင်"

အရှိန်ကြောင့် မျက်နှာလေးလည်ထွက်သွားတဲ့ ... ဦးနိုင်သိခ် သူမဆီပြန်လှည့်လာချိန်မှာတော့ ... ဒေါသတွေအကြီးအကျယ်ပေါက်ကွဲလို့နေ၏။

"မင်းက ... ငါ့ကိုဘာကောင်ထင်နေလဲ ... ငါက ... စိတ်ကောင်းလေးဝင်လို့ ... အကြည်ညာနေတာကို မင်းကိုယ်မင်း

အဟုတ်ကြီးထင်နေတယ်ပေါ့လေ ... ဒီလောက်တောင်ရှာ ချင်တဲ့မိန်းမ လာစမ်း ..."

"အို ..."

"လွှတ် ..."

"လွှတ် ..."

"ရှင်နော် ..."

"ရှင် ..."

"ဟား ... ဟား"

"လူယုတ်မာကြီး ..."

"ရှင် မယုတ်မာနဲ့နော် ..."

တင်းကျပ်သောအပွေ့အဖက်များနှင့်အတူ ... သူမ မျက်နှာလေးဆီ ငုံ့ကျလာတဲ့ နိုင်သိခ်ရဲ့မျက်နှာကြီးကို အိမ့်ဖြူရှင် တားဆီးနေရသည်။ ဇွတ်အတင်း ရင်ခွင်ထဲကနေ ရုန်းထွက်နေမိ၏။ သို့ပေမဲ့ နိုင်မာမြဲမြံလှသော နိုင်သိခ်၏လက်တွေထဲက အိမ့်ဖြူရှင် မလွှတ်ချေ။

"မင်းကို ငါကချစ်တတ်အောင်သင်ပေးမလို့ပါ အိမ့်ဖြူရှင်ရဲ့"

"အို ... ဖယ်စမ်းပါ ... လွှတ်နော် ... ဦးနိုင်သိခ် ... ကျွန်မ အော်လိုက်မှာ ..."

"အော်လေ ... အော်စမ်း ... ကြိုက်သလောက်အော်လိုက် စမ်းပါ ... မင်းမြူဆွယ်လို့ ငါဒီနေရာကိုလာခဲ့ရတာလို့ပြောရင် အားလုံး ဘာပြောနိုင်မလဲ ... မင်းမိဘတွေပဲ အရှက်ရမှာ





လေ ..."

အို ...

ယုတ်မာလိုက်တဲ့ ဦးနိုင်သိခ်။

အိမ့်ဖြူရှင် ဘာမှဆက်မပြောနိုင်ဘဲ အသံလေးတိတ် သွားရသည်။

အိမ့်ဖြူရှင့်အကြောင်းကိုသိသဖြင့် အကောင်းဆုံးခြိမ်း ခြောက်မှုတွေနဲ့ အတူ သူမကိုသိမ်းပိုက်နိုင်အောင် ကြိုးစားနေတဲ့ ဦးနိုင်သိခ်လက်ထဲက လွတ်မြောက်အောင်ပဲ ရုန်းထွက်နေမိတော့ သည်။ အပွေ့အဖက်တွေက ကြမ်းသထက်ကြမ်းတမ်းလာ၏။ ရိုင်း စိုင်းတဲ့အနမ်းမုန်တိုင်းတွေကိုရှောင်နေရင်းနှင့် လွတ်မြောက်ရာလမ်း စလေးကို အိမ့်ဖြူရှင် အလုအယက်ရှာဖွေနေရသည်။

တဖြည်းဖြည်း ...

အိမ့်ဖြူရှင် မောလျှလာ၏။

အင်အားတွေ မဲ့ချင်လာသည်။

ဦးနိုင်သိခ်ကို ကြာရင် အိမ့်ဖြူရှင်အရှုံးပေးရတော့ မည်။

"အဟင့် ... ဟင့်"

"ဟင့် ... ဟင့်"

ငိုရှိုက်သံလေးနှင့်အတူ ပါးပြင်လေးနှစ်ဖက်ပေါ်သို့ မျက်ရည်ဥလေးများ ပိုးပိုးပေါက်ပေါက် လိမ့်ဆင်းကျလာရသည်။

"ဟား ... ဟား"

ဦးနိုင်သိမ်ရဲ့ ရယ်မောသံကြီးက အိန္ဒြေရှင့်နားစည်ထဲ သံရည်ပူများစီးကျလာသလို အခံရခက်စွာ တိုးဝင်လာခဲ့သည်။

မောင် ...

မောင်ရယ် ... ။

အိန္ဒြေရှင့်ကို လာကယ်ပါဦးရှင်။

ကြာရင် လူယုတ်မာကြီးရဲ့လက်ထဲမှာ အိန္ဒြေရှင်ဘဝပျက်ရပါတော့မယ် မောင်ရယ်။ အိန္ဒြေရှင့်ကို လာကယ်ပါဦးနော်။ မိုးကောင်းကင်ကြီးရယ် အိန္ဒြေရှင့်ကို လာကယ်ဖို့ မောင့်ကိုမပြောပေးတော့ဘူးလားဟင် ... ။ မောင့်ကိုလာကယ်ဖို့ ပြောပေးပါဦး မိုးကောင်းကင်ကြီးရယ်။

"အဟင့် ... ဟင့်"

"ဟား ... ဟား"

နိုင်သိမ်၏ရယ်သံကြီးကြားထဲ အိန္ဒြေရှင့်ငိုရှိုက်သံလေး နစ်မြုပ်လုလု။

"လွှတ် ... "

"လွှတ်နော် ... "

"ချစ်ချင်လို့ပါကွာ ... ခဏလေး ... ချစ်ကြည့်ချင်လို့ပါ ... ဟား ... ဟား ... "

"အို ... "

"ဖယ်နော် ... "

"ရှင်ကြီး ... မယုတ်မာနဲ့ ... ရှင် ... ရှင် ... လူ့ဟိရ္ဆာန်ကြီး"





"ချစ်မယ်ကွာ ... နိုင်သိမ်ဆိုတဲ့ငါက မင်းကို အပိုင်သိမ်းပိုက်ထားမှဖြစ်တော့မှာလေ ... "

"ရှင် ... ရှင်နော် ... ကျွန်မကို အခုချက်ချင်းလွှတ်စမ်း"

"ဒီညတော့ မင်းကိုအလွှတ်မပေးနိုင်တော့ဘူး အိန္ဒြေရှင်"

ဦးနိုင်သိမ်မျက်ဝန်းတွေက ... ပိုးဖွဲပင်အရောင်တွေ တဖျပ်ဖျပ်လက်လာသည်။ အမွှေးအဖက်တွေက ဖိုပြီးကြွမ်းတမ်းလာ၏။ အိန္ဒြေရှင် လွတ်အောင်အတင်းရုန်းထွက်နေမိသည်။

"ဒါမှ ... ဟိုကောင့်အသည်းဟက်တက်ကွဲမှာလေ"

"ရှင် ... ရှင် ... ကဲဟယ်"

မောင့်ကိုပါရည်ရွယ်လိုက်သဖြင့် အိန္ဒြေရှင့်အသည်းနှလုံးလေး ဆတ်ဆတ်ခါနာသွားရပါ၏။

"ဟား ... ဟား"

"ဟား ... ဟား"

ရယ်မောသံကြီးက တိတ်ဆိတ်သောပတ်ဝန်းကျင်တစ်ခုလုံးကို လွှမ်းမိုးသွားသည်။ သူမရဲ့ရိုက်နှက်ကုတ်ဖဲ့ဖို့ကြိုးစားမှုလည်း အောင်မြင်မှုမရစွာ နိုင်သိမ်ရဲ့ထိန်းချုပ်မှုကိုပဲ ခံလိုက်ရ၏။ အသွေးအသားကို ဝါးမျိုဖို့ကြိုးစားနေတဲ့ ... နိုင်သိမ်ရဲ့လက်တွေထဲ အိန္ဒြေရှင် လဲကျရတော့မည်။

"လွှတ် ... "

"လွှတ်နော် ... အဟင့် ... ဟင့်"

"ရှင်ကြီး မယုတ်မာနဲ့နော် ... "

"ဦးနိုင်သိမ်း ... "

"ဗြို ... "

"အို ... "

အကျီပခုံးသားလေး ပြဲကျသွားသဖြင့် ဝင်းမွတ်နေတဲ့ အသားလေးတွေ ထင်းခနဲပေါ်လာသည်။

အိန္ဒြေရှင်အရှုံးမပေးနိုင်စွာ အတင်းကန်ကြောက်ကုတ်ဖဲ့နေမိ၏။

ထိုစဉ် ...

"အိမ်ရှင်တို့ ... တံခါးဖွင့်ပေးပါ ... ဗျို့ ... အိမ်ရှင်တို့"

"တံခါးဖွင့်ပါ ... "

ဟင် ...

အို ... ။

ခြံရှေ့က အော်ဟစ်ပြောဆိုသံတွေကြောင့် နိုင်သိမ်းကြောင်ငေးသွားစဉ်။

"ကဲဟယ် ... "

"အ ... "

အချိန်ကောင်းကိုအသုံးပြုကာ ဦးနိုင်သိမ်းမျက်နှာကိုလက်သည်းချွန်ချွန်တွေနှင့် ကုတ်ခြစ်ပစ်လိုက်ပြီး နေရာကနေလူးလဲထကာ နေရာကနေလှစ်ခနဲနေအောင် ပြေးထွက်ခဲ့တော့သည်။

"အိန္ဒြေရှင် ... မင်း ... လာခဲ့စမ်း ... "

နိုင်သိမ်းခေါ်သံကြီးနှင့်အတူ အိန္ဒြေရှင့်နောက်က





အပြေးလိုက်လာ၏။ အိန္ဒြေရှင် စဉ်းစားမနေဘဲ အောက်ထပ်ကိုပြေးဆင်းလာခဲ့သည်။ မျက်နှာပြင်လေးပေါ်မှာတော့ မျက်ရည်တွေကရွှဲရွှဲစိုလို့။ ပွရောင်ရောင်ဆံနွယ်စတို့က ဖရိုဖရဲကျနေသည်။ ခန္ဓာကိုယ်တစ်ခုလုံး ဇောချွေးတို့ဖြင့် စိုနေရ၏။ အသက်လုကာအောက်ကိုပြေးဆင်းခဲ့သည်။

"ဟင် ... "

ရဲ ... ရဲသားကြီးတွေပါလား။

"ဟာ ... "

သူမအနောက်ကကပ်လိုက်လာတဲ့ ... နိုင်သိမ်းတစ်ယောက် ရဲတွေကိုလည်းမြင်ရော နေရာကနေပြန်လှည့်ပြေးဖို့ လုပ်လိုက်၏။

"မိုးကြီး ... မင်းမလှုပ်နဲ့နော် ... အေးအေးဆေးဆေး အဖမ်းခံပါ မိုးကြီး ... မင်း ဒီမှာရှိနေတာသတင်းရလို့ ငါတို့လာတာ၊ မင်းကို ပြည်သူ့ရဲတွေအားလုံးဝိုင်းထားပြီးပြီ မိုးကြီး ... ဆက်ပြေးဖို့မကြိုးစားနဲ့တော့ ... "

ဟင် ...

ရဲသားကြီးရဲ့အမိန့်ပေးသံကြောင့် ... အပေါ်ထပ်ကိုတက်ပြေးမဲ့ ဦးနိုင်သိမ်း၏ခြေလှမ်းတွေ ရပ်တန့်သွားသည်။

"ရဲဘော် ... မိုးကြီးကို လက်ထိတ်ခတ်လိုက်ပါ ... "

ရဲမှူးကြီးရဲ့အမိန့်ရတာနှင့်ရဲဘော်လေးတစ်ယောက်က ဦးနိုင်သိမ်းကို လက်ထိတ်ခတ်လိုက်၏။

"ဘာ ... ဘာတွေလဲဗျာ ဘာတွေဖြစ်ကုန်ပြီလဲ၊ ကျွန်တော် ဘာမှကိုနားမလည်နိုင်တော့ဘူးဗျာ ..."

ဒက်ဒီ ဦးထွန်းခေါင်ရဲ့မေးသံကြီးက ကွဲအက်အက်နှင့် ငိုသံစွက်နေသလို၊ မျက်နှာမှာလည်း အံ့သြမှုတွေနှင့်ဝေသီနေ၏။ ဒက်ဒီ့လိုပါပဲ အိန္ဒြေရှင်လည်း လက်ရှိအဖြစ်အပျက်မြန်ဆန်စွာပြောင်းလဲသွားမှုအပေါ်တွင် မှင်တက်နေမိသည်။

"အိန္ဒြေရှင် ... သမီး ... သမီးရဲ့ပုံစံက ..."

"မာမီ ... အဟင့် ... ဟင့်"

မာမီ့ရင်ခွင်ထဲပြေးဝင်ဖက်တွယ်လိုက်ပြီးတသိမ့်သိမ့် ငိုရှိုက်လိုက်မိသည်။ ဒက်ဒီသည် သူမနှင့်ဦးနိုင်သိခ်တို့ဆီ တစ်လှည့်စီကြည့်ပြီး စိတ်တွေတုန်လှုပ်ချောက်ချားနေဆဲ သွေးပျက်ထိတ်လန့်နေဆဲပင် ဖြစ်သည်။

"ဒီလိုပါ ဦးထွန်းခေါင် ..."

ရဲမှူးကြီးဆီက အသံလေးထွက်လာ၏။

"တကယ်တော့ ... ဦးထွန်းခေါင်တို့ဆီမှာရောက်နေတဲ့ ... နိုင်သိခ်ဆိုတဲ့လူက ကျွန်တော်တို့ စခန်းက အလိုရှိနေတဲ့ တရားခံပြေးတစ်ယောက်ပါ ... နယ်မှာ အယောင်ဆောင်မှု၊ ငွေလိမ်လည်မှုတွေနဲ့ ထွက်ပြေးတိမ်းရှောင်နေတဲ့ မိုးကြီးဆိုတဲ့ တရားခံပြေးတစ်ယောက်ပါ၊ ဦးထွန်းခေါင် ... သူ ဒီမြို့ကြီးထဲမှာ ရောက်နေတယ်ဆိုတဲ့သတင်းက ရပြီးပေမဲ့ သေချာအောင် စုံစမ်းပြီး စောင့်ကြည့်နေတာပါ ... ဦးထွန်းခေါင်ရဲ့





သူငယ်ချင်းသား နိုင်သိခ်ဆိုတဲ့နာမည်ကိုသုံးပြီး နိုင်ငံခြားကပြန်လာတဲ့ ဟန်ဆောင်ပြီး ဒီတိုက်ကြီးထဲကို အကြံအစည်ကြီးကြီးနဲ့ မိုးကြီးတစ်ယောက် ဝင်လာတာကို ကျွန်တော်တို့ သက်သေတွေ၊ အထောက်အထားတွေ ခိုင်ခိုင်မာမာရှိနေပြီမို့ ... အခုလိုချက်ချင်း လာရောက်ဖမ်းဆီးရတာပါခင်ဗျာ ..."

"ဟင် ..."

"အို ..."

"ဟယ် ..."

ရဲမှူးကြီးရဲ့ဖြေရှင်းပြချက်ကိုနားထောင်ပြီး အားလုံးအံ့သြသွားရသည်။

"ရုပ်ရည်လေးရှိတော့ မိုးကြီးကို လူတွေကယုံကြည်ကြတယ်လေ ... ဒါကြောင့်လည်း ဒီကောင့်အတွက် အခွင့်အရေးကောင်းတွေရနေတာပေါ့ ... ဦးထွန်းခေါင်တို့ဆီကိုလည်း အကြံအစည်တွေ အကွက်တွေချပြီး ဝင်လာတာခင်ဗျ ... သူ့တပည့်တွေအားလုံးကိုလည်း ကျွန်တော်တို့ ဖမ်းဆီးထားပြီးပါပြီ ..."

ရဲမှူးကြီးရဲ့ရှင်းပြချက်ကိုကြားပြီးသည့်နောက် ... ဦးထွန်းခေါင်ရဲ့ဒေါသမျက်ဝန်းတွေက ... နိုင်သိခ်အယောင်ဆောင်မိုးကြီးဆိုတဲ့ကောင်ဆီသို့ ရောက်သွား၏။

လက်ညှိုးကြီးထိုးကာ ...

"ဟင် ... မင်း ... မင်း ... ဘာကြောင့် အခုလောက်ထိ အကြံပက်စက်ရတာလဲဟင် ... မင်းနဲ့ငါ ဘာအငြိုးထား အတေးမှမရှိဘဲနဲ့ ငါတို့မိသားစုမှ ဘာကြောင့် ဦးတည်ခဲ့ရတာလဲ ... မိုးကြိုး ... မင်း ... ယုတ်မာလှချည်လား ..."

"ဒီမှာဦးထွန်းခေါင် ... မိုးကြိုးဆိုတဲ့ကျုပ်ကို ခင်ဗျားဘယ်သူလို့ ထင်သလဲ ..."

"ဘာရယ် ..."

"ခင်ဗျားကြီး အတိတ်မမေ့သေးဘူးဆိုရင်တော့ ... လွန်ခဲ့တဲ့ နှစ်ဆယ့်ငါးနှစ်လောက်တုန်းက အဖြစ်အပျက်တစ်ခုကို မှတ်မိဦးမှာပေါ့ ... အဲဒီတုန်းက ... ကျုပ်အဖေကို ခင်ဗျားကြီး ထောင်ထဲပို့ခဲ့တာလေ ..."

"ဘာ ..."

"ဘဦးဆိုတဲ့ကျုပ်အဖေဟာ ... သူ့မိန်းမ မီးဖွားဖို့ ခင်ဗျားကြီး ကုမ္ပဏီရဲ့ငွေလေးအနည်းအကျဉ်း ခိုးယူခဲ့တာကို စာနာစိတ် တစ်စက်ကလေးမှမထားဘဲ ခင်ဗျားကြီးထောင်ထဲပို့ခဲ့တာလေ ... ကျုပ်အမေက ကျုပ်အဖေအဖမ်းခံရလို့ ... စိတ်ဆင်းရဲပြီး မီးတွင်းထဲမှာပဲ ဆုံးခဲ့ရသလို ကျုပ်ညီလေးကလည်း လူ့လောကထဲတောင်ရောက်ခွင့်မရခဲ့ဘူး ... အဲဒါ ခင်ဗျားကြီးကြောင့်ဖြစ်ရတာ ..."

"ဟင် ..."

"ဒါ ... ဒါဆို ... မင်း ... မင်းက"





"ဟုတ်တယ် ... ခင်ဗျားကြီးရဲ့ကုမ္ပဏီမှာ အလုပ်လုပ်ခဲ့ဖူးတဲ့ ဘဦးရဲ့သားပဲ ... ကျုပ်ငယ်ငယ်ထဲက အမြဲတွေးတောနေခဲ့တာ ... ဦးထွန်းခေါင်ဆိုတဲ့ ခင်ဗျားကြီးကိုပြန်လက်စားချေနိုင်ဖို့ပဲ ... ကျုပ်တို့ဘဝပျက်သလို ခင်ဗျားကြီးရဲ့စည်းစိမ်တွေ ပျက်စီးစေရမယ် ... ခင်ဗျားကြီးရဲ့တစ်ဦးတည်းသောသမီးလေးကို အပိုင်သိမ်းပြီး ... ခင်ဗျားကြီးတို့ ရင်နာသွားအောင် အမှည့်ခြွေပြမယ် ... ခင်ဗျားကြီးရဲ့ ရင်နှစ်ခြမ်း ဖြန်းဖြန်းကွဲသွားရအောင် ကျုပ်ကလုပ်မယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ အခုလိုလုပ်ခဲ့တာလေ ... ဟား ... ဟား ... ခင်ဗျားကြီး သိပ်ကံကောင်းသွားတယ် ဦးထွန်းခေါင် ..."

"ခွေး ... ခွေးကောင် ... လူယုတ်မာကောင် ... အကြံပက်စက်တဲ့ကောင် ... လူလိမ် ... လူညာ ... လူ့တိရစ္ဆာန်ကောင် ..."

"အား ..."

ဒေါသတကြီးအော်ဟစ်နေရင်းမှ ဦးထွန်းခေါင်ထံမှ အော်သံကြီးတစ်ခုထွက်လာပြီး လဲကျသွားသည်။

"ဟာ ... ဦးထွန်းခေါင် ..."

"ဒက်ဒီ ..."

"အမလေး ... ကိုထွန်းခေါင်လဲကျသွားပြီ ... လုပ်ကြပါဦး ကိုထွန်းခေါင် ... ကိုထွန်းခေါင် ..."

ဦးထွန်းခေါင်အနား လူတွေဝိုင်းအုံသွားကြသည်။

"ဦးထွန်းခေါင်ကို ဆေးရုံပို့ကြပါ ... "

"ဒက်ဒီ ... အဟင့် ... ဟင့်"

ဦးထွန်းခေါင်ကိုမွေ့ယာ ကားပေါ်တင်ပြီး ဆေးရုံတင်ဖို့ထွက်သွားကြချိန်မှာတော့ နိုင်သိန်းအယောင်ဆောင်ထားသော မိုးကြိုးဆိုတဲ့လူကိုလည်း ကားပေါ်တင်ဆောင်ကာ ရဲတွေက ဖမ်းဆီးသွားလေတော့သည်။

အေးချမ်းသာယာစွာရှိနေခဲ့သော အိမ်ခြေရှင်တို့တိုက်ကြီးသည် အခုတော့ ... ပူဆွေးမှုတွေနှင့်ကျန်နေရစ်ခဲ့တော့သည်။ ဧည့်ခန်းလေးထဲမှာတော့ အိမ်ခြေရှင့်ရဲ့ ငှက်ကျိုးသံလေးက ပျံ့လွင့်နေဆဲပင်။





## အခန်း (၂၁)

အရေးပေါ်လူနာခန်းလေးထဲမှာတော့ ဦးထွန်းခေါင်ကို ဆရာဝန်ဆရာမတွေ ဝိုင်းဝိုင်းလည်အောင် ပြုစုကုသပေးနေကြ၏။ အစကတည်းကမှ သွေးတိုးရောဂါရှိသော ဦးထွန်းခေါင်တစ်ယောက် ခေါင်းတွေမထူနိုင်အောင်ဖြစ်နေရသည်လေ။

အသိစိတ်တွေမကင်းလွတ်သေးသဖြင့်စကားသံတွေ လှုပ်ရှားမှုတွေကို မြင်နေ ကြားနေရပါ၏။ သို့သော် ထိုစကားသံတွေထက် ဦးထွန်းခေါင်၏အာရုံကို စိုးမိုးထားတာက စခန်းမှူးကြီးရဲ့ စကားသံတွေပါပဲ။

နိုင်သိန်းဆိုတဲ့ကောင်က အစစ်မဟုတ်ဘူးတဲ့လေ။

အယောင်ဆောင်မှု၊ ငွေလိမ်မှု၊ ငွေအလွဲသုံးစားမှုတွေနဲ့ အလိုရှိနေတဲ့ တရားခံပြေးမိုးကြိုးတဲ့။ ဦးထွန်းခေါင်တို့ရဲ့ တိုက်ထဲကိုလည်း နိုင်ငံခြားက ဦးထွန်းခေါင်ရဲ့ သူငယ်ချင်းသား နိုင်သိန်း

အဖြစ်ဟန်ဆောင်ပြီး ဝင်လာခဲ့တာတဲ့လေ။ အလုပ်သမားတစ်ဦးရဲ့ သားဖြစ်နေပြီး မိမိတို့မိသားစုကို အငြိုးကြီးကြီးနဲ့ လက်စားချေဖို့ နိုင်သိန်အယောင်ဆောင်ပြီး ဝင်လာတဲ့ကောင်ဖြစ်နေ၏။ ရဲမှူးကြီးတွေ အရောက်မြန်ပေလို့သာတော်တော့သည်။ မဟုတ်ရင် သမီးလေး အိန္ဒြေရှင့်ဘဝ ရေတိမ်နစ်ရတော့မည်လေ။

ဘုရား ...

ဘုရား ...

ကြောက်စရာကောင်းလိုက်တာ ... ။

တော်တော်အကြံပက်စက်လိုက်တဲ့မိုးကြိုး ... ။ ဒင်းရဲ့အကြံအစည်တွေထဲ ဦးထွဋ်ခေါင်တို့မိတော့မလို့။ လက်မတင်လေးလွတ်ခဲ့ရတာပါလားနော်။

မိမိမှာတော့ အထင်တွေကြီးလိုက်ရတာ။

သူငယ်ချင်းရဲ့သား နိုင်သိန်အမှတ်ထင်ပြီး သမီးလေးနဲ့ လက်ထပ်ပေးဖို့တောင် စီစဉ်ခဲ့တာ။ သမီးလေးရဲ့ချစ်သူ မိုးသောင်ယံဆိုတဲ့ကောင်လေးနဲ့ အသည်းအသန်ခွဲထားတာလေ၊

အခုတော့ ...

မိမိအထင်ကြီးခဲ့တဲ့သမက်လောင်းက လူလိမ်၊ လူညာ၊ အကြံပက်စက်တဲ့ကောင်ဖြစ်နေသည်။ တွေးမိတိုင်း နောင်တတွေ အရမ်းရနေမိ၏။

"အန်ကယ် ... ပရက်ရှာတိုင်းရအောင်နော် ... "

အနီရောင်နပ်(စ)မလေးဆီက သတိပေးသံလေး





ကြောင့် ဦးထွဋ်ခေါင်ရဲ့အတွေးစိတ်တွေ ပျက်ပြယ်သွားရသည်။ မျက်ဝန်းလေးတွေက နပ်(စ)မလေးနှင့် နံဘေးတွင်ရပ်နေသော ဂျူတီကုတ်အဖြူရောင်လေးဝတ်ဆင်ထားသောဆရာဝန်ကလေးဆီသို့ ဖျတ်ခနဲရောက်သွား၏။

ဟင် ... ။

ဦးထွဋ်ခေါင်ရဲ့မျက်ဝန်းလေးတွေ မယုံကြည်နိုင်လောက်အောင်ဖြစ်သွားရသည်။ အပေါ်ကနေ ကရုဏာသက်သော မျက်လုံးလေးတွေနဲ့ ငုံ့မိုးစိုက်ကြည့်နေသူသည် တခြားလူမဟုတ်ချေ။ သမီးဖြစ်သူ အိန္ဒြေရှင့်ကို မရရင်ပဲသေတော့လောက်အောင် အရူးအမူးချစ်ခဲ့ဖူးတဲ့ကောင်လေးမိုးသောင်ယံဖြစ်နေသည်။

" Normal ပဲဆရာ ... 120 to 80 ပါ ... "

နပ်(စ)လေးရဲ့စကားကို မိုးသောင်ယံခေါင်းလေးညိတ်ပြလိုက်ပြီး ဦးထွဋ်ခေါင်ဘက်လှည့်ကာ ...

"အန်ကယ် ... သက်သာရဲ့လား ... ဘယ်လိုခံစားရသေးလဲဟင် ... "

နားကျပ်ကလေးနှင့်သေသေချာချာစမ်းသပ်ရင်း ... ကြင်နာစွာ မေးလာသော မိုးသောင်ယံရဲ့အမေးကို ဦးထွဋ်ခေါင် မဖြေနိုင်ဘဲ မျက်လုံးပြူးကြီးတွေနှင့် စိုက်ကြည့်နေမိ၏။ မှင်သက်အံ့သြမယုံကြည်နိုင်စွာဖြင့် ... ။

"မင်း ... မင်း"

"ဟုတ်ပါတယ် ... အန်ကယ်ထွဋ်ခေါင် ... ကျွန်တော်က

မိုးသောင်ယံပါ ... ဆေးတက္ကသိုလ်နောက်ဆုံးနှစ်တက်ရင်း ပေါက်စ်ဆာဂျင်လာလုပ်နေတာပါ ... ”

ဟာ ... ။

ဦးထွဋ်ခေါင်ရဲ့မျက်နှာလေး ကွက်ခနဲပျက်သွားရသည်။ ကောင်လေးက ဆေးတက္ကသိုလ်နောက်ဆုံးနှစ်ကျောင်းသားတဲ့ ... ။

ဒါ ... ဒါဆို။

ဆရာဝန်လောင်းလေးပေ့ါ။

ကြည့်စမ်း ...

မိမိအထင်မကြီးဘဲ ရက်ရက်စက်စက်ခွဲခဲ့တဲ့အိန္ဒြေရှင့် ချစ်သူကောင်လေး မိုးသောင်ယံက အရည်အချင်းရှိတဲ့ ဆရာဝန်လောင်းဖြစ်နေသည်။

မိုးသောင်ယံကို ...

အခြံအရံအစောင့်အရှောက်တွေနဲ့ အလကားနေ စတာန့်ထွင်ပြီး မိဘလုပ်စာ သုံးဖြုန်းနေတဲ့ကောင်လေးလို့ ထင်ထားတာလေ ... ။ ကလေကချေ ပေါ့ပေါ့ရမ်းရမ်းကောင်လေးလို့ ဦးထွဋ်ခေါင်ထင်ပြီး နည်းမျိုးစုံနဲ့ခွဲလိုက်တာ ... ။ အခုတော့ ... မိမိရဲ့အသက်ကို စေတနာမေတ္တာအပြည့်နဲ့ ပြုစုစောင့်ရှောက်နေတဲ့ ဆရာဝန်ကောင်လေးဖြစ်နေသည်။ မိမိရဲ့အထင်အမြင်တွေ အမှားကြီး မှားယွင်းသွားခဲ့တာပဲ။

“အန်ကယ် ... ကျွန်တော့်ကိုမြင်လိုက်ရလို့ စိတ်တွေမလှုပ်





ရှားပါနဲ့နော် ... အခု ... ကျွန်တော့်ရဲ့စိတ်တွေ အရင်လို တင်းမာမနေတော့ပါဘူး အန်ကယ်ရယ် ... အန်ကယ့်ကို လည်း စိတ်အနှောင့်အယှက်ပေးဖို့ရောက်နေတာ မဟုတ်ပါ ဘူးဗျာ ... အဲ့ဒါကိုတော့ ယုံကြည်ပေးပါ ... ”

မောင်မိုးသောင်ယံရယ် ... ။

တကယ်တော့ ... အခုလိုတောင်းပန်စကားဆိုသင့်တာ အန်ကယ်ပါ ... ။ မင်းတို့ရဲ့ချစ်ခြင်းကို အထင်တွေလွဲမှားပြီး အန်ကယ်က ရက်ရက်စက်စက်ခွဲခဲ့တာလေ။ ဒါတွေကို အန်ကယ် နောင်တတွေရပါပြီကွာ။

“တကယ်တော့ ... ကျွန်တော်က မိကေ ်းဖခင်သားသမီး တစ်ယောက်ပါ အန်ကယ်ထွဋ်ခေါင် ... မိဘတွေက ကိုယ့်သဘောနဲ့ကိုယ် ရည်းစားတွေထားပြီး ဘဝမှာ မှားယွင်းချက်တွေ ... ချို့ယွင်းမှုတွေ ရှိမှာဆိုးလို့ စည်းဘောင်တွေချ ပြီး စောင့်ရှောက်ခြင်းကိုခံနေခဲ့ရတဲ့သူပါ ... မိဘစိတ်ချမ်း သာအောင် ကျွန်တော်လိုက်နာခဲ့တာပါ အန်ကယ် ... အဲ့ဒီ ကြားကပဲ ... ကျွန်တော်နဲ့ရင်ထိုးလေးတို့ ဆုံခဲ့ကြပါတယ် အန်ကယ်ထွဋ်ခေါင် ... ကျွန်တော် ရင်ထိုးလေးကို တကယ် ပဲချစ်ခဲ့မိတာပါဗျာ ... အချစ်အတွက် ဘာတစ်ခုမှ မမြင်နိုင် ခဲ့ပဲ မိုက်မိုက်ရူးရူးကိုဖြစ်ခဲ့တာပါ ... ရင်ထိုးလေးကို ချစ်မိခဲ့ တဲ့အချစ်တွေကြောင့် ကျွန်တော်ဟာ အမှားအမှန်တွေကို တောင် မခွဲခြားနိုင်တဲ့အထိပါပဲ အန်ကယ်ရယ်၊ အဲ့ဒီလောက်

ထိဖြစ်ခဲ့ရပါတယ် ... အဲဒီ့အတွက် ကျွန်တော့်ကိုခွင့်လွှတ်ပါ အန်ကယ် ... အန်ကယ့်ဘက်က တားဆီးခဲ့မှုတွေဟာ ... တကယ်တော့ သမီးရှင်တစ်ယောက်အနေနဲ့ လုပ်သင့်လုပ်ထိုက်တဲ့အလုပ်တွေပါပဲ အန်ကယ်ထွန်းခေါင် ... ဒါတွေကို အခုတော့ ကျွန်တော်ကိုယ်ချင်းစာနိုင်ခဲ့ပါပြီ အန်ကယ်ရယ်"

ဟာ ...

မောင်မိုးသောင်ယံရယ် ... ။

ရင်ထိုးလေးကို သိပ်ချစ်မိခဲ့တယ်တဲ့လားကွာ။

မင်းလိုပါပဲ မင်းသိပ်ချစ်တဲ့ အန်ကယ့်သမီး အိမ့်ဖြူရှင်ဟာ မင်းကိုပဲ သိပ်ချစ်ခဲ့တာပါ။ မင်းကို ကယ်တင်နိုင်ဖို့ အန်ကယ့်ရဲ့ တောင်းဆိုမှုတွေကို လိုက်လျှောခေါင်းညိတ်ခဲ့ရတာပါ မောင်မိုးသောင်ယံရယ်။

ဒါပေမဲ့ ...

ဒါပေမဲ့လေ ...

ဦးထွန်းခေါင်ရင်ထဲကပြောပြချင်နေတဲ့စကားလုံးတွေ လည်ချောင်းဝတွင် တစ်ဆို့နေခဲ့သည်။

"အန်ကယ်ရဲ့ယ် ... မိဘဆိုတာ သားသမီးကိုကောင်းစားစေချင်ကြတာ ထုံးစံပါပဲ ... အန်ကယ့်ရင်ထဲက မေတ္တာတရားကို ကျွန်တော်ခံစားလို့ရပါတယ်ဗျာ ... ဒါကြောင့် အန်ကယ်ဖြစ်စေချင်တဲ့အတိုင်း ကျွန်တော် လိုက်နာဖို့ဆုံးဖြတ်လိုက်ပါပြီအန်ကယ် ... ရင်ထိုးလေးအပေါ် ချစ်တဲ့ ချစ်စိတ်တွေကို





ကျွန်တော့်နှလုံးသားထဲမှာပဲ ထာဝရသိမ်းဆည်းလိုက်ဖို့ ဆုံးဖြတ်လိုက်ပါပြီအန်ကယ် ... အန်ကယ် စိတ်ချမ်းချမ်းသာသာနေပါတော့နော် ... ကျွန်တော်မနှောင့်ယှက်တော့ပါဘူး အန်ကယ်ရယ် ... "

ဟင် ...

မိုးသောင်ယံဆိုတဲ့ ... ကောင်လေးရဲ့စကားတွေကို နားထောင်ပြီး ဦးထွန်းခေါင်မျက်လုံးတွေ ပြူးဝိုင်းသွားရပြီလေ။ မိုးသောင်ယံက သူ့အချစ်တွေကို ရင်ထဲမှာပဲ ထာဝရသိမ်းဆည်းထားပါတော့မယ်တဲ့။

"ရင်ထိုးလေးကလည်း ကျွန်တော့်ကို သစ္စာဖောက်ပြီး ... ဦးနိုင်သိန်းနဲ့လက်ထပ်ဖို့ ကတိပေးလိုက်ပြီမို့လား ... "

"ဟာ ... မဟုတ်ဘူး ... အဲဒါ မင်းကို အချုပ်ထဲကလွတ်အောင် ... "

"ကျွန်တော် နားလည်ပေးနိုင်ပါတယ် အန်ကယ်၊ ဒါကြောင့်လည်း ရင်ထိုးလေးကိုမေ့ပစ်လိုက်ဖို့ ကျွန်တော် ဆုံးဖြတ်လိုက်တာလေ ... မကြာခင်မှာပဲ ... ကျွန်တော့်မိဘတွေ သဘောတူတဲ့ လှိုင်းသန္တာကို လက်ထပ်ပါ့မယ်လို့ ကတိပေးလိုက်ပါပြီ ... အိမ့်ဖြူရှင်ရဲ့ဘဝလေးလည်း အေးချမ်းသာယာနေပြီဆိုတော့ ... ကျွန်တော့်ကြောင့် မပျက်စီးစေချင်တော့ဘူးလေ ... ဒါကြောင့် ... အန်ကယ်ထွန်းခေါင် စိတ်ချသွားအောင် လှိုင်းသန္တာကို ဘယ်လိုမှမချစ်နိုင်ပေမယ့် အနားမှာ

ပိတ်ကာတားဆီးနိုင်မယ့် ... အုတ်တံတိုင်းတစ်ခုအဖြစ် ကျွန်တော့်ကိုကျွန်တော် ခပ်လိုက်ပါပြီ ... ကျေနပ်ပါတော့ အန်ကယ်ရယ် ... "

ဟာ ... ။

ဟာကွာ ... ။

ဦးထွဋ်ခေါင် ဘာတစ်ခုမှ မတတ်နိုင်တော့ပါ။

မောင်မိုးသောင်ယံထင်သလို သမီးလေးအိန္ဒြေရှင့်ဘဝလေးဟာ မိဘရဲ့အစီအစဉ်တွေအောက်မှာ အေးချမ်းသာယာမှုမှ မရခဲ့တာ။ လူလိမ်၊ လူညာ၊ လူယုတ်မာတစ်ယောက်ရဲ့ အငြိုးအတေးကြီးကြီး လက်စားချေမှုအောက်မှာ မိမိရဲ့ ပယောဂကြောင့် ဘဝပျက်တော့မတတ် ဖြစ်ခဲ့ရတာတွေကို ဘယ်လိုရှင်းပြရတော့မလဲဟင်။

မောင်မိုးသောင်ယံရယ် ... ။

အန်ကယ် အရမ်းမှားသွားပါတယ်ကွယ်။ အန်ကယ့်ကြောင့် အခုလို ကြေကွဲစရာအဖြစ်အပျက်တွေ ဖြစ်ခဲ့ရတာပါ ... ။ အန်ကယ် အရမ်းကိုနောင်တတွေရနေပါပြီ မောင်မိုးသောင်ယံရယ်။

အခုတော့ ...

အန်ကယ် ဘယ်လိုလုပ်ရတော့မလဲဟင်။

မိုးသောင်ယံက ... လှိုင်းသန္တာဆိုတဲ့မိန်းကလေးနဲ့ လက်ထပ်ရတော့မယ်ဆိုတော့ အန်ကယ် မင်းကိုဘယ်လိုစကားမျိုးတွေ ဆက်ပြောရတော့မလဲ မောင်မိုးသောင်ယံရယ်။





သမီးလေးရယ် ...

ဒက်ဒီ့ကိုခွင့်လွှတ်ပါ။

ဒက်ဒီလေ ဒက်ဒီ။ ငွေတွေ၊ ဂုဏ်တွေကိုမက်ပြီး သမီးလေးရဲ့နှလုံးသားရေးရာကို ခြယ်လှယ်ခဲ့မိတဲ့အတွက် ဒက်ဒီ့ကို ခွင့်လွှတ်ပါသမီးရယ်။ ဒက်ဒီ့ကြောင့် သမီးလေး သိပ်ချစ်တဲ့ချစ်သူကို စွန့်လွှတ်ခဲ့ရသလိုကောက်ကျစ်ယုတ်မာတဲ့ယောကျ်ားတစ်ယောက်ရဲ့ လက်စားချေမှုကို ခံရတော့မလို့ဖြစ်ခဲ့ရတာလေ။

မှားပါတယ် ...

ဒက်ဒီ သိပ်မှားသွားတယ် အိန္ဒြေရှင်ရယ်။

တရွေ့ရွေ့ ကျောခိုင်းကာလျှောက်သွားတဲ့ ဂျူတီကုတ်အဖြူရောင်လေးကို ဝတ်ဆင်ထားတဲ့ မိုးသောင်ယံဆိုတဲ့ သမီးလေး အိန္ဒြေရှင့်ရဲ့ချစ်သူကောင်လေးကိုကြည့်ပြီး မျက်ဝန်းအိမ်ထဲတွင် မျက်ရည်ကြည်လေးတွေ ဝေ့သီခဲ့ရပြီ။

နောင်တ,တရားတွေ ရင်ထဲအလုံးအရင်းတိုးဝင်လာခဲ့သော်လည်း ပြန်ပြီးပြုပြင်ဖို့ အချိန်တွေနောက်အကျကြီးကျသွားပြီလေ။

မောင်မိုးသောင်ယံတစ်ယောက် လှိုင်းသန္တာဆိုတဲ့ မိဘတွေသဘောတူထားတဲ့မိန်းကလေးကို လက်ထပ်တော့မယ်ဆိုတဲ့အကြောင်း အိန္ဒြေရှင်သာကြားရင် ဘယ်လောက်များခံစားလိုက်ရမလဲ။

မောင်မိုးသောင်ယံကို သမီးလေးရဲ့အနား ပြန်လာ

စေချင်ပေမယ့် အခုအချိန်မှာတော့ဘယ်လိုမှမဖြစ်နိုင်တော့ဘူးလေ။

အိမ်ခြွေရှင်ရယ် ...

သမီးလေးရယ် ... ။

ဒက်ဒီက သမီးရဲ့ဘဝလေး လှပအေးချမ်းစေချင်လို့ ဘဝမှာ အမဲစက်ရာလေးတစ်ခုတောင် ရှိမနေစေချင်လို့ အထိန်းတော်ကြီးတွေ ကိုယ်ရံတော်ကြီးတွေနဲ့ စောင့်ကြပ်နိုင်းပြီးတော့ကို ထားတာပါ။ ဒက်ဒီရဲ့စေတနာမေတ္တာတွေဟာ သမီးလေးရဲ့ဘဝလမ်းကြောင်းလေး ပျက်စီးတော့မတတ်ဖြစ်သွားရတဲ့အတွက် ဒက်ဒီ တကယ်ပဲ စိတ်မကောင်းဖြစ်ရပါတယ် သမီးလေးရယ်။

နောင်တတွေလည်း အများကြီးရခဲ့ပါပြီ။

ဒါကြောင့် ...

မောင်မိုးသောင်ယံကို မြင်တွေ့လိုက်ရတဲ့ဏမှာ သမီးလေးရဲ့ ဝမ်းနည်းအားငယ်မှုလေးတွေကို နှစ်သိမ့်ပေးဖို့တောင်း ပန်မလို့ပါ။

ဒါပေမဲ့ ...

ဒက်ဒီရဲ့မိုက်မဲခဲ့မှုတွေကို ကံကြမ္မာကဒဏ်ခတ်လိုက် ပြီလေ။

မိုးသောင်ယံဆိုတဲ့ သမီးရဲ့ကောင်လေးကို ဘယ်လိုမှ မဆုံစည်းနိုင်အောင် အခြေအနေလေးတစ်ခုနဲ့ ကာဆီးပစ်လိုက်ပြီ။ မိုးသောင်ယံရဲ့ စစ်မှန်တဲ့ချစ်ခြင်းမေတ္တာတွေကို ဒီဘဝမှာပြန်ပို့ ဒက်ဒီဘယ်လိုမှ မကြိုးစားပေးနိုင်တော့ဘူး အိမ်ခြွေရှင်ရယ်။





ဒက်ဒီ့ကြောင့် ...

ဆုံးရှုံးသွားတဲ့မေတ္တာတရားတွေကို ဒက်ဒီပြန်မယူ ပေးနိုင်တော့ဘူးကွယ်။

အဲဒီ့အတွက် ...

ဒက်ဒီ့ကို ကြိုက်သလိုအပြစ်တင်လိုက်ပါတော့ သမီး လေးရယ် ... ။

× × × × ×

အိမ်ခြွေရှင်တစ်ယောက်မှာတော့ အထိန်းတော်ကြီး ဒေါ်ဂျမ်းပြောနေသောအကြောင်းအရာများကိုနားထောင်ပြီး တုန် လှုပ်ချောက်ချားသွားရသည်။

မောင် ...

မောင်က လှိုင်းသံ့ဗ္ဗာဆိုတဲ့အမျိုးသမီးကလေးနဲ့ဒီနေ့ ည ခုနစ်နာရီတိတိမှာ စေ့စပ်တော့မယ်တဲ့လေ ... ။

မြတ်စွာဘုရား ...

ဒါ ... ဒါ။

အိပ်မက်တစ်ခုလား။ တကယ့်အဖြစ်အပျက်မှဟုတ် ပါရဲ့လားဟင်။

ဒီလောက်သွေးပျက်စရာကောင်းတဲ့အိပ်မက်မျိုးကြီး ကို အိမ်ခြွေရှင် မမက်ပါရစေနဲ့။ အိမ်ခြွေရှင်လန့်နိုးပါရစေနော်။ အိမ်ခြွေရှင်

ကို သွေးပျက်ရှုးသွပ်သွားအောင် မခြောက်လှန့်လိုက်ပါနဲ့ကွယ်။ အိန္ဒြေရှင်အရမ်းကြောက်လို့ပါ။

"အိန္ဒြေရှင် သမီးလေး ..."

ဒေါ်ဂျမ်းရဲ့ စိုးရိမ်တကြီးခေါ်သံကို အိန္ဒြေရှင်မကြားတော့ပါ။

အိန္ဒြေရှင်ခံနိုင်ရည်မရှိ ယိုင်နဲ့စွာ ခုတင်လေးပေါ် အရုပ်ကြိုးပျက်ထိုင်ကျသွားရသည်။ နှလုံးသားတစ်ခုလုံး နာကျင်နေရ၏။ ရင်ထဲမှာ အုံ့သြခြင်း၊ မယုံကြည်နိုင်ခြင်း၊ ကြေကွဲဝမ်းနည်းခြင်းများနှင့်ပြည့်သိပ်ကာ တင်းကျပ်နေခဲ့သည်။

ပါးပြင်လေးထက် တစ်ပေါက်ပေါက်လိမ့်ဆင်းကျလာသော မျက်ရည်များကိုလည်း သူမ သတိမထားမိတော့ပါ။

မောင့်ကို ...

အိန္ဒြေရှင် ဆုံးရှုံးရတော့မှာပါလားဆိုတဲ့အသိကြောင့် စိတ်တွေ အရမ်းတုန်လှုပ်နေသည်။

"အိန္ဒြေရှင် သမီးလေးရယ် ... စိတ်ကိုထိန်းချုပ်ပါဦးကွယ်"

"အဟင့် ... ဟင့်"

"ဟင့် ... ဟင့်"

"ဒေါ်ကြီးဂျမ်းကိုယ်တိုင် နားနဲ့ဆတ်ဆတ်ကြားလိုက်ရတာပါ ကလေးရယ် ... မောင်မိုးသောင်ယံကိုယ်တိုင် သမီးလေးရဲ့ဒက်ဒီကိုပြောသွားတာပါ ... ဒါကြောင့် မောင်မိုးသောင်ယံအပေါ် တွယ်ငြိနေတဲ့ သံယောဇဉ်တွေကို ဖြတ်လိုက်ပါ





တော့နော် ... သမီးလေးရဲ့ဘဝကို အေးချမ်းမှုတွေနဲ့ရပ်တည်နိုင်အောင် ကြိုးစားလိုက်ပါသမီးလေးရယ် ..."

"အဟင့် ... ဟင့်"

မောင် ...

မောင်ရယ် ... ။

တကယ်ပဲ ရင်ထိုးလေးကို ထားရက်ခဲ့ပြီနော်။

မောင်အခုလိုလုပ်လိုက်ရင် ရင်ထိုးလေးရူးသွပ်မတတ်ခံစားသွားရလိမ့်မယ်လို့ မောင်နည်းနည်းလေးမှမတွေးမိဘူးလားကွယ်။ မောင်စွန့်ပစ်သွားတဲ့ဘဝမှာ ဘယ်လိုရပ်တည်မှုတွေနဲ့ ရင်ထိုးလေးအသက်ဆက်ရှင်သန်ရမလဲမောင်။

ရင်ထိုးလေးကို ...

မောင်ပြောပြပါဦးကွယ်။

ရင်ထိုးလေးကို မောင်တကယ်ပဲမချစ်တော့ဘူးလားဟင်။

မိဘတွေရဲ့စကားကို မလွန်ဆန်ဘဲ နိုင်သိခ်ကိုရွေးချယ်လိုက်ပြီဆိုတဲ့ မှားယွင်းတဲ့သံသယအတွေးနဲ့ရင်ထိုးလေးကို မုန်းမေ့လိုက်ပြီလား မောင်ရယ်။ တကယ်တော့ အချုပ်ခန်းလေးထဲမှာ မောင့်တစ်ယောက် ဝမ်းနည်းအားငယ်စွာနဲ့ရှိနေမှာကို ရင်ထိုးလေးမကြည့်ရက်လို့ ဦးနိုင်သိခ်နဲ့လက်ထပ်ဖို့ ခေါင်းညိတ်လိုက်ရတာပါမောင်။

ဒါကို ...

မောင်အထင်မလွဲလိုက်ပါနဲ့ကွယ်။

ရင်ထိုးလေး အသက်မကချစ်တာ မောင့်ကိုပါ။

မောင့်တစ်ယောက်တည်းကိုပါ.မောင်ရယ်။ အဲ့ဒါကို မောင်အကြွင်းမဲ့ယုံကြည်ပေးပါနော်။

မျက်ရည်တွေနဲ့ပြည့်နက်နေတဲ့ အိမ်ဖြွေရှင့်မျက်ဝန်းလေးတွေက စားပွဲခုံလေးပေါ်ရှိ နာရီစင်လေးဆီသို့ရောက်သွားသည်။ ပြီးနောက် အိပ်ရာပေါ်မှ ကပျာကယာထလိုက်၏။ အဝတ်အစား ဗီရိုတွေဆီသို့လျှောက်သွားကာ တစ်ခုပြီးတစ်ခုဆွဲဖွင့်လိုက်ပါသည်။

"အိမ်ဖြွေရှင် ... ဒါ ... ဒါ ဘာလုပ်တာလဲ ... "

ဒေါ်ကြီးဂျမ်းရဲ့အမေးကို အဖြေမပေးဘဲ အဝတ်အစားတွေကို သေချာရွေးချယ်နေမိသည်။

"အိမ်ဖြွေရှင် ဒေါ်ကြီးဂျမ်းမေးနေတယ်လေ ... သမီးဘယ်သွားမလို့လဲ ... "

"မောင့်ရဲ့ဧစပ်ပွဲကိုသွားမလို့ ဒေါ်ကြီးဂျမ်း ... "

"ဘာရယ် ... "

အိမ်ဖြွေရှင် ဘာမှမပြောတော့ဘဲ အဝတ်အစားတစ်စုံထုတ်ယူပြီး ချက်ချင်းလဲလှယ်ပစ်လိုက်သည်။ အနက်ရောင်ဝမ်းဆက်လေးက ဖြူနုနေတဲ့ အိမ်ဖြွေရှင့်အသားလေးပေါ်မှာ ထင်းနေ၏။ မျက်ရည်တွေကိုပွတ်သုတ်ကာ မှန်ရှေ့တွင်ရပ်လိုက်ပြီး ... ကရင်းပက်(စ)အနည်းငယ်ဖို့ကာ ခြောက်သွေ့သွေ့နှုတ်ခမ်းသားလေးကို





ပန်းနုရောင်ခပ်စိုစိုလေး ဆိုးလိုက်သည်။ ဆံနွယ်ဖြောင့်ဖြောင့်လေးကို သေသပ်အောင်ဖြီးလိုက်၏။

ကြည့်စမ်း ကြေကွဲဝမ်းနည်းနေတဲ့ သူမရဲ့မျက်ဝန်းလေးတွေက ရဲရဲနီစွေလို့နေတာပါလားနော်။ အိမ်ဖြွေရှင့်မျက်နှာလေးကို မောင်မရိပ်မိသွားအောင် ဟန်ဆောင်ဖုံးကွယ်မှုတွေနဲ့ ရပ်တည်ပြနိုင်ပါ့မလား။ မောင့်ရှေ့မှာ အပြုံးတွေနဲ့ အိမ်ဖြွေရှင်နှုတ်ဆက်နိုင်ပါ့မလား။ အခုတောင် နှုတ်ခမ်းလေးတွေက တဆတ်ဆတ်တုန်ပြီး မျက်လုံးအိမ်ထဲမှာ အရည်ကြည်လေးတွေက ဝေချင်နေတာလေ။

အို ... ။ ဘာပဲဖြစ်ဖြစ် ...

မောင့်ရဲ့ဧစပ်ပွဲလေးကို ရောက်အောင်သွားရမယ်။

ဒါ ...

အိမ်ဖြွေရှင့်အတွက် နောက်ဆုံးအခွင့်အရေးလေးတစ်ခုလေ။

ဆုံးဖြတ်ချက်နဲ့အတူ အခန်းထဲကသွက်လက်စွာထွက်လိုက်ပြီး အောက်ထပ်သို့ဆင်းခဲ့လိုက်သည်။

"အိမ်ဖြွေရှင် ... "

ဧည့်ခန်းရှေ့မှဖြတ်အလျှောက် ဒက်ဒီ့ခေါ်သံကြောင့် အိမ်ဖြွေရှင့်ခြေလှမ်းလေးတွေ ရပ်တန့်သွားရ၏။ သူမ လှည့်ကြည့်လိုက်တော့ ကရုဏာသက်သောမျက်ဝန်းလေးတွေနှင့် ဒက်ဒီက စိုက်ကြည့်နေပါသည်။

"သမီးလေး ... "

"ဒက်ဒီ ... "

"မောင်မိုးသောင်ယံရဲ့ စေ့စပ်ပွဲကို မသွားပါနဲ့ကွယ် ... အဲဒီကိုရောက်ရင် သမီးလေး ဒီထက်ပိုပြီးခံစားရလိမ့်မယ် ... ဒါကြောင့် ဒက်ဒီရဲ့ တားမြစ်မှုကို သမီးလေးနာခံပါကွယ်နော် သမီးလေး ... "

"ဟင့်အင်း ... ဒက်ဒီ"

အိန္ဒြေရှင် ခေါင်းလေးကိုတဆတ်ဆတ်ခါယမ်းပစ်လိုက်သည်။ မျက်ဝန်းအိမ်မှစီးကျလာသောမျက်ရည်လေးတွေ လွှင့်ခနဲကျသွား၏။ ဒက်ဒီ့ကို အသနားခံသောမျက်နှာလေးနှင့်တောင်းပန်သလိုကြည့်ကာ ဒက်ဒီ့ရှေ့တွင် ဒူးလေးထောက်ချလိုက်ပါသည်။

"အိန္ဒြေရှင့်ကို မတားပါနဲ့ဒက်ဒီရယ် ... သမီးတို့ရဲ့ ချစ်သူဘဝတစ်လျှောက်လုံး ဒက်ဒီနည်းမျိုးစုံနဲ့တားဆီးခဲ့ပြီးပါပြီ ... အခု ဘယ်လိုမှ ပြန်ဆုံတွေ့ခွင့်မရတော့မယ့် လမ်းမကြီးပေါ်မှာ သမီးတို့နှစ်ယောက် ခြေစုံရပ်နေရပါပြီ ဒက်ဒီရယ် ... တစ်ယောက်တစ်လမ်းစီကျောခိုင်းထွက်ခွာရမယ့်နှစ်ယောက်မှာ နောက်ဆုံးအကြိမ် တစ်ယောက်ကိုတစ်ယောက် အားပေးနှစ်သိမ့်တဲ့အနေနဲ့ တစ်ချက်လောက် လှည့်ကြည့်ခွင့်လေးကို ဒက်ဒီမတားဆီးချင်ပါနဲ့တော့ ဒက်ဒီရယ် ... မောင့်ကို သမီး ဒီဘဝတစ်သက်တာလုံးအတွက် ဆုံးရှုံးလိုက်ရတော့မှာပါဒက်ဒီ ... မောင့်ဆီကချစ်ခြင်းမေတ္တာတွေကိုရဖို့၊ နှစ်သိမ့်အားပေးမှုလေးတွေခံယူရဖို့ မျှော်လင့်လို့မရပေ





မယ့် မောင်ထားခဲ့တဲ့ဘဝမှာ သမီးအေးအေးချမ်းချမ်း နေနိုင်ပါမယ်ဆိုတဲ့ စိတ်ချယုံကြည်မှုလေးတွေရသွားအောင် အိန္ဒြေရှင် ပြမှဖြစ်မယ်ဒက်ဒီ ... ဒါမှ မောင့်ရဲ့စိတ်တွေအေးချမ်းသွားမှာပါ ... အဲဒါကြောင့် အိန္ဒြေရှင် အဲဒီစေ့စပ်ပွဲလေးကိုရောက်အောင်သွားမယ် ဒက်ဒီ ... "

"သမီးလေးရယ် ... ဒက်ဒီက ... "

"အိန္ဒြေရှင့်နှလုံးသားတွေက အစောကြီးကတည်းက ကြေမွပျက်စီးခဲ့ရပြီးသားပါ ဒက်ဒီရယ် ... ဦးနိုင်သိန်းကို လက်ထပ်ပါ့မယ်ဆိုတဲ့ကတိကိုပေးပြီးကတည်းက သမီးရဲ့နှလုံးသားတွေ သေဆုံးသွားပြီးသားပါ ... ခံစားခဲ့ရတဲ့နေ့ရက်တွေက အရမ်းကိုများလွန်းလို့ ... ဒီထက်ခံစားစရာမရှိတော့ပါဘူး ဒက်ဒီရယ် ... "

သမီးလေးရယ် ... ။

ဒက်ဒီ မှားပါတယ်ကွာ။

ဒက်ဒီ့ရဲ့အမှားကို ဒက်ဒီသိလေ နောင်တတွေရလေပါပဲ အိန္ဒြေရှင်ရယ်။ ဒက်ဒီ့ကြောင့် သိပ်ချစ်ကြတဲ့ သမီးတို့ချစ်သူနှစ်ဦး ဝေးခဲ့ရတာပါ။ အတ္တတွေ၊ မာနတွေနဲ့ တစ်ချိန်လုံးထွေးပိုက်ခဲ့တဲ့ ဒက်ဒီ။ အခုအချိန်မှာ ဘယ်လိုပဲပြင်ဆင်မှုတွေလုပ်လုပ် အားလုံး နောက်ကျသွားခဲ့ပြီဆိုတာ သိပါတယ် သမီးရယ်။

သမီးလေးပြောတာမှန်ပေမယ့် မောင်မိုးသောင်ယံနဲ့ စေ့စပ်မယ့်ကောင်မလေးရဲ့မျက်နှာကို ဒက်ဒီတို့ ထောက်ထား

ညှာတာသင့်တယ်လေ။ သမီးလေးကြောင့်ဒီစေ့စပ်ပွဲလေး အကျည်းတန်စွာ ပျက်ရပါတယ်ဆိုတဲ့အချက်ကို ဒက်ဒီတို့ မလိုချင်ဘူး အိခြွေရှင်။ ဒါကြောင့် သမီးလေးမသွားချင်ပါနဲ့ကွယ်။

"ဘာပဲဖြစ်ဖြစ် အဲ့ဒီစေ့စပ်ပွဲလေးကို သမီးမသွားရဘူး အိခြွေရှင် ..."

"အို ..."

"သမီးကြောင့်လို့ အမည်တပ်ခံရမယ့်·ဘယ်လိုအဖြစ်ဆိုးမျိုးကိုမှ ဒက်ဒီလက်မခံနိုင်ဘူး အိခြွေရှင် ..."

"သမီးသိပါတယ် ... အဟင့် ... ဟင့် ... ဒက် ... ဒက်ဒီပြောတဲ့အဓိပ္ပာယ်ကို သမီးနားလည်ပါတယ် ဒက်ဒီ ... ဒါကြောင့် အိခြွေရှင်ကတိပေးပါတယ် ဒက်ဒီရယ် ... ဒက်ဒီ စိုးရိမ်သလိုမျိုး ဘာအမှားကိုမှ သမီးမကျူးလွန်ပါဘူး ... တောင်းပန်ပါတယ် ဒက်ဒီရယ် ... သမီးတောင်းပန်ပါတယ် ... သမီးကို ခဏလေးဖြစ်ဖြစ်သွားခွင့်ပြုပါနော် ... ပိုင်ဆိုင်ခွင့်မရပေမယ့် ကိုယ်သိပ်ချစ်ခဲ့ရသလို ကိုယ့်ကို သိပ်ချစ်တဲ့ယောကျ်ားတစ်ယောက်ရဲ့ချစ်ခြင်းမေတ္တာကို လေးစားဂုဏ်ပြုတဲ့အနေနဲ့ သူ့ရဲ့ စေ့စပ်ပွဲလေးကို သွားပြီးအသိအမှတ်ပြုပါရစေ ဒက်ဒီရယ်"

"ဟင့် ... ဟင့်"

"ဟင့် ... ဟင့်"

"ခွင့်ပြုပါ ဒက်ဒီရယ် ..."

"မောင့်မျက်နှာလေးကို နောက်ဆုံးအကြိမ်အဖြစ် ငေးမော





ကြည့်ရှုရရင်ပဲ သမီးကျေနပ်ပါပြီ ဒက်ဒီ ..."

သမီးလေးရယ် ...

ခြေသလုံးလေးဖက်ကာ ... ငိုယိုတောင်းပန်နေတဲ့ သမီးလေးရဲ့ပုံစံလေးကိုကြည့်ပြီး ဦးထွန်းခေါင်ရင်ထဲ နာကြည်းစွာ ခံစားလိုက်ရသည်။

"ဒက်ဒီ သမီးကိုသွားခွင့်ပြုပါနော် ... သမီးသွားပါရစေ ဒက်ဒီရယ် ..."

" ... "

"ဟင့် ... ဟင့်"

"ဟင့် ... ဟင့်"

"ဒက်ဒီ ..."

"ထ ... သမီး"

"ရှင် ..."

"ဒက်ဒီနဲ့သမီးမာမီကိုယ်တိုင် သမီးကို မိုးသောင်ယတို့ခြံရှေ့ထိ လိုက်ပို့ :မယ် ..."

"ဟင် ... ဒက် ... ဒက်ဒီ"

"သမီးဘက်က ကတိတည်နော် ... စိတ်ရဲ့အလိုဆန္ဒကို မိုက်မိုက်မဲမဲလိုက်ဖို့ မကြိုးစားပါဘူးလို့ ..."

"ဟုတ် ... ဟုတ်ကဲ့ပါ ဒက်ဒီ ... သမီး ကတိပေးပါတယ်"

"ကဲ ... ဒါဆို သွားရအောင် ..."

အို ...

ဒက်ဒီ့စကားကြောင့် အိမ်ရှေ့ရှင် ဖော်မပြနိုင်လောက်အောင် ဝမ်းသာသွားရသည်။ နေရာလေးကနေ သွက်လက်စွာထလိုက်ပြီး ရှေ့ကနေ ဦးဆောင်ထွက်သွားသော ဒက်ဒီ့နောက်သို့ မပြေးရုံတမယ် လိုက်သွားမိပါတော့သည်။

ရင်ထဲမှာတော့ ...

ဒက်ဒီ့ရဲ့နောက်ကျောပြင်လေးကိုငေးကြည့်ပြီး ... ကျေးဇူးတင်စကားလေးကိုသာ အခါခါပြောနေမိပါတော့သည်။





## အခန်း (၂၂)

ကြီးမားကျယ်ဝန်းသော ခြံကျယ်ကြီးထဲမှာတော့ မီးရောင်စုံတွေ လင်းလက်နေသည်။ နှစ်ဖက်သောမိဘများရဲ့ အစီအစဉ်ကြောင့် စေ့စပ်ပွဲအခမ်းအနားလေးက ထင်တာထက်ပင် ပို၍ ကြီးကျယ်နေ၏။ ဖိတ်ကြားထားတဲ့ဧည့်သည်တွေကလည်း များလွန်းသဖြင့် စည်ကားလွန်းနေသည်။

ငွေ ကြေးချမ်းသာသော အသိုင်းအဝိုင်းကြောင့် မီးရောင်နှင့်အပြိုင် ရွှေရောင်၊ စိန်ရောင်တို့က လက်ထလို့နေပြန်၏။ ခြံဝင်းကြီးထဲက လှုပ်ရှားနေမှုတွေကိုကြည့်ပြီး ... အိမ်ရှေ့ရှင့်ရင်ထဲ ကြေကွဲဝမ်းနည်းမှုတွေနှင့် ဆို့နင့်နေရသည်။

လူတွေရဲ့နှုတ်ဖျားက ... သတို့သားလောင်းလေး ဒေါက်တာမိုးသောင်ယံရဲ့အကြောင်းလေးတွေကြားရတိုင်း ငိုပစ်လိုက်ချင်တာမပြောပါနဲ့တော့။ မောင့်ကို တကယ်တမ်းဆုံးရှုံးရ

တော့မှာပါလားဆိုတဲ့အသိကြောင့် အိန္ဒြေရှင့်စိတ်တွေ သွေးပျက်ချောက်ချားနေရသည်။

ညှို့သည့်တွေကြားထဲ ရောရောယောင်ယောင်နှင့် ဝင်လာခဲ့ရပေမယ့် အိန္ဒြေရှင် ဘယ်သွားလို့ ဘယ်လာရမှန်းမသိပါ။ မောင့်ရဲ့မျက်နှာလေးကို နောက်ဆုံးအကြိမ်အဖြစ် မြင်တွေ့ချင်တဲ့ ဆန္ဒလေးကြောင့်သာ ဒီစေ့စပ်ပွဲလေးကို အိန္ဒြေရှင် အရဲစွန့်ပြီးဝင်လာခဲ့ရတာပါ။

မောင်ရယ် ...
အိန္ဒြေရှင့်ကို ခွင့်ပြုပါနော်။

ကိုယ်နဲ့ဘဝတစ်သက်တာလုံး လက်တွဲခွင့်မရတဲ့ ချစ်သူကို နောက်ဆုံးအကြိမ်လေးမှာ ချစ်မြတ်နိုးစိတ်လေးနဲ့ ငေးကြည့်ခွင့်လေးပေးပါမောင်ရယ်။ မောင့်ဆီက ပေးဆပ်လာမယ့် အရာအားလုံးကို အိန္ဒြေရှင် အရယူခွင့်မရခဲ့ပေမယ့် မောင်သိပ်ချစ်ခဲ့တဲ့ မိန်းကလေးတစ်ယောက်ဖြစ်ခွင့်ရခဲ့ပါလားဆိုတဲ့ အတွေးလေးနဲ့တင် ကျေနပ်နိုင်ပါပြီမောင်ရယ်။ မောင့်ကို အိန္ဒြေရှင် အရမ်းကျေးဇူးတင်ပါတယ်မောင်ရယ်။ ပြီးတော့ အရမ်းလည်းချစ်တယ်။

မောင်ပြောသလိုပဲ မောင်သိပ်ချစ်တဲ့ ရင်ထိုးလေးကို မောင့်ရဲ့ရင်ထဲက အသည်းနှလုံးလေးထဲမှာ ထာဝရသိမ်းဆည်းပေးထားပါနော်။ ရင်ထိုးလေးဆိုတဲ့ မိန်းကလေးတစ်ယောက်ကို မောင် ဘယ်တော့မှ မမေ့ပစ်လိုက်ပါနဲ့ကွယ်။

အိန္ဒြေရှင်တစ်ယောက်။





မျက်ဝန်းထဲမှာ ဝေ့သီလာတဲ့မျက်ရည်စကလေးများကို မျက်တောင်ရှည်ကော့ကော့လေးများနှင့် ထိန်းကာတားဆီးနေရသည်။ ညှို့သည့်တွေ တဖြည်းဖြည်းများလာသဖြင့် စားပွဲဝိုင်းတွေ ပြည့်နေ၏။

အိန္ဒြေရှင် အမှောင်ရိပ်ကွယ်နေတဲ့ ထောင့်ကျကျစားပွဲလေးကိုရွေးကာ တစ်ယောက်တည်းထိုင်နေမိသည်။ ထိုနေရာလေးသည် မီးရောင်စုံတွေနှင့် အနည်းငယ်ဝေးသော်လည်း မောင်တို့ထွက်မည့် တိုက်ပေါက်ဝကလေးနှင့်ရော ထိုင်ကြမယ့်ထိုင်ခုံလေးရှိရာစင်္ကြံတစ်ခုမြင့်ကလေးကိုရော ထင်ထင်ရှားရှား ရှင်းရှင်းလင်းလင်း မြင်တွေ့နေရပါသည်။ မောင်တို့ထွက်လာပြီး စင်္ကြံခုံလေးဆီသွားမည်ဆိုလျှင် နံဘေးထောင့်ကျကျမှောင်ရိပ်ကွယ်သော စားပွဲဝိုင်းလေးမှ အိန္ဒြေရှင့်ကို သေသေချာချာကြည့်မည်ဆိုလျှင်တောင် သဲသဲကွဲကွဲမမြင်ရနိုင်ပါ။ တခြားမိန်းကလေးတစ်ယောက်ထိုင်နေသည်ဟုပဲ မီးအလင်းရောင်အောက်ကနေ မောင်ထင်မှာပါပဲလေ။

ဒါလည်း ...

တစ်မျိုးကောင်းသွားတာပေါ့မောင်။ မောင့်ရဲ့စေ့စပ်ပွဲလေးကို ငေးကြည့်ပြီး ဝမ်းနည်းကြေကွဲစွာ ငိုရှိုက်နေမယ့် ရင်ထိုးလေးရဲ့မျက်ရည်တွေကို မောင် မမြင်တွေ့ရတော့ဘူးပေါ့။ ချစ်သူရဲ့မျက်ရည်စတွေကို သုတ်ဖယ်ပေးခွင့်မရဘဲ ဒီအတိုင်း အံကြိတ်ကြည့်နေရမယ့် အဖြစ်မျိုးလေး မောင့်ဆီမှာ ရှိမနေရတော့ဘူးပေါ့။

"ဟော ... သတို့သမီးလောင်းနဲ့ သတို့သားလောင်းတို့

ထွက်လာကြပြီဟဲ့ … "

နံဘေးစားပွဲဝိုင်းလေးဆီက အသံသဲ့သဲ့ကြောင့် … အိခြွေရှင် လှမ်းကြည့်လိုက်ပါသည်။ စေ့စပ်ပွဲအခမ်းအနား စင်မြင့်လေးဆီ ထွက်လာဖို့ လုပ်နေသော မောင်။ မောင့်ကိုငေးကြည့်ပြီး သူမ ရင်တွေတထိတ်ထိတ်ခုန်လာရသည်။ ထို့အတူ ဝမ်းနည်းကြေကွဲမှုတွေကလည်း သူမရဲ့ ရင်ထဲအလုံးအရင်းတိုးဝင်လာကြ၏။ စိတ်တွေ အလှုပ်ရှားကြီး လှုပ်ရှားလာခဲ့သည်။ ပါးပြင်လေးထက် မျက်ရည်ကြည်လေးတွေ တပေါက်ပေါက်လိမ့်ဆင်းကျလာ၏။ မျက်ရည်လေးတွေကြောင့် အမြင်အာရုံလေးထဲတွင် မောင့်မျက်နှာလေးက ဝေဝါးသွားသည်။

အိခြွေရှင့်စိတ်တွေကို အတတ်နိုင်ဆုံး ထိန်းချုပ်ထားနိုင်လိမ့်မည်ဟု ထင်ထားသောအတွေးများသည် မောင့်မျက်နှာလေးကိုမြင်လိုက်ရသည့်အချိန်လေးမှာပင် အရမ်းမှားယွင်းသွားပြီဖြစ်ကြောင်း သူမကိုယ်သူမ သိလိုက်ရပါသည်။

မောင့်ရင်ခွင်လေးထဲ ပြေးဝင်ဖက်တွယ်လိုက်ချင်တဲ့ စိတ်တွေက တားဆီးလို့မရ။ မောင့်အနောက်နားကနေ ကပ်ကာလိုက်ထွက်လာတဲ့ မောင့်ရဲ့သတို့သမီးလောင်းလေးရဲ့ ဂုဏ်သိက္ခာကို ငဲ့ညှာသောအားဖြင့် အိခြွေရှင့်ရဲ့သိစိတ်တွေကို မနည်းချုပ်တည်းထားရသည်။

တဖြည်းဖြည်း မောင်က မီးအလင်းရောင်အောက်သို့ ◌ၥစ်ယောက်တည်းလျှောက်လာ၏။





မောင့်ကို ထင်ထင်ရှားရှားတွေ့ရပါပြီ။

နုချောနေသောမောင်သည် အနောက်တိုင်းဝတ်စုံ အဖြူရောင်ဝမ်းဆက်ကလေးနှင့် လိုက်ဖက်စွာ ခန့်ညားချောမောနေပါသည်။ သို့သော် မောင့်မျက်နှာလေးမှာတော့ ပျော်ရွှင်ကြည်နူးနေတဲ့ သတို့သားလောင်းလေးရဲ့ အောင်မြင်တဲ့အပြုံးလေးတွေကိုတော့ တစ်စက်ကလေးမှ မမြင်ရပါချေ။ စိုအိနေတဲ့မောင့်နှုတ်ခမ်းလေးတွေက တင်းတင်းစေ့နေသလို မောင့်မျက်ဝန်းလေးတွေထဲမှာ ကြေကွဲရိပ်လေးတွေသန်းနေသည်။ ထူးဆန်းစွာပဲ မောင်က အရင်ဦးဆုံး ရှေ့ကနေလျှောက်လာတာလေ။

အို …

မောင့်မျက်ဝန်းလေးထဲမှာ မျက်ရည်ကြည်လေးတွေ ဝဲတက်သွားတာပါလား။ မိုးကောင်းကင်ကြီးကို ဖျတ်ခနဲမော့ကြည့်နေတဲ့မောင့်ကို ရင်ထိုးလေးမြင်တွေ့နေရသည်။ မောင့်ကိုလှမ်းခေါ်လိုက်ချင်တဲ့စိတ်တွေက တဖွားဖွားပေါ်လာ၏။

မောင် …

မောင်ရယ် … ။ အိခြွေရှင်တစ်ယောက် ရင်ထဲကနေကြိတ်ပြီး မောင့်နာမည်လေးကို အော်ခေါ်နေမိသည်။

မောင်လည်း အရမ်းကို ခံစားနေရတယ်နော်။

မောင် လိမ်ညာလို့မရလောက်အောင် အဲဒီအချက်ကို ရင်ထိုးလေးသိနေပါတယ်ကွယ်။ နှုတ်ခမ်းက လှုပ်ရှားခြင်းမရှိပေမယ့် မိုးကောင်းကင်ကြီးကိုမော့ကြည့်ပြီး မောင် စကားတွေကို

ရင်ထဲက တိတ်တဆိတ် ပြောနေတာမဟုတ်လားဟင်။ မောင့်ရဲ့ ရင်ထဲက စကားသံလေးတွေကို အိန္ဒြေရှင့်နှလုံးသားတွေကကြားနေရတယ်မောင်ရယ်။ မောင့်ရဲ့မျက်နှာမူရာသည် အိန္ဒြေရှင်ထိုင်နေသော စားပွဲဝိုင်းလေးတည့်တည့်ဖြစ်နေသည်မို့ ... အကယ်၍ မိုးကောင်းကင်ကြီးကိုမော့ကြည့်နေရာမှ အကြည့်လေးချလိုက်မည်ဆိုပါက သူမကို တန်းခနဲတွေ့သွားနိုင်ပါသည်။

အိန္ဒြေရှင့်ကြောင့် မောင့်ရဲ့စိတ်တွေ မရှုပ်ထွေးစေချင်ပါဘူး။ မောင့်ရဲ့ရည်ရွယ်ချက်တွေ ဆုံးဖြတ်ချက်တွေ အိန္ဒြေရှင့်ကြောင့် မပျက်စီးစေချင်ဘူးမောင်ရယ်။

ဟင် ... မောင် ... မောင် ... အိန္ဒြေရှင်ရှိနေတဲ့ စားပွဲဝိုင်းလေးဘက်ကို တစ်ယောက်တည်းလျှောက်လာနေပြီ ... ဘုရား ဘုရား အိန္ဒြေရှင် ဘယ်လိုလုပ်ရတော့မလဲမောင်။ မောင် တွေ့သွားမှာကိုကြောက်ပြီး ထိုင်ခုံစားပွဲခင်းရှည်ကြီးတွေနဲ့ ဖုံးကွယ်နေတဲ့ စားပွဲကြီးအောက်ကို အိန္ဒြေရှင် ရုတ်တရက် ဝင်ပုန်းလိုက်သည်။

"မောင် ... "

"မောင်ရယ် ... "

ခုံအောက်လေးထဲတိုးဝင်ပြီး မောင့်နာမည်လေးကို အသံတိုးတိုးလေးနှင့် ခေါ်နေမိသည်။

"အဟင့် ... ဟင့် ... "

"ဟင့် ... ဟင့်"





စားပွဲဝိုင်းလေးအောက်ကိုဝင်ပြီး ပါးစပ်ကို လက်ဝါးကလေးနှင့်အုပ်ကာ အိန္ဒြေရှင် တသိမ့်သိမ့်ရှိုက်ငိုမိ၏။ ရင်ထိုးလေးရဲ့ ငိုရှိုက်သံလေးတွေ မောင့်ကို မကြားစေချင်ဘူးလေ။

မိုးသောင်ယံတစ်ယောက်မှာတော့ မိုးကောင်းကင်ကြီးကိုမော့ကြည့်ပြီး ရင်ထဲကစကားတွေကိုနှလုံးသားလေးနှင့်ပြောကာ တိုင်တည်သစ္စာဆိုနေမိသည်။

တကယ်တမ်းကျတော့ ...

မောင့်ကို သိပ်ချစ်ပါတယ်လို့ အခါခါဝန်ခံသော ရင်ထိုးလေးသည် မိုးသောင်ယံကို အဆက်အသွယ်ဖြတ်ကာ မိဘတွေ သဘောတူသော နိုင်သိခ်ဆိုတဲ့ယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင်ထဲကို တိုးဝင်သွားခဲ့သည်လေ။

ဒါကို ... ရင်နာရပေမယ့် ရင်ထိုးလေးအပေါ်ချစ်တဲ့ အချစ်စိတ်တွေက အစုထိတိုင် အဆောက်အအုံကြီးမားနေဆဲပင်။ မိဘတွေရဲ့ဆန္ဒအရ လှိုင်းသန္တာကို လက်ခံလိုက်ရပေမယ့် မိုးသောင်ယံ ရင်ထဲမှာတော့ ရင်ထိုးလေးကလွဲပြီး ဘယ်သူမှရှိမနေပါ။

ရင်ထိုးလေးရယ် ...

မင်း သိပ်ပြီးရက်စက်တယ်ကွာ။

မောင့်ကို တစ်ယောက်တည်းချန်ရစ်ထားခဲ့ဖို့ မင်း တကယ်ပဲဆုံးဖြတ်ရက်တယ် ရင်ထိုးလေးရယ်။ မောင် အရမ်းခံစားသွားရမယ်ဆိုတာ မင်းနည်းနည်းလေးမှ မစဉ်းစားတော့ဘူးလား ချစ်ရယ်။ မိုးကောင်းကင်ကြီးရယ် ...

ကျွန်တော်သိပ်ချစ်တဲ့ ရင်ထိုးလေးကိုပြောပေးပါဗျာ ကျွန်တော့် အခုစိတ်တွေအရမ်းညစ်နေရတယ်လို့လေ။ ရင်ထိုးလေး နဲ့တဖြည်းဖြည်း ဝေးရလေ ရင်ထိုးလေးအပေါ် ချစ်ခဲ့မိတဲ့ခံစားမှု လေးရဲ့ ထုထည်ကြီးမားမှုကိုသိလေပါပဲ ... ။ ပျော်ရွှင်စရာတစ်စက် ကလေးမှမကောင်းတဲ့ ဒီစေ့စပ်ပွဲလေးကနေ ပြေးထွက်ချင်ပေမယ့် ရင်ထိုးလေးရဲ့ အိမ်ထောင်ရေးလေး အေးချမ်းသာယာလှပပြီး စိတ် လုံခြုံနိုင်ဖို့ သူ့ရဲ့နှလုံးသားတွေကိုရင်းပြီး လမ်းခင်းပေးလိုက်ပါပြီ။

ဒီမင်္ဂလာသတင်းလေးကို ရင်ထိုးလေးကြားပြီး ... ကျေနပ်ပါစေတော့လို့ ပြောပေးပါ မိုးကောင်းကင်ကြီးရယ်။ ပြီးတော့ သတို့သားလောင်းလေး မိုးသောင်ယံတစ်ယောက် စေ့စပ်ပွဲလေး မကျင်းပသေးခင်အချိန်အထိ ချစ်စွာသောရင်ထိုးလေးကို တမ်းတပြီး မျှော်လင့်စောင့်စားနေခဲ့တဲ့အကြောင်းလေးကိုပါ ထည့်ပြောပေးပါ မိုးကောင်းကင်ကြီးရယ် ... ။

"ဒီမှာ ကိုမိုးသောင်ယံ ... "

ဟင် ... ။

မိုးသောင်ယံ လှည့်ကြည့်လိုက်တော့ ... အနားမှာ ရောက်နေတာက လှိုင်းသန္တာ။

"ရှင် ... ရှင် ... ဒါ ဘာလုပ်တာလဲဟင် ... ရှင် ဘာအချိုးချိုးတာလဲ မိုးသောင်ယံ ... "

ဒေါသတကြီးမေးလိုက်တဲ့ လှိုင်းသန္တာကိုကြည့်ပြီး မိုးသောင်ယံ ဘာမှနားမလည်။





"ကိုယ်ဘာလုပ်မိလို့လဲ လှိုင်းသန္တာ ... "

"ဩော် ... ရှင့်လုပ်ရပ်ကို ရှင်ကမသိဘူးပေါ့လေ ဟုတ်လား၊ ဧည့်ပရိသတ်တွေကြားထဲ တစ်ယောက်တည်း ရှေ့ကနေ ထွက်သွားတာ ဘာအဓိပ္ပာယ်လဲ မိုးသောင်ယံ ... ပြီးတော့ ရှင့်လက်ကိုတွဲမဲ့ ကျွန်မလက်တွေကို ရှောင်သွားသေးတယ် လေ ... ရှင်သိထားဖို့က လှိုင်းသန္တာဆိုတဲ့ကျွန်မက ခပ်ညံ့ညံ့ မိန်းမတစ်ယောက်မဟုတ်ဘူးရှင့် ... ဒီလိုဆက်ဆံမှုမျိုးနဲ့လာ မဆက်ဆံနဲ့မရဘူး ... ပြီးတော့ အခုကျင်းပတဲ့စေ့စပ်ပွဲဟာ ရှင်ကိုယ်တိုင် ကျေနပ်လက်ခံလို့ ကျင်းပတာမိုးသောင်ယံ၊ ဒါကို စိတ်မပါသလို အတင်းအဓမ္မတောင်းဆိုမှုကြောင့်ပဲ လက်ခံရတဲ့ပုံစံမျိုး လုပ်ပြနေတာကို ကျွန်မ သည်းညည်းမခံ နိုင်တော့ဘူး မိုးသောင်ယံ ... "

"အို ... "

"ဟယ် ... "

"ဟင် ... "

သတို့သမီးလောင်း လှိုင်းသန္တာဆီက ရန်တွေ့သံ လေးကြောင့် စောစောက ရယ်မောပျော်ရွှင်နေကြသော ဧည့်သည် တွေအားလုံး တိခနဲရပ်တန့်သွားတော့သည်။

အံ့ဩငေးမောစွာ စေ့စပ်ကြမယ့်သူနှစ်ဦးထံသို့ ငေး စိုက်ကြည့်နေကြ၏။

"ဟဲ့ ... ဟဲ့"

"ဒါက ဘယ်လိုတွေဖြစ်နေကြတာလဲ ... ညည်းသည်တွေရှေ့မှာကွယ် ... သမီးလှိုင်းသန္တာကလည်း ထိန်းဦးမှပေါ့ ..."

"အို ... အန်တီပုလဲရဲ့သားလုပ်ပုံက ဟုတ်မှမဟုတ်တာ ... ဒါကို ဘယ်လိုစိတ်ဓာတ်မျိုးနဲ့ ကျွန်မကနားလည်ပေးလို့ရမှာလဲ ..."

"ဟင် ..."

"ဟဲ့ ... သမီးလှိုင်းသန္တာ ဒါက ဘယ်လိုဖြစ်ရတာလဲဟင်"

"ဘယ်လိုဖြစ်ရမှာလဲ မေမေ ... သတို့သားလောင်းရဲ့ပုံစံကိုကြည့်ပါဦး ... သမီးရဲ့မျက်နှာကိုမှမထောက် ဝမ်းနည်းကြေကွဲပြနေတာ မမြင်ဘူးလား ... လှိုင်းက မိကောင်းဖခင်သားသမီးပါ ... ဘယ်လိုအကြောင်းမျိုးနဲ့ပဲယူယူ ညည်းသည်တွေကြားထဲမှာ လှိုင်းရဲ့ဂုဏ်သိက္ခာကို ပုတ်ချပြီး စော်ကားတာတော့ မကောင်းဘူးလေ ... လှိုင်းရဲ့လက်ကိုပုတ်ချပြီး ရှေ့ကနေထွက်သွားတာ သမီး သိပ်စိတ်ဆိုးတယ်မေမေ"

"ဟင် ... ဒါ ... ဒါ ... တကယ်ပဲလား ... မောင်မိုးသောင်ယံ ..."

သမီးဖြစ်သူရဲ့ တိုင်တန်းချက်ကြောင့် ဒေါ်ထားတစ်ယောက် ဆွေ့ဆွေ့ခုန်မတတ် ဒေါသတွေဖြစ်သွားရသည်။ မြားဦးက မိုးသောင်ယံဘက် ချက်ချင်းပြောင်းသွား၏။

"မေးနေလို့ အပိုပဲမေမေ ..."

ဟာ ... ။





လှိုင်းသန္တာရဲ့လက်ညှိုးလေးကမိုးသောင်ယံရင်ဘတ်မှာ ထိုးစိုက်ထားသောနှင်းဆီရင်ထိုးလေးဆီသို့ အကြည့်တွေက စုပြုံရောက်သွား၏။

"ဒီမှာ မိုးသောင်ယံ ..."

"အခုအချိန်ထိ ဒါကြီးကိုထိုးစိုက်လာခဲ့တာ ဘာသဘောလဲ၊ ဒါဟာ သက်သေပဲ မိုးသောင်ယံ ... လှိုင်းရဲ့စိတ်တွေကို တစ်သက်လုံး ချောက်ချားသွေးပျက်စေမယ့် လက်ဆောင်ကို ရှင် တမင်ရွေးချယ်ပြီး နှလုံးသားနဲ့အနီးဆုံး ဘယ်ဘက်ရင်အုံလေးပေါ်မှာ ထိုးစိုက်လာခဲ့တာမဟုတ်လား ... ရှင်ကျွန်မကို သိပ်ပြီးစော်ကားလွန်းတယ် မိုးသောင်ယံ ... အဲ့ဒါကြီးကိုကြည့်ပြီး ဒေါသထွက်လို့မဆုံးဘူး ... ပေးစမ်း ... အဲဒီရင်ထိုး ..."

"ဟာ ... မလုပ်နဲ့ ..."

"ကဲဟာ ..."

သွားပြီ ...

ဒေါသတကြီးဆွဲဖြုတ်လိုက်တဲ့ လှိုင်းသန္တာရဲ့လက်ထဲ မိုးသောင်ယံရဲ့ရင်ထိုးလေးပါသွားပြီး အဝေးကိုလွှင့်ပစ်လိုက်ခြင်းကြောင့် မိုးသောင်ယံ စိတ်တွေ ဝုန်းခနဲပေါက်ကွဲသွားရသည်။ လှိုင်းသန္တာရဲ့လုပ်ရပ်က မြန်ဆန်လွန်းတာကြောင့် သူ တားဆီးဖို့အချိန်မမီတော့။

"မင်း ... မင်း ... ဘယ်လိုလုပ်လိုက်တာဟင် ... ဘယ်လို

လုပ်လိုက်တာလဲ လှိုင်းသန္တာ ... "

လှိုင်းသန္တာရှေ့ ဆတ်ခနဲတိုးကပ်သွားပြီး ဒေါသတကြီး မေးလိုက်မိသည်။

"မမြင်ဘူးလား ... ရှင်မမြင်ဘူးလား မိုးသောင်ယံ ... ဒီပစ္စည်းကို မမြင်ချင်လို့ ရှင့်ဆီမှာရှိမနေစေချင်လို့ လွှင့်ပစ်လိုက်တာလေ ... အဲ့ဒါ ဘာဖြစ်လဲ ... "

"မင်း ... မင်း ... ဟာကွာ ... တောက်"

"ဟဲ့ ... သား"

မိုးသောင်ယံရဲ့လက်သီးဆုပ်လေးက လှိုင်းသန္တာဆီမရောက်ခင် လေထဲမှာပဲ ရပ်တန့်သွားသည်။ မာမီသည် မယုံကြည်နိုင်သောမျက်ဝန်းများနှင့် မိုးသောင်ယံကိုကြည့်နေ၏။

"ကြည့်စမ်း ... ရှင် ... ရှင်က ကျွန်မကို"

"လှိုင်းသန္တာ မင်းနဲ့အခုလိုစေ့စပ်ဖို့ကိစ္စကို ငါ မငြင်းဆိုခဲ့ဘူးဆိုတာ မိဘတွေရဲ့စိတ်ချမ်းသာမှုကြောင့်ကွ ... မင်းလည်း ငါ့အကြောင်းတွေကို သိသိကြီးနဲ့ အခုလိုရှေ့တိုးဖို့လက်ခံခဲ့တာပဲမဟုတ်လား ... အခုမှ ဘာတွေအထူးအဆန်းဖြစ်နေရတာလဲ လှိုင်းသန္တာ ... ဒီရင်ထိုးလေးဟာ ငါ့ဘဝအတွက် အရေးအကြီးဆုံးပစ္စည်းလေးတစ်ခုကွ ... ငါ့ခန္ဓာကိုယ်ထဲက သွေးတွေ တာဝစဉ်လည်ပတ်စီးဆင်းနိုင်ဖို့ ငါ့အသက်ရှင်သန်ခြင်းအတွက် ဒီရင်ထိုးလေးမရှိလို့ မဖြစ်ဘူး လှိုင်းသန္တာ ... ဒီရင်ထိုးလေးဟာ ငါ့ရဲ့အသည်းနှလုံးပဲ ... "





"မပြောနဲ့ ... ရှင်ဆက်ပြီးမပြောနဲ့တော့ မိုးသောင်ယံ ... ကျွန်မ မကြားချင်ဘူး ... "

"ပြောရမှာပဲ ... ဒီရင်ထိုးလေးကို ငါ့အသက်ထက်တောင် ငါပိုပြီး တန်ဖိုးထားတာကွ သိရဲ့လား ... ဒါကို မင်းက အခုလို လုပ်လိုက်တယ်ဆိုတော့ မင်းသိပ်ကိုတရားလွန်သွားပြီ"

"ဒီမှာ မိုးသောင်ယံ ... "

"ပြောစမ်းကွာ ... "

"ရှင် အခုလိုစကားတွေပြောနေတာ ... ဘယ်သူ့ရှေ့မှာလဲဆိုတာ ပြန်ပြီးသုံးသပ်ပါဦးရှင် ... ဟင်း ... ဟင်း ... လှိုင်းသန္တာဆိုတဲ့ကျွန်မက ရှင်ကိုယ်တိုင် လက်ထပ်ပါ့မယ်လို့ ကတိပြုထားတဲ့မိန်းမပါ ... ရှင့်ကို တရားဝင်ပိုင်ဆိုင်ခွင့်မရသေးပေမယ့် ပိုင်ဆိုင်ခွင့် ခွင့်လက်မှတ် အပ်နှင်းခြင်းခံရတော့မယ့် မိန်းမတစ်ယောက်ပါ ... လူကိုတောင် အပိုင်ရတော့မယ့် မိန်းမတစ်ယောက်ဟာ ဒီလိုလုပ်လိုက်တာ ဘာမှားလို့လဲ၊ ကျွန်မမှာ လုပ်ပိုင်ခွင့်ရှိတာပဲလေ ... ရည်းစားဟောင်းဆီက အစုတ်အပျက်ပစ္စည်းတစ်ခုကို အမြတ်တနိုးသိမ်းဆည်းထားတာ မသင့်လျော်ဘူးထင်လို့ အခုလို လွှင့်ပစ်တာ ဘာဖြစ်လဲ မိုးသောင်ယံ ... "

"ဟာ ... မင်း လွှင့်ပစ်လိုက်တာ ငါသိပ်မြတ်နိုးရတဲ့ပစ္စည်းလေးလေ ... ငါ့ရဲ့နှလုံးသားကို အရှင်လတ်လတ်ဆွဲထုတ်ပြီး လွှင့်ပစ်ခံလိုက်ရသလိုပဲ ... ခံစားရတယ်လှိုင်းသန္တာ ... ငါ

ရင်ထိုးလေးကို သိပ်ချစ်တယ် … ရင်ထိုးလေးဟာ ငါ့ဘဝ၊ ငါ့အနာဂတ်၊ ငါ့အသက်ရှင်သန်ခြင်းပဲ လှိုင်းသန္တာ … အဲ့ဒါကို မင်းမြဲမြဲမှတ်ထားလိုက် … ”

“ရှင် … ရှင်”

“မင်း မကျေနပ်ရင် ကြိုက်သလိုလုပ်နိုင်တယ် လှိုင်းသန္တာ၊ ရင်ထိုးလေးနဲ့ယှဉ်ပြိုင်ပြီး ငါ့နှလုံးသားထဲတိုးဝင်ဖို့ မင်း မကြိုးစားနဲ့ငါ့နှလုံးသားမှာနေရာလပ်မကျန်တော့ဘူး လှိုင်းသန္တာ”

“ရှင် … ရှင် … ကျွန်မကို စိန်ခေါ်လိုက်တယ်ပေါ့လေ ဟုတ်လား … ဟင်း … ဟင်း … ဒီမှာမိုးသောင်ယံ ရှင်သိထားဖို့က လှိုင်းသန္တာဆိုတဲ့ ကျွန်မကလည်း ကိုယ့်ကိုနှစ်သက်မြတ်နိုးမှုမရှိတဲ့ ရှင့်လိုလူမျိုးကို ဘဝလက်တွဲဖော်အဖြစ်နဲ့ မိုက်မိုက်ရူးရူးလက်ခံမယ်ထင်လို့လား … အန်တီပုလဲရဲ့မျက်နှာကြောင့် ရှင့်ကို အောင့်အည်းပြီး လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့တာ ရှင့်၊ သိပ်ပြီးချစ်လို့ … ခင်လို့ထင်မနေနဲ့ … အခုအချိန်ကစပြီး ဒီစေ့စပ်ပွဲကို လှိုင်းသန္တာဆိုတဲ့ ကျွန်မဘက်က ဖျက်သိမ်းတယ် … ”

“အို … ”

“ဟင် … ”

“ဟယ် … ”

လှိုင်းသန္တာရဲ့စကားကြောင့် ဧည့်သည်တွေဆီက





အာမေဋိတ်သံတွေ စီခနဲ ထွက်လာ၏။

“အိုကော … လှိုင်းသန္တာ ကိုယ့်ဘက်ကလည်း မင်းရဲ့ဆုံးဖြတ်ချက်ကို ကျေကျေနပ်နပ်ကြီး လက်ခံတယ် … ဟုတ်ပြီလား … ”

မိုးသောင်ယံ ခပ်ရှင်းရှင်းပဲ ပြောချပစ်လိုက်သည်။

“ရှင် … ရှင် … တောက် … လာ … မေမေ … ဒီလိုလူမျိုးတွေနဲ့ မျက်နှာချင်းမဆိုင်တာ အကောင်းဆုံးပဲ … ”

“သမီးရယ် ပုလဲကို အားနာဖို့ကောင်းလိုက်တာ … ”

ဒေါသတွေနဲ့ ရူဝေနေတဲ့ သတို့သမီးလောင်း လှိုင်းသန္တာနှင့် သူ့အမေတို့ စေ့စပ်ပွဲကို ဖျက်သိမ်းကာ ထွက်သွားကြသည်။ ဧည့်သည်တွေရဲ့ အာရုံတွေက လှိုင်းသန္တာတို့သားအမိထွက်သွားတာကိုအတင်းတောင်းပန်ကာချော့မော့နေသည့် မိုးသောင်ယံမိဘများဆီ ရောက်သွားသည်။

အရေးမစိုက်စွာ ရှိနေသူတစ်ယောက်ကတော့ မိုးသောင်ယံတစ်ယောက်သာ … ။ အစကတည်းကမှ လှိုင်းသန္တာကို လက်မထပ်ချင်တဲ့ဟာ။ ဒါကို မာမီနဲ့ ဒက်ဒီတို့ အတင်းအစီအစဉ်တွေ လုပ်ထားပြီးလို့ ငြိမ်နေရတာလေ … ။

သူ လုံးဝစိတ်မပါတဲ့ စေ့စပ်ပွဲကြီးက အခုတော့ ပျက်သွားပြီလေ။

လှိုင်းသန္တာ လွှင့်ပစ်လိုက်သော ရင်ထိုးလေးကို ည

အမှောင်ရဲ့ မြက်ခင်းပြင်စိမ်းထူထူလေးထဲမှာ လိုက်ရှာနေမိသည်။

အိမ်ခြေရှင်တစ်ယောက်မှာတော့ ...

"အဟင့် ... ဟင့် ..."

မထင်မှတ်ပဲ သူမပုန်းကွယ်နေရာ စားပွဲလေးနားကို ကျလာတဲ့ ရင်ထိုးလေးကိုကိုင်ပြီး ... စားပွဲခုံအောက်လေးထဲတွင် ဝမ်းနည်းကြေကွဲစွာ ရှိုက်ငိုနေဆဲရယ်ပါ။

မောင်နဲ့ လှိုင်းသန္တာတို့ရဲ့ စကားများသံတွေကို ကြားလိုက်ရသဖြင့် သူမ စိတ်မကောင်းဖြစ်နေမိသည်။ သို့သော် အပြင်ကို လူလုံးထွက်ပြပြီး ရင်ဆိုင်ရမှာလည်း မရဲပါ။ သိပ်ချစ်တဲ့ မောင့်ဆီက သူမအပေါ် ချစ်မြတ်နိုးမှုလေးတွေ သိခွင့်ရလိုက်တာကြောင့်လည်း အိမ်ခြေရှင့်နှလုံးသားလေး ပို၍ပင် စပ်ဖျင်းနာကျင်သွားရပါသည်။

သိပ်မကြာပါ ...

သူမရှိနေသော စားပွဲဝိုင်းလေးအောက်သို့ ပစ္စည်းလေးတစ်ခု ဝင်လာသဖြင့် အိမ်ခြေရှင် ညင်သာစွာ ကောက်ယူကြည့်လိုက်တော့ ရင်ထိုးလေးတစ်ခု ဖြစ်နေ၏။

ဩ ...

သူမရဲ့ ရင်ထိုးလေးပဲ။

မောင်နဲ့ ကုန်တိုက်ကြီးထဲမှာ ဝင်တိုက်မိခဲ့က ပြုတ်ကျပြီး မောင့်ရဲ့ ဘောင်းဘီအောက်အနားစလေးတွင် ချိတ်မိကာ





ပါသွားခဲ့တဲ့ ရင်ထိုးလေးလေ။ ရင်ထိုးလေးကို အံ့ဩငေးကြောင်စွာ ကြည့်မိနေရင်းမှ အပြင်က ရန်ဖြစ်သံစူးစူးတွေပါ ကြားရသည်။

အမိက ...

မောင့်ရဲ့ ရင်ဖွင့်သံတွေ ကြားရခြင်းပါပဲ။ မောင့်ရင်ထဲက ချစ်ခြင်းမေတ္တာနက်ရှိုင်းမှုကို အိမ်ခြေရှင် သိလိုက်ရပြီလေ။

မောင်ရယ် ...

ရင်ထိုးလေးကို အဲဒီလောက်တောင်ပဲ ချစ်သတဲ့လားရှင်။ အတွေးလေးကြောင့် ပို၍ပင် ဝမ်းနည်းကြေကွဲစွာ ငိုရှိုက်ပစ်လိုက်မိပါတော့သည်။

"အဟင့် ... ဟင့် ..."

ဟာ ...

ငိုရှိုက်သံသဲ့သဲ့လေးကို ကြားလိုက်ရသဖြင့် ... မိုးသောင်ယံတစ်ယောက် အံ့ဩသွားရသည်။ လူတစ်ယောက်မှ ထိုင်မနေသော အမှောင်ရိပ်ကွယ်နေသည့် ... စားပွဲခုံလွတ်လေးဆီက ထွက်လာသောအသံ[illegible]လေးမို့ ပို၍ပင် စိတ်ဝင်စားသွားရကာ မိုးသောင်ယံ အနားတိုးကပ်သွားမိသည်။

"အဟင့် ... ဟင့် ..."

ဟာ ...

မထင်မှတ်ပဲ စားပွဲခုံလေးအောက်က ပေါ်ထွက်လာနေတဲ့ ရှိုက်သံလေးမို့ စားပွဲခင်းရှည်ကြီးကို ဆွဲဖယ်ကြည့်လိုက်

တော့ ...

အို ... ရင်ထိုးလေး ...

"ရင်ထိုးလေး ... "

"ရင်ထိုးလေးရေ ... "

ဝမ်းသာလွန်းစွာ မိုးသောင်ယံရင်ထဲက လှိုက်ဖြာမှုများနှင့် ခေါ်လိုက်သည်။

အို ...

စားပွဲခုံကြီးကို ဝုန်းခနဲ တွန်းလှန်လိုက်တဲ့ အချိန်မှာတော့ ချစ်သူ ရင်ထိုးလေးရယ်လေ ... မြက်ခင်းပြင်လေးမှာထိုင်လျက် ကလေးငယ်တစ်ယောက်သဖွယ် တအီးအီး ငိုလို့နေရာမှ မိုးသောင်ယံဆီ မော့ကြည့်လေသည်။

"ရင်ထိုးလေးရယ် ... "

"မောင် ... မောင်ရယ် ... ရင်ထိုးလေးကို ခွင့်လွှတ်ပါနော်၊ ရင်ထိုးလေးလေ ... မောင့်ရဲ့ ဧစပ်ပွဲကလေးပျက်သွားအောင် အနှောင့်အယှက်ပေးလိုတဲ့ ရုပ်ညံ့တဲ့ စိတ်ထားနဲ့ ဒီကို ရောက်လာခဲ့တာမဟုတ်ပါဘူးကွယ် ... ရင်ထိုးလေး ရင်ထိုးလေးလေ ဘဝတစ်သက်တာလုံးအတွက် ဘယ်သောအခါမှ ပိုင်ဆိုင်ခွင့်မရတော့မဲ့ မောင့်ရဲ့မျက်နှာလေးကို မြင်တွေ့ချင်လွန်းလို့သာ ... ဒီခြံကြီးထဲကို ခိုးဝင်လာခဲ့တာပါ၊ အဲဒါကို ... မောင် နားလည်ပေးပါနော် ... "





ဟာ ...

မိုးသောင်ယံရင်ထဲ ... လှစ်ခနဲ ဟာတက်သွားရပါသည်။

"မင်း ... မင်း ဦးနိုင်သိခ်နဲ့လက်ထပ်တော့မယ်ဆို ... မင်း ... ဘာလာလုပ်တာလဲဟင် ရင်ထိုးလေး ... ဘာဖြစ်လို့ ဒီခြံထဲကို လိုက်လာရတာလဲ ... "

"မောင် ... နေပါဦး ... ခဏလေးနေပါဦးကွယ် ... အိမ်ရှင် ပြောပြမယ့်စကားလေးတွေကို မောင် တဆိတ်လောက်နားထောင်ပေးပါဦး မောင်ရယ် ... မောင်ထင်သလို ရင်ထိုးလေးက မလာသင့်တဲ့ ဒီနေ့ပွဲလေးကို ရောက်လာတာမဟုတ်ပါဘူးကွယ် ... မောင့်ကို သိပ်ချစ်လွန်းလို့ ... မောင်နဲ့ ထာဝရဝေးကွာရတော့မယ်ဆိုတဲ့ ခံစားချက်လေးကြောင့် မောင့်ရဲ့ မင်္ဂလာဧစပ်ပွဲကလေးထဲကို ခိုးဝင်ပြီး လာခဲ့တာပါ ... မောင့်ရဲ့မျက်နှာလေးကို တစ်ခဏတာလေး ငေးကြည့်ခွင့်ရဖို့ အရဲစွန့်ပြီး ရောက်လာခဲ့ရတာပါ မောင် ... မောင်ထင်သလို နိုင်သိခ်နဲ့ ရင်ထိုးလေးရဲ့ ပတ်သက်မှုဟာ ရင်းနှီးမနေခဲ့ပါဘူး မောင်ရယ် ... "

"ဘာ ... ဘာရယ် ရင်ထိုးလေး ... "

"ရင်ထိုးလေးရဲ့ နှလုံးသားထဲမှာ မိုးသောင်ယံဆိုတဲ့ ချစ်သူက နေရာလေး အပြည့်သိမ်းပိုက်ယူငင်သွားတာလေ ...

တခြားတစ်ယောက်အတွက် နေရာလပ်ဆိုတာ ရှိပါဦးတော့မလား မောင်ရယ် ... ”

“ဟာ ... ဒါ ... ဒါဆို ... ”

“ဦးနိုင်သိန်းကို လက်ထပ်ဖို့ သဘောတူလိုက်တာ မောင့်ကြောင့်ပါ ... မောင့်ကို ဒက်ဒီ ဖမ်းချုပ်တရားမစွဲအောင် လိုက်လျောပြီး ခေါင်းညိတ်ခဲ့ရတာပါ မောင်ရယ် ... ရင်ထိုးလေးကြောင့် ... မောင် ဒုက္ခတွေ ခံစားရမှာစိုးလို့ပါ မောင်ရယ် ... ခုတော့လည်း ဦးနိုင်သိန်းဆိုတဲ့ လူယုတ်မာဟာ ရင်ထိုးလေးတို့မိသားစုဘဝထဲမှာ မရှိတော့ပါဘူး ... ”

“ဟာ ... ဟာကွာ ... ရင်ထိုးလေးရယ် ... မောင် ... မောင်ကလေ မောင့်ကိုထားခဲ့ပြီး ရင်ထိုးလေး အဝေးဆီ ကျောနိုင်းသွားပြီလို့ ထင်နေတာလေ ... ”

“မောင်ရယ် ... အဲဒီလို တကယ်ထင်ရက်တယ်နော် ... ရင်ထိုးလေးရဲ့ အချစ်တွေကို မောင် အထင်သေးလိုက်တာကွယ် ... ”

“ဆောရီးပါပဲ ချစ်ရယ် ... မောင် မှားပါတယ်ကွာ ... မောင်သိပ်ပြီး မှားယွင်းသွားပါတယ် ချစ်ရယ် ... မောင်က ရင်ထိုးလေးရဲ့အချစ်တွေကို အထင်လွဲမှားသွားခဲ့မိတာကို ... မောင့်ကို ခွင့်လွှတ်ပါနော် ... ”

မောင်ရယ် ... ရင်ထိုးလေးက မောင့်ကို အမြဲတမ်းခွင့်လွှတ်နားလည်ပြီးသားပါကွယ်။





မိုးသောင်ယံ ရင်ခွင်လေးထဲသို့ အိန္ဒြေရှင် တိုးဝင်လိုက်မိသည်။ ပြီးနောက်မှာတော့ မောင့်ရဲ့ ဆွဲခေါ်မှုနောက်လေးသို့ အိန္ဒြေရှင် လိုက်သွားမိ၏။

“မောင် ... ဒါ ... ဒါက ... ”

“ရှူး ... ”

“ဟင် ... ”

တစ်ယောက်နဲ့တစ်ယောက် တင်းကျပ်စွာ ပွေ့ဖက်ထားရင်း စတိတ်စင်လေးပေါ် တက်လာသော ကောင်လေးနှင့် ကောင်မလေးတို့ကိုကြည့်ပြီး အားလုံး အံ့ဩသွားကြသည်။ ဧည့်သည်တွေရဲ့အကြည့်လေးတွေထဲမှာ စူးစမ်းမှုတွေနှင့် ပြည့်နှက်နေ၏။

“ကျေးဇူးပြုပြီး ကျွန်တော့်ကို စကားလေးနည်းနည်းပြောခွင့်ပြုပါ ခင်ဗျာ ... ”

စောစောက ဆူညံပွက်လောရိုက်နေသော စကားသံလေးက တိခနဲ ငြိမ်ကျသွား၏။ သတို့သားလောင်းလေး ... မိုးသောင်ယံကို စိတ်ပါဝင်စားစွာ ငေးမောကြည့်နေကြသည်။ မိုးသောင်ယံ စိတ်တွေကို တင်းပစ်လိုက်ပြီး စကားလေးစလိုက်သည်။

“ဒါကကျွန်တော်သိပ်ချစ်တဲ့ကျွန်တော့်ချစ်သူရင်ထိုးလေးပါ”

“ဟင် ... ”

“ဟယ် ... ချစ်စရာလေးတော့ ... ”

“လိုက်ဖက်ညီလိုက်တဲ့ စုံတွဲလေးပဲ ... ”

ဝေဖန်သုံးသပ်သံတွေက ထွက်လာပြန်ပါ၏။

"ရင်ထိုးလေးကို ... ကျွန်တော် သိပ်ချစ်ပါတယ် ... ဘယ်လောက်ထိချစ်သလဲဆိုရင် ကျွန်တော့်အသက်နဲ့ လဲရတဲ့အထိ ရင်ထိုးလေးတစ်ယောက်ကို နှစ်နှစ်ကာကာ ချစ်ခဲ့မိတာပါ ... ဒါပေမဲ့ ... မိဘတွေရဲ့စကားကို မပယ်ရှားရက်စွာနဲ့ လှိုင်းသန္တာဆိုတဲ့ မိန်းကလေးကို လက်ခံခဲ့ရပါတယ် ... ဒါပေမဲ့ ... ကျွန်တော့်ရင်ထဲမှာ ထာဝရ ရှိနေတာက ရင်ထိုးလေးပါပဲ ... ချစ်ဖူးတဲ့လူတိုင်း ကိုယ့်ချစ်သူနဲ့သာ လက်တွဲချင်တာ ... ချစ်သူတွေရဲ့ ရင်ထဲကဆန္ဒလေးပါပဲဗျာ ... ဒါကို ကျွန်တော်တစ်ယောက်တည်းကိုမှ ပိတ်ပင်တားဆီးခံရတာ တရားမျှတပါရဲ့လားဆိုတာ ပြန်စဉ်းစားပေးကြပါဦးဗျာ ..."

"ချစ်သူကို သိပ်ချစ်ပါလျက်နဲ့ လမ်းခွဲကျောခိုင်းစေတာ ... ရက်စက်ရာ ကျလွန်းပါတယ်ဗျာ ... ဒါကို အားလုံးလည်း ခံစားနားလည်နိုင်ကြမှာပါ ..."

"ဒါကြောင့် ... ကျွန်တော် ရဲဝံ့ပြတ်သားစွာ ဆုံးဖြတ်လိုက်ပါပြီ ..."

"ဒီနေ့ကစပြီး ရင်ထိုးလေးကို လုံးဝမခွဲတော့ဘူးလို့လေ"

"စိတ်ထဲကမပါဘဲ ကျင်းပခဲ့ရတဲ့ စေ့စပ်ပွဲကြီးဟာ ... ပျက်စီးသွားခဲ့ပေမဲ့ ... သိပ်ချစ်တဲ့ ချစ်သူနှစ်ဦးရဲ့ သဘောတူကြည်ဖြူမှုနဲ့ အရမ်းကို သာယာလှပတဲ့ စေ့စပ်ပွဲလေးက





အခုမှပဲ စတင်ခဲ့တာပါ ..."

"ဟယ် ..."

"ဟာ ..."

"ဧည့်သည်တော်ကြီးတွေကလည်း ... ကျွန်တော်တို့ နှစ်ယောက်ရဲ့ မင်္ဂလာစေ့စပ်ပွဲလေးကို လက်ခံပေးတဲ့အနေနဲ့ လက်ခုပ်သြဘာ ချီးမြှင့်ပေးကြပါလို့ ... ဒီစင်မြင့်ပေါ်လေးကနေ ကျွန်တော် တောင်းဆိုပါရစေ ခင်ဗျာ ..."

"ကျွန်တော်တို့ သိပ်ချစ်ကြတဲ့ ချစ်သူနှစ်ယောက်ရဲ့ ... စေ့စပ်ပွဲလေး အောင်မြင်စွာ ကျင်းပနိုင်တဲ့အထိမ်းအမှတ်နဲ့ လက်ခုပ်တီးပေးကြပါ ခင်ဗျာ ..."

မိုးသောင်ယံရဲ့စကားအဆုံး ခြံကြီးတစ်ခုလုံး အပ်ကျသံပင် မကြားရလောက်အောင် တိတ်ဆိတ်သွားပါသည်။ ဧည့်သရိသတ်တွေရဲ့အလယ်တွင် အားငယ်ဖျော့တော့သော မျက်နှာလေးတွေနဲ့ ရှိနေတဲ့ ချစ်သူနှစ်ယောက် ... ။

တစ်ယောက်လက်ကိုတစ်ယောက် တင်းနေအောင် ဆုပ်ကိုင်ပြီး အသိအမှတ်ပြုကာ ... တီးခတ်လာမယ့် လက်ခုပ်သံကလေးတွေကို စောင့်မျှော်နေဆဲပင်။

ထိုစဉ် ...

"ဖြောင်း ... ဖြောင်း ... ဖြောင်း ..."

"ဟင် ... အန်ကယ်ထွဋ်ခေါင် ..."

"ဒက်ဒီနဲ့ မာမီ ..."

ပထမဦးဆုံး လက်ခုပ်တီးပြီး အားပေးနေသူသည် အန်ကယ်ထွဋ်ခေါင်ဖြစ်နေပြီး မျက်နှာလေးတွင်လည်း ကျေနပ်ပီတိပြုံးတွေနဲ့ လွှိုက်ဝေလို့နေသည်။ သမီးလေး အိန္ဒြေရှင်ကို စိတ်မချလို့ ဦးထွဋ်ခေါင်ကိုယ်တိုင် ခြံကြီးထဲကို ဝင်လိုက်လာခဲ့တာပါ။

"ဖြောင်း ... ဖြောင်း ... ဖြောင်း ..."

ဒီတစ်ခါ ထပ်ပြီးထွက်လာတဲ့ လက်ခုပ်သံလေးကတော့ မိုးသောင်ယံရဲ့ဒက်ဒီ ဦးမိုးမြင့်ဆီက ဖြစ်ပါ၏။ ဦးမိုးမြင့်ရဲ့ မျက်နှာလေးကလည်း ပြုံးပျော်လို့နေ၏။ သားဖြစ်သူ သိပ်ချစ်ခဲ့တဲ့ ရင်ထိုးလေးဆိုတာ မိမိရဲ့ငယ်သူငယ်ချင်း အရင်းခေါက်ခေါက်ဖြစ်တဲ့ ထွဋ်ခေါင်ရဲ့သမီးဆိုတာ ခုမှပဲ ဦးမိုးမြင့်သိလိုက်ရလို့လေ။

"ဖြောင်း ... ဖြောင်း ..."

"ဖြောင်း ... ဖြောင်း ..."

လက်ခုပ်သံတွေက အဆက်မပြတ်ဆိုသလို ဟိန်းပြီး ထွက်လာချိန်မှာတော့ ... မိုးသောင်ယံရင်ထဲ ကြည်နူးပီတိလှိုင်းတွေ တလိမ့်လိမ့်မြင့်တက်လာရတော့သည်။ ချစ်သူ ရင်ထိုးလေးကို ပွေ့ဖက်ရင်း ထောက်ခံအားပေးလာသော လက်ခုပ်သံများကို ခံယူလိုက်သည်။ အိန္ဒြေရှင်ကတော့မောင့်ရင်ခွင်လေးထဲကနေ မိုးကောင်းကင်ကြီးကို သူမ မော့ကြည့်လိုက်မိ၏။

ရောင်စုံမီးရောင်များနှင့် လင်းလက်နေသော ... မိုးသောင်ယံနဲ့ အိန္ဒြေရှင်တို့ရဲ့ စေ့စပ်မင်္ဂလာပွဲကြီးကို ငုံ့ကြည့်ပြီး ... မိုး ကောင်းကင်ကြီးက ကျေနပ်စွာ ပြုံးသွားသည်ဟု ထင်မိသည်။





ပြီး တော့ ... မောင့်ရဲ့ ချစ်ခြင်းမေတ္တာတွေကို အကြွင်းမဲ့ယုံကြည်ဖို့ အိန္ဒြေရှင့်ကို ပြောပြနေတယ်လေ ... ။ မိုးကောင်းကင်ကြီးရယ် အိန္ဒြေရှင် ယုံကြည်ပါပြီရှင် ... ။

မောင်ရယ် ...

မောင် တိုင်တည်သစ္စာဆိုထားတဲ့ မိုးကောင်းကင်ကြီးက မောင့်ရဲ့ ချစ်ခြင်းမေတ္တာတွေ ရင်ထိုးလေးကို ပြောပြနေကြတယ်လေ။ အိန္ဒြေရှင့်နှလုံးသားက ကြားနေရတယ် မောင်။

အဲဒီလိုပဲ ...

အိန္ဒြေရှင်ဆိုတဲ့ မောင်သိပ်ချစ်တဲ့ ရင်ထိုးလေးရဲ့ ရင်ထဲက ချစ်ခြင်းမေတ္တာတွေအကြောင်းကိုလည်း မိုးကောင်းကင်ကြီးက သိနေပါတယ်ကွယ်။

အဲဒါကို ...

မောင်ကိုယ်တိုင်ပဲ မေးကြည့်နော်။

မိုးကောင်းကင်ကြီး သိပါတယ် မောင်ရယ် ... ။

ရင်ခုန်သံမရပ်သရွေ့
အမြဲချစ်တတ်နေမယ့် ...
**ရှင်မြတ်နိုး**